www.burmeseclassic.com

# လမင်းဝိုဝို

## ဘယ်သူလဲ




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

ဘယ်သူလဲ

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၃၂၀၈၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၆၁၀၉၀၉

၂၀၁၀ ခုနှစ်၊ ဧပြီလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၁၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

လမင်းမိုမို

ဘယ်သူလဲ/လမင်းမိုမို-ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၀။

၂၈၈- စာ၊ ၁၂x၁၈ စင်တီ။

(၁) ဘယ်သူလဲ

BURMESE CLASSIC

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







၁၉၈၆- နိုဝင်ဘာလ။

မိုးတွေ သဲသဲမဲမဲ သွန်းသွန်းခိုက်ခိုက် ရွာနေတဲ့ ထို ညတွင် ရန်ကုန် ပြည်လမ်းမကြီးပေါ်မှာ အဝေးပြေးကားတစ်စီး မောင်းနှင်နေခဲ့ပါသည်။ ရန်ကုန်က ထွက်လာတာ ဘာမှမကြာ သေးခင်ကတည်းက အမျိုးမျိုးဖောက်နေတဲ့ကားဟာ စစ်ကျန်ကား စုတ်ကြီးတစ်စီးဖြစ်ပြီး တုံ့လိုက် ရပ်လိုက်၊ ဖွတ်ချက်မြည်လိုက် နှင့် တအိအိ ရွေ့လာခဲ့ပါသည်။

"မိုးကလည်း ရွာရတဲ့ကြားထဲ၊ ကားကလည်းစုတ်"

"ဟုတ်ပါ့"

ကားပေါ်မှာ ခရီးသည်တို့ဟာ ပွစိစိ တဖျစ်တောက် တောက်။ ညနေ လေးနာရီထွက်ရမည့်ကားဟာ စက်မကောင်းတာ နှင့် ညခုနစ်နာရီခွဲကျော်မှ ထွက်လာခဲ့တာပင်။ ကားဂိတ်မှာ မိုးထဲလေထဲ အကြာကြီး စောင့်ဆိုင်းခဲ့ရတဲ့ ခရီးသည်တို့ဟာ အသီးသီး စိတ်တိုနေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ကနေ ပဲခူးကို ပြေးဆွဲတဲ့ကားမို့ ပုံမှန်ဆိုရင် ကားထွက်လာတဲ့အချိန်ဟာ ပဲခူးကိုရောက်ပြီးသားအချိန်ဖြစ်နေသင့်တာ။ ခုတော့ လမ်းခရီးမှာ မိုးကြောင့် ခရီးဖင့်တာနှင့် ကားမကောင်းလို့ ခရီးဖင့်တာတို့ကြောင့် ပဲခူးမြို့သို့ ခရီးဆုံးကို ညအချိန်မတော် ဝင်ရတော့မှာပင်။

"မိုးက ဘာကြောင့် ဒီလောက်ရွာနေရတာလဲ"

"မုန်တိုင်းသေးသေးတစ်ခု ရှိတယ်၊ ရေဒီယိုက ကြေညာထားတယ်လေ"

"ဟုတ်လား"

"ဟော့ ... မင်းတို့ကားက ဒီထက်မြန်မြန်မောင်းလို့ မရတော့ဘူးလားကွ"

ကားပေါ်မှာ ပါလာတဲ့ အဘိုးကြီးတစ်ယောက်က စိတ်မရှည် လက်မရှည် မေးလိုက်တာဖြစ်သည်။

"ရာသီဥတုကလည်း ဘကြီးမြင်တဲ့အတိုင်းပဲလေ၊ ဒီမိုးဒီလေနဲ့ ခပ်မှန်မှန်သွားမှ တော်ရုံကျမှာဗျ"

ကားစပယ်ယာက တုံ့ပြန်သည်။

"ခပ်မှန်မှန်သွားမှ တော်ရုံကျမှာမို့လား၊ မင်းတို့ကားက ဒီခပ်မှန်မှန်ထက် အရှိန်မှိတင်လို့ မရတော့တာလား"

"ဒီလောက်သည်းမည်းတဲ့မိုးထဲ အရှိန်နဲ့မောင်းရင် အန္တရာယ်ရှိတာပေါ့ ဘကြီးရ"





"ဒီရေလောက်သည်းတဲ့မိုးနဲ့ လာကြုံကြိုက်နေတာကိုက မင်းတို့ကားထွက်ချိန် မမှန်လို့ပေါ့ကွ၊ ပုံမှန် လေးနာရီလောက်ထွက်ခဲ့ရင် ဒီမိုး လွတ်ကောင်း လွတ်နိုင်သေးတယ်"

"ကားမထွက်တာက တမင်တကာ မထွက်တာမှ မဟုတ်တာ ဘကြီးရ၊ ကားကိုပြင်နေရတာ ဘကြီးအမြင်ပဲလေ"

"မင်းတို့ကားလိုင်းက ကားတွေကလည်း စုတ်ပါ့ကွာ၊ ကားသစ်လေး ဘာလေး လဲဖို့စိတ်ကူးမရှိကြဘူးလား"

"စိတ်ကူးတော့ ရှိပါတယ် ဘကြီး၊ ငွေသာမရှိတာ"

နောက်ဘက်ကျကျ ခုံတစ်ခုမှာ ထိုင်နေတဲ့ လင်မယားစုံတွဲက စပယ်ယာလေးရဲ့စကားကို ပြုံးတုံ့တုံ့။ ကားပေါ်မှာ လူကျဲကျဲပဲပါကာ တစ်ယောက်တည်း တစ်ခုံထိုင်ပြီး ဘာမှမမြင်ရတဲ့ ပြတင်းအပြင်ဘက်ကို ငိုင်ငေးပါလာတဲ့ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ယောက်လည်း ပါလာပါသည်။

"လမ်းမီးတိုင်တွေပါ ပျက်နေတာဗျ"

"ဟုတ်ပါရဲ့၊ အပြင်ကို ဘာမှကို မမြင်ရတာ၊ ရှစ်မိုင်လမ်းဆုံလောက်တုန်းကတော့ နမ့်မ်ဆင်းစားသောက်ဆိုင်က မီးလင်းနေတာ တွေ့ခဲ့ရသေးတယ်၊ ဒီဘက်မှာတော့ လမ်းမီးတွေပါပျက်ပြီး မှောင်မည်းနေပြီ"

ရှစ်မိုင်လမ်းဆုံ အဝိုင်းလေးက ဓာတ်ဆီဆိုင်ဘေးနမ့်မ်ဆင်းစားသောက်ဆိုင်တို့နားမှာ မီးရောင်နောက်ဆုံး မြင်ခဲ့ရတာပင်။ မိုးကသည်းသထက်သည်းကာ မိုးကြိုးကွဲစစ် လျှပ်စီး



www.burmeseclassic.com

www.burmeseclassic.com



တွေလက်၍ ရှာတဲ့မိုးကလည်း ရေပါလွန်းတာကြောင့် ကားဆောင်းရတာကိုပါ အနှောင့်အယှက် ဖြစ်စေတာပါ။

"ခုလောက်နောက်ကျနေမှတော့ မထူးတော့ပါဘူး၊ ဘယ်အချိန်ကျမှ ပဲခူးကိုဝင်ဝင်၊ အန္တရာယ်ကင်းအောင် ဖြည်းဖြည်းသာမောင်းပါတော်"

ပဲခူးထိလိုက်ပါမည့် မိန်းမကြီးတစ်ယောက်က ပြောလိုက်လျှင် တစ်ကားလုံးပင် ထောက်ခံခေါင်းညိတ်လျက် ဘုရားစာပင် ရွတ်ဆိုတဲ့သူက ဆိုလေသည်။ ပိန်းပိန်းပိတ်မှောင်မည်းနေတဲ့ တစ်မျှော်တစ်ခေါ်ထဲ ဘတ်စ်ကားမီးကလည်း ဝေးဝေးထိုးမခွဲနိုင်တော့ပါ။

ရှေ့ကို ဝေးဝေးလှမ်းလှမ်း မမြင်ရနိုင်၍ ဖြည်းဖြည်းချင်း မောင်းနေရတဲ့ကားထဲတွင် ရုတ်တရက် ...

"အား ... အမယ်လေး"

အော်ဟစ်ညည်းညူလိုက်သံကြောင့် အားလုံးအလန့်တကြားဖြစ်ကာ ဒရိုင်ဘာက နောက်ကိုလှည့်ကြည့်ရင်း ...

"ဘာလဲ ... ဘာလဲ"

"အား ... ကျွတ် ... ကျွတ်"

"အစ်မ ... ဘာဖြစ်တာလဲ"

စပယ်ယာလေးရဲ့ အမေးစကားက ပျာပျာသလဲ အလန့်တကြား မေးလိုက်လျှင်

"အား ... ဗိုက် ... ဗိုက် ... ကျွန်မဗိုက် ..."





"ဗျာ ... အစ်မ ... ဗိုက်နာလို့လား !"

"ဟုတ်ကဲ့ ... ကျွန်မ ... အမယ်လေး ... အား ..."

"ဆရာရေ ... ဒီမှာ ဗိုက်နာလို့တဲ့၊ ဘယ်လိုလုပ်ကြမတုန်း"

"အာ ... ကောက်ကာငင်ကာကွာ"

"အား ... ကျွတ် ... ကျွတ်"

ကိုယ်ဝန်ဆောင်အမျိုးသမီးသည် ရှေ့ခုံရဲ့ကျောမှီတန်းကို လက်တစ်ဖက်နှင့် ဆုပ်ကိုင်ရင်း နောက်လက်တစ်ဖက်က ဗိုက်ကိုနှိပ်ရင်း အံကြိတ်၍ ခပ်တိုးတိုး ညည်းညူလိုက်ပါသည်။

"ဘာလဲ ... ခင်ဗျားက နေ့စေ့လစေ့လား"

"လ, ... လတော့ မစေ့သေးပါဘူးရှင်"

"အို ... ဗိုက်က အချိန်စေ့လို့ နာတာပေါ့ ကားဆရာရဲ့၊ အချိန်မစေ့သေးရင် ဘယ်ဗိုက်ကနာလို့တုန်း၊ ဘယ်လိုလဲ ကလေးမ နေ့သာရဲ့လား"

"ဒုက္ခပါပဲဗျာ၊ ဘယ်နားရောက်နေလို့ ရောက်နေမှန်းတောင် မသိတဲ့ကိစ္စ၊ အရေးထဲ ခရီးသည်က ဗိုက်နာနေလိုက်သေးတယ်"

"အို ... ဘယ်သူကတော့ နာချင်မတုန်း၊ ကားဆရာရဲ့၊ ဆေးရုံ ဆေးခန်း ဆရာဝန့်လက်ထဲပဲ လူတိုင်း ဗိုက်နာချင်တာချည်းပေါ့၊ မတတ်သာလို့ လမ်းခရီးမှာ နာလာတဲ့ ဥစ္စာ၊ ဘာတတ်နိုင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ငါးဆယ်ကျော် အမျိုးသမီးကြီးဟာ ကားဒရိုင်ဘာကိုလည်း မကျေမနပ် ပြန်ပြောရင်း နောက်နားကနေထ,ကာ ကိုယ်ဝန်ဆောင်သည်ရှိရာ ရှေ့ပိုင်းကို လျှောက်သွားလိုက်ပါသည်။ အမျိုးသမီးဘေးမှာ ဝင်ထိုင်လိုက်ရင်း ...

"နေသာရဲ့လား သမီး"

"ဗိုက် ... ဗိုက်နာလိုက်တာ အဒေါ်ရယ်၊ အခု ဘယ်များ ရောက်နေပြီလဲဟင် ... ကျွတ် ... ကျွတ်"

"ကားဆရာ ... အနီးအနား ဘာတွေတွေ့ရသလဲ၊ ဘယ်နားရောက်နေတာလဲ"

"ဘာမှကို မမြင်ရတာ အဒေါ်ကြီးရ"

မီးတစ်တိုးထဲမှာ မိုးတွေကသာ သည်းသည်းထန်ပိတ်နေသည်။

"ခန့်မှန်းခြေပေါ့ မောင်ရင်ရယ်"

"လေယာဉ်ကွင်းတော့ ကျော်လာပြီ"

နောက်ဘက်နားထိုင်နေတဲ့ လင်မယားစုံတွဲထံမှ —

"ကျွန်တော်တို့က ထောက်ကြံ့ဆင်းမယ်နော်"

"ထောက်ကြံ့ဆင်းကြမယ် ... ဟုတ်လား။ ထောက်ကြံ့ပါသေးလား"

"ငါလည်း ထောက်ကြံ့ဟေ့"

ငါးဆယ်နားနီး အမျိုးသားကြီး တစ်ယောက်ကလည်း လှမ်းအော်ပါသည်။





"ကလေးမ, ညည်းကကော ဘယ်သွားမှာလဲ"

"ကျွန် ... ကျွန်မ ပဲခူးအထိ သွားမှာပါ"

"ဒုက္ခပါပဲတော်၊ ညကြီးမင်းကြီးများ မပေါ့မပါးနဲ့ အဖော်မပါ ထွက်လာရတယ်လို့ မိန်းကလေးရယ်"

"ကျွန်မလည်း ကျွတ် ... ကျွတ် ... ကားအချိန်မှန်ထွက်မယ် ထင်တာပေါ့ အဒေါ်ရယ်၊ လေးနာရီတုန်းကတော့ လင်းလင်းချင်းချင်းမို့လား၊ မှောင်ရီပျိုးတာနဲ့ ဝင်ပြီ၊ ရောက်ပြီ ထွက်ထားတာပါ၊ အမယ်လေး ... ကျွတ် ကျွတ်"

"အဖော်လည်းမပါ၊ ဘာကိစ္စနဲ့ လာတာလဲကွယ်"

"ကျွန်မအမေ နေမကောင်းဘူးဆိုလို့ ချက်ချင်းထထွက်ခဲ့တာပါ၊ အဖော်ခေါ်စရာလည်း မရှိလို့ပါ"

"ညည်းယောကျ်ားနှယ်၊ မိန်းမ ဒီအခြေအနေကို တစ်ယောက်တည်း စိတ်ချလက်ချ လွှတ်စရာလားအေ"

မိန်းကလေးသည် "အိ" ခနဲ တစ်ချက်ရှိုက်လိုက်ကာ ဝမ်းပန်းတနည်း အရှိုက်ထိသွားပုံနှင့် တသိမ့်သိမ့်တုန်အောင် ငိုချလိုက်ပါသည်။ နှုတ်ကတော့ ဘာမှမပြောသော်လည်း မိန်းမကြီးရဲ့စကားက သူ့ခမျာကို ချက်ကောင်းထိသလို ခံစားသွားရစေမှန်း မိန်းမကြီးကလည်း နားလည်လိုက်ကာ ...

"ဘာပဲဖြစ်ဖြစ်ပေါ့အေ၊ အားတင်းထားလိုက်ပါ သုတ် ... သုတ် မျက်ရည်တွေ၊ မှန်းစမ်း ... ဟင် ... ကိုယ်တွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ခြစ်ခြစ်တောက် ပူလို့ပါလား မိန်းကလေးရယ်၊ နေလည်းမကောင်းပါလား"

နောက်နားက လင်မယားစုံတွဲထဲမှ ယောကျ်ားလုပ်သူဟာ လက်နှိပ်ဓာတ်မီးနှင့် ကားရဲ့မှန်ပြူထင်းမှ အပြင်ဘက်ကို အလင်းရောင် ထွင်းဖောက်နိုင်သလောက် မီးထိုးပြီးကြည့်နေပါသည်။ ဇနီးသည်ဖြစ်သူက ယောကျ်ားလုပ်သူကို အသာလက်တို့ရင်း ...

"အစ်ကို ... အစ်ကို ... ဟိုအမျိုးသမီးက ကိုယ်တွေလည်း ပူပြီး ဖျားနေသေးတာတဲ့၊ သနားပါတယ်"

"အေးကွ၊ သူ့ဒီပိုက်နဲ့ ဒီမိုးနဲ့တော့ ခက်တော့တာပဲ"

"အစ်ကို နည်းနည်းကြည့်ပေးလိုက်ပါလား"

"ကြည့်တာကတော့ ဟုတ်တာပေါ့၊ ကြည့်ရုံအပြင် ဒီကားပေါ် သူ့ကို ဘယ်လိုပြုစုစောင့်ရှောက်နိုင်မှာလဲ၊ ဘယ်နားရောက်နေသလဲ ကြည့်ရဦးမယ်၊ ကိုယ်ထင်တော့ ကိုယ်တို့ခြနား မဝေးတော့ဘူး မိန်းမရဲ့"

ထိုစဉ်တွင် ရုတ်တရက် ...

"ကျွီ ... အီ ... အီ ... ဂျုတ် ... ဂျုတ် ... ဂျုတ်"

ဘတ်စ်ကားကြီးဟာ အိပ်ပဲ့ပဲ့နှင့် ထိုးရပ်သွားပါတော့သည်။

"ဟဲ့ ... ဟဲ့ ... ဘယ်လိုဖြစ်တာလဲ"





"ကား ဘာဖြစ်တာလဲ"

"ဂရီး ... ရီး ... ရီး"

တစ်ယောက်တစ်ပေါက် မေးသံတို့ကြားတွင် ကားဒရိုင်ဘာက သူ့ကားကြီးစက်ကို ကြိုးစားပမ်းစား ပြန်နိုးထလာအောင် နှိုးနေပါသည်။

"ကားပျက်တာလားဗျို့"

"ဘုရား တရား သံဃာ၊ လေကြီးမိုးကြီးထဲ ကားမပျက်ပါနဲ့တော်၊ ဟောဘီ ဘယ်ကိုမှ ဘာမှမမြင်ရတဲ့ နေရာကြီးမှာ ကားမပျက်လိုက်ပါနဲ့တော်"

"ဂရီး ... ရီး ... ရီး"

"ဟေ့ကောင်တွေ ... မင်းတို့ကားက ဘာလဲကွ၊ ကားသာဆိုတယ်၊ တစ်လမ်းလုံးလည်း လှည်းလို တအိအိ ဆွဲလာပြီး ဟိုမရောက် ဒီမရောက် နေရာကျမှ လာပျက်စရာလားကွ၊ တောက်"

"ဒါ ... ဘယ်နားလဲ၊ ဘယ်နားလဲ"

"ဒါထောက်ကြံ့ပဲ၊ ခင်ဗျားတို့က တစ်ဆိတ်လောက် တိုတ်တိတ်နေကြစမ်းပါဗျာ၊ စိတ်ရှုပ်ရတဲ့ကြားထဲ ... တောက်"

"ဂရီး ... ရီး ... ရီး"

"ဟေ့ကောင် ... မင်း စွတ်နှိုးနေ၊ ခုလောက်ရှိ ဘက်ထရီလည်း အားကုန်ပြီး သေလောက်ပြီ"

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ကားလုံးမှာပါသမျှ လူတို့ဟာ ကိုယ့်အာရုံနှင့်ကိုယ်၊ ကိုယ့်အတွေးနှင့်ကိုယ်၊ တစ်ယောက်တစ်ပေါက် ပြောချင်တာ ပြောနေကြပြီး အမျိုးစုံ ရေရွတ်ညည်းညူနေကြသည်။

"အမယ်လေး ... အမေရေ၊ ဘုရား ... ဘုရား ... ကျွတ် ... ကျွတ်"

"ဟဲ့ ... ကလေးမ၊ သိပ်နာနေတာလား"

"အမယ်လေး ... နာလိုက်တာ ... အား"

ကားထဲက ခရီးသည်မိသားစုတစ်စုထဲမှာ ခြောက်နှစ်အရွယ်လောက် ကလေးငယ်တစ်ယောက်လည်း ပါလာသေး၏ ထိုကလေးငယ်ဟာ မှောင်မှောင်မည်းမည်းနှင့် လူကြီးတွေ တစ်ယောက်တစ်ပေါက် ဆူကြပွက်ကြ ဖြစ်နေတဲ့ကားထဲ အသည်းငယ်ကာ ဆွဲဆွဲငင်ငင် ငိုကြီးချက်မ ဖြစ်ပါတော့သည်။

တစ်ကားလုံးဟာ ငရဲပွက်သလို အသံမျိုးစုံနှင့် ဆူညံဖြောင်းဆန်နေတော့တာပင်။

"မိန်းမ ... ငါတို့ ဒီနားပဲ ဆင်းကြစို့ဟေ့"

"အိမ်နားရောက်ပြီလား အစ်ကို"

"ဒီရှေ့နားက ဦးအောင်လှတို့ မွေးမြူရေးခြံပဲ ဖြစ်မယ်၊ ကြက်တွေ ဝက်တွေ အနံ့ရသလိုပဲ၊ ကိုယ်တို့ ဒီကနေဆင်းပြီး နည်းနည်းလျှောက်သွားလိုက်ရင် ကိုယ်တို့ခြံနီးပြီးပဲ၊ ကားကလည်း ဘာဖြစ်လဲ မသိဘူး၊ စောင့်နေရင် အလကား





ပဲ၊ ထီးလည်းပါသားပဲ၊ မိုးဖွဲလေထဲ ရွှဲလည်းခဏပေါ့၊ ကိုယ့်အိမ်ရောက်ရင် ကိုယ့်ဟာကိုယ် နားလို့ရပြီပဲ"

ပြောရင်း အမျိုးသားက ရှေ့ဘက်မှ ကိုယ်ဝန်ဆောင် အမျိုးသမီးထံ တစ်ချက်လှမ်းကြည့်လိုက်ပါသည်။

"ကားက တကယ်ပျက်ပြီထင်တယ်၊ လူတွေ ဒီလမ်းခုလတ်ကြီးပေါ်မှာပဲ ဘယ်လောက်များ ကြာကြာနေရမလဲ မသိဘူး၊ ဒီအမျိုးသမီးအတွက် မလွယ်ဘူး ထင်တယ်၊ သူ့ပုံစံက မွေးတော့မယ့် ပုံပဲ"

"သနားပါတယ် အစ်ကို၊ သူ့ကို အိမ်ခေါ်သွားရအောင်လေ၊ သူ မွေးတော့မယ် ဆိုရင်တောင် အိမ်မှာမွေးပေးလိုက်လို့ ဖြစ်တာပဲ"

အမျိုးသားက စဉ်းစားရင်း ...

"သူ့လည်း အဖော်က မပါဘူး"

"ကိစ္စမရှိပါဘူး အစ်ကိုရဲ့၊ အိမ်မှာပဲ မွေးဖွားပေးပြီး နွေးနွေးထွေးထွေး ထားပေးနိုင်တာပဲ၊ လိုအပ်ရင် မနက်ကျမှ ဆေးရုံပို့ပေးတာပေါ့၊ သူက ပဲခူးထိသွားမှာလို့ ခုနပြောသံကြားတယ်၊ နောက်နေ့မှ သူ့သွားမယ့်ဆီကို အကြောင်းကြားပေးရင်လည်း ကြားဝေးတာပေါ့၊ ဘာပဲဖြစ်ဖြစ် ကူညီပေးလို့ရတာပဲ၊ ကားပေါ်မှာ စောင့်နေရမှာထက်တော့ ဘယ်လိုပဲဖြစ်ဖြစ် ပိုအဆင်ပြေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှာလည်း တစ်ယောက်တစ်ပေါက် အသံတွေက ပိုပြီးဆူညံလာသည်မှာ လေသံမိုးသံနှင့် လုံးထွေးနေသည်။

"ကဲ ... မိန်းမ ... ထ၊၊ ထီးအသင့်ထုတ်ကွာ"

ဘေးခုံမှ လူကြီးကလည်း ထ,ရပ်ရင်း ...

"ကျုပ်လည်းဆင်းမှ လှမ်းသေးဝေမယ့်တော့ လျှောက်ရမှာပဲဗျို့"

"ဒီမှာဗျာ၊ အားလုံး တစ်ဆိတ် ငြိမ်ငြိမ်နေကြပါ၊ ဆူညံနေတာပဲဗျာ၊ ဦးနှောက်ခြောက်ရတဲ့ကြားထဲ ကိုယ့်နေရာကိုယ်ထိုင်နေကြဗျာ၊ မိုးတိုးမတ်တတ်နဲ့ လုပ်မနေကြပါနဲ့၊ ငြိမ်ငြိမ်နေ တိတ်တိတ်ဆိတ်ဆိတ် နေပေးကြပါ"

ကားဆရာက ထ,အော်ပါသည်။

"ဒီမှာ ကားဆရာ၊ ကျုပ်တို့က ဆင်းမှာဗျ၊ နီးနေပြီ၊ ဒီကပဲ လျှောက်လိုက်တော့မယ်၊ ခင်ဗျားတို့ကား ကောင်းတဲ့ထိ မစောင့်တော့ဘူး"

"ဒီထောက်ကြံ့ဆင်းမှာ ဘယ်နှယောက်လဲ"

"ကျွန်တော်တို့နှစ်ယောက်လည်း ဆင်းမယ်"

"သုံးယောက်လား စုစုပေါင်း၊ ခင်ဗျားတို့အိမ်တွေ နီးတာသေချာတယ်နော်"

"သေချာပါတယ်ဗျ၊ ဒီမှာ ခင်ဗျာ ... ရှေ့က ကိုယ်ဝန်ဆောင်အမျိုးသမီးကို ကြည့်ရတာ မွေးတော့မယ်ထင်ပါတယ်၊ သူ့အနေနဲ့ ဒီကားပေါ်မှာ အဆင်မပြေနိုင်ဘူးလို့ ထင်ပါ





တယ်၊ ကျွန်တော်က ဆရာဝန်တစ်ယောက်ပါ၊ ဟောဒါကျွန်တော့်ရဲ့ဇနီးပါ၊ ခပ်လှမ်းလှမ်းက ကျွန်တော့်ခြံ ကျွန်တော့်အိမ်ကို ခေါ်သွားပြီး သူ သက်သောင့်သက်သာဖြစ်အောင် ကျွန်တော် မွေးဖွားပေးနိုင်ပါတယ် ...

ကျွန်တော့်အဖို့က သူ့ရဲ့ပြဿနာ သူ့ရဲ့အန္တရာယ်ကို ကူညီစောင့်ရှောက်ပေးမှာ သက်သက်ပါ၊ ဒီတော့ဒီကညီမ လိုက်ချင်ရင် လိုက်ခဲ့နိုင်ပါတယ်၊ နောက်နေ့မနက်မှာကျမှ အိမ်ကို လှမ်းအကြောင်းကြားပေးတာမျိုးလုပ်ပေးပါ့မယ်၊ ဆရာဝန်တစ်ယောက်အနေနဲ့ လူနာတစ်ယောက်ကို ကူညီကယ်တင်ပေးဖို့ပါပဲ၊ ခုမှတွေ့ကြတဲ့သူတွေချင်း ယုံကြည်ရင် လိုက်ခဲ့လို့ရပါတယ်"

ကိုယ်ဝန်ဆောင်အမျိုးသမီးက ဝေဒနာကို အံကြိတ်ရှုမဲ့နေရင်းက ချွေးသီးချွေးပေါက်များကို လက်နှင့်သပ်ကာ နောက်အကန်နားက ဆရာဝန်စုံတွဲကို အားကိုးတကြီး လှည့်ကြည့်လိုက်ပါသည်။

"မယုံကြည်စရာ အကြောင်းမရှိပါဘူးရှင်၊ ကျွတ် ... ကျွတ်၊ ဆရာ ... ကူညီပါ၊ ကျွန်မကို ကူညီပါရှင်"

"ကူညီပါ့မယ် အစ်မရယ်၊ ကျွန်မတို့နဲ့အတူ ဆင်းကျန်ရစ်ခဲ့လေ၊ မိုးမိတာလည်း ခဏပေါ့၊ အိမ်ကျတော့ နွေးထွေးသွားမှာပါ"

"ကျေး ... ကျေးဇူးပါပဲရှင်၊ ကျွန်မ လိုက်ခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ဘယ်လိုသယ်မလဲဟင်၊ လမ်းလျှောက်နိုင်ပါ့မလား"

ဘေးက အဒေါ်ကြီးအမေးကြောင့် ဆရာဝန်စုံတွဲနှင့် အတူဆင်းမည့် အသက်ငါးဆယ်နီးပါးအရွယ်လောက် ထောင်မောင်းကြံ့ခိုင်သော အမျိုးသားကြီးက ...

"ကျုပ် ချီသွားပွေ့သွားပါ့မယ်၊ ဒီက ဒေါက်တာတို့အိမ်အထိကူးပြီး ပို့ပေးပါ့မယ်"

"ဖြစ်ပါ့မလားဟင်"

"ဖြစ်တယ် ... ဖြစ်တယ်၊ ကဲ ... ငါ့ညီမ ဘယ်လိုမှ စိတ်ထဲမနေနဲ့၊ ကျုပ် ချီပွေ့သွားမယ်၊ စိတ်မပူပါနဲ့"

ကားပေါ်က တခြားလူတွေလည်း တခြားအကြံဉာဏ်မပေးနိုင်၍ အားလုံး တိတ်ဆိတ်ကာ ဆင်းကြမည့်သူတွေကိုသာ နေရာရှင်းပေးရင်း ကြည့်နေကြပါသည်။ အမျိုးသားကြီးရဲ့လွယ်အိတ်တစ်လုံးနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးရဲ့ လက်ဆွဲအိတ်တို့ကို ဆရာဝန့်ဇနီးက သယ်ကာ သူက ထီးတစ်ချောင်း။

ဆရာဝန်က ပခုံးမှာ သူတို့ရဲ့အိတ်ကိုလွယ်ကာ ထီးကြီးတစ်ချောင်းကိုဖွင့်၍ ကိုယ်ဝန်ဆောင်ကို ချီပွေ့ထားသည့် လူကြီးကို ထီးမိုးပေးရင်း လက်နှိပ်ဓာတ်မီးတစ်လက် အားကိုးနှင့် ကားဆီမှ ထွက်ခွာကြပါသည်။

"ကဲ ... သွားပြီဗျို့"





ကားပေါ်က လူတွေဟာ မီးရောင်လေး မလက်တလက်နှင့် မိုးသည်းမည်းမှောင်ထဲ တိုးဝင်သွားတဲ့ လူတစ်စုကို ကားပေါ်မှ ငေးမောရင်း ကျန်ရစ်ခဲ့ကြပါသည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com



၂၀၀၃ ခုနှစ်......။

"တီးတောင် ... တီးတောင် ... တီးတောင်"

လူခေါ်ဘဲလ်ကို အဆက်မပြတ် နှိပ်သံကြောင့် ဒေါ်သဥ္ဇာက အိပ်ခန်းထဲမှ အလန့်တကြား အပြေးအလွှား ထွက်လာသလို မီးဖိုဘက်မှ နိုင်နိုင်ကလည်း အပြေးထွက်လာပါသည်။

"တီးတောင် ... တီးတောင်"

"ဟဲ့ ... ဟဲ့ ... ဘယ်သူများပါလိမ့်ဟယ်၊ ကြည့်စမ်းပါဦး"

နိုင်နိုင်က တံခါးမကြီးရဲ့ ချောင်းကြည့်ပေါက် မှန်ဘီလူးကလေးမှ ချောင်းကြည့်ရင်း ...

"ချစ်တုံးလေးပါ အန်တီ"



"အောင်မယ်လေးဟယ် ... သူက ဘုယ်လိုများဖြစ်ပြီး ဒီလောက်တောင် ဘဲလ်ကို အဆက်မပြတ် တီးနေရတာလဲ၊ တကတဲတော်၊ ရင်တောင်တုန်တယ်"

နိုင်နိုင်က ပြုံးပြုံးရယ်ရယ်နှင့် တံခါးဖွင့်လိုက်ပါသည်။

"ဟင်"

အပြင်မှာရပ်နေတဲ့ "အမှုရ"က တံခါးဝမှာပေါ်လာတဲ့ သူ့မေမေနှင့် နိုင်နိုင် နှစ်ယောက်ပူးကို တအံ့တသြ လက်ညှိုးလေးညွှန်ရင်း ...

"မေမေနဲ့ နိုင်နိုင်က တံခါးဝမှာ နှစ်ယောက်ပူးကြီး ဘာလုပ်နေတာလဲ"

"အမယ် ... သူက တအံ့တသြ မေးရတယ်ရှိသေးတယ်၊ ညည်းက ဘဲလ်ကို အထိတ်တလန့် တီးနေတာကိုး၊ ဘာတွေများ ဖြစ်လာလဲလို့ အိမ်ကလူတွေ အလန့်တကြားဖြစ်ရတာပေါ့၊ ဘာဖြစ်လာတာလဲ၊ ကဲ ... ပြော"

အမရက အိမ်ထဲလှမ်းဝင်ကာ ဖိနပ်ဇီရိုလေးရှေ့ ဖိနပ်ချွတ်ရင်း ...

"အောင်ပွဲပေါ့ မေမေ၊ ဟိုကောင် အောင်ပွဲပေါ့"

"အောင်ပွဲက ဘာဖြစ်လို့လဲ သမီး"

"ဟိုကောင် ဝေလလည်း ပါတာပဲ"

ဒေါ်သဥ္ဇာက ပြုံးရယ်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးနော်၊ ငါ့သမီး အရုစ်တုံး အပြစ်မမြင်တဲ့လူ သူငယ်ချင်းထဲမှာ ရှိသေးရဲ့လား၊ ဘယ်သူ့ကိုမှ မကျေနပ်ပါလား"

"ဟုတ်တယ်လေ မေမေရယ်၊ သူ့ အတန်းလစ်လို့ သမီးက အောင်ပွဲနဲ့ ပြန်ရတာပေါ့"

"ဩော် ... အခု အောင်ပွဲနဲ့ ပြန်လာတာလား"

"ဟုတ်တယ် မေမေ"

"အောင်ပွဲမှာရော ကားပါလို့လား"

"ဘယ်ပါမလဲ၊ သူ့အဖေက သူ့ကို ဘယ်တုန်းက ကားပေးလို့လဲ"

"အဲဒီတော့ ခု ဘယ်လိုပြန်လာကြတာလဲ"

"အဲဒါပေါ့ မေမေရယ်၊ သမီးက မြို့ထဲနဲ့ရှစ်မိုင် အဝေးကြီး ကားငှားစီးပြန်ကြပါမယ်ဆိုတာ သူက မဟုတ်ဘူး၊ ဘတ်စ်ကားပဲ စီးမယ်တဲ့လေ"

"အမရ"က စုပုပ်ပုပ်ပြောရင်း အောင်ပွဲကို ထိုးချင်တဲ့မျက်စောင်းကို လေထဲကိုသာ အကောင်အထည်မဲ့ ပစ်လွှတ်ထိုးလိုက်ရပါသည်။ အဲဒီအောင်ပွဲနဲ့တော့ ဘယ်တော့မှများ ကြည်ကြည်သာသာ အပေါက်အလမ်းတည့်တည့် ပေါင်းသင်းလို့ရမှာပါလိမ့်။ ဝေလနဲ့လည်း တစ်ဝမ်းကွဲညီအစ်ကိုသာဆိုတယ် တခြားစီ။ လုံးဝဆန့်ကျင်ဘက် ပြောင်းပြန်မင်း။

ပုံစံအသွေးအမွေးကို ကြည့်မလား။





ဝေလက ရှပ်လက်တို ရှပ်လက်ရှည်လေးတွေကို စတိုင်လ်ဘောင်းဘီရှည်လေးနှင့်ဖြစ်စေ ပိုးတွဲပုဆိုးလေးနှင့်ဖြစ်စေ တွဲဖက်ဝတ်ကာ သန့်ကြော့နေတတ်သလောက် အောင်ပွဲကတော့ တီရှပ်နဲ့ ဂျင်းဘောင်းဘီကမတက်။ တီရှပ်တွေကလည်း များသောအားဖြင့် ယစ်သစ်တောင့်တောင့်မဟုတ်ဘဲ လည်ပင်းအရွဲနှင့် ဗိုသီဖတ်သီ နွမ်းနေပြီတွေက များသည်။ ဖိနပ်ဆို ဝေလက ရှူးစ်တွေ၊ ကတ္တီပါခြေညှပ်တွေနှင့် သန့်သန့်လေးရှိသလောက် အောင်ပွဲက Kito ခြေညှပ်ဖိနပ်တို့ Scholl ခြေညှပ်တို့ အထိုက်အလျောက် တန်ဖိုးရှိပေမယ့် ပုံစံက ဂျပန်ဖိနပ်ဆန်ဆန် မလှမပတွေ ပွဲမတွေကို ဒူပေ ဒါပေ မဆေးမကြော ကြေးတက်အောင် စီးတတ်သည်။

အပြောအဆိုကို ကြည့်မလား။

ဝေလက နှုတ်ခမ်းပါးလေး တွန့်မြှုံ့ပြီး စကားပြောညက်ချော ရည်မွန်သလောက် အောင်ပွဲက ဘုကန့်လန့်ခွစာ။ ဘယ်တော့မှ ဘယ်သူ့ကိုမှ မျက်နှာချိုမသွေးတဲ့ ဘဝမှာ သူ့မိဘကိုတောင် သူက စကားပြောရင် ခေါင်းကိုငုံ့ပြီး ရုပ်အတည်ပေါက်နှင့်။ မိဘရယ် သားသမီးရယ်လို့ ချွဲနွဲ့တာပင်မရှိ။ မှန်တေတေ အပြတ်ပြတ်နှင့် ရွယ်တူတန်းတူ အပေါင်းအသင်းအပေါ်ဆိုရင် ဆိုးတော့သည်ပေါ့။

မနက်က သင်တန်းကိုရောက်ပြီးမှ ဝေလက ပြန်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမရ ... ငါ ဒီနေ့ အတန်းလာမတက်ဖြစ်ဘူး၊ နင် အပြန်ကျရင် အောင်ပွဲနဲ့ တူတူပြန်လိုက်တော့"

မြို့ထဲက ကွန်ပျူတာသင်တန်းကြီးတစ်ခုမှာ အောင်ပွဲနှင့် ဝေလကတော့ ဆော့ဖ်ဝဲအင်ဂျင်နီးယားရင်း သင်တန်း တက်နေကာ အမရကတော့ ဂရပ်ဖစ်ဒီဇိုင်း တက်နေတာပါ။ သူတို့နှစ်ယောက်ကတော့ ဝါသနာအရ တက်ကြတာဖြစ်ပြီး အမရကတော့ ကျောင်းအပြီး တခြားပညာရပ်တစ်ခုခု ထပ်တက်ချင်တဲ့အခါ စီးပွားရေးပညာနဲ့ ပတ်သက်တာတွေကိုတော့ စိတ်မဝင်စားဝဲ့အတွက် ကွန်ပျူတာသင်တန်းတွေထဲကပဲ တစ်ခုကို ရွေးတက်လိုက်တော့တာ။ မယ်မယ်ရရတော့ ရည်ရွယ်ချက် မရှိလှ။ ဟိုကောင်တွေနဲ့ အသွားအပြန် အချိန်တူမို့ အတူသွားလာလို့လည်း ရတဲ့အားသာချက်ကြောင့် သူတို့တက်တဲ့သင်တန်းကျောင်းမှာပဲ မတူတဲ့ တခြားဘာသာရပ် တက်ဖြစ်လိုက်တာပါ။

မနက်ဆိုရင် ဖေဖေက ဆေးရုံအသွားမှာ အမရကို တစ်ခါတည်း ခေါ်သွားကာ သင်တန်းမှာ ချခဲ့သည်။ ဖေဖေက အရှေ့ပိုင်းဆေးရုံကြီးမှာ တာဝန်ကျသူပါ။ ဝေလအဖေက ဂျိုက်ကာမှာ တာဝန်ကျပြီး အောင်ပွဲရဲ့အဖေက ဆေးရုံကြီးမှာ တာဝန်ကျတဲ့ ဆရာဝန်အသီးသီးပါ။

ဝေလအဖေနှင့် အောင်ပွဲအဖေက ညီအစ်ကိုရင်းတွေမို့ ဝေလနှင့် အောင်ပွဲက ညီအစ်ကိုဝမ်းကွဲတော်သည်။ ဝေလအဖေ ဒေါက်တာဦးမျိုးသိမ်းက နှစ်တန်းစောတဲ့ စီနီယာဖြစ်ကာ





အောင်ပွဲအဖေ ဒေါက်တာဦးစိုးသိမ်းနှင့် အမရရဲ့အဖေ ဒေါက်တာဦးထူးအောင်က အတန်းတူ သူငယ်ချင်းများ ဖြစ်ကြပါသည်။

အောင်ပွဲအဖေနှင့် အမရအဖေတို့က ပိုပြီးခင်မင်တဲ့ ငယ်သူငယ်ချင်းတွေ ဖြစ်ပေမယ့် အမရကတော့ ဝေလနှင့်ပဲ အရင်ခင်မင်ခဲ့ရတာ။ အကြောင်းရင်းကတော့ အောင်ပွဲအဖေက မန္တလေးမှာ အချိန်အတော်ကြာ တာဝန်ကျနေလို့ပါ။

လွန်ခဲ့တဲ့ဆယ်နှစ် ဒီဂျန်ရင်အိတ်က အိမ်ရာစီမံကိန်းတွေ ဆောက်လုပ်ပြီးစီးခဲ့ချိန်က အမရရဲ့မိဘတွေက မြိုင်ဟေဝန် ကွန်ဒိုမီနီယမ်မှာ အခန်းဝယ်ခဲ့ကြပါသည်။ အဲဒီအချိန်မှာ ဦးမျိုးသိမ်း ဦးစိုးသိမ်း ညီအစ်ကိုက မြိုင်ဟေဝန်ကွန်ဒိုနှင့် မြိုင်ဟေဝန်အိမ်ရာတိုက်တန်းကြားက လုံးချင်းအိမ်လေးတွေကို ခြံနှစ်ကွက် ကပ်လျက် ဝယ်ယူခဲ့ကြတာ။

အောင်ပွဲတို့မိသားစုက မန္တလေးမှာပဲ ရှိနေခဲ့ဖြစ်ပြီး သူတို့အိမ်ကို ပိတ်ထားခဲ့ပါသည်။ အမရနှင့် ဝေလတို့နှစ်ယောက်ကတော့ အဲဒီကတည်းက သိကျွမ်းခဲ့ကြရပြီး ဆယ်တန်းရောက်တော့ ကျူရှင်ဝိုင်း တူတူတက်ဖြစ်ရာက ခင်မင်သွားခဲ့ကြတာပင်။ အောင်ပွဲကိုတော့ တချို့သော နွေရာသီတွေမှာ အလည်လာတတ်တဲ့ ဝေလရဲ့ညီဝမ်းကွဲအဖြစ် သိထားခဲ့တာကလွဲပြီး မရင်းနှီးခဲ့ပါ။

အောင်ပွဲ အသက်နှစ်ဆယ်ကျော် လွန်ခဲ့တဲ့ ၁၃နှစ်ကမှ သူလည်း မန္တလေးတက္ကသိုလ်က အင်္ဂလိပ်စာဘွဲ့ရခဲ့၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



အဖေလည်း ပို့စတင် ရန်ကုန်သို့ဝင်ခဲ့ရကာ တစ်မိသားစုလုံး ဒီကိုပြောင်းရွှေ့လာခဲ့တော့တာ။ အဲဒီတော့မှ အောင်ပွဲနှင့် အမရက တပြည်းပြည်း ရင်းရင်းနှီးနှီး ရှိလာရသူတွေပါ။

တကယ်တမ်း ခင်မင်ဆက်ဆံရတာတော့ အောင်ပွဲတို့မိသားစုက ပိုပြီးခင်မင်စရာကောင်းသည်။ ဦးဦးစိုးသိမ်းရော အန်တီနေခြည်ပါ အလွန်ပင် သဘောကောင်းကြတာပင်။ အမရကိုလည်း သူတို့မိသားစုက ပိုပြီးနွေးထွေးကြတာပါ။ မေမေနှင့် ဦးစိုးသိမ်းကလည်း အရမ်းခင်မင်ကြတော့ နောက်ပိုင်းမှာ အဲဒီအိမ်နှင့် ပိုပြီးအဆက်အဆံ စိပ်သည်။

အန်ကယ်ဦးမျိုးသိမ်းနှင့် အန်တီဂျူလီကတော့ ငွေရေးကြေးရေးလည်း ပိုပြီးပြည့်စုံကြွယ်ဝကြတာနဲ့အမျှ အနည်းငယ်မာန်ရှိပါသည်။

အမရတို့အိမ်နှင့် ခင်ခင်မင်မင် ရှိသည်ဆိုပေမယ့် ပြောမနာ ဆိုမနာတော့ မဟုတ်ခဲ့ပါ။

ကျောင်းတုန်းက စန္ဒီဆိုတဲ့ သူငယ်ချင်းတစ်ယောက်နဲ့ပဲ တွဲခဲ့ကာ အဲဒီသူငယ်ချင်းက ဘွဲ့ရပြီးတာနှင့် ဩစတြေးလျ ထွက်သွားပြီး ကျောင်းဆက်တက်နေတော့ အမရမှာ ဟုတ်ဟုတ်ဟာတ်ဟာတ် ပေါင်းသင်းစရာဆိုလို့ အဲဒီညီအစ်ကိုပဲ နည်းနည်းပါးပါး ရင်းနှီးသူကျန်တာ။ အောင်ပွဲမှာ ညီမငယ်လေးတစ်ယောက် "ခင်အေးချမ်း" ဆိုတာရှိပေမယ့် အဲဒီညီမလေးကလည်း ခုမှရှစ်တန်းမို့ အမရသွားပေါင်းဖို့ အဆင်မပြေ။





"အောင်ပွဲက ရိုးရိုးအေးအေးပဲ နေတတ်တာ သမီးရဲ့၊ ခမ်းကြီးနားကြီး နေတတ်တာ မဟုတ်ဘူး၊ ဘဝဆန်တယ်၊ စိတ်ကူးယဉ် မဆန်ဘူး"

"မေမေရယ် … တက္ကစီလေး ငှားစီးတာပဲ၊ ဘာမှခမ်းကြီးနားကြီး ဖြစ်မသွားပါဘူး၊ သူက ကတ်စီးကိုလည်း ကုပ်တယ်၊ ပိုက်ဆံကို ပွတ်ပြီးသုံးတာ၊ တစ်ရွက်ကနေ နှစ်ရွက်များ ထပ်နေမလားလို့၊ သူ့အမေက မုန့်ဖိုးတစ်ပတ် တစ်သောင်း၊ တစ်လ လေးသောင်းပေးတာ မကုန်ပါဘူး ဆို၊ သမီးတောင် အဲဒီထက်မက ကုန်သေးတယ်၊ ဝေလ ဆိုရင် တစ်လ တစ်သိန်း မလောက်ဘူးတဲ့"

"ပိုက်ဆံမသုံးတာ ကောင်းတာပေါ့ သမီးရဲ့"

"ဒါပေမဲ့ မေမေရယ်၊ သုံးစရာရှိရင်တော့ သုံးဦးပေါ့"

အောင်ပွဲကတော့ တကယ်ကို ကပ်စေးနဲတာပါ။ ခါတိုင်းတော့ ကားယူယူလာတတ်တဲ့ ဝေလကားနှင့် သုံးယောက်အတူ ပြန်ကြသည်။ ဒီနေ့တော့ အမရက ဝေလမရှိ၍ အောင်ပွဲနှင့်ပဲ အတူပြန်ရမှာဖြစ်ရာ ဆယ်ငါးမိနစ် စောလွှတ်တဲ့အတန်းကထွက်ကာ အောင်ပွဲတို့အတန်းရဲ့ထိပ် လှေကားထစ်လေးမှာသွားထိုင်စောင့်နေပါသည်။

အောင်ပွဲတို့ အတန်းလွှတ်လျှင် အောင်ပွဲသည် သူ့ခါတိုင်း အသားရောင်တီရှပ် လျှော်ပါမျိုး၌ လည်ပင်းကြွယ်ပြီးနေတာကို သေချာကျကျနန နေရာမချဘဲ စလွယ်အိုင်းအိတ်



www.burmeseclassic.com

www.burmeseclassic.com



လွှယ်လိုက်တော့ အင်္ကျီက နောက်ဘက်ခွဲကာ ရှေ့လည်ပင်းပေါက် အစ်နေပြီး ကျောဘက်မှာ လည်ပင်းဟိုက်ကြီးလိုဖြစ်နေတဲ့ ပုံမျိုး နှင့် ဆံပင်ကလည်း ရှည်ရှည်နှင့် ထွက်လာသည်။

"ဟဲ့ ... အောင်ပွဲ"

"အေး"

"နင်နဲ့ ငါနဲ့ပဲ တူတူပြန်ရမှာ"

"အေး ... သိတယ်"

လှေကားက ဆင်းလာပြီး လမ်းမပေါ်ရောက်လျှင် အောင်ပွဲက ဘယ်ချိုး၊ အမရက ညာချိုးမိလျက်သား။

"ဟဲ့ ... အောင်ပွဲ၊ ဒီဘက်ထိပ်က ကားငှားမယ်လေ"

"အာ ... ကားဘာလို့ ငှားရမှာလဲ၊ ဘတ်စ်ကားဂိတ်က ဒီဘက်ထိပ်လေ၊ လာ"

"ဘတ်စ်ကား !"

"အေး ... လာ"

"ဟာ ... ဘတ်စ်ကား မစီးချင်ဘူးဟာ"

"ဘာဖြစ်လို့လဲ"

"ကျပ်တယ်ဟ"

"နင်ကလည်းဟာ သူဌေးသမီးလိုလို ဘုရင့်သမီးလိုလို လုပ်မနေစမ်းပါနဲ့၊ လူတိုင်းစီးနေကြတာပဲဟာ၊ လိုအပ်ရင် စီးရမှာပေါ့ ... လာ"

"လိုမှမလိုအပ်တာ၊ ကားငှားလို့လည်း ရတာပဲ"





"ဟာ ... ဘတ်စ်ကားစီးရင် တစ်ယောက်နှစ်ရာ လေးရာ၊ တက္ကစီငှားရင် အနည်းဆုံး နှစ်ထောင့်ငါးရာကျမှာလေ၊ သိဟာသုမ္မွေသိဂိ ဒေါ်အမရရဲ့"

"ငါပေးမယ်လေ"

"အာ ... နင်ပေးလည်း ငါမစီးပါဘူး၊ နှစ်ယောက်အတူ ကားငှားပြန်ရင် အနည်းဆုံး ငါက ထောင့်နှစ်ရာ့ငါးဆယ် မပေးရင် ကောင်းပါ့မလား၊ နင်က မိန်းကလေးဟာ နင် ချည်းအားလုံးပေးရင် သဘာဝမကျပါဘူး"

"သဘာဝကျကျ မကျကျဟာ၊ နင်က စီးချင်တာမဟုတ်ဘဲ ငါက စီးချင်တာဆိုတော့ ငါပေးတာ ဘာဖြစ်လဲ၊ လာပါဟဲ့ အောင်ပွဲ"

"မလာဘူး ... ဘတ်စ်ကားပဲစီးမှာ၊ အပိုကုန်တယ်၊ နင်ပဲ ဒီဘက်လာ"

နှစ်ယောက်သားဟာ ကိုယ်ကွေ့ချိုးဖြစ်တဲ့ဘက်ဆီ သုံးလေးလှမ်း လျှောက်ပြီးသားမို့ ခြေလှမ်း ရှစ်လှမ်းစာလောက် ခြားနေတာကို ရှေ့မတိုးဘဲ ခပ်ကျယ်ကျယ် လှမ်းအော်ပြောနေကြတာပင်။

"နင် လာလို့ ပြောနေတာ၊ တက္ကစီပဲ စီးမှာ၊ ကျွတ် ... အောင်ပွဲနော်"

"ငါမလာဘူး၊ နင်လာခဲ့၊ ဘတ်စ်ကားနဲ့ပဲ ပြန်မယ်"

"အောင်ပွဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘတ်စ်ကားပေါ် လူလေးနည်းနည်း ကျပ်တာကို တောင် ကြုံကြုံခံ ရင်မဆိုင်နိုင်ဘူးဆိုရင် ရှေ့လျှောက်ကိုယ့် ခြေထောက်ပေါ်ကိုယ် ဘယ်လိုရပ်မှာလဲ"

"ငါ ရှေ့လျှောက် တစ်သက်လုံး ကိုယ်ပိုင်ကားပဲစီးမှာ"

"ဝါး ဟား ဟား ဟား၊ ခြော် ... ဗျည်း ... ဗျည်း"

"တောက်"

အောင်ပွဲက အမရကို ရုံဖန်ရုံခါမှာ "ဗျည်းလို့" နာမည်ဖျက်ပြီး ခေါ်တတ်ပါသေးသည်။ နာမည်မှာ "သရ"မပါဘဲ "ဗျည်း"ချည်း သုံးလုံးပါတာမို့ ဆိုပြီး ဗျည်းလို့ ပြောင်းပြီးခေါ်တတ်ပါသည်။

"ကဲဟာ ... နင့်ဟာနင် ကားငှားပြန်ရင်လည်းပြန်၊ သွားတော့"

"ဟဲ့ ... မေမေက ငါ့ကို နင်တို့နဲ့ပဲ တူတူပြန်ခိုင်းထားတယ်ဟဲ့ ... ကောင်စုတ်ရဲ့"

အမရက ခြေကိုတစ်ချက်ဆောင့်ကာ ဒေါပွပွနှင့် အော်ပါသည်။

"ဒါဖြင့်လည်း လာလေ၊ ငါနဲ့ပြန်မယ်ဆိုရင် ငါပြန်သလို လိုက်ပြန်ပေါ့"

"နင် တော်တော်အကျင့်ယုတ်တယ်၊ ငါ့ကို ကားပေါ်မှာ လူတွေထိရင် ငါက ကြိုက်တာမဟုတ်ဘူး၊ အဲဒါကြောင့် မစီးချင်တာ၊ ဘာမှဘုရင့်သမီးတော်ဆန်တာ မဟုတ်ဘူး"





"ငါ ကာထားပေးမယ်၊ သူများမထိအောင်၊ ကဲ ... လာဆိုဟာ၊ အချိန်ကြာတယ် ... ကျွတ်"

ပြောပြောဆိုဆို အောင်ပွဲဟာ သူဦးတည်တဲ့လမ်း ထိပ်ဘက်ကို ပြန်လှည့်လျှောက်သွားပြီမို့ အမရက စိတ်တိုတိုနှင့် ခြေကိုဆောင့်ကာ ဆောင့်ကာ လျှောက်ရင်း သူ့နောက်ကပဲ မကျေမချမ်း ပါလာရပါသည်။

"ကတ်စီးနဲ့ကောင်၊ ကော်တရာ၊ ငါတစ်ယောက်တည်း တက္ကစီမစီးရဲလို့ သိရဲ့လား၊ နို့မို့ နင့်နောက်ကို မလိုက်ဘူး"

အောင်ပွဲက ရှေ့ကနေ လှည့်ကြည့် လှည့်ကြည့် လျှောက်ရင်း မှုန်တေတေ ကြားကပဲ ဖြိုးစိစိ လုပ်နေပါသည်။ ဘတ်စ်ကားပေါ်ရောက်တော့ နေ့လယ်ဘက်မို့ ညနေရုံးဆင်းချိန် လောက် ကားကမကျပ်ပါ။ လူတွေတော့ ပြည့်နေသော်လည်း နန်းကျပ်ပိတ်သိပ်တော့ မနေပါ။ ထိုင်စရာနေရာတော့မရ။ အပေါ်က ကိုင်စရာကွင်းကို လှမ်းဆွဲရင်း ဘတ်စ်ကားစီးနေမကျတဲ့ အမရက ယိုင်တိယိုင်ထိုး ဖြစ်နေတာကို အောင်ပွဲက တစ်ဖက် လှည့်ပြီး ပြုံးနေပါသည်။

ဘယ်လိုကောင်စားမျိုးမှန်း မသိ။ ကားပေါ်က အခြားယောကျ်ားတွေနှင့် မတိုးတိုက်မိအောင်တော့ သူ့ကိုယ်နှင့် ခပ်ကွယ်ကွယ် ကာကွယ်ပေးထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက သူ့ဟာသူသွားတဲ့လမ်းဆိုရင် ဘတ်စ်ကားချည်းပဲ စီးတာ မေမေရဲ့"

"ဘာဖြစ်တုန်း သမီးရဲ့၊ ကောင်းသားပဲဟာ"

"ဦးဦးစိုးသိမ်းကို ပြောတာပါ၊ အန်ကယ်မျိုးတော်င်မှ ဝေလကို ကားတစ်စီး ပေးထားသေးတာပဲ။ သူလည်း အောင်ပွဲကို ကားတစ်စီးဝယ်ပေးလိုက်ရောပေါ့၊ အောင်ပွဲ လည်း ကားမောင်းတတ်သားပဲဟာ၊ ဂျစ်ကားလောက်ဆို ဘာမှပေးရတာ မဟုတ်ပါဘူး မေမေရယ် နော်"

"အမယ်လေး ... ညည်းစကားက သူများကြား ရိုက်ချင် စရာ၊ ဘာမှမပေးရတာကလည်း သိန်းငါးဆယ် တစ်ရာ ကြားတော့ ပေးရမှာပဲမို့လား သမီးရဲ့"

"သူတို့လည်း ပိုက်ဆံရှိတာပဲ မဟုတ်လား၊ ညီအစ်ကိုတွေ ပဲဟာ၊ အန်ကယ်မျိုးတို့ရှိသလောက် ဦးဦးစိုးသိမ်းလည်း ရှိမှာပေါ့"

"မဂျူလီဘက်ကလည်း ချမ်းသာတာ သမီးလေးရဲ့၊ ဒေါက်တာစိုးသိမ်းတို့ မနေခြည်တို့လည်း ပိုက်ဆံရှိတယ် ဆိုပေမယ့် သူတို့က အနေကုပ်ကုပ် ရိုးရိုးကျစ်ကျစ်လျစ်လျစ် နေတတ်တာလေ"

"ကိုယ့်သားပဲဟာ ဝယ်ပေးပေါ့၊ မွေးစားသားမှ မဟုတ် တာ"





"အမယ်လေး ... အချစ်တုံးလေးရယ်၊ စကားပြောတာ လက်လွတ်စပယ်နိုင်လိုက်တာ၊ ညည်းပြောပုံက ကားဝယ် မပေးတာနဲ့ပဲ မွေးစားသား ဖြစ်ရမယ်ရယ်လို့"

"ဟုတ်တယ်လေ၊ ပိုက်ဆံလည်း သိပ်ပေးမသုံးဘူး တာယု တယ ထွေးပိုက်တာလည်း မတွေ့ဖူးပါဘူး၊ အန်တီနေခြည် ကလည်း သဘောကောင်းသားနဲ့၊ အောင်ပွဲနဲ့ဆို သိပ် အရောမဝင်သလိုပဲ၊ ညီမလေး ခင်အေးချမ်းနဲ့ကျတော့ တစ်ချိန်လုံး ပွေ့ချည်တုပ်ထားသလို အလကားနေရင်း ဖက်ပိုက်ထားတာ"

"ခြော် ... သမီးကလည်း၊ ဒါတော့ သားနဲ့သမီး ဘယ် တူမလဲ၊ သမီးဆိုတော့ တီတီတာတာလေး ရှိတယ်မဟုတ် လား၊ မအေနား ချွဲနွဲ့နေတာပေါ့၊ သားကျတော့ ဘာသိ ဘာသာနေတာပေါ့၊ အောင်ပွဲက တစ်ယောက်တည်းအတွေး နဲ့နေတတ်ပုံရတဲ့ကလေးဆိုတော့ ပိုဆိုးတာပေါ့ သမီးရဲ့"

"တီးတောင်"

"ဟော ... ဘဲလ်တီးပြန်ပြီ နိုင်နိုင်ရေ"

နိုင်နိုင်က တံခါးဆီပြေး၍ ချောင်းကြည့်ပေါက်မှ ချောင်းရပြန်ကာ ...

"အောင်ပွဲ ... အန်တီ"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



နိုင်နိုင် ဖွင့်ပေးလိုက်တဲ့ တံခါးအပြင်မှာတော့ အရွယ်နဲ့မလိုက် နဂိုနေမျက်နှာထားတည်တဲ့ အောင်ပွဲက ရပ်နေပါသည်။

"သား ... အောင်ပွဲ၊ ဝင်လေ"

"မဝင်တော့ဘူး အန်တီ၊ ဒီမှာ အမရရဲ့ဖိုင်လ် ကျွန်တော့်ဆီ ပါလာလို့ တစ်ခေါက်ပြန်လာပေးတာပါ"

"ဟုတ်လား ... သမီးလေး အချစ်တုံး၊ ဒီမှာသမီးရဲ့ဖိုင်လ်တဲ့"

အမရက ရေခဲသေတ္တာထဲက နွားနို့ဘူးကို ပိုက်နှင့် ထိုးဖောက်စုပ်သောက်ရင်း နောက်ဖေးဘက်က ထွက်လာကာ မျက်နှာရှုပုပ်ဆဲနှင့် ...

"မေမေပဲ ယူထားလိုက်တော့"

"ဘတ်စ်ကားစီးလာရလို့ သူ စိတ်တိုလာတာ အန်တီ"

"ဟင်း ဟင်း ... အခုပဲ သူပြောနေတာ သားရဲ့"

"ကားပေါ်မှာ သူ ယိုင်ထိုးနေတာနဲ့ သူ့ဖိုင်လ်ကို ကျွန်တော် ယူကိုင်ပေးထားတာ၊ ပြန်မပေးဖြစ်ဘဲ အိမ်အထိပါသွားတာနဲ့ လာပို့ပေးတာပါ"

"နောက်နေ့မှပဲပေးလည်း ဖြစ်သားပဲ သားရယ်၊ တကူးတက လာပို့ပေးရသေးတယ်"

"ရပါတယ် အန်တီ၊ သူ စာလေးဘာလေး ကျက်ချင်ဖတ်ချင်မလားလို့ပါ၊ ကျွန်တော် သွားတော့မယ် အန်တီ၊ ဗျည်း ... ငါသွားပြီ"





"ဟွန်း"

အမရက အောင်ပွဲရဲ့ကျောပြင်ကို အမှီလှမ်း၍ မျက်စောင်းထိုးပစ်လိုက်ပါသည်။

○ ❤ ○



www.burmeseclassic.com

www.burmeseclassic.com



## ၂

ဒူးလောက်ဂျင်းဘောင်းဘီစကလေးနှင့် ဝေလတို့ခြံထဲ လျှောက်ဝင်လာတဲ့ အမရကို တစ်ဖက်ခြံဝင်းထဲမှာ ပန်းပင်လေးတွေ ရေဖျန်းနေတဲ့ ဒေါ်နေခြည်က အပြုံးနှင့် လှမ်းကြည့်ရင်း —

"သမီး … အချစ်တုံး၊ မနေ့က သမီးချက်တဲ့ မန်ကျည်းသီးစိမ်းနဲ့ ပုစွန်စိမ်းငါးပိချက်က တယ်ကောင်းပါလား သမီးရဲ့၊ တော်လိုက်တာကွယ်၊ သမီးဦးဦးဆိုတာ ထမင်းတွေ စားလိုက်တာမှ အများကြီး"

အမရသည် အပေါင်းသားဟသွားတဲ့ နှုတ်ခမ်းလေးကို လက်ဝါးနှင့်အုပ်ရင်း အံ့သြတကြီးနှင့် …

"ဟင် … အန်တီ ဘယ်လိုသိလဲ"

"အဟင်းဟင်းဟင်း … သဉ္ဇာက တစ်ပန်းကန်စာလောက် နိုင်နိုင်နဲ့ လွှတ်ပို့ပေးလို့ စားရတာ သမီးရေ"

"ဟယ်"



အမရက ပါးလေးပင် နီမြန်းကာ …

"မေမေက အန်တီနေခြည်တို့အိမ်လည်း ပို့လိုက်တယ်၊ ဟုတ်လား"

"အင်း"

"အာ … ရှက်စရာကြီး၊ သမီးကဖြင့် ခုမှ ချက်တာပြုတ်တာတွေ စသင်တုန်း၊ ခုမှ စမ်းချက်တုန်းဟာကို"

"စမ်းချက်တာတောင် ဒီလောက် လျှာလည်နေရင် ကျွမ်းသွားရင်တော့ ငါ့သမီးတို့အိမ်ကို အမြဲထမင်းလာစားရတော့မှာပဲ အချစ်တုံးရေ"

အန်တီနေခြည်ဟာ အမရကို မေမေ ခေါ်သလို အမြဲပဲ အချစ်တုံးလို့ လိုက်ခေါ်လေ့ ရှိပါသည်။ မွေးကာစကတည်းက မေမေက "အချစ်တုံးလေး"လို့ ချစ်မြတ်နိုးတကြီး အသည်းတယားယားခေါ်တဲ့ အမည်ဟာ အန်တီနေခြည့်နှုတ်မှာပါ စွဲနေတာ။ ဖေဖေနှင့် ဦးဦးစိုးသိမ်းက ပိုခင်ကြသလို မေမေနှင့် အန်တီနေခြည်ကလည်း အန်တီဂျူလီနှင့်ထက် ရင်းနှီးချစ်ခင်သည်။ အန်တီနေခြည်နှင့် အန်တီဂျူလီက ညင်ညီအစ်မတော်စပ်ပေမယ့် မေမေနှင့် အန်တီနေခြည် ခင်မင်သလောက် ချစ်ကြည်ရင်းနှီးသလောက်တောင် မရင်းနှီးပါ။

အန်တီနေခြည်ဟာ အမရကိုလည်း အတော်လေး ချစ်ခင်လှပြီး အန်တီဂျူလီကတော့ အမရအပေါ် မှန်တန်းမျှသာပါ။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှာ ... မမကော ဒီဘက် မလာတဲ့ဆီရော ပို့သေးလား"

အမရက ခြင်ထောင်ကို မနက်ဖြန်ရမည့်သူ ကပ်သွားကာ တီးတိုးမေးလျှင် အန်တီနေခြည်က ပြုံးရင်း ...

*"ဟင့်အင်း ...၊ အန်တီတို့ကိုပဲ လာပေးတာ"*

အင်း ... တော်ပါသေးရဲ့။ အန်တီနေခြည်ကတော့ အမရ အပေါ် ချစ်ခင်စိတ်နှင့် ကောင်းကောင်း မကောင်းကောင်း ချီးမွမ်းမည့်သူ ဖြစ်ပေမယ့် အန်တီဂျူလီကတော့ ဒီလိုချီးမွမ်းမှာ မဟုတ်။ မကောင်းဘူးဆိုရင် ဖွင့်မပြောတောင်မှ စိတ်ထဲက ကျိတ်ပြီး "ကောင်းလည်းမကောင်းဘဲ အလကား လာပို့နေသေးတယ်"လို့ တွေးမှာမျိုးပါ။ အန်တီဂျူလီကို အမရက နည်းနည်း ရှိန်ပါသည်။

"အန်တီ ... အောင်ပွဲရော စားသေးလား"

အန်တီနေခြည်က တသိမ့်သိမ့်ရယ်ရင်း ...

"စားတာပေါ့ သမီးရဲ့"

"သမီးချက်တာလို့ရော သိလား"

"အင်း ... သိတယ်၊ အန်တီကလည်း ထမင်းဝိုင်းမှာ ပြောမိတယ်လေ၊ အမေကြီး ဒီဟာ အချစ်တုံးလေးချက်တာ၊ မြည်းကြည့်ဦးလို့၊ ဒီတော့ သူလည်း သိတာပေါ့"

"သူ ... သူ ... အောင်ပွဲ ဘာပြောသေးလဲဟင် အန်တီ"

အမရရဲ့ မရဲတရဲ မေးပုံကြောင့် အန်တီနေခြည်က သဘောတွေကျသလို တသိမ့်သိမ့်သာ ရယ်မောနေတော့ရင်း ...





"ဘာမှတော့ မပြောဘူး၊ ဒါပေမဲ့ သူလည်း ထပ်ထည့်ယူပြီး အားရပါးရ နယ်စားနေတာပဲ၊ သူက တော်ရုံဘာမှပြောတာမှ မဟုတ်တာ၊ အားရပါးရ စားနေတာကြည့်ရင်တော့ သူစားကောင်းလို့ ကြိုက်လို့ပေါ့ သမီးရဲ့"

"အဟီး"

အမရက ခပ်ရှက်ရှက်လေး ရယ်လိုက်ရင်း ...

"အန်တီ ... ဦးဦးက အောင်ပွဲကို ကားဝယ်ပေးတော့မလို့ဆို"

"အေး ... ကားကြည့်နေတယ် သမီးရဲ့၊ သဥ္စာလည်း တိုက်တွန်းတာနဲ့ ဟုတ်သားပဲလို့ သူလည်း မောင်းတတ်နေတာပဲလေ၊ သူလည်း အသက်နှစ်ဆယ့်သုံးပဲ ရှိနေပြီပဲဟာ၊ သူ့ရဲ့ကိစ္စဝိစ္စလေးတွေလည်း ရှိပြီလေ၊ ဒါတောင် သမီး သူငယ်ချင်းက မိဘကို သူကပဲ အားနာနေသေးတာ၊ အလကား ဗိုက်ဆံကုန်တယ်၊ ဝယ်မပေးပါနဲ့တဲ့၊ ရတယ်တဲ့၊ ကားက ဝယ်ပေးလိုက်ပြီးရင် ဒီငွေဆုံးသွားတာမှ မဟုတ်တာ ...

ဒါတောင် သူက ကားစီးရတာ ငွေပိုကုန်တယ်တဲ့လေ၊ ဓာတ်ဆီဖိုးနဲ့ကားပျက်ရင် ပြင်ရမယ့်စရိတ်ကို မနည်းဘူးတဲ့၊ ဘတ်စ်ကားစီးရင် တစ်ရာ နှစ်ရာပေးလိုက်ရင် ပြီးနေပြီပေါ့၊ သူက ငြင်းနေသေးတာ၊ ဒါပေမဲ့လည်း ကွယ်၊ ကိုယ့်သားလည်း အရွယ်ရောက်ပြီပဲ တတ်နိုင်လို့လောက်



www.burmeseclassic.com

www.burmeseclassic.com



အတွေ့မ်းတော့ သူများတန်းတူလေး လုပ်ပေးရမှာပဲလေ၊ အမြဲတမ်းကြီးတော့လည်း သူများကား လိုက်စီးရတာမျိုး မကောင်းဘူးပေါ့ ရဲ့"

အန်တီနေခြည်က အသံနိမ့်မှ ပြောပါသည်။ အမရက ခေါင်းလေးညိတ်ပြီး ထောက်ခံလိုက်ပါသည်။ ဟုတ်တယ်လေ။ တစ်ခါတစ်ရံ ဝေလက အောင်ပွဲကို အထက်စီးက ဆက်ဆံထက်သည်။ ဝေလက အောင်ပွဲထက် ငါးလကြီးပြီး အမရထက် သုံးလကြီးသည်။ အောင်ပွဲဟာ အမရထက်တောင် နှစ်လငယ်တာ။ ဝေလက ငါးနှစ်ခွဲကျော်မှ ကျောင်းနေလိုက်ရတာမို့ အတန်းကတော့ တူနေကြပါသည်။

မိဘတွေက အတူပြန်ခိုင်းထားတာမို့ ကွန်ပျူတာသင်တန်းက အတူပြန်တာကလွဲရင် အောင်ပွဲက ဝေလကားကို ဘာကိစ္စနှင့်မျှ ကပ်မစီးပါ။ ဒါပေမဲ့ ဝေလက သူ့ကားပေါ်ပါလာတုန်းတွေမှာ …

"ဟောကောင် … အောင်ပွဲ၊ ဟိုးရှေ့မှာစတိုးဆိုင်၊ ဘောလ်ပင်တစ်ချောင်းလောက် ဆင်းဝယ်ပေးစမ်းကွာ"

အဲသလို ခိုင်းတာမျိုးတွေ အလားတူတူ ရှိတတ်သည်။ ကားကို ပလက်ဖောင်းဘေး ကပ်ရပ်ကာ သူက ကားပေါ်က မဆင်းဘဲ အောင်ပွဲကို ဆင်းဝယ်ခိုင်းတာမျိုး လုပ်တတ်သည်။ ကိုယ်တော့ ပလက်ဖောင်းဘေး ကားရပ်မှတော့(သူက မောင်းသူဖြစ်ပေမယ့်လည်း) ကိုယ့်ဟာကိုယ် ဆင်းဝယ်လိုက်လို့ ရတာပါ





ပင်။ အောင်ပွဲကတော့ ဘာတစ်ခွန်းမှ မညည်းညူပါ။ ခပ်မှန်မှန်တောတောနှင့်ပင် ဆင်းဝယ်ပေးတတ်ပါသည်။

အင်း … အခုတော့ တကယ်လို့များ သင်းတို့ညီအစ်ကိုနှစ်ယောက်လုံး ကိုယ့်ကားနဲ့ကိုယ် သွားလာကြရင် အမရက အပြန်ကျ ဘယ်သူ့ကားနဲ့များ လိုက်ရမှာပါလိမ့်။

"ကဲ … သမီး ဝင်တော့၊ တော်ကြာ ဆရာ ရောက်လာဦးမယ်"

"ဟုတ်"

အမရက ဝေလတို့တိုက်ထဲ ဝင်လာခဲ့ပါသည်။ ဝေလအဖေရဲ့အစီအစဉ်နှင့် သူတို့သုံးယောက် English သင်နေကြတာပါ။ သူတို့အိမ်မှာ စာအုပ်ခန်း စာကြည့်ခန်း သီးသန့်ရှိပေမယ့် စားပွဲက လူလေးယောက်စာ မဆန့်၍ ထမင်းစား စားပွဲမှာပဲ သင်ပါသည်။ အမရ ဝင်သွားတော့ ထမင်းစားပွဲမှာ အောင်ပွဲ၊ ဝေလနှင့် သူ့အမေပါ ရှိနေသည်။

"ခွေစင် … အမရဖို့ပါ ဖရုထ်ကော့က်တေးလ် ဖာစ်ပွဲပြင်လိုက်"

အန်တီဂျူလီက စားပွဲထိပ်မှ ပြောလိုက်ပါသည်။ အမရက သူဝင်လာတဲ့ဘက်နဲ့နီးတဲ့ဘက်ခြမ်းမှာ ကျောပေးထိုင်နေတဲ့ အောင်ပွဲ နံဘေးမှာပဲ ခုံဆွဲထုတ်၍ ထိုင်လိုက်ပါသည်။ စားပွဲရှည်မှာ ဆရာက ထိပ်ကထိုင်၍ တစ်ဖက်ခြမ်းမှာနှစ်ယောက်၊ နောက်တစ်ဖက်ခြမ်းမှာ တစ်ယောက် ထိုင်ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အောင်ပွဲ နံ့သာ ဝင်ထိုင်လိုက်တဲ့ အမရကို သစ်သီး ကော့က်တေးလ် စားနေတဲ့ ဝေလက လှမ်းကြည့်ရင်း ...

"အမရ ... ဒီဘက်လာဦး"

"ဟင် ... ဘာလဲ"

"ဒီဘက်လာထိုင်လို့ ဆိုနေ"

အမရက ထိုင်မလို ထမလို ဖြစ်သွားရရင်း ...

"ဘာဖြစ်လို့လဲဟဲ့"

"မနေ့က လိုက်ရေးတဲ့ နင့်မှတ်စု ကြည့်မလို့၊ လာပါဆို နေ"

အမရက သူ့ကို အဆက်စီးစီးခေါ်တဲ့ ဝေလကို မနှစ်သက်သော်လည်း အန်တီဂျူလီရှေ့ဖြစ်၍ ဘာမှမပြောတော့ဘဲ နေရာကထကာ ဝေလဘက် ရွှေ့ထိုင်လိုက်ပါသည်။ ဆရာသင်တာ လိုက်မှတ်ထားတဲ့စာအုပ်ထုတ်၍ ...

"ရော ... ကြည့်"

ဝေလက ခပ်တည်တည် ယူကြည့်နေပါသည်။ သူ ဘာကိုမှ တကယ်ကြည့်ချင်တာ မဟုတ်ဘဲ အမရကို တမင်တကာ သူ့ဘက်ခေါ်ထိုင်ခိုင်းလိုက်တာဆိုတာ အမရက ရိပ်မိနေပြီး အန်တီ ဂျူလီများ ရိပ်မိမလားဟု စိတ်ကျဉ်းကျပ်နေမိသည်။ ဘယ်သူ့ နံ့သာရယ်လို့မဟုတ်ဘဲ အလျှဉ်းသင့်သလို ဝင်ထိုင်လိုက်တတ် တာဖြစ်၍ တစ်ခါတစ်ရံလည်း ဝေလနံ့သာ ဖြစ်နေကာ တစ်ခါ တစ်ရံတော့လည်း အောင်ပွဲနံ့သာမှာ။ ခုတလော အောင်ပွဲနံ့သာ





ထိုင်မိလျှင် ဝေလက လူလည်ကျပြီး တစ်စုံတစ်ရာ အကြောင်း ပြ၍ သူ့ဘက်ခေါ်ကာ နေရာပြောင်းခိုင်းတတ်တာကို ကြုံရတာ သုံးလေးကြိမ်ရှိပြီ။

အန်တီဂျူလီက အိမ်ကကောင်မလေး ရွှေစင် လာ ချပေးတဲ့ သစ်သီးစုံပန်းကန်လေးကို အမရရှေ့ တိုးပေးရင်း ...

"အမရ ... စား"

"ဟုတ်"

"သမီးက ကွန်ပျူတာဂရပ်ဖစ်ဒီဇိုင်း ဆိုင်လေး ဖွင့်မလို့ဆို"

"ဟုတ်ကဲ့ အန်တီ၊ အခု သင်တန်းမှာ တူတူတက်နေရင်း ခင်လာတဲ့ ကောင်မလေးနှစ်ယောက်နဲ့ ဆိုင်လေးတစ်ခုဖွင့် မလားလို့ပါ၊ သူတို့ကလည်း စိတ်ပါလို့၊ စာစီစာရိုက်လည်း လက်ခံ၊ ဖိတ်စာဒီဇိုင်းတို့ ဗစ်စစ်တင်းကတ်တို့ စာအုပ် မျက်နှာဖုံးဒီဇိုင်းတို့ ကြော်ငြာဒီဇိုင်းတို့ အဲသလို ဂရပ်ဖစ် ဒီဇိုင်းလေးတွေ လက်ခံလုပ်ပေးတဲ့ဆိုင်လေးပေါ့ အန်တီ၊ ဆိုင်သေးသေးပါ"

"ဘယ်မှာဖွင့်မှာလဲ"

"သူတို့ထဲက တစ်ယောက်က ချော်တွင်းကုန်းနားမှာ အောက် ထပ်ဆိုင်ခန်းတစ်ခန်း အပိုင်ရှိတယ် အန်တီ၊ သူ ဆိုင်ဖွင့် ချင်ရင် သူ့အိမ်ကလည်း ဆိုင်ခန်းကို သုံးခွင့်ပေးတယ်"

အန်တီဂျူလီက လှပပြီး ချစ်စဖွယ်ကောင်းတဲ့ အမရ ရဲ့ မျက်နှာလေးကို စိုက်ကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကို အရင်ဆုံး ဗစ်ဇစ်တင်းကတ် လုပ်ပေးစမ်းပါ"

"အင်း ... ရတယ်လေ၊ လုပ်ပေးမှာပေါ့"

"ပိုက်ဆံပေးရမှာလား"

"အောင်မာ၊ ငါက နင့်ကို ပိုက်ဆံယူနေစရာလား၊ နင်ထည့်ချင်တဲ့ စာသားပေး၊ ငါအပျံစားဒီဇိုင်းလေး လုပ်ပေးမယ်၊ အောင်ပွဲ ... နင့်ကိုလည်း ဗစ်ဇစ်တင်းကတ်လုပ်ပေးမယ်"

အောင်ပွဲက နှုတ်ခမ်းကိုချွန်ပြီး မျက်ခုံးပင့်ကာ ဘာမှမပြော။

"ဟ ... ငါကတော့ နင့်ကို အလကား နေရင်းထိုင်ရင်း အပျော်လုပ်ခိုင်းနေတာ မဟုတ်ဘူးနော်၊ ငါက မကြာခင် အလုပ်ခွင်ဝင်တော့မှာမို့ ငါ့ရာထူးနဲ့ ငါ့အက်ဒရက်စ်နဲ့ ဗစ်ဇစ်တင်းကတ် လိုကိုလိုလာလို့ လုပ်ခိုင်းတာ"

"နင်က ဘာလုပ်မှာလဲ၊ ဘာရာထူးလဲ ဝေလ"

"ဟဲ ... ဟဲ ... ဒီလိုပေါ့ဟ"

"ဝေလကို Business man တစ်ယောက်ပဲ ဖြစ်စေတော့မှာလေ သမီး၊ ဒီကွန်ပျူတာဆော့ဖ်ဝဲတွေ ဘာတွေကလည်း ခေတ်အလျှောက် ပေါ်ပင်သဘော အပျင်းပြေတက်ခွင့်ပြုထားတဲ့သဘောပဲ၊ အန်တီ့ အစ်ကိုတွေ မောင်တွေကလည်း ကုမ္ပဏီထူထောင်ပြီး စီးပွားရေးပဲ လုပ်ကြတာချည်းပဲ၊ ဝေလကိုလည်း ဒီလိုပဲ လုပ်ခိုင်းရမယ် ...





မထမတော့ အန်တီလည်း ရှယ်ယာပါတဲ့ သူ့ဦးလေးဘကြီးတွေ လုပ်ငန်းမှာ ဒါရိုက်တာဘုတ်ထဲ သူ့ကိုထည့်ပြီး အလုပ်သင်ရမှာပဲ၊ နောက်တော့ ကိုယ်ပိုင်သီးသန့်တစ်ခု ထူထောင်ရင် ထူထောင်မယ်လေ၊ ခုခေတ် သူများတကာတွေ နိုင်ငံခြားတွေ ထွက်နေကြတာတွေ ဘာတွေလို ဝေလကို လွှတ်ဖို့မလိုဘူးလေ ...

နိုင်ငံခြား ထွက်ကြတယ်ဆိုတာက ခိုင်မာတဲ့ အသက်မွေးဝမ်းကြောင်းအလုပ်ထစ်ခုရဖို့ ခိုင်မာတဲ့ ဘွဲ့တစ်ခုခုယူကြရတဲ့သဘောပဲ၊ ဝေလမှာက သူ့ဟာနဲ့သူ လုပ်စရာလုပ်ငန်းက ရှိပြီးသား၊ အန်တီ သူ့ကို နိုင်ငံခြားတွေ ဘာတွေလဲ လွှတ်မနေပါဘူး၊ ဒီမှာပဲ Business man လုပ်ပစေလေ"

အမရက လေသံခပ်မော်မော်လေးနှင့် ပြောနေတဲ့ အန်တီဂျူလို့စကားကို နားထောင်ရင်းကပင် တိတ်ဆိတ်နေတဲ့ အောင်ပွဲကို လှမ်းကြည့်မိသည်။ အောင်ပွဲက အနားကဂျာနယ်တစ်စောင်ကို သဲကြီးမဲကြီး ဖတ်နေပါသည်။ ခဏလောက်တိတ်သွားပြီးလျှင် အမရက နေရထိုင်ရ ခက်သလိုကြီးဖြစ်ကာ ...

"အောင်ပွဲ"

"... ... ..."

"ဟဲ့"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကော ဘာဆက်လုပ်မှာလဲ"

သူ့ရှေ့ရေး သူ့ရည်မှန်းချက်တို့ကို မမေးမမြန်း စိတ်မဝင်စား ချန်ထားသလို မဖြစ်ချင်တာကြောင့်သာ မေးလိုက်ရသော်လည်း သူ့မှာ အဖြေအဆင်သင့်မှ ရှိပါ့မလားလို့ အမရက စိတ်ပူသွားမိပါသေးသည်။

"ငါက ဒီမှာတက်လို့ရတဲ့ ဆော့ဖ်ဝဲနဲ့ ပတ်သက်တာတွေ တက်ပြီးရင်တော့ လက်မှတ်တွေကိုင်ပြီး စင်ကာပူမှာ မာစတာတန်းဝင်နိုင်အောင် ကြိုးစားမှာ၊ မာစတာတန်းတော့ နှစ်နှစ်လောက် ဆက်တက်လိုက်ဦးမယ်။ ဟိုမှာရော ဒီမှာပါ ဆော့ဖ်ဝဲနဲ့ ပတ်သက်တဲ့ အိတ်စ်ပီးရင်းရှင့်စ်တွေ လိုသလောက် ထပ်ရအောင်ယူပြီးရင် ဒီမှာပဲ ဆော့ဖ်ဝဲနဲ့ ပတ်သက်တဲ့ ကိုယ်ပိုင်သင်တန်းကျောင်းလေးတစ်ခု ထောင်နိုင်အောင် ကြိုးစားမှာ"

အမရက ကျေနပ်သော အပြုံးလေး မျက်နှာပေါ် ဖူးပွင့်သွားပါသည်။ သူ့စိတ်ထဲမှာ ခိုင်ခိုင်မာမာ ရည်မှန်းချက် ဦးတည်ချက်မျိုး ရှိပြီးသားပါလား ဆိုတာကို သိလိုက်ရ၍ ကျေနပ်နှစ်သိမ့်မိပါသည်။

"ဒါဖြင့် သူ့ဗစ်ဇစ်တင်းကတ် လုပ်ပေးဖို့ နင် နောက်ထပ် နှစ်အနည်းငယ် စောင့်လိုက်ဦးပေါ့ဟ အမရ"

ဝေလ ငဲ့ပြောတဲ့စကားကြောင့် အမရက အောင်ပွဲကို အားနာသလိုဖြစ်ကာ ...





"ဗစ်ဇစ်တင်းကတ်ပဲဟာယ်၊ ဖုန်းနံပါတ်ရယ် လိပ်စာရယ် ပိုင်တဲ့သူဆိုရင် ဘယ်သူမဆို လုပ်လို့ရတာပဲဟာ၊ အလုပ်ကိစ္စမဟုတ်လည်း မိတ်ဆွေအပေါင်းအသင်းချင်း ပေးလို့ သုံးလို့ ရတာပေါ့"

"တွီ ... တွီ ... တွီ ... တွီ"

ရုတ်တရက် ဖုန်းမြည်သံနှင့်အတူ အောင်ပွဲက သူ့ ဂျင်းဘောင်းဘီနောက်အိတ်ထဲကဖုန်းကို ဆွဲထုတ်လိုက်ပါသည်။

"ဟယ်လို"

"... ... ..."

"ဟယ်လို ... ဟယ်လို"

ဝေလတို့အိမ်ထဲ လိုင်းသိပ်မမိဘဲ အသံက ပြတ်ဆောက် ပြတ်တောက် ဖြစ်နေ၍ အောင်ပွဲက နေရာထ၊ပြီး အိမ်ပြင်ထွက်သွားကာ ...

"ဟယ်လို ... ဟုတ်ကဲ့ အစ်ကို၊ ခဏလေးနော်၊ အသံသိပ်မကြည်လို့ အပြင်ခဏထွက်လိုက်ဦးမယ်၊ အစ်ကိုကြားလား"

အောင်ပွဲ မရှိတော့သည်နှင့် ဝေလက အမရဘက် လှည့်ကြည့်ရင်း ...

"နင် ဒီဇိုင်းကို နှစ်မျိုးအရင်လုပ်ပြီးရင် နာမည်တွေအတည် မထည့်သေးဘဲ ငါ့ကိုအရင်ပေးနော်၊ ငါပိုကြိုက်တဲ့ဒီဇိုင်းကို အရင်ရွေးမယ်၊ ပြီးမှ ကျန်တာကို ဟိုကောင့်ပေးလိုက်"

အမရက ဝေလကို နှာခေါင်းရှုံ့ကာ ငဲ့ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"နင်တော်တော်မိုက်ကျတယ်၊ နင်က အစ်ကိုဖြစ်ပြီး"

"ဘာအစ်ကိုလဲ၊ တစ်နှစ်တောင် မကွာဘူး၊ ဘာမှ အစ်ကို မဟုတ်ဘူး"

"ခုနှစ်ချင်း မတူဘူးလေ၊ နင်က ခုနှစ်တစ်နှစ် ကြီးနေတာ ပဲဟာ အစ်ကိုပေါ့"

"အစ်ကိုဖြစ်ရင်ကော ဘာဖြစ်လဲ"

"အကြီးက အငယ်ကို ညှာရမှာပေါ့ဟဲ့"

"ဒါဖြင့် ငါတို့သုံးယောက်ထဲမှာဆိုရင် ငါကချည်းပဲ နင်တို့နှစ်ယောက်ကို ညှာနေရတော့မှာလား၊ သွားစမ်းပါဟာ"

ဒေါ်ဂျူလီက သားဖြစ်သူ ဝေလနှင့် အမရကိုကြည့်နေပါသည်။ အောင်ပွဲနှင့် နှစ်ယောက်ယှဉ်ကာ အမရရဲ့ဦးစားပေးမှု ဂရုစိုက်မှုကို သူကပဲ ပိုလိုချင်နေတဲ့စိတ်မျိုး ဖြစ်နေပုံရတဲ့ ဝေလရဲ့အရိပ်အကဲကို မိခင်ပီပီ ရိပ်မိနေပါသည်။ မိဘတွေချင်းရင်းနှီးကြတယ် ဆိုပေမယ့်လည်း ကိုယ့်မှာရင်းနှီးခင်မင်တဲ့သမီးရှင်ဆိုလို့ အမရတို့ မိဘတွေတင်ရှိတာ မဟုတ်ဘူးလေ။ အများကြီးပေါ့။

အသိုင်းအဝိုင်းထဲမှာ သမီးပျိုရှိတဲ့ မိတ်ဆွေတွေအများကြီး။ အဲဒီထဲမှာ ကိုယ့်မျက်စိထဲဝင်တဲ့ အဆင့်တွေလည်း အများကြီးပေါ့။ အမရကိုလည်း ခင်မင်စိတ်တော့ ရှိပေမယ့် တကယ်တမ်း ပြောရရင် အမရရဲ့ အဆင့်အနေအထားလောက်





က ဒေါ်ဂျူလီ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာရှိနေတဲ့ မိန်းမပျိုတွေထဲ အောက်ခြေနားလောက်ကပါ။

အင်း ... သားကို ဘာမှသိပ်မဖြစ်ခင်ကတည်းက ကြိုတားထားရရင် ကောင်းမလား။ ကြိုတားလိုက်တာက တော်ကြာလက်တို့သတိပေးလိုက်သလို ဖြစ်သွားမှာလည်း စိုးရသေး။ ဝေလပုံစံက အသည်းအမည်း စွဲလမ်းနေတာမျိုးလည်း ဟုတ်သေးပုံမရတော့ ကိုယ်ကပြောလိုက်မှ မကြာမကြာ စဉ်းစားဖြစ်ပြီး စွဲလမ်းသွားတာမျိုး စိတ်ကူးတယဉ်ယဉ် ဖြစ်သွားတာမျိုး ဖြစ်သွားနိုင်သေးသည်။ ဒီတိုင်းထားတာ ပိုကောင်းမည် ထင်ပါရဲ့။

ဝေလကလည်း ဘဝင်ခပ်မြင့်မြင့် ကြီးတောင့် ကြီးကျယ် ကောင်လေးတစ်ယောက်ဖြစ်၍ တော်ရုံတန်ရုံနှင့်တော့ အဲလွယ်တကူ ကျဆုံးသွားမည့် စရိုက်လက္ခဏာမျိုး မတွေ့ရပါ။

"ဟဲ့ ... မင်းတို့ဆရာ နောက်ကျလှချည်လား၊ လာကော လာဦးမှာလား၊ ဖုန်းသွားဆက်ကြည့်လိုက်ဦးမယ်"

ဒေါ်ဂျူလီက အိမ်ရှေ့ခန်းက တယ်လီဖုန်းရှိရာ ထလာခဲ့ပါသည်။

"အမရ"

"ဘာလဲ"

"နင့်ကို ငါ မှာထားမယ်နော်"

"ဘာလဲ၊ နင့်အသံက အံကြိတ်ထားတဲ့ အသံကြီးနဲ့ ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က အံကြိတ်ရမှာလဲ၊ တိုးတိုးပြောနေတာ၊ ငါ့အမေ မကြားအောင်"

"ဘာဖြစ်လို့လဲ"

"တိုတိုးပြောရမယ့် စကားမို့ပေါ့ဟ"

အမရက ဝေလကို တစ်ချက်ငုံကြည့်လိုက်ပြီး သူ့ကို ရိလှဲ့လှဲ့ စိုက်ကြည့်နေတာမြင်လျှင် မျက်နှာလွှဲလိုက်ပါသည်။

"ဒီမှာ ... ငါနဲ့ အောင်ပွဲနဲ့ နင် ဘယ်သူနဲ့အရင်သိလဲ၊ အရင်ခင်ခဲ့လဲ"

"အဲဒါ မေးစရာမှ မလိုတာ"

"ဖြေစမ်းပါဟာ"

"နင်နဲ့ပေါ့"

"အေး ... အောင်ပွဲဆိုတဲ့ကောင် နင့်မျက်စိရှေ့မှာ ရှိလာတာ အချိန်ကာလ သုံးနှစ်ပဲ ရှိပါသေးတယ်"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ"

အမရက ဝေလ ဘာဆိုလိုနေတာကို သဘောပေါက်သော်လည်း အူကြောင်ကြောင်နှင့် နားမလည်သလိုပုံစံ လုပ်နေပါသည်။ သူတောင် ဘာမှမပြောဘဲ ကိုယ်က ကိုယ့်ဟာကိုယ် နားလည်နေရင် ရှက်စရာ ကောင်းတာပေါ့။

"နင်နဲ့ ငါနဲ့ကြားမှာ ရှိထားတဲ့ သံယောဇဉ်က အောင်ပွဲနဲ့ နင်နဲ့ကြားမှာ ခုမှရှိလာတဲ့ ရင်းနှီးမှုသံယောဇဉ်နဲ့ နှိုင်းယှဉ်စရာကို မလိုဘူး"





"ငါကလည်း မနှိုင်းယှဉ်ပါဘူး"

"ဘယ်ဘက်ကတွက်တွက် ဘယ်လိုတွေးတွေး ငါက ရှေ့က၊ ငါက နင်နဲ့အနီးကပ်ဆုံးမှာ ဒါပဲ၊ နင့်ရဲ့ဦးစားပေး ပထမလူဟာ ငါဖြစ်ရမှာ"

"ဟင် ... နင်ကလည်း ဇွတ်ပဲ"

"ဟုတ်တယ်လေ၊ နှစ်ရှည်လများ လူရင်းဖြစ်ထားတဲ့ ငါ့ကို ကျော်ပြီး နင်၊ အောင်ပွဲကို ပိုဂရုစိုက်စရာ မလိုဘူး"

"ငါက ပိုဂရုစိုက်နေလို့လား"

"မစိုက်နဲ့လို့ ပြောထားတာ၊ နင့်ဆီမှာ နှစ်ခုရှိရင် ပိုကောင်းတာ ပိုအရေးပါတာဟာ ငါ့အတွက် ဖြစ်ရမယ်၊ နင့်ဆီမှာ တစ်ခုပဲရှိရင် အဲဒါဟာ ငါ့တစ်ယောက်တည်းအတွက်ပဲ ဖြစ်ရမယ်၊ အဲဒါ နင်သေချာခေါင်းထဲ ထည့်ထားလိုက်တော့"

"ငါက ဘာတွေများ အောင်ပွဲကို ပိုကောင်းတာပေးနေမိလို့လဲ"

"ခုထိမပေးသေးပေမယ့် နောင်ကိုလည်း မပေးရဘူးဆိုတာ ပိုသိလာအောင် ပြောပြနေတာ"

"ဝေလရယ် ... နင်နဲ့က ပိုရင်းနှီးတာလည်း မှန်တယ်၊ အရင်ခင်တာလည်း မှန်ပါတယ်၊ ဒါပေမဲ့ အခုအောင်ပွဲနဲ့လည်း ခင်မင်ရင်းနှီးရတာပဲလေ၊ သူ့ကို သိသိသာသာ ကြီးချန်ခဲ့လို့တော့ ဘယ်သင့်တော်ပါ့မလဲ။ သူငယ်ချင်းက သူငယ်ချင်းပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမသင့်တော်စရာ အကြောင်းမရှိဘူး"

ခြံထဲမှာ လမ်းလျှောက်ရင်း ဖုန်းပြောနေဟန်တူတဲ့ အောင်ပွဲရဲ့စကားသံတချို့က နီးကပ်လာကာ ဝေလနှင့် အမရ ကြားသာအောင် ကျယ်လာပါသည်။

"ဟုတ်ကဲ့ အစ်ကို ကြည့်လိုက်မယ့်လေ၊ အစ်ကိုပြောတဲ့ ဟိုဂျစ်ကားလေးလည်း ကြည့်မယ်၊ 'သ'နံပါတ် ပတ်ဘလစ်ကားလေးဆိုတာလည်း ကြည့်မယ်လေ၊ ဆူပါဆလွန်းတော့ မကြည့်တော့ဘူး၊ လီမိတက်လည်း မကြည့်ဘူး၊ ဈေးများတယ်၊ အဲသလောက် ပိုက်ဆံများများသုံးရတဲ့ကားမျိုး မဝယ်ချင်သေးဘူး အစ်ကို၊ တစ်ရာပတ်ချာလည်တွေပဲ ကျွန်တော် ကြည့်မယ်"

ဝေလက အမရရဲ့လက်တစ်ဖက်ကို စားပွဲပေါ်မှာ ဖျတ်ခနဲ လှမ်းဆုပ်ကိုင်လိုက်၍ အမရက အံ့လန့်တကြား အံ့အားတသင့် ရှန်းဖယ်လိုက်ပါသည်။

"အမရ ... အောင်ပွဲကို သူ့အိမ်က ကားဝယ်ပေးမလို့တဲ့၊ အောင်ပွဲ သူ့ကားနဲ့သူ သွားလာနေတဲ့အခါ နင် အောင်ပွဲကားကို လိုက်မစီးရဘူးနော်"

"ဟင်"

"ကြားလား"

"ကြားတယ်၊ ဘာဖြစ်လို့ မစီးရမှာလဲ၊ အခု နင့်ကားကိုလည်း ငါ စီးတာပဲလေ၊ သူ့ကားကိုလည်း ကြုံရင်စီးရမှာပေါ့"





"ငါနဲ့ သူနဲ့ကို နင် မနှိုင်းယှဉ်ပါနဲ့လို့ ခုပဲပြောနေတာကို၊ ငါကားစီးလို့ သူ့ကားလည်း စီးရမှာပဲ ဆိုတာမျိုး လာမနှိုင်းယှဉ်နဲ့"

"အဲဒါ နှိုင်းယှဉ်တာမှ မဟုတ်တာ၊ တမင်တကာ သူ့ကားလိုက်ကပ်စီးမနေရင် ပြီးရောပေါ့၊ တစ်ခါတစ်ရံကြုံကြိုက်လို့ စီးဖို့အကြောင်း ပေါ်လာရင် ငါကလုံးဝမစီးဘူးဆိုပြီး သူ့ကားရှိရှိနဲ့ ကားငှားသွားလို့ ကောင်းပါ့မလား၊ သူ့အဖေအမေနဲ့ ငါ့အဖေအမေက ဒီလောက်ခင်ကြတာ၊ နင့်ကားတော့စီးပြီး သူ့ကားလုံးဝမစီးဘူးဆိုတာမျိုးတော့ လုပ်လို့မဖြစ်ဘူးလေ၊ ဘယ်ကောင်းပါ့မလဲဟဲ့"

"ကျွတ် ... နင် အတော်ပြောရ ခက်နေပါလား၊ သူ့ကားပေါ် နင်ပါသွားမှာ ငါမကြိုက်ဘူး၊ ဒါကိုပြောနေတာ"

"နင်မကြိုက်တာနဲ့ပဲ ငါက မစီးရဘူးပေါ့"

"အမရနော်"

"နင်က ဘာဖြစ်နေတာလဲ၊ အောင်ပွဲက နင့်ညီလေးပဲလေ၊ နင်နဲ့ ညီအစ်ကိုတစ်ဝမ်းတည်း ကွဲတာလေ"

"တစ်ဝမ်းပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ်ဟာ၊ အရင်းပဲဖြစ်ဖြစ် သူစိမ်းဖြစ်ဖြစ် နင် ငါ့ထက်ပိုရင်းနှီးသွား သံယောဇဉ်ကြီးသွားမှာမျိုးတော့ လုံးဝလက်မခံဘူး"

"နင်ပြောနေပုံက ငါနဲ့ အောင်ပွဲနဲ့ပဲ သိပ်ချစ်ခင်သံယောဇဉ်ကြီးပြီး တတွဲတွဲ ဖြစ်နေကြသလိုလို၊ နင် စိုးရိမ်နေရအောင်



www.burmeseclassic.com

www.burmeseclassic.com



က သူနဲ့ ခင်မယ့်သာ ခင်နေတယ် စကားပြောလည်း အပေါက်အလမ်းတည့်တာ မဟုတ်ဘူး၊ သူကလည်းပြော စရာရှိရင် လိုရင်းတိုရှင်းကိုတောင် ဘုကျကျပြောတတ်တာ၊ သူကလည်း ငါ့ကို စိတ်မဝင်စားဘူး၊ ခုလို နင့်လိုတောင် မရိုးမသားတွေ မပြောဘူး"

"အေး ... မပြောရင် ပြီးရော၊ ပြောရင် ငါနဲ့တွေ့မှာ"

အမရက ဝေလကို မျက်စောင်းလှည့်ထိုးလိုက်ရင်း အိမ်ထဲပြန်ဝင်ရောက်လာတဲ့ အောင်ပွဲကို လှမ်းကြည့်လိုက်ပါသည်။ အောင်ပွဲကတော့ အမရကို လှမ်းမကြည့်ဘဲ သူ့နေရာသာ သူဝင်ထိုင်လိုက်တာပင်။

○❤○





( ၂ )

အနက်ရောင်ခပ်များများမှာ အနီရောင်စာလုံးတွေရယ်၊ အမိုးဒီဇိုင်းက ခပ်လန်လန်ရယ်၊ ဆိုဖာခုံကောင်းကောင်းတွေရယ်၊ သံပိုက်လုံးတွေရယ်၊ အနီနှင့် အနက်ရောင် ရောစပ်ထားတဲ့ ခပ်ဆန်းဆန်းဒီဇိုင်း သူ့ဂျစ်ကားကို အောင်ပွဲက သိပ်ကြိုက်နေပါသည်။ ဒါကြောင့်လည်း သူ့မျက်နှာက ခုတလော ခပ်မှုန်မှုန်မှသည် ခပ်ကြည်ကြည်သာသာ ဖြစ်နေတော့တာပါ။

တကယ်တော့လည်း သူ့မျက်နှာ မှုန်တေတေဟာ လောကကြီးကို မကျေနပ်ချက်တွေ ရှိလို့ရယ်လည်း မဟုတ်ပါ။ သူ့နဂိုမွေးဗီဇကိုက စကားနည်းနည်း တသီးတသန့်ဆန်ဆန်နေတတ်ကာ အပြုံးအရယ်နည်းခဲ့တာ။ မိဘတွေနှင့်လည်း သိပ်ကြီး အရောတဝင်မနေတတ်။ လူသူစိမ်းတစ်ယောက်နဲ့ အလွယ်တကူ ခင်ဖို့မပြောနဲ့ သိကျွမ်းပြီးသားလူတွေထဲကပင် ကိုယ်ကချဉ်းပြီး ခွာမသွားရင် ကံကောင်း။



www.burmeseclassic.com

www.burmeseclassic.com



မသိတဲ့သူတွေက ဒီကောင် ယှဉ်ထိုင်နေတာတောင် စကားတစ်ခွန်းမှ မပြောရအောင် ဘာများ ဖင်ခေါင်းကျယ်နေတာလဲဟု ထင်ချင်စရာ ဖြစ်ဖြစ်နေတာ သူ့ပုံစံပါ။ သူက စကားနည်းရတဲ့အထဲ လောကွတ်ပျူငှာချိုချိုသာသာလည်းမရှိ၊ မျက်နှာထားကလည်း မဖော်ရွေဘူးဆိုတော့ တော်ရုံလူက သူ့သဘောကို သိနိုင်မှာ မဟုတ်ပါ။

အပေါင်းအသင်း နည်းတာမို့ ဘယ်သူ့အပေါ်မဆို စိတ်ထဲက အလွယ်တကူ ခင်လိုက်မိတတ်ပြီး ဘယ်သူကမှ သူ့အပေါ် သူခင်သလို ပြန်ခင်တာမျိုးကို မရခဲ့။

သူ့ပုံစံကြောင့် တစ်မျိုးထင်ပြီး နည်းနည်းပါးပါး ခင်မင်ရာမှ တန်းသွား စိမ်းသွားပြီး ဝေးသွားခဲ့ကြတာပဲ များပါသည်။

တကယ်တော့ သူက အများထင်မြင် ယူဆသလို ဘဝမှာ အလိုမကျတဲ့သူလည်း မဟုတ်။ သူ့ဘဝမှာ အလိုမကျချင်စရာကို ရှာကြံပြောပါဆိုရင်တော့ ဖေဖေက ဝေလကို တည့်အောင်ပေါင်းဖို့ အမြဲညွှန်ကြားတတ်တာပဲဖြစ်သည်။

"သား ... ဝေလက မင်းထက်လည်း ကြီးတာပဲဟာ၊ မင်းက ညီပဲလေ၊ အစ်ကို့ကို ရိုသေရလည်း ဂုဏ်မငယ်ပါဘူးကွ၊ မင်းတို့နှစ်ယောက်က ရွယ်တူညီအစ်ကိုဝမ်းကွဲဖြစ်ပြီး ရိုင်းရိုင်းပင်းပင်းလည်းမရှိ၊ သူငယ်ချင်းလောက်တောင် ခင်ပုံမရကြတာ တွေ့နေရတယ်၊ သူငယ်ချင်းလို





ရော့ ညီအစ်ကိုရော ရင်းနီးလို့ ကောင်းလိုက်တာမှ၊ တကယ်ဆို ပခုံးဖက်ပြီး လှမ်းခနဲနေ နှစ်ယောက်ပူး ပျောက်သွားပြီး ဘယ်လိုက်ဖမ်းရကောင်းမှန်းမသိ ဖြစ်စေလိမ့်မယ်လို့ ဖေဖေက ထင်နေတာ ...

မင်းကလည်း အေးတိအေးစက်၊ ဝေလကလည်း တသီးတသန့်၊ ဝေလကလည်း နည်းနည်းတော့ ဆောင့်ကြွားကြွားနိုင်တာ ဖေဖေ သိပါတယ်၊ ဒါပေမဲ့ ဖေဖေမှာထားချင်တာက ညီအစ်ကိုချင်း ပြဿနာမရှိစေနဲ့ကွာ၊ တည့်အောင်ပေါင်း၊ လိုအပ်ရင် ကိုယ်ကညီအငယ်ပဲကွာ၊ မင်းဘက်က လျှော့ပေးပြီး ပေါင်းလိုက်ပါ"

ဖေဖေက အဲသလိုပြောလျှင် မေမေကတော့ သိပ်ကျေနပ်ချင်လှပုံမရပါ။

"သူတို့ကမှ ဝမ်းကွဲ၊ ကိုစိုးတို့ ညီအစ်ကိုရင်းရော အဲသလောက် အဆင်တပြေ ပေါင်းနိုင်ခဲ့လို့လား၊ ကိုကိုမျိုးသိမ်းနဲ့စာရင် ကိုစိုးက ငယ်ငယ်တည်းက ကိုထူးအောင်နဲ့မှ အရမ်းချစ်ကြသေးတာလေ၊ ညီအစ်ကိုတော်တိုင်း ဘော်ဒါလို ချစ်ချစ်ကြည်ကြည် ပေါင်းလို့ ရတာမှ မဟုတ်ဘဲ"

"ဩော် ... နေခြည်က ဝင်မြှောက်ပေးနေပြန်ပြီ၊ သူတို့နှစ်ယောက်က အစေးမကပ်လို့ အစေးကပ်အောင် ပြောနေရတာပါ နေခြည်ရ၊ ကိုယ်တို့ညီအစ်ကိုက တရင်းတနှီးလုံးပြီးမပေါင်းတာက ကိုကိုကလည်း သူ့ဘော်ဒါတွေနဲ့သူ၊

www.burmeseclassic.com



ကိုယ်ကလည်း ကိုယ့်ဘော်ဒါတွေနဲ့ကိုယ်ကို။ အောင်ပွဲနဲ့ ဝေလကတော့ ချစ်ချစ်ခင်ခင်ပုံကို မရှိတာ"

"ငယ်ကတည်းက အတူမနေရလို့ပါ၊ ခုမှ နီးနီးနားနား နေရတာကိုး ကိုစိုးရဲ့"

"ဘာပဲဖြစ်ဖြစ်ပေါ့ သား၊ မင်းက အငယ်နော်၊ ပြဿနာတွေ ဘာတွေတော့ မတက်စေနဲ့"

ဖေဖေကိုယ်၌ကိုက အန်ကယ်မျိုးသိမ်းကို ကြောက်ရရှိန်ရ လန့်ရတာ အောင်ပွဲလည်း မြင်တွေ့သိနေတာပင်။ အသက်နှစ်နှစ်သာကွာတဲ့ ညီအစ်ကိုရင်း ဖြစ်ပေမယ့် ဖေဖေက အန်ကယ်မျိုးသိမ်းကို တော်ရုံတန်ရုံ ဘာမှစောဒကမတက်ရဲပါ။ ငယ်စဉ်တောင်ကျေးကတည်းက မိဘက ပုံသွင်းပျိုးထောင်ခဲ့တဲ့အထဲ အစ်ကို့ကို ရိုသေလေးစားဖို့ စကားနားထောင်ဖို့ ကောင်းကောင်းသွန်သင်ခဲ့ပုံရပါသည်။

ဖေဖေကိုယ်၌က အန်ကယ်မျိုးသိမ်းကို ကြောက်နေရတော့ မေမေနှင့် အောင်ပွဲတို့မောင်နှမပါ နောက်ကလိုက်ပြီး ကြောက်ရ ရှိန်ရသည်။ ခြံချင်းကပ် အတူလာနေရတာ သုံးနှစ်သာရှိသေးတာမို့လည်း မွေးကတည်းက အတူနေရတဲ့ ချစ်ကြည်ရင်းနှီးမှုမျိုးတွေ ဘယ်ရှိပါ့မလဲ။

ဖေဖေက အောင်ပွဲကို ဒီလိုအမြဲသတိပေးနေ ပြောနေသလိုမျိုး အန်ကယ်မျိုးသိမ်းရော အန်တီဂျူလီပါ ဝေလကို အဲသလို မပြောကြဘူးဆိုတာ သိနေ၍လည်း အောင်ပွဲစိတ်ထဲမှာ





ပိုပြီး ကသိကအောက် ဖြစ်ရပါသည်။ အခံရခက်သလို ရှိရပါသည်။ အန်ကယ်မျိုးသိမ်းရော အန်တီဂျူလီရောဟာ ဝေလ ဘယ်လိုကြီးပဲနေနေ ဘာမှပြောတာ မဟုတ်။ ဒီအတိုင်းသာ သဘောရှုကြည့်နေကြတာပါ။

"ဟော့ကောင် ... အောင်ပွဲ"

အောင်ပွဲက ခေါ်သံကြောင့် ကျောခိုင်းထားတဲ့ တစ်ဖက်ခြံဖက် လှည့်ကြည့်လိုက်ပါသည်။ ဘယ်သူ့မှမတွေ့။ အောင်ပွဲက ပိုင်ဆိုင်ရတာ မကြာသေးတဲ့ သူ့ရဲ့ဂျစ်ကားလေးကို စိမ်ပြေနပြေ ရေဆေး၊ အခြောက်သုတ်၊ အတွင်းပိုင်းတွေ Waxy သုတ်ရင်း အရောင်တင်နေတာပါ။

"ဟော့ကောင် ... ငါ ဒီမှာ"

အောင်ပွဲက ဒီတစ်ခါတော့ အသံလာရာ အပေါ်ထပ်ဘက်ဆီ မော့ကြည့်လိုက်ပါသည်။ ဟိုဘက်တိုက်ရဲ့ ဒီဘက်ခြမ်း အပေါ်ထပ်ခန်းဟာ ဝေလရဲ့အခန်းပင်။

ဝေလက သူ့အခန်းအပြင်ဘက် ဝရန်တာမှာ ထွက်ရပ်နေကာ ဝရန်တာလက်ရန်းပေါ် လက်နှစ်ဖက်ပိုက်တင်၊ ခါးထောက်ကိုင်းပြီး အောင်ပွဲ ကားသုတ်နေတာကို လှမ်းကြည့်နေပါသည်။

"အေး ... ဘာလဲ"

သူက ခပ်စီးစီးအမြင့်ကို အမြဲယူထားတဲ့ ဝေလကို အောင်ပွဲက အစ်ကိုဝမ်းကွဲရယ်လို့ ငယ်စဉ်ကတ မသိကြကတည်း



www.burmeseclassic.com

www.burmeseclassic.com



က တရိုတသေကို မလုပ်ခဲ့။ ကိုယ့်ထက် ရှစ်လပိုကြီးတာသိပေမယ့်လည်း မင်းနဲ့ ငါနဲ့ပဲ အမြဲပြောခဲ့တာပါ။

"သ,လုချည်လားကွ"

"အဟင်း ... ရကာ၁စ, ပိုင်ကာစမို့ ထင်ပါရဲ့ကွာ၊ နောက်တော့လည်း မင်းလိုပဲ ရိုးရင် ရိုးသွားမှာပေါ့"

"အပင်ပန်းခံလို့ကွာ၊ အပြိုင်းခံပြီး စွတ်လုပ်နေတယ်၊ ဟံသာဝတီမှာ ကားလေးထိုးရပ်ပေးလိုက်ရင် မင်းကားကို အပြတ်ရှိုင်းပြီး အရောင်တင်ပေးမယ့်သူတွေ ပြေးလာလိမ့်မယ်"

"အာ ... အဲဒီတော့ ပိုက်ဆံပေးရမှာပေါ့ကွ"

"ဟား ... မင်းကတော့ လာပြီ၊ ငွေစကားပဲ"

"ငွေစကားပေမယ့် ငါက ငွေဂုဏ်မောက်တဲ့စကား ပြောတာ မဟုတ်ဘူးနော်၊ ငွေကို တန်ဖိုးထားတဲ့စကား ပြောတာပါ"

"ငွေပဲကွာ၊ တန်ဖိုးထားသင့်သလောက်ပဲ ထားပေါ့"

"တန်ဖိုးထားရမှာပေါ့ကွ၊ ငါတို့ ဒီငွေကို ရအောင်မှ သေချာမရှာတတ်သေးဘဲ၊ မိဘရှာပေးနေတာကို ယူသုံးနေရတာလေ"

"ဟား ဟား ဟား ... မင်းကတော့ မင်းမိဘရှာတဲ့ငွေကို ကိုယ့်ငွေမဟုတ်ဘူးလို့ သဘောထားရင်လည်း ထားပေါ့ကွာ ငါကတော့ ငါ့အဖေငွေဟာ ငါ့ငွေပဲ၊ ငါ့အမေငွေဟာ ငါ့





ငွေပဲ ဟောကောင်၊ မင်းပဲ သူများငွေလို့သတ်မှတ်၊ ငါမသတ်မှတ်ဘူး"

အောင်ပွဲက အပြုံးမပျက်ပင် ...

"အေး ... ဓါကတော့ ငါကိုယ်တိုင် ရှာနိုင်မှ ငါ့ငွေလို့ သဘောထားမှာကွ"

"ဟွန်း ... မင်းကတော့ လေကမလျှော့ဘူး၊ လူကြည့်တော့လည်း ဘာမှတော့ မဟုတ်ဘူး၊ ပြောလိုက်ရင် စကားက လေကြီးမိုးကြီးနဲ့ အများဖျားလောက်တယ်၊ နက်ဖြန်သန်ဘက်ခါပဲ ငွေအပုံလိုက် ရှာနိုင်တော့မလိုလို" ,

"ဟား ဟား ... မဟုတ်ပါဘူးကွ၊ ဒါပေမဲ့ ငါက ငွေတော့ ရှာမယ်ကွ၊ အပုံလိုက်မဟုတ်လည်း နည်းနည်းပေါ့၊ ကားစရိတ်ကျေချုံ့ရလည်း မဆိုးဘူးပေါ့ကွ၊ ဖေဖေတို့က ကားလည်းဝယ်ပေးလိုက်ရသေး၊ ကားဝယ်ပေးရတဲ့နောက်မှာ ဆီဖိုးတို့ ကားပြင်စရိတ်တို့က ထပ်ပါလာဦးမယ်ဆိုရင် မဟုတ်သေးဘူးကွ ...

ကိုယ်သုံးမယ့် ဆီဖိုးတော့ ကိုယ်စုမိအောင် ရှာမှ ဖြစ်လိမ့်မယ်"

"အောင်မာ ... ဘယ်လိုရှာမှာလဲ"

"စဉ်းစားတုန်းပဲကွ၊ မသိသေးဘူး"

"ရှာလို့ရမှ ပြောကွာ၊ မရခင် မပြောနဲ့၊ နားညည်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



အောင်ပွဲက ဝေလကို လှမ်းမော့ကြည့်ကာ ရယ်မော လိုက်ရင်း ...

"ဟား ဟား ဟား ... အေးပါ၊ ရမှပြောပါတော့မယ်၊ မင်း ရော ! "

"ဘာလဲ"

"Business man လုပ်တော့မယ်ဆိုတာ မလုပ်သေးဘူး လား"

"ဘယ်တော့လုပ်လုပ် ရတယ်၊ အေးဆေးပဲ၊ အခုဝင်လုပ် အခု ဒါရိုက်တာပဲ"

"အေးပါကွာ၊ မင်းကျတော့ ရေကန်အသင့် ကြာအသင့် ဆိုတော့ ပြောနိုင်တာပေါ့"

အောင်ပွဲက အပြုံးနှင့်ပင် ခေါင်းတညိတ်ညိတ် တုံ့ ပြန်လိုက်အပြီး ကားရဲ့ဒက်ရှ်ဘုတ်ပေါ်ကို လှည့်သာပေါ်လစ်ရှ်ဆီ စွတ်ထားတဲ့ ရေမြုပ်တုံးနှင့် ဖိကာ ဖိကာ အားကြိုးမာန်တက် သုတ်နေလိုက်ပါသည်။ အစိမ်းပုပ်ရောင် စွပ်ကျယ်ရှိုးပြတ်နှင့် ချည်သောင်းဘီတိုအကွက် ဝတ်ဆင်ထားတဲ့ အောင်ပွဲရဲ့ဖရီးစတိုင်လ် ကို ဝေလက အနည်းငယ် နှာခေါင်းရှုံ့ရှုံ့နှင့်ကြည့်ရင်း ...

"ဟေ့ကောင် ... အောင်ပွဲ"

အောင်ပွဲက မော့မကြည့်တော့ဘဲ ...

"အင်း"





"မင်းကို ငါပြောစရာရှိသေးတယ်"

"ပြောလေကွာ"

"မင်းမှာ ကောင်မလေး ရှိလား"

အောင်ပွဲက မျက်မှောင်ကုတ်ကုတ်နှင့် မော့ကြည့် သာရင်း ...

"ဘာတုံးကွ"

"ကောင်မလေး ရှိပြီလားလို့ မေးနေတာ"

"သြော် ... မရှိပါဘူး၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့ မရှိတာလဲ"

"ငါမှ စိတ်မဝင်စားတာ၊ စိတ်ဝင်စားတဲ့သူမှ မရှိသေးတာ"

"သြော် ... ဆိုလိုတာက ခုထိ မင်းပတ်ဝန်းကျင်မှာ တွေ့ ဖူး မြင်ဖူး ဆုံဖူးတဲ့ မိန်းကလေးတွေထဲမှာ မင်းစိတ်ဝင် စားတာ မင်းသဘောကျတာ တစ်ယောက်မှ မရှိသေးဘူး ဆိုတဲ့ သဘောပေါ့၊ ဟုတ်လား"

အောင်ပွဲက နဖူးမှချွေးတို့ကို လက်ဖျံတစ်ဖက်နှင့် သုတ်လိုက်ရင်း ...

"အင်း ... ဆိုပါတော့၊ မင်းက ဘာတွေသိချင်နေတာလဲ"

"ဒီလောက်သိရရင် တော်ပါပြီ၊ မင်းပတ်ဝန်းကျင်က ဘယ် ကောင်မလေးကိုမှ စိတ်မဝင်စားဘူးဆိုရင် ပြီးတာပဲ၊ အဲဒီ ထဲမှာ အမရလည်း ပါတာပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အောင်ပွဲက ခါးတစ်ဖက်ထောက်ကာရပ်ရင်း ဝေလကို ပြုံးမှုန်မှုန်လေး လှမ်းကြည့်နေပါသည်။ သြော် ... ဝေလ ... ဝေလ။ သူ့ကို သတိပေး တားမြစ်ချင်နေတာပါလား။ ဒါပေမဲ့ တစ်စုံတစ်ယောက်ကို တစ်စုံတစ်ယောက်က အဲသလိုမျိုး တားလို့ရလို့လား။

"အင်းပါ၊ ခုချိန်ထိပေါ့၊ ငါပြောတာ အခု မင်းနဲ့ ငါနဲ့ စကားရပ်ပြောနေတဲ့ ပစ္စုပ္ပန်အခြေအနေ အထိနော်၊ မနက်ဖြန်နဲ့ သန်ဘက်ခါကိုတော့ ငါ ကြိုမသိဘူးကွ"

"ဟော့ကောင် ... ဘာပဲဖြစ်ဖြစ် မင်းကို ကြိုကြိုတင်တင်ပဲ ပြောထားလိုက်မယ်၊ အမရကိုတော့ မင်း တစ်သက်လုံး ခေါင်းထဲက ထုတ်ထားလိုက်ကွာ ငအောင်ပွဲ"

"အမရက မင်းချစ်သူ ဖြစ်နေပြီလား ဝေလ"

"ဖြစ်ဖြစ် ... မဖြစ်ဖြစ်ကွာ"

အောင်ပွဲက ပခုံးတစ်ချက်တွန့်ကာ ကားဘက်ပြန်လှည့်ငုံ့ပြီး ဟိုသုတ် ဒီသုတ် သုတ်နေပါသည်။

"ဟော့ကောင်"

"ပြောလေကွာ"

"ငါပြောတာ ကြားလား"

"မင်းပြောတာ အားလုံးကြားသားပဲ"

"ကြားရင် ပြောလေကွာ"

"ဘာပြောရမှာလဲကွ၊ မင်းကလည်း ပြဿနာပဲ"





"အမရကို လက်ရှောင်ထားလို့ ပြောနေတာ"

"ဝေလ ... ငါက သူများချစ်သူကိုတော့ ဝင်သုတ်ဖို့ စိတ်ကူးလုံးဝမရှိဘူး၊ ပိုင်ဆိုင်သူ မရှိဘူး ဆိုရင်တော့ ဘယ်မိန်းကလေးကိုမဆို ငါ ပတ်သက်ခွင့်ရှိတယ်လို့ ခံယူထားတာ ဝေလရ၊ ကာယကံရှင်မိန်းကလေး လက်ခံရင်ပြီးတာပဲ မဟုတ်လား၊ အဲ ... ကာယကံရှင်က ငြင်းရင်တော့ နောက်ဆုတ်ရမှာပေါ့ကွာ၊ အဓိက,ကတော့ မင်း သူ့ကို သူများလက်မပါစေချင်ရင် မင်းချစ်သူဖြစ်အောင် လုပ်ထားပေါ့၊ အဲဒါ အရေးအကြီးဆုံးပဲလေ၊ ငါလည်း အလိုလိုရှောင်ပြီးသား ဖြစ်သွားတာပေါ့"

"ဟော့ကောင် ... မင်း မဆိုင်တာတွေ လာထည့်မပြောနဲ့၊ ငါက ခုလောလောဆယ် အမရကိုပဲ လွတ်လွတ်လပ်လပ် ရှိစေချင်သေးတဲ့ သဘောနဲ့ သေချာဖွင့်မပြောသေးတာ၊ ဒါပေမဲ့ အမရက ငါ့ရည်းစားလို့တော့ သတ်မှတ်ထားပြီးသား၊ ပြီးတော့ ဟော့ကောင်၊ ဒီမှာ မင်းပုံစံကို ငါသိနေတယ်နော်"

အောင်ပွဲက ဝေလကို "ဘာသိတာလဲ"ဆိုတဲ့ မေးခွန်းမျက်ဝန်းနှင့် လှမ်းကြည့်လိုက်ပါသည်။

"မင်း မရိုးသားဘူး၊ အမရကို မင်း မရိုးသားဘူးဆိုတာ ငါ သိနေတယ်ကွ အောင်ပွဲရ၊ အဲဒါကြောင့် ကြိုတားနေတာ၊ အမရက အချိန်မရွေး ငါချစ်ရေးဆိုမယ့်သူ၊ အခုခဏ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လွတ်လပ်နေပါစေဦးလို့ ထားထားသေးတာ၊ မင်း စိတ်ထဲမှာ အမရက ပိုင်ရှင်ရှိပြီးသားလို့သာ မှတ်ထားလိုက်စမ်းပါကွာ၊ ဟုတ်လား"

အောင်ပွဲက ဝေလကို ရယ်ချင်ပါသည်။ တစ်ဦးတည်း သောသားဗိုဗို သူလိုချင်တဲ့အရာကို အခု သူ့မှာမယူအားသေးတာ တောင် ဦးထားချင်တဲ့ကောင်။

"ဝေလ ... အမရကို လွတ်လွတ်လပ်လပ် နေရအောင် မင်းက မပြောသေးတာလား၊ မင်း လွတ်လွတ်လပ်လပ်နေရအောင် မင်းမပြောသေးတာလား"

"မင်း ဘာပြောနေတာလဲ"

"မင်း မအားသေးလို့ မဟုတ်လား၊ တစ်နေ့က မြို့ထဲမှာ မင်းကားပေါ်မှာ မင်းကို ကောင်မလေးတစ်ယောက်နဲ့ ငါ တွေ့လိုက်တယ်၊ ဆံပင်ရွှေရောင်လေးနဲ့၊ ငါတောင် ဒီကောင်မလေးကို သိပါတယ်၊ အမ်စီက ချာတိတ်မလေး မဟုတ်လား၊ မင်း အဲသလို လွတ်လွတ်လပ်လပ် နေချင်သေးလို့ အမရဘက် အာရုံမလွှတ်အားသေးတာ မဟုတ်ဘူးလား"

"ဟော့ကောင်"

"ပြော"

"မင်း ညီအစ်ကိုအချင်းချင်း ယုတ်တော့ မယုတ်မာနဲ့နော်"

"ဘာယုတ်မာရမှာလဲ"





"ဒီအကြောင်း အမရကို မင်း သွားပြောလို့ကတော့ အသိပဲဟော့ကောင်"

"မင်းနဲ့ အမရက ဘာမှမှမဟုတ်တာ၊ မင်းမှာ ရည်းစားရှိပါတယ်၊ အမ်စီက ကောင်မလေးတစ်ယောက်နဲ့ တွဲနေပါတယ်ဆိုတာကို ငါက အလုပ်ပိုလုပ်ပြီး အမရကို ဘာကိစ္စ သွားသံတော်ဦးတင်နေရမှာလဲ ဝေလရာ၊ ဘာမှမပြောဘူး စိတ်ချ၊ ဒါပေမဲ့ မင်းနဲ့ အမရက ခုချိန်မှာ ချစ်သူတွေ ရည်းစားတွေ တော်စပ်နေတယ် ဆိုရင်တော့ မင်းအပြင်မှာ တခြားကောင်မလေးနဲ့ တွဲနေတဲ့ကိစ္စဟာ အမရကို သစ္စာဖောက်နေတဲ့ကိစ္စအဖြစ် ပြောင်းသွားပြီ ...

အေး ... အဲဒါမျိုးဆိုရင်တော့ အဲဒီကိစ္စကို ငါက အမရကို အသိပေးမှာ၊ အမရသိအောင် သွားပြောမှာကွ၊ အခုတော့ မပြောဘူး"

"တောက် ... မင်း တော်တော်အကျင့်ယုတ်တယ်"

"ဟာ ... ငါ ဘာယုတ်လို့လဲ"

"မင်းစိတ်ထဲမှာကို ငါနဲ့ အမရကြားမှာ ကုန်းတိုက်ချင်စိတ် ဖြစ်နေတာ"

"မဖြစ်ပါဘူး၊ ငါပြောတာ ရှင်းရှင်းလေး၊ မင်းသေချာစဉ်းစားလိုက်၊ မင်းဟာမင်း ကြိုက်တဲ့လူနဲ့တွဲ၊ ကြိုက်တဲ့လူနဲ့ ရည်းစားဖြစ်၊ အမရကို သစ္စာမဖောက်ရင် ဘာမှပြောစရာမလိုဘူး၊ အမရကို သစ္စာဖောက်ရင်တော့ ငါအသိပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ အမရ ဘာဆိုင်လို့လဲကွ ... တောက်"

"အမရဟာ သူများသစ္စာဖောက်ခံရဖို့ နာကျင်ရဖို့ မထိုက်တန်တဲ့ မိန်းကလေးတစ်ယောက်လို့ ငါက သတ်မှတ်လို့ပါ ဝေလရာ"

"မင်းနဲ့ ဘာဆိုင်တာမို့လို့လဲ"

"အမရက ငါတန်ဖိုးထားတဲ့ မိန်းကလေးတစ်ယောက်လည်း ဖြစ်နေလို့ပေါ့"

"တွေ့လား ... မင်း ... မင်း မရိုးသားဘူးဆိုတာ၊ မင်းလည်း အမရကို စိတ်ထဲက ကျိတ်ကြိုက်နေတာပဲ မဟုတ်လား၊ ခိုးကြိုက်နေတာ မဟုတ်လား ... တောက်"

ဝေလက အပေါ်ထပ်ဝရန်တာမှ မခံချိမခံသာ ရှူးရှားရှား ဖြစ်နေပါသည်။ အောင်ပွဲက ဝေလ ဖြစ်နေတာကို တကယ်ရယ်ချင်မိ၍ မအောင့်နိုင်ဘဲ ရယ်လိုက်မိပါသည်။

"ဟား ဟား ဟား ... မင်းက အရမ်းရယ်ရတာပဲကွ ဝေလ၊ ငါက အမရကိုကြိုက်ရင် အဲဒါက ခိုးကြိုက်တာ မင်းကကျတော့ ခိုးကြိုက်တာမဟုတ်ဘူး ! အဲလိုလား"

"ဟော့ကောင် ... ငါက မင်းကို ဖြောင့်ဖြောင့်ပြောထားတာကွ"

"ရည်းစားတန်းလန်းကြီးနဲ့ ဖြောင့်ဖြောင့်ပြောထားလို့ ရလား အမရကို လှည့်ကြိုက်ဖို့တောင် မင်းမှာ မအားသေးဘဲ လောဘတကြီး လှမ်းဦးထားတာလား"



"ဟော့ကောင် ... မင်း ဘာဖြစ်ချင်တာလဲ အောင်ပွဲ"

"ငါ ဘာမှမဖြစ်ချင်ပါဘူး၊ အမရကိုသာ သူ့ကို တကယ်သိပ်ချစ်တဲ့ ချစ်သူကောင်းကောင်းနဲ့ ဆုံတွေ့စေချင်တာပါ၊ အမရက ဖြူစင်ရိုးသားတဲ့ မိန်းကလေးတစ်ယောက်ပါ ဝေလရာ၊ သူ့အပေါ် ရိုးရိုးသားသားချစ်မယ့်သူမျိုး ရထိုက်ပါတယ်ကွာ"

"မင်းဆိုလိုတာက ငါက သူ့ကို ရိုးရိုးသားသားမချစ်ဘူး၊ ချစ်သူကောင်း မဖြစ်နိုင်ဘူးလို့ ဆိုလိုနေတာလား"

"ငါ ဘာမှမဆိုလိုပါဘူး၊ မင်းကို မဝေဖန်ဘူး၊ မင်းကလည်း ဝေဖန်တာ ခံမှာမဟုတ်ဘူးဆိုတာ သိတယ်၊ ဖြစ်သင့်တာ ထိုက်တန်တာကို ပြောနေတာပါ"

"ဘာလဲ ... အမရနဲ့ လိုက်ဖက်ထိုက်တန်မယ့် ချစ်သူကောင်းက မင်းလား"

ပြောအပြီး တဟက်ဟက်နှင့် သရော်သလို ရယ်မောနေတဲ့ ဝေလကို အောင်ပွဲက လှမ်းကြည့်နေမိသည်။ ဘာကြောင့် ညီအစ်ကို တော်စပ်ပါလျက်နှင့် အောင်ပွဲအပေါ် အဖြောင့် သဘောမထားနိုင်တာပါလိမ့်။ သူစိမ်းသူငယ်ချင်းမျှလောက်တောင် ကောင်းမမြင်ဘဲ ရှိခဲ့သည်မှာ ငယ်ငယ်ကတည်းကပင်။

ဒီကိုစ,ပြောင်းလာကတည်းကပင် ဝေလက အောင်ပွဲ သူ့အောက်လျှိုဝင်ပြီး မော့ပင့်ဆက်ဆံစေလိုတဲ့ သဘောရှိသည်။ အောင်ပွဲက သူ့ဟာနှင့်သူ ခပ်တည်တည် ခပ်မှန်မှန်

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့အခါ အဲဒီကတည်းက မကျေနိုင် မချမ်းနိုင် ဖြစ်နေခဲ့တာပါ။ ရိုသဲ့သဲ့ ထွေငေါ်ငေါ်လိုလို ဆက်ဆံတတ်မှုကြောင့် သူ အံ့အားသင့်ပြီး မေမေ့ကိုတောင်မှ "ဝေလက ဘယ်လိုတွေဖြစ်နေပါလိမ့်"ဆိုတာ ပြောမိသေးသည်။

"ဘာမှမဖြစ်ဘူး၊ သားကို မနာလိုနေတာ"

မေမေက တစ်ခွန်းတည်း ပြတ်ပြတ်ဖြေသည်။

"အာ ... မေမေကလည်း၊ မနာလိုရအောင် ကျွန်တော်က ဘာမို့လို့လဲ၊ သူတို့မိသားစုကသာ ကျွန်တော်တို့မိသားစုထက် အများကြီး ပိုပြည့်စုံတာ ပိုသာတာ မဟုတ်လား"

"ပိုပြည့်စုံချမ်းသာတာတော့ မှန်တယ်လေ၊ ဒါကို ပိုသာတယ်လို့တော့ ပြောမရဘူးပေါ့ သားရဲ့၊ သားကို မနာလိုချင်ရင် အများကြီးပေါ့ သားရယ်၊ ငါ့သားက သူနဲ့ယှဉ်ရင် အရမ်းချောပြီး ပိုကြည့်ကောင်းတယ်၊ နောက်ပြီး ယောက်ျား ပီပီသသ ကျစ်ကျစ်လျစ်လျစ် ထွားထွားကျိုင်းကျိုင်းနဲ့လေ၊ သူက အရပ်က ငါးပေခြောက်လက်မလောက်ပဲ ရှိတာဆိုတော့ သားကို မော့ကြည့်နေရတာကိုး၊ အမရထက်မှ တစ်လက်မလောက်ပဲ မြင့်နိုင်မှာ၊ သူက လမ်းလျှောက်ရင် မြောက်ကြွ မြောက်ကြွ လျှောက်လို့ အမရထက် ဒီထက်ပိုမြင့်မလား ထင်ရတာ၊ တကယ်တော့ မတိမ်းမယိမ်းပဲ ...

ပြီးတော့ ဆယ်တန်းအောင်တော့ သူက ရိုးရိုးအောင်တာ၊ ငါ့သားက ဂုဏ်ထူးသုံးလုံး၊ ဒီထက်လိုင်းမြင့်တာတွေ





မီသေးပေမယ့် အင်္ဂလိပ်စာကို ဝါသနာပါလို့ ငါ့သားက တက်ခဲ့တာလေ၊ သားကို သူ တစေ့တစောင်း ကြည့်လိုက်တိုင်း သူ့ထက်သာတယ် မြင့်တယ် ထင်နေလို့ကို နေရင်းထိုင်ရင်း ကြည့်မရတွေ ဖြစ်နေတာပေါ့ သားရယ်၊ ဒါပဲရှိတာပဲ"

မေမေ့ခမျာ ကိုယ့်သားကိုယ် ကြံဖန်အမွှန်းတင်အကောင်းမြင်ရှာကာ အဲသလိုပြောတော့ အောင်ပွဲမှာ ဟုတ်ကောင်းနိုးနိုး မဟုတ်ကောင်းနိုးနိုးနှင့် ရယ်မောခဲ့ရပါသေးသည်။

"ဟော့ကောင် ... ပြောလေကွာ၊ အမရရဲ့ချစ်သူကောင်းက မင်းလား ... ဟုတ်လား၊ မင်းကမှ ထိုက်တန်တယ် ပြောချင်တာလား"

ဝေလကို အောင်ပွဲက သိပ်စိတ်မရှည်ချင်တော့ပါ။ ဒီကောင့်တော့ မဟုတ်တော့ဘူး။ သိပ်ရန်လိုနေတာပဲ။ သူကဘာမို့လို့ ရည်းစားတစ်ယောက် တွဲထားပြီး အမရကိုတော့ ရီဇာ့ဗ်အနေနဲ့ ရထားချင်ရမှာလဲ။

"ဝေလ ... တကယ်လို့များ ငါက အမရရဲ့ချစ်သူဖြစ်လာခဲ့တယ် ဆိုရင်တော့ အမရအပေါ် သစ္စာလည်းရှိတဲ့ ထိုက်လည်းထိုက်တန်တဲ့ ချစ်သူကောင်းဖြစ်မှာ သေချာပါတယ်"

"ဘာကွ ... မင်းကများ"

"ချစ်သူဖြစ်ရင်တော့ ငါက ချစ်သူကောင်းပဲ"

"တောက် ... မင်း ဒီစကားမျိုး ပြောစရာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မပြောရမှာလဲ"

"အမရက ငါ့အတွက်ပါ၊ မင်း ဝေးဝေးရှောင်နေပါလို့ ခုပဲပြောနေတာလေ"

"မင်းရည်းစား မဟုတ်သရွေ့ ငါကလည်း ရှောင်စရာမလို ဘူးလို့ ပြောနေတာ"

"တောက် ... မင်း ပြောတာဆိုတာ သိပ်အဆင်မပြေဘူး နော် အောင်ပွဲ၊ မင်း ဆင်ခြင်နော်၊ ငါပြောတာ နားလည် လား"

"မင်းကသာ ဒေါသတကြီး ပြောနေတာပါ၊ ငါကအေးအေး ဆေးဆေး ပြောနေတာပါ"

အစကတည်းက ခပ်သဲ့သဲ့တော့ ကြားနေကြတဲ့ မိခင်နှစ်ယောက်ဟာ အသီးသီး ကိုယ့်အိမ်ထဲက ကိုယ်ထွက်လာ ကြပါသည်။

ဒေါ်ဂျူလီက ဝရန်တာထွက်တဲ့ တံခါးဝမှာ ရပ်လိုက် ရင်း ...

"ဝေလ ... အထဲဝင်စမ်းသား၊ မင်းတို့ အသံကျယ်ကျယ် တွေနဲ့ မရှက်ဘူးလား"

ကိုယ့်သားကိုယ် မာန်မဲလိုက်သလို၊ ဒေါ်နေခြည်က လည်း ပေါ်တီကိုအောက် ထွက်လာကာ ...

"အောင်ပွဲ ... တော်တော့၊ အိမ်ထဲဝင်တော့၊ မင်းတို့စကား တွေက အပျက်အပျက်နဲ့ ဘာမှလဲ ဟုတ်တာမဟုတ်ဘဲ





နောက်ဟယ် ပြောင်ဟယ်ကနေ ပြဿနာဖြစ်နေဦးမယ်၊ လာတော့"

အောင်ပွဲက ချာခနဲ လှည့်ဝင်လာခဲ့ရင်း ...

"ကျွန်တော် လေအေးနဲ့ပဲ ပြောနေတာ မေမေ၊ ဟိုကောင်ပဲ ဆရာကြီးလိုလိုနဲ့ အထက်စီးကနေ ကျွန်တော့်ကို အမိန့် လာပေးနေတာ"

"မေမေ အားလုံးကြားနေတယ် သား၊ မင်းလွန်တဲ့စကား ဘာမှမရှိဘူး၊ ဒါပေမဲ့ မင်းအဖေက သူ့အစ်ကိုမိသားစုနဲ့ ပြဿနာဖြစ်ချင်တာ မဟုတ်ဘူး၊ သားလည်းသိသားပဲ၊ ကိုယ်က မဝင်မထွက် မဆက်မဆံလို့လည်း မရဘူးလေ၊ ဒီထက်ဆိုးဆိုး ပြဿနာတက်လာရင် မင်းအဖေက မင်းကို သွား ... အစ်ကို့ကို ပြန်တောင်းပန်လိုက် ဆိုတာမျိုး မလုပ်ဘူးလို့ မပြောနိုင်ဘူး၊ သူကိုယ်တိုင်လည်း သူ့အစ်ကို ကို မျက်နှာပျက်ခံရဲတာမှ မဟုတ်တာ သားရယ်၊ ကိုယ် လည်းမမှားဘဲနဲ့ အငယ်ဖြစ်တာကြောင့်ဆိုပြီး တောင်းပန် နေရပါဦးမယ်၊ မေလနဲ့ သွားပြဿနာမတက်စမ်းပါနဲ့ ..."

မင်းတို့ဟာက ဘာမှကို ဟုတ်တာမဟုတ်ဘူး၊ အမရက ကိုယ့်ရည်းစား ဖြစ်နေလို့ ပြဿနာတက်ကြရ တယ်ဆိုရင် တော်သေးရဲ့၊ ဘယ်သူ့ရည်းစားမှလဲ မဟုတ် ဘဲနဲ့ နှစ်ယောက်စလုံးက အလျှော့မပေး ငြင်းခုန်နေလိုက် ကြတာ၊ အများကြားရင် ရယ်ချင်စရာကွယ်"



www.burmeseclassic.com

www.burmeseclassic.com



အောင်ပွဲက အနည်းငယ် ရှက်ရှက်နှင့် ဆံပင်တွေ ရှုပ်ဖွပြီး ရေခဲသေတ္တာထဲက ရေပုလင်း ထုတ်ယူငုံ့သောက်နေပါသည်။

"သား ... အမရကို ကြိုက်နေလား"

"အာ ... မေမေကလည်း"

"မေမေကလည်း မလုပ်နဲ့၊ မင်းသာကြိုက်နေရင် သဉ္ဇာ့ဆီ ကိုယ်လက်ဦးအောင် နားဖောက်ထားရမှာပေါ့၊ သဉ္ဇာက မဂျူလီကို ခမည်းခမက်တော်မလား၊ မေမေ့ကို ခမည်းခမက် တော်မလား၊ မင်း စဉ်းစားကြည့်ပေါ့ သားရဲ့၊ ပြော ... ငါ့သားက အမရကို ချစ်သလား ... ဟင်"

"ဟာ ... မသိပါဘူး မေမေရာ၊ အမရကလည်း ကျွန်တော် နဲ့စာရင် ဝေလနဲ့ပိုပြီး ရင်းနှီးတာပါ"

"ရင်းနှီးတာနဲ့ ဘာမှမဆိုင်ပါဘူး သားရဲ့၊ မင်းပြောသလို သာဆို ရင်းနှီးနေတဲ့ မိန်းမယောက်ျားမှန်သမျှ ချစ်ကြိုက် ကုန်ကြရမလို ဖြစ်နေတာပေါ့၊ သူတို့ချင်းက အရင်တွေ့ဆုံ ပြီး အရင်သူငယ်ချင်းဖြစ်လို့ ရင်းနှီးတာပဲ၊ ဘာဖြစ်လဲ သားက နောက်မှခင်ရတာကိုး"

အောင်ပွဲသည် ရှက်ပဲရှက်သလိုလို မျက်နှာမထား တတ်ဘဲ ရှင်တွေ ကစုန်ကယင် ဖြစ်လာသလိုလိုနှင့် မေမေ့ရှေ့ မှထွက်ခွာခဲ့တဲ့ အချိန်မှာ တစ်ဖက်ခြံက သားအမိကြား၌လည်း စကားစစ်ထိုးပွဲ ဖြစ်နေရပါသည်။





"နေပါဦး ဝေလရယ်၊ အဲဒီ အမရက ဘာမို့လို့ အောင်ပွဲ နဲ့တောင် လုယက်ယူနေရမှာလဲ သားရဲ့၊ သားမှာ သမား တော်ကြီး ဦးမျိုးသိမ်းရဲ့သားဆိုပြီး မိန်းကလေးတွေက ဝိုင်းဝိုင်းလည်နေပြီးသား၊ ကြိုက်တာယူပါလေ့ ခေါင်းခေါက် ပြီးတော့"

"အာ ... မေမေကလည်း၊ အမရက ဒီလောက်လှတာ"

"လှတော့ ဘာလုပ်ရမှာလဲ၊ ရှင်းရှင်းပြောရရင် ဦးထူးအောင် တို့ မသဉ္ဇာတို့က ဘာမှရှိကြလှတာလဲ မဟုတ်ဘူး၊ သဉ္ဇာ နဲ့ အမရနဲ့ သားအမိ ဒီနှစ်ယောက် စိန်နားကပ်လေးနှစ်ရန် ကိုတောင် စိန်ပွင့်သေးသေးတွေနဲ့ခြယ်ပြီး ဖြစ်ဖြစ်မြည်အောင် မရမက လုပ်ဝယ်ထားရတာ။ တစ်ခါလာလည်း ဒီနားကပ် ဒီလက်စွပ်နဲ့ အလဲအလှယ်တောင် များများစားစားရှိတာ မဟုတ်ဘူး"

"ဟား ... မေမေကလည်း၊ စိန်တွေ ရွှေတွေ ငွေတွေပါ လာပြီ"

"ပါတာပေါ့ ပါရမှာပေါ့၊ ဒီထက်သာတာတွေ ဝိုင်းနေတဲ့ ငါ့သားက အခုမှ ရန်ကုန်တက်လာပြီး တောင်ကြည့်မြောက် ကြည့်နဲ့ လူရေးမပါ လူရာမဝင်တဲ့ အောင်ပွဲနဲ့မှသွားယှဉ် ပြီးလုနေရတယ်လို့"

"မဟုတ်ပါဘူး၊ သားက ဒီကောင့်ကို မခံချင်ဖြစ်လို့ပါ၊ သူက နောက်မှပေါ်လာပြီး သားလက်ခုပ်ထဲကို လာလုချက် စောင်းထိုးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှပြောမနေနဲ့၊ အပတ်အသက် အံတော်အစပ်ရှိလို့သာ ဆက်ဆံရမှာမို့ ဆက်ဆံနေတာ၊ အောင်ပွဲနဲ့ပြိုင်လုရမယ့် မိန်းမမျိုးကော့ မယူနဲ့၊ လုပ်မနေနဲ့"

ဝေလက သက်ပြင်းတစ်ချက် ချလိုက်မိပါသည်။

○❤○





## ၄

"ဟဲ့ ... မြန်မြန်သောက်၊ ကုန်ရင် ပြန်မယ်လေဟာ"

မစ်လ်ခ်ရှိတ်တစ်ခွက်ကို မကုန်အောင် စိမ်ဆွဲသောက်ရင်း သူ့ကို စိမ်ပြေနပြေ ကြည့်နေတဲ့ ဝေလရဲ့မျက်ဝန်းတို့ရှေ့မှောက်တွင် အမရက စိတ်ကျဉ်းကျပ်လာကာ ကိုယ့်ဖန်ခွက်ကိုလည်း လက်စသတ် သူ့ကိုလည်း လော်ဆော်လိုက်ပါသည်။

"ဖြည်းဖြည်းပေါ့ဟာ"

"ဟဲ့ ... သင်တန်းကဆင်းပြီးတာ လေးဆယ့်ငါးမိနစ်လောက်တောင် ရှိနေပြီ၊ ကားမောင်းချိန်နဲ့ အိမ်ရောက်ဖို့ မိနစ်နှစ်ဆယ်လောက် လိုသေးတာ၊ ဒါတောင် ချက်ချင်းထ,ပြန်မှ၊ မေမေ စိတ်ပူနေလိမ့်မယ်ဟ"

"အန်တီ့ဆီ ဖုန်းဆက်ထားလိုက်၊ တစ်နေရာဝင်နေတယ်လို့"

"တော်ပါပြီ၊ ခုပဲပြန်မှာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းက ပြန်လာကတည်းက ဗိုက်ဆာတယ် အအေးဝင်သောက်မယ်ဆိုပြီး ကားပတ်မောင်းရင်း ဆိုင်ရှာမွှေရှာချယ်နေလိုက်တာက မပြီးတော့တာ။ ဆိုင်ထဲထိုင်ပြီး မှာပြီးတော့လည်း မစ်လ်ခ်ရှိတ်လေးတစ်ခွက်ကို မပြီးနိုင် မဆုံးနိုင်အောင် သောက်နေလိုက်တာ အကြာကြီး။

ဟိုးအရင်က အပြန်ကျ သုံးယောက်ဖြစ်ပေမယ့် ခုတော့ နှစ်ယောက်တည်း။ အောင်ပွဲ ကားရပြီးကတည်းက သုံးယောက်အတူတူ မဖြစ်တော့တာပါ။ တကယ်တော့ ခြံချင်းကပ်ရက် ညီအစ်ကိုနှစ်ယောက် တစ်နေရာတည်းကိုသွားပြီး တစ်နေရာတည်းကို ပြန်ရမည့်ကိစ္စမှာ ကားနှစ်စီး ဆီနှစ်ခါကုန်ရသလို ဖြစ်နေတော့တာပေါ့။

ဝေလကတော့ သူ့မှာ ကားမပါဘဲ ဘယ်ခရီးမှ အပြင်ထွက်တဲ့သူ မဟုတ်၍ သူ့ကားနှင့်သူပဲ သွားမှာ ပြန်မှာပင်။ အောင်ပွဲကျတော့လည်း ကိုယ့်ကားနဲ့ကိုယ် ရှိလာပြီဖြစ်ပါလျက် ဝေလရဲ့ကားကိုပဲ ဆက်ကပ်စီးနေပြန်တော့ မကောင်းသလို ဖြစ်ပြန်သည်။ ဝေလရဲ့ကားနဲ့တစ်လှည့်၊ အောင်ပွဲရဲ့ကားနဲ့တစ်လှည့် တစ်ယောက်တစ်လှည့်စီ သွားလာကြစို့ ဆိုရင်လည်း အဲဒီအစီအစဉ်ကို (သူ့ကားနဲ့ သူ့တင်ပါး ကော်သုတ်ထားပုံရသည့်) ဝေလက လက်သင့်ခံမှာ မဟုတ်တဲ့အပြင် သူတို့ညီအစ်ကိုက အဲဒီလောက်ကို အစေးမကပ်လှ။





ဒီတော့ ... ဒီခရီးဦးတည်ရာကိုပဲ တစ်ယောက်ကား တစ်စီးနှင့် ထွက်ခွာနေကြပါသည်။ ပထမဆုံး သူ့ကားသူ စ,ယူတဲ့နေ့ သင်တန်းက ပြန်ခါနီးမှာ အောင်ပွဲက ...

"ငါက ငါ့ကားနဲ့လိုက်မလား ဆိုတာမျိုး နင့်ကိုမေးနေရင် နင်ကြားထဲကနေ ဘာလုပ်ရမှန်းမသိ နေရထိုင်ရခက် ဆုံးဖြတ်ရခက် ဖြစ်နေမှာစိုးလို့ ငါ နင့်ကို မဖိတ်ခေါ်တော့ဘူးဗျည်း၊ ဒါပေမဲ့ နင် တစ်ခုခု သွားစရာ လာစရာရှိရင် အချိန်မရွေး ငါ့ကိုပို့ခိုင်းလို့ရတယ် ဆိုတာတော့ အသိပေးထားတယ်နော်၊ လိုအပ်ရင် ငါ့ကို ဘယ်အခြေအနေမဆို ပြော၊ ငါကတော့ ဝေလကို ဝင်လုပြီး လောကွတ်ချော်ရာကျအောင် တကူးတက ခေါ်မနေတော့ပါဘူးဟာ"

စေ့စေ့ကြည့်ကာ ပြောတဲ့ အောင်ပွဲရဲ့မျက်နှာကို အမရကလည်း စေ့စေ့ပြန်ကြည့်ကာ နားလည်သဘောတူစွာ ခေါင်းညိတ်ခဲ့ပါသည်။ ဟုတ်တယ်လေ။ သူပြောတာ အကောင်းဆုံးပဲ။ သူနဲ့လိုက်ဖို့ အောင်ပွဲက ခေါ်ရင် အမရအဖို့လည်း လိုက်ရခက်နေမည်ဖြစ်ကာ ဝေလနှင့်လည်း ပြဿနာတက်ကြလိမ့်မည်။ ဆလနေရာ ဝင်လုပြီး မကြိုမပို့တာကို နားလည်ပါသည်။ နို့မို့ ကိုယ်ပဲ နားညည်းရမှာလေ။

"အမရ"

"အင်း"

"နင့်ကို ဟိုကောင်က သူ့ကားနဲ့လိုက်ဖို့ မခေါ်ဘူးဟား"



www.burmeseclassic.com

www.burmeseclassic.com



"မခေါ်ဘူး"

"လုံးဝမခေါ်ဘူးလား"

"ဟင့်အင်းပါဆိုမှ"

"ဒီကောင် ဘာကောင်လဲ၊ နည်းနည်းပါးပါးတောင် လောက ဝတ်အရတောင် မခေါ်ဘူးလား"

"မခေါ်တာ နားအေးတာ မဟုတ်လား၊ ခေါ်နေရင် နင်တို့ နှစ်ယောက် ပြဿနာတက်နေကြဦးမှာလေ၊ ငါလည်းပဲ နင်နဲ့လိုက်ရနိုး သူနဲ့လိုက်ရနိုး ဦးနှောက်ခြောက်မှာ"

"အောင်မာ ... သူနဲ့လိုက်ရနိုးက ဘာကြောင့် ထည့်စဉ်းစား ရမှာလဲ"

"နင်ကလည်းလေ၊ နှစ်ယောက်လုံးက သူငယ်ချင်းချည်းပဲ ဟာ၊ နှစ်ယောက်လုံးက ဖြိုင်ခေါ်နေရင် ငါက တစ်ယောက် တစ်လှည့်စီးရမလို ဖြစ်နေမှာပေါ့"

"ဘာကိစ္စ သူနဲ့လိုက်ရမှာလဲ"

"တစ်လှည့်စီလေ"

"မလိုပါဘူး၊ အမြဲ ငါနဲ့လိုက်လာတာ၊ ခုလည်း ငါနဲ့ပဲပေါ့"

"အေးပါ၊ ခုလည်း နင်နဲ့ပဲ လိုက်နေတာပဲ မဟုတ်လား"

"ဒါက ဒီကောင်က နင့်ကို မခေါ်ဘူးကိုး၊ ခေါ်များခေါ် ရင် နင် မွေ့ခနဲ ပါသွားမယ့်ပုံပဲ၊ နင်ပြဿနာရှာမ မကြံနဲ့နော် အမရ"





"ပြဿနာရှာတာ နင်၊ အခုကို ရှာနေတာ၊ ပြဿနာမရှိတာ ပြဿနာရှာနေတာ၊ ဖြစ်မလာတဲ့ဟာကို ကြိုကန့်ကွက်ပြီး ရစ်နေတာ ပြဿနာရှာနေတာပေါ့"

"နင်နော် ... အမရ၊ ခုတလော လေသံကို ပြောင်းနေတယ်"

"ဘာမှမပြောင်းဘူး၊ အရင်အတိုင်းပဲ"

"အရင်အတိုင်းဆိုရင် ပြီးရော၊ မဟုတ်ရင်တော့ ငါ့ကို အဆိုးမဆိုနဲ့"

"နင်ကော ဘာဖြစ်နေတာလဲ၊ ခုတလော အသံပြောင်းတာ က နင်၊ ဘာတွေဖြစ်မှန်း မသိဘူး၊ ဟိုတစ်နေ့ကလည်း နင်နဲ့ အောင်ပွဲ ဟိုဘက်ခြံ ဒီဘက်ခြံ အပေါ်နဲ့အောက် ပြဿနာတက်ကြသေးတယ်ဆို"

"ဘာ ... အဲဒါ နင့်ကို ဘယ်သူပြောတာလဲ၊ ဟိုကောင် ပြောတာပေါ့ မဟုတ်လား၊ ဒီကောင်ကွာ၊ ယောကျ်ားဖြစ်ပြီး တော့ ကွယ်ရာမှာ တီးတိုး တီးတိုး သွားသွားအတို့အထောင် လုပ်တယ်၊ တွေ့မယ် ... ဒီကောင်တော့"

"ဟဲ့ ...၊ ဘာဖြစ်လို့ ဒီလောက် ရန်လိုနေရတာလဲ၊ ငါ့ကို အောင်ပွဲ ဘာတစ်လုံးမှ မပြောဘူး၊ ငါ အောင်မွဲဆီက ကြားရတာလည်း မဟုတ်ဘူး"

"ဘယ်ကကြားရတာလဲ၊ သူ့အမေဆီကလား"

"အန်တီနေခြည်ကကော ဒီကိစ္စမျိုး ငါ့ကိုပြောပါ့မလားဟ၊ လူကြီးက လူကြီးလိုပဲ နေမှာပေါ့"

www.burmeseclassic.com



"ဒါဖြင့် နင် ဘယ်က သိတာလဲ"

မပြောလျှင် ဝေလက ဟိုလူ့ထင် ဒီလူ့ထင် စွပ်စွဲနေတော့မည်ဖြစ်၍ ...

"အိမ်သုံးအိမ်က ကောင်မလေးတွေချင်း ပြောကြတာပေါ့၊ နင်တို့အိမ်က ကောင်မလေးရော၊ အောင်ပွဲအိမ်က ကောင်မလေးရော၊ ငါတို့အိမ်က ခိုင်ခိုင်ရော တစ်ရပ်တစ်ရွာထဲက လာကြတဲ့ဟာ၊ သူတို့ချင်း ဈေးထဲမှာတွေ့ကြတော့ နင်တို့အိမ်တွေက နှစ်ယောက်ပြောတာတွေကို ခိုင်ခိုင်က စပ်စုပြီး မှတ်လာတာပေါ့"

"ဒါဖြင့် နင် အားလုံးပြန်သိတာပေါ့"

"အားလုံးနီးပါး ဖြစ်မှာပေါ့"

"ကျွတ် ... ဒီဟာမတွေ ဘာဖြစ်လို့ ကိုယ့်အိမ်ကကိစ္စ အာချောင်ကြရတာလဲ"

"သူတို့ကတော့ ကြားတဲ့သတင်း ဖြန့်ဝေမှာပေါ့လေ၊ နင်တို့က အော်ကြီးဟစ်ကျယ်တွေ ပြောနေတာကိုး၊ နင်တို့နှစ်ယောက်ဟာလေ ငါ့ကွယ်ရာမှာ ငါ့ကို အားရပါးရ ထည့်ပြောနေလိုက်ကြတာ လူတကာကြားတဲ့အထိပဲ ... ဟွန်း ကောင်းကို မကောင်းဘူး"

"မကောင်းတာတွေ ပြောတာမှ မဟုတ်တာဟ"

ဝေလသည် ရင်တထိတ်ထိတ်နှင့် ဘာတွေများ အဲဒီနေ့က ပြောမိခဲ့ပါလိမ့် ကမန်းကတန်း ပြန်စဉ်းစားရပါသည်။





"မကောင်းတာတွေ မဟုတ်ပေမယ့် ငါ့ကို နင်တို့နှစ်ယောက် အပြိုင်အဆိုင်ကိစ္စထဲ ထည့်ပြောစရာလားဟဲ့၊ ပြီးတော့ နင်ပိုဆိုးတယ်"

"ဘာဖြစ်လို့လဲ"

"နင့်မှာ ရည်းစားရှိတယ် မဟုတ်လား"

"ဘာ ... ဒါ ... အောင်ပွဲ ပြောတာ မဟုတ်လား"

"လာပြန်ပြီ၊ အောင်ပွဲ ငါ့ကို ဘာမှမပြောဘူး၊ အိမ်ကကောင်မလေးတွေ အချင်းချင်း ပြောကြတာပါဆိုနေမှပဲ၊ နင့်မှာ နင့်ဟာနင် ရည်းစားရှိရက်သားနဲ့များ နင်တို့ညီအစ်ကို တစ်ယောက်နဲ့တစ်ယောက် ပြိုင်တဲ့ယှဉ်တဲ့ကိစ္စမှာ ငါ့ကို ဆွဲထည့်ပြိုင်ဆိုင်ကြသေးတယ်၊ နင်က ရည်းစားရှိရက်နဲ့ အပြိုင်ပြောတာ ပိုဆိုးတယ်"

"အာ ... ဘယ်သူပြောလဲ၊ ငါ ရည်းစားရှိတာ ! မရှိပါဘူး"

"လာညာမနေနဲ့နော် ဝေလ"

"ရည်းစားကိုမရှိတာ"

"ဟိုကောင်မလေးတွေ အားလုံး ကြားတယ်၊ လုံးစေ့ပတ်စေ့ ကြားကြတယ်"

"ငါ့ကားပေါ်မှာ ကောင်မလေးတစ်ယောက် တွေ့လိုက်တာကို ဟိုကောင် အောင်ပွဲက ပြောတာ၊ အဲဒါကို ဒီဟာမတွေက ငါ့ရည်းစားလို့ ထင်တာနေမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဇွဲလည်းချောင်ပတ် လျှောက်ပြောမနေနဲ့၊ နင်တို့နောက်တစ်ခါ ဟုတ်တာလည်း မဟုတ်ဘဲနဲ့ တစ်ယောက်ကိုတစ်ယောက် စကားနိုင်လုရရုံသက်သက် ငါ့ကိုထည့်မပြောကြနဲ့ ဒါပဲ၊ ဒီတစ်ခါတော့ ရှုပစေတော့"

"ဟာ ... အမရ၊ အဲဒါ ငါ အောင်ပွဲနဲ့ စကားနိုင်လုရုံသက်သက် ယှဉ်ပြိုင်ရုံသက်သက် ပြောနေတာ မဟုတ်ဘူးဟ၊ ဟို ..."

"တော်တော့ ... ပြောနေတဲ့ ကြားထဲက နင် ဖွတ်တိုးပြောမနေနဲ့၊ နင်က အောင်ပွဲထက်တောင် ပိုဆိုးတယ်၊ ပိုအပြစ်ကြီးတယ်၊ ရှည်းစားရှိရက်နဲ့"

"မရှိပါဘူးဆိုမှ၊ ဟိုကောင်မလေးတွေအပြင် နင့်ကို အောင်ပွဲပြောကို ပြောပြထားပြီ မဟုတ်လား"

"မပြောပါဘူးဆိုမှဟာ၊ ဘာဆို ဘာမှမပြောဘူး၊ နင် သူများကို အတင်းလိုက်စွပ်စွဲမနေနဲ့၊ နင့်ဆီကသာ အောင်ပွဲအကြောင်း ကြားရတာ၊ အောင်ပွဲဆီက နင့်အကြောင်း ဘယ်တော့မှ ကြားရတာမှ မဟုတ်တာ"

ဇေလက အမရစကားကြောင့် မျက်နှာပျက်သွားရသည်။ သူကတော့ ကွယ်ရာမှာ အတင်းပြောတတ်သလို အခိပ္ပာယ်သက်ရောက်နေသည် မဟုတ်လား။

"ဒါဖြင့် ဟိုတစ်နေ့က ကျောင်းဆင်းတော့ ဘာကပ်ပြောတာလဲ"





"ဘယ်နေ့ကလဲ"

"ပြီးခဲ့တဲ့ တစ်ပတ်က၊ အတိအကျ ဆိုရင် သူ သင်တန်းကိုကားစယူလာတဲ့နေ့က၊ ငါက နင်တို့ နောက်ကပါလာတယ်မှတ်လို့ လှေကားက ဆင်းသွားတာ အောက်ရောက်နေပြီ၊ နင့်ကို အောင်ပွဲက လှေကားကွေ့ချိုးမှာ ခပ်ကြာကြာရပ်ပြီး စကားပြောနေတာလေ၊ အဲဒါဘာပြောနေတာလဲ"

"တခြားကိစ္စပါ၊ နင့်အကြောင်း မပါဘူး"

"တခြားကိစ္စက ဘာလဲ"

"ဟဲ့ ... နင် တယ်စပ်စုပါလား"

"ဒါလေးမေးကြည့်တာ ဘာဖြစ်လဲ၊ နင်တို့နှစ်ယောက်မှာ ငါ့ကိုလျှို့ဝှက်ထားချင်တဲ့ကိစ္စ ရှိလို့လား"

အမရက ဇေလကို မျက်စောင်းထိုးရင်း ...

"ဘာမှမဟုတ်ဘူး၊ သူ့ကားနဲ့ လိုက်ပြန်ဖို့ ငါ့ကိုမခေါ်တော့ဘူးတဲ့"

"ဒါ ဘာအဓိပ္ပာယ်လဲ"

"ငါက နင့်ကားနဲ့ ပြန်နေကျဖြစ်နေတော့ သူက ခေါ်နေရင် ငါ့မှာ သူနဲ့လိုက်ရနိုး၊ နင်နဲ့လိုက်ရနိုး နေရထိုင်ရခက်နေမှာစိုးလို့ သူ့ကားနဲ့ပြန်ဖို့ မခေါ်တော့ဘူးတဲ့"

"အောင်မာ ... သက်သက်မဲ့ ပနော်လုပ်တာပါဟာ၊ သူ့ဟာသူ ဆီကုန်မှာ ကတ်စေးနဲ့ပြီး နင့်ကိုမခေါ်တာ၊ ဒီကောင် ဒီလောက်ကတ်စေးနဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆီက ဘာကုန်စရာရှိလို့လဲ၊ တစ်နေရာတည်းကိုပဲ ပြန်ရ မှာပဲဟာ"

ဝေလသည် ဘာပဲဖြစ်ဖြစ် ခုလောလောဆယ် အနေ အထားမှာ သူ့ရဲ့အခြေအနေက အောင်ပွဲလောက် မကောင်းသလို ဖြစ်နေ၍ မကျေမချမ်း ဖြစ်နေပါသည်။ အောင်ပွဲကို အပြစ်မြင် ချင်စရာလေးတွေ သာသာထိုးထိုး ပြောသော်လည်း အမရက အားလုံးပုတ်ချပြီး အောင်ပွဲကို အကောင်းပဲ မြင်နေသဖြင့် မိုအ ရခက်ကာ အမရကိုပါ သိပ်ကြည့်မရချင် ဖြစ်နေပါသည်။

"ကဲ ... ပြီးရင် ပြန်မယ်"

"နင်က တအားလောတာပဲ"

ဝေလက မျက်နှာညိုညိုနှင့် မစ်လ်ခ်ရှိတ်ကို ပြန်မြ သောက်လိုက်ပါသည်။ အမရက စားပွဲထိုးကောင်လေးဆီ မစ်လ် ရှိတ်ဖိုးရှင်းနေ၍ ဖွတ်လုရှင်းမနေတော့ဘဲ အမရကို စိတ်တိုနေ သည်။ တခြားမိန်းကလေးတွေလို မဟုတ်ဘဲ အမြဲတမ်း ယောက် လေးက ငွေရှင်းတာကိုပဲ ငြိမ်ပြီးလက်သင့်ခံမနေဘူးဆိုတဲ့ အ အကျင့်ကိုလည်း "အလကား ကြီးကျယ်တာ" ဟု အမြင်ကတ်သည်

ကားကို စုကောက်ကောက်နှင့် မောင်းလာသော ဝေလသည် မီးပွိုင့်တစ်ခုမှာ သူ မီးနီမိနေထုန်း ကန့်လန့်ယ ကြောမှ သူတို့ယာဉ်ကြောပေါ် မီးစိမ်းဖြတ်ကွေ့တက်လာ အောင်ပွဲရဲ့ကားကို လှမ်းမြင်လိုက်လျှင် ...

"ဟာ ... ဟာ ... ဟိုမှာ ... ဟိုမှာ"





"ဘာလဲ ဝေလရဲ့"

"အောင်ပွဲ ... အောင်ပွဲ ... အောင်ပွဲ"

"အောင်ပွဲရဲ့ကား တွေ့တာများဟယ်၊ မျက်လုံးပြူး မျက်ဆန် ပြူးနဲ့ ပွဲတင်ထပ်သလို အော်စရာလား"

ဝေလဟာ မီးစိမ်းကိုစောင့်ပြီး စိမ်းတာနှင့်တစ်ပြိုင် နက် ဝေါခနဲ ကားကိုထွက်လိုက်ပါသည်။

"ဟဲ့"

အောင်ပွဲရဲ့ကားက ဟိုဘက်က မီးစိမ်း ဝါခါနီးကျ မှ ကွေ့ချလာတာဖြစ်ကာ ဝေလက ဒီဘက်မီးနီ စိမ်းစိမ်းချင်းထွက် တဲ့ ရှေ့ဆုံးကားမို့ သိပ်မဝေးလှမ်းပါ။ ဝေလက အရှိန်တင်ကာ မောင်းလာတာမို့ ချက်ချင်းလို မီလာပါသည်။

"ဟဲ့ ... နင် ဘာလုပ်ဖို့လဲ ဝေလ"

"ဟား ဟား ... နင် မကျွေ့လိုက်ဘူးလား"

"ဘာကိုလဲ"

"အောင်ပွဲရဲ့ဘေးမှာ ကောင်မလေးတစ်ယောက် ပါတယ် လေ"

အမရက အသံတိတ်သွားပြီး စိတ်ထဲတော့ တော် တော် အံ့အားသင့်သွားမိပါသည်။ မထင်မှတ်တဲ့စကား တစ်ခါမှ မစဉ်းစားဘူးတဲ့ အဖြစ်အပျက်။ ဝေလကို သူ့ကားပေါ်မှာ ကောင် လေးတစ်ယောက် တင်မောင်းသွားတာကို အမရကိုယ်တိုင်နှစ် ကြိမ်လောက် မြင်ဖူးပါသည်။ ကိုယ်လည်း ကိုယ့်ကိစ္စနှင့် သွား



www.burmeseclassic.com

www.burmeseclassic.com



လာရင်း လမ်းကူးရင်း စသဖြင့် သူ့ကားဖြတ်သွားတာကို ကြုံကြိုက်ကြိုက် လှမ်းမြင်လိုက်တာပါ။

အဲဒီမြင်ကွင်းဟာ စိတ်ထဲ အံ့အားသင့်စရာမဟုတ်သလိုပင်။ ဝေလထံ ကောင်မလေးတချို့ထံမှ ဖုန်းလာတာတွေ ဘာတွေ အရင်ကတည်းက ကြားဖူးနေတာမျိုး၊ သူ့မှာ မိန်းကလေး အပေါင်းအသင်းမိတ်ဆွေ(ရည်းစားလည်း ဖြစ်ရင်ဖြစ်)တွေ ရှိတယ်ဆိုတာ အေးအေးဆေးဆေးပဲ သိနေခဲ့တာပါ။

အောင်ပွဲကိုတော့ သူ့နေပုံထိုင်ပုံ အပြုအမူ အကျင့်စရိုက်တို့ကို ကြည့်နေမြင်နေရင်းက သူဟာ တသီးတသန့် အထီးကျန်ကျန် နေတတ်လွန်းပြီး မိန်းကလေး အပေါင်းအသင်း ရယ်လို့ဆိုရင် လုံးဝမရှိတဲ့သူလို့ စိတ်မှာထင်နေမိတာပါ။

အောင်ပွဲကားပေါ် မိန်းကလေးတစ်ယောက် ပါသွားသည်ဆိုတဲ့စကားက အမရကို အံ့အားလည်းသင့်စေကာ ရင်ခုန်သံကိုပါ မြန်စေသည်။

"သူ့ဘေးမှာ ! ဟုတ်ရဲ့လား ဝေလ"

ဝေလက အမရကို ခပ်မဲ့မဲ့ လှည့်ကြည့်လိုက်ပါသည်။

"နင်မယုံဘူးပေါ့ ဟုတ်လား၊ ငါ့ကားပေါ်မှာ ကောင်မလေး တစ်ယောက် ပါတယ်ဆိုတာကိုတော့ တစ်ခွန်းတည်းနဲ့ ယုံပြီး၊ အောင်ပွဲ ဘေးမှာ ကောင်မလေးတစ်ယောက် ပါတယ်ဆိုတော့ နင်မယုံနိုင်အောင် ဖြစ်နေတယ် မဟုတ်လား"





အမရက ကိုယ့်ဟာကိုယ်မှ ဘာကြောင့်မှန်းမသိ ရင်တလှပ်လှပ် လှုပ်ရှားလာရတဲ့အထဲ ရိုတိုတိပြောနေတဲ့ ဝေလကြောင့် စိတ်တိုမိကာ ...

"မယုံနိုင်တာ မဟုတ်ဘူး၊ အံ့သြတာ၊ နင့်ကားပေါ် ကောင်မလေးတွေ ပါတယ်ဆိုတာကျတော့ သူများပြောလို့ ငါ ကြားရတာ မဟုတ်ဘူးဟဲ့၊ ငါကိုယ်တိုင် မျက်စိနဲ့ကို မြင်ဖူးခဲ့ပြီးသား၊ ဘာမယုံစရာရှိလဲ"

"အဟက်ဟက် ... ယောကျ်ားလေးပဲဟ၊ ကားပေါ် ခရီးကြုံ လမ်းကြုံ မိန်းကလေးတစ်ယောက် ပါလာတာ ဆန်းလား၊ အခု နင်တောင် ငါ့ကားပေါ် ပါနေတာပဲ၊ ဒီလိုပါတိုင်း ငါ့ရည်းစားလို့ တန်းပြောလို့ မရဘူး မဟုတ်လား၊ ငါလည်း ဒီလိုပဲ ခင်မင်ရာ ခင်မင်ကြောင်း အားနာပါးနာ လမ်းကြုံ ပို့ရတာတွေ ဘာတွေ ရှိတာပေါ့၊ နင်က အောင်ပွဲကိုကျတော့ မိန်းကလေးဆိုရင် လုံးဝစိတ်မဝင်စားတဲ့ တကယ့် အရိုးခံယောကျ်ားလေးလို့များ ထင်နေတာလား အမရ၊ ကျွတ် ... ကျွတ် ... ယောကျ်ားဟာ ယောကျ်ားပဲ အမရရဲ့ ...

သူ့ခရဲ့ အရင်က ကားပေါ် မိန်းကလေး မပါနိုင်တာက တစ် ... ကားမရှိလို့သော်လည်းကောင်း၊ နှစ် ... တင်စရာမိန်းကလေး မရှိလို့သော်လည်းကောင်း၊ တစ်ခုခု ပေါ့ဟ၊ ကားလည်းရှိ မိန်းကလေး အပေါင်းအသင်းလည်း ရှိရက်နဲ့တော့ နင့်အောင်ပွဲက ဘုန်းကြီးရဟန်းဝမ်ိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"နင် ပေါက်ကရတွေ လျှောက်ပြောမနေနဲ့၊ ငရဲကြ
အောင်"

"ကဲ ... ကဲ ... ကြည့်လိုက် ... ကြည့်လိုက်"

ဝေလက အမီလိုက်လာတဲ့ အောင်ပွဲရဲ့ဂျစ်ကာ
နံဘေး တိုးကပ်ဖြတ်တက်ရန်ပြင်ပြီး ဟွန်းကိုလည်း "တီ ... တီ
တီတီ" နှင့် ချက်ကျကျ တီးလိုက်ပြီးသော် ကားချင်းယှဉ်ဖြတ်တ
ရင်း ပြတင်းမှ လက်ထုတ်၍ ...

"ဟော့ကောင် ... ဘယ်လိုလဲ"

အမရသည် ကားချင်း ဘေးချင်းအယှဉ်တွင် ကို
လေးကို သီသီသာသာ ကိုင်းမိပြီး အောင်ပွဲရဲ့ကားထဲ မြင်သ
အောင်ကို လှမ်းကြည့်လိုက်မိပါသည်။ ဝေလရဲ့နှုတ်ဆက်သံကြေ
အလန့်တကြား လှည့်ကြည့်လိုက်တဲ့ ကောင်မလေးဟာ ချစ်စ
လေးပင်။

ဟင် ... အဲဒါ တကယ်ပေါ့။

အောင်ပွဲမှာ အတွဲသွားလာရမယ့် မိန်းကလေးတ
ယောက် ရှိတယ်ပေါ့။ ထိုအတွေးက အမရရဲ့ရင်ကို အေးခဲ
သွားစေပြီး တစ်မျိုးကြီး ပြည့်ကျပ်မွန်းကယ် ခံစားလိုက်ရ
သည်။

ကောင်မလေးရဲ့ ချစ်စရာကောင်းသော ကလေး
ဆန် မျက်နှာလေးကို ကြည့်ရာကတစ်ဆင့် အောင်ပွဲကိုပါ တစ်
လှမ်းကြည့်လိုက်မိသည်။ အောင်ပွဲက ပထမတော့ သူ့ကာ





ဘေးကဖြတ်ရင်း လှမ်းနှုတ်ဆက်ကြတယ်ထင်၍ ရိုးရိုးသားသား
ပင် ပြန်ပြုံးပြပါသည်။ ပြုံးလိုက်တဲ့အခါတိုင်းမှာ အောင်ပွဲရဲ့ခပ်
မှုန်မှုန်မျက်နှာက ကြည်သာပြီး လင်းလက်သွားတတ်ပုံဟာ ကြည့်
လို့အတော်ကောင်းသားပင်။

"ဟော့ကောင် ... မိပြီကွ ဟော့ကောင်"

ဝေလထံက ထိုစကား ကြားလိုက်ရချိန်မှာတော့
အောင်ပွဲဟာ သူ့ကားကို တမင်တကူးတက မမီ့မီအောင် လိုက်
ကြည့်ကြတာဆိုတာ သဘောပေါက်သွားပုံနှင့် ပြုံးနေတဲ့ မျက်နှာက
ပြန်ပြီးမှုန်တေသွားပါသည်။

"ဟော့ကောင် ... ဟိုတစ်နေ့က မင်း ငါ့တို့ပြောခဲ့တာနော်၊
ကဲ ... အခု မင်း၊ ဟဲ ဟဲ ... လက်ပူးလက်ကျပ်ပဲ ... ဟဲ
ဟဲ"

ဝေလကို အောင်ပွဲ မပြောနှင့် အမရတောင် အမြင်
ကတ်သည်။ တကူးတက လိုက်ချောင်းဖမ်းတဲ့ အပြုအမူကို
ဘယ်သူက ကြိုက်မှာလဲ။ အမရကတော့ အောင်ပွဲ ကားပေါ်
ကောင်မလေးတစ်ယောက် တွေ့လိုက်ရလို့ ရင်ထဲမှာ တစ်မျိုးကြီး
ဖြစ်သွားရတာက တစ်ကဏ္ဍ၊ ဝေလရဲ့ရိုသဲ့သဲ့လုပ်ပုံကို စိတ်ပျက်
မိတာက တစ်ကဏ္ဍ။

ဘယ်သူဟာ ဘာလုပ်နေနေ အောင်ပွဲပုံစံက အမြဲ
တင် တည်တည်ကြည်ကြည် ဣန္ဒြေရရ ရှိနေပြီး ဝေလပုံစံက
တော့ည်မကြည် ဣန္ဒြေမရ ဖြစ်နေတတ်ပုံကို ယှဉ်မြင်သားသလို



www.burmeseclassic.com

www.burmeseclassic.com



ရတ်တရက် အတွင်း အမရ နှိုင်းယှဉ်မြင်မိသည်။ အောင်ပွဲက သူ့ဟာသူ နေနေပြီး ဝေလကဲ လိုက်ကလိ လိုက်ဆွနေတတ်တာမျိုးသာ အမြဲမြင်နေရတာပင်။

"ကဲ ... ဝေလ၊ ကားချင်းကို ဘယ်လောက်ကြာကြာ ယှဉ်မောင်းနေမှာလဲ၊ ကားလည်း တိုက်မိနေဦးမယ်၊ ရဲတွေ့ရင်လည်း နင် အဖမ်းခံထိဦးမယ်"

ဝေလက သူ့ကားကို အရှိန်မြှင့်တင် ကျော်တက်လိုက်ရင်း ...

"ဒီကောင် ဘယ်ဆိုးလို့လဲ၊ ကောင်မလေးက sweet လေးပဲ"

အမရက ဝေလ စကားကို မကြားသလို တစ်ဖက်လှည့်ပြီး နေလိုက်ပါသည်။

○❤○





# ၁.

ဖြူနုငယ် ... တဲ့။

အဲဒီကောင်မလေး အလျှင်အမြန် ပတ်သက်ကျွမ်းဝင်လာပုံဟာ မြန်ဆန်လွန်းအားကြီး၍ မျက်စိတောင် လည်သွားမတတ်ဖြစ်သည်။ အောင်ပွဲရဲ့ကားပေါ် ပါလာတာ ပထမဆုံးအကြိမ် စ,မြင်ဖူးသည်မှ တစ်လအတွင်းမှာပင် သူဟာ အောင်ပွဲအိမ်ကိုလည်း ပါလာကာ ဝေလကိုပင် တရင်းတနှီး နှုတ်ဆက်ခေါ်ပြော ပေါင်းသင်းလျက် ရှိပေပြီ။

အပြန်လည်း မကြုံတော့ဘဲတကူးတကလည်း တွေ့စရာအကြောင်း သိပ်မရှိလှတဲ့ အောင်ပွဲနဲ့ အမရဟာ တစ်ပတ်နေလို့ တစ်ကြိမ် စကားပြောဖြစ်ဖို့ ခဲယဉ်းတာပါ။ အမရတို့ရဲ့ ဂျွန်ရှင်အိတ်ကွန်ဒိုခန်းဟာ ဝေလတို့ အောင်ပွဲတို့ရဲ့ လုံးချင်းအိမ်လေးတွေဘက် ဝရန်တာမျက်နှာ ဖွင့်ထားတာဖြစ်ရာ ဝရန်တာထွက်ရပ်လိုက်သည်နှင့် မလှမ်းမကမ်းက သူတို့ကပ်လျက်နှစ်ခြံကို လှမ်း၍ အပေါ်စီး မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲမှာ ကားဆေးတာ၊ ပန်းပင်ရေလောင်းတာတွေ ထွက်လုပ်လေ့ရှိတဲ့ အောင်ပွဲကို အမြဲပဲ လှမ်းမြင်နေရတာပါ။ ဝေလကတော့ ကားလည်းမဆေး၊ အပင်လည်း ရေလောင်းသူ မဟုတ်၍ ခြံထဲမှာ တော်ရုံနှင့်တွေ့ဖို့ ခဲယဉ်းသည်။

ကားဆေးရင်း ရေလောင်းရင်း အောင်ပွဲက အမရတို့ ကွန်ဒိုဘက် အမြဲလှမ်းမော်ကြည့်မြဲ။ အမရတို့ အခန်းဝရန်တာကို သိနေတာမို့ ဟိုတုန်းကတည်းက သူ ခြံထဲမှာရှိလျှင် သူကလည်း အမြဲရှာဖွေမြဲ။ တစ်ယောက်ကိုတစ်ယောက် လှမ်းမြင်သွားကြလျှင်တော့ တစ်ခါတစ်ရံလည်း ဒီအတိုင်း၊ တစ်ခါတစ်ရံလည်း အောင်ပွဲက လက်တစ်ချက်လှမ်းပြလိုက်တတ်သည်။

သူ ဒီအတိုင်းဆိုရင် ကိုယ်ကလည်း ဒီအတိုင်းပေါ့။ သူ လက်လှမ်းထောင်ပြလိုက်လျှင်တော့ အမရကလည်း လက်ပြန်ပြလိုက်စမြဲပါ။ ကွန်ပျူတာသင်တန်းတစ်ခုထဲမှာ တူတူတက်နေတယ်ဆိုပေမယ့် တက်တဲ့ဘာသာရပ်ချင်းက တူတာမဟုတ်၍ အခန်းချင်း မတူပါ။ အတူလည်း မပြန်ဖြစ်တော့ဘူးဆိုတဲ့အခါ အောင်ပွဲနဲ့ အမရ စကားပြောဆိုဖြစ်ဖို့ အခွင့်အရေးက အင်္ဂလိပ်စာသင်ချိန်လောက်မှာပဲ ရှိသည်။

အဲဒီကြားမှာမှ အောင်ပွဲကို ၊ ကောင်မလေး တစ်ယောက်နဲ့တွေ့၊၊ နောက်တစ်ပတ်လောက်လည်းနေရော ဝရန်တာ ထွက်ရပ်နေတဲ့ အမရ မျက်ဝန်းများက အောင်ပွဲရဲ့ခြံထဲ ရောက်နေတဲ့ အဲဒီကောင်မလေးကိုတွေ့။





(ရင်ထဲ ပေလုံးစေ အစာမကြေ ဖြစ်နေတဲ့ အမရပဲ ဒီကြားထဲ နှစ်ရက် ဝေလတို့အိမ်က အင်္ဂလိပ်စာကျူရှင်ချိန်မှာ အောင်ပွဲနဲ့ တွေ့ဆုံပေမယ့် စကားဟာဟာမပြောမိခဲ့။ တမင်မပြောတာ မဟုတ်ဘဲ ပြောစရာစကား မရှိဘဲ ဖြစ်နေခဲ့တာပါ။ နှုတ်ဆိတ်နေခဲ့မိတာပါ။)

ဝရန်တာကနေလည်း ထိုကောင်မလေးကို လှမ်းမြင်လိုက်ရော အမရ ရင်ထဲ အုံ့ညှိုချင်စရာ ဒေါသတွေ ထွက်လာမိတာ။ ဒီလောက် ခပ်မြန်မြန် ကောင်လေးတစ်ယောက်အိမ်ကို လာလည်တဲ့ ဟိုကောင်မလေးကိုလည်း ဒေါ်ပွ၊ အောင်ပွဲကိုလည်း အကြောင်းမဲ့ ဒေါ်ပွ။ အမရ လှမ်းမြင်လိုက်တာကို ပြန်မြင်သွားတဲ့ အောင်ပွဲက အမရကို လက်လှမ်းပြလိုက်ပါသည်။

အောင်ပွဲ လက်လှမ်းပြတာကြောင့် ကောင်မလေးကလည်း အမရရဲ့အခန်းဘက် လှည့်ကြည့်လာသည်။ အမရသည် ဘာကြောင့်ရယ်မသိ၊ အောင်ပွဲကို လက်ပြန်မပြမိပေ။ ဝရန်တာ အုတ်တံတိုင်းပေါ် လက်ပိုက်တင်ပြီး ဒီအတိုင်းပဲ ခပ်တည်တည် ဆက်ကြည့်နေလိုက်ပါသည်။ အလိုလို လူက ကျွဲမြီးတိုနေတာ။ ပြီးတော့ မကြာခင်ပဲ ဝရန်တာမှ လှည့်ဝင်လာခဲ့ပါသည်။

အဲဒီနေ့က အမရ ဝရန်တာမှဝင်လာပြီး နာရီဝက်လောက်အကြာမှာ တံခါးဘဲလ်တီးသံနှင့်အတူ အောင်ပွဲ ရောက်လာပါသည်။ မေမေ တံခါးဖွင့်ပေးသံ ကြားရပြီး ခဏအကြာ မှာမေမေက အမရ အခန်းတံခါးကို လာခေါက်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... အောင်ပွဲက ဟိုတစ်နေ့က အင်္ဂလိပ်စာအချိန်မှာသင်တဲ့စာအုပ်၊ ခဏတဲ့"

ဟွန်း ... အပိုတွေဆိုတာ အမရ သိတာပေါ့။ သူလည်းတက် ကိုယ်လည်းတက် အတူတက်ကြသားနဲ့ စာပိုတော်တဲ့သူက စာအုပ်ခဏလာတောင်းကြည့်တယ်ဆိုတာ အကြောင်းပြချက်သက်သက်ပဲ မဟုတ်လား။ ဒါပေမဲ့ အောင်ပွဲထံက ကြားရမယ့် တစ်စုံတစ်ရာသော စကားကို လိုလားနှားဆင်ချင်နေမိတဲ့ အမရက စာအုပ်ထွက်ပေးရင်း ညှိခန်းမှာ သူနဲ့မလှမ်းမကမ်းထိုင်လိုက်ပါသည်။

"နင့်ကို ခုနဝရန်တာမှာ တွေ့လိုက်သေးတယ်"

"အင်း ... ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့ ပြန်ဝင်သွားတာလဲ"

"ငါ့ဟာငါ ဘာကြောင့်ဝင်ဝင်ပေါ့တော်၊ ဘယ်သူက ကြာကြာကြီး ရပ်နေမှာလဲ၊ ခြေထောက်ညောင်းတာပေါ့"

"ငါ လက်ပြတာ တွေ့လား"

"တွေ့တယ်"

"ဒါဖြင့် ဘာဖြစ်လို့ ပြန်မပြတာလဲ"

"နင်လက်ပြတိုင်း ငါက ပြန်ပြပါ့မယ်လို့ ကတိပေးထားလို့လား"

"အဟင်း ဟင်း"





အောင်ပွဲက မှန်တောတောကြားမှ ဝင်းလက်ပျိုးပျက်အောင် ရယ်မောလိုက်ရင်း ...

"ဖြူနှငယ်ကတောင် မေးနေတယ်၊ နင့်ကို ဘယ်သူလဲတဲ့"

"ဘယ်သူက ! "

"ဖြူနှငယ်"

"သူက ဘယ်သူလဲ"

"ငါ့ကားပေါ်မှာတွေ့လို့ ဟိုတလောက နင်နဲ့ဝေလ အတင်းလိုက်ကြည့်ကြတယ်လေ"

"အမယ် ... ဝေလ လိုက်ကြည့်တာပါ၊ ငါက ဝေလကားပေါ်ပါနေတော့ အတူတူပါတာတော့ရှိတယ်၊ အတင်းလိုက်မကြည့်ပါဘူး"

အောင်ပွဲက အမရကို ခပ်စိုက်စိုက်ကြည့်ရင်း ...

"သူ့ကို ငါက ကားမောင်းသင်နေတာလေ"

"သူ့ကို ! နင်က ! "

"အင်း ... ကားမောင်းသင်ပေးနေတာ"

"နင်နဲ့ ဘယ်တုန်းက ခင်တာလဲ"

"ဘယ်တုန်းကမှ မခင်ပါဘူး၊ ငါက ကားရဲ့ဆီဖိုးလေးဘာလေး ပြန်ရအောင် ကားမောင်းသင်ချင်တဲ့သူ ရှိရင် အိမ်လိုက်သင်ပေးမယ်လို့ မေမေနဲ့ခင်တဲ့ ကားမောင်းသင်တန်းတစ်ခုမှာ ပြောထားတာ၊ ငါ့ကို အလုပ်နည်းနည်းရှာပေး ခွဲပေးဖို့ပေါ့"



www.burmeseclassic.com

"လခနဲ့လား"

"အင်းပေါ့၊ အဲဒီ ကားမောင်းသင်တန်းက မေမေမိတ်ဆွေ ဖြစ်နေတော့ ကားမောင်းသင်တန်းဝင်းထဲ မမောင်းချင်ပဲ အိမ်ခေါ်သင်ချင်တဲ့သူတွေထဲက တချို့ကို ငါ့ကိုပေးတာ"

"အိမ်ခေါ်သင်တယ်ဆိုတာက"

"သူ့ကို သွားခေါ်လာပြီး ငါ့ကားနဲ့ပဲ တစ်နေ့တစ်နာရီ သင်၊ တစ်ပတ် ငါးရက်သင်ပေး၊ ပြီးရင် သူ့ကိုပြန်ပို့၊ တစ်ပတ်ကို နှစ်သောင်း"

"အောင်မယ် ... နင်က ဝင်ငွေကောင်းနေတာပေါ့၊ ဘယ် လောက်ကြာအောင် သင်ရမှာလဲ"

"သူတို့ပေါ်ပဲ မူတည်တာပေါ့၊ တစ်ပတ်နဲ့တတ်လည်း ပြီးရောပေါ့၊ နှစ်ပတ်နဲ့တတ်လည်း နှစ်ပတ်သင်ပေါ့၊ တစ်လ နဲ့မှတတ်ရင်လည်း တစ်လပေါ့ဟာ"

ဒီကောင်မလေးဟာ သူ့ရဲ့ဘယ်လိုမှ ပတ်သက်သူ မဟုတ်ဘဲ ကားမောင်းသင်ပေးနေတာ ဆိုတာကို ကြားလိုက်တာ နဲ့တင် အမရသည် စိတ်ထဲ ကြည်လင်ရွှင်လန်းသွားကာ ရင်ထဲ က အဖုအထစ် အခုအခံတွေ လျှောခနဲ ကျေပျက်ကုန်လေသည်။ အောင်ပွဲပြောတဲ့ စကားတစ်ခွန်းကို ဟုတ်ကော ဟုတ်ရဲ့လားလို့ နည်းနည်းကလေးတောင်မှ သံသယမဝင်မိပေ။ အလိုလိုနေရင်း ယုံကြည်ပြီးသား ဖြစ်နေပါသည်။





ဒီအကျိုးအကြောင်းကို အမရထံ တကူးတကလည်း ဘာရှင်းပြ ပြောပြတယ် ဆိုပြန်တော့ အမရသည် အောင်ပွဲအပေါ် ိတ်ထဲမှာ ဘာအပြစ်မှ မြင်စရာမရှိတော့ဘဲ ကျေနပ်သွားပါသည်။ ိုက်ဆံယူပြီး ကားမောင်းသင်ပေးတာလေ။ ဘာဖြစ်လဲ ... သင် စေပါပေါ့။

"နေပါဦး၊ သူ့ကို ကားမောင်းသင်တာက ဟုတ်ပါပြီ၊ နင့် အိမ်ကို သူက ဘာကိစ္စ ပါလာရတာလဲ"

"ပါလာတာ မဟုတ်ဘူး၊ ရောက်လာတာ"

"ဘာထူးလဲဟဲ့"

"ထူးတယ်လေ၊ ပါလာတာ ဆိုတာက ငါခေါ်လာတာပေါ့၊ ရောက်လာတာ ဆိုတာက သူ့ဟာသူ ရောက်လာတာကို ပြောတာ"

"သူက ဘာအတွက် ရောက်လာတာလဲ"

"မသိဘူးဟာ၊ ငါတောင် လန့်သွားတယ်၊ ငါ သူ့ကိုကား မောင်းသင်တာ တစ်ပတ်မှာတင် သူကတတ်နေပြီ၊ ကြည့် ရတာ အရင်ကတည်းက သင်တော့ သင်ဖူးပြီးသား ထင် တယ်ဟ၊ နှစ်ပတ်လောက်နေတော့ သူ လမ်းပေါ်တက်မောင်း နိုင်တာ တော်တော်ကျွမ်းနေပြီဆိုတော့ ငါက အလကား ပိုက်ဆံထပ်ပေးနေရမှာစိုးလို့ ရပ်ရင်ရပ်လိုက်တော့လို့ ပြော ထားတာ၊ အခု သူက အိမ်လာလည်တယ်ဆိုပြီး ရောက် လာတာ"

www.burmeseclassic.com



ခေါင်းလေးကုတ်ကုတ်နှင့် ပြောနေတဲ့ အောင်ပွဲကို ကြည့်ပြီး အမရက ...

"နင့်ကို ကြိုက်လို့ဖြစ်မှာပေါ့"

"အာ ... မဟုတ်ပါဘူးဟာ"

"တခြားဘာကိစ္စ လာစရာရှိလို့လဲ"

"ဒီနားရောက်လို့ ဝင်လာတာလို့ ပြောတာပဲ၊ ငါ့အိမ်လည်း ဘယ်လိုလုပ်ပြီး သိတာမှန်း မသိဘူး၊ ငါလည်း အိမ်ထဲ တောင် မခေါ်ဘူး၊ ထပ်ခါ ထပ်ခါ လာနေမှာစိုးလို့၊ ခြံ ထဲမှာပဲ စကားရပ်ပြောလိုက်တာဟ၊ နင့်ကို လက်လှမ်းပြ တော့ သူက အဲဒါဘယ်သူလဲတဲ့"

အမရက အောင်ပွဲဘက် မျက်လုံးတစ်ချက် ဝင့်ကြည့် ကာ အကြည့်ကို ဖျတ်ခနဲ ပြန်လွှဲပစ်လိုက်ရင်း ...

"အဲဒီတော့ !! "

"သူငယ်ချင်းလို့ ပြောလိုက်တာပေါ့။ သူ မြန်မြန်ပြန်အောင် နင့်ဆီသွားစရာရှိသေးတယ်လို့ ပြောလိုက်တာ"

ဇော်း။ ကွယ်ရာမှာတောင် ကောင်မလေးတစ်ယောက် ရပ်တန်းက ရပ်သွားအောင် "ငါ့ရည်းစား"လို့ လိမ်ပြောရဲဖို့ ပါးစပ်မရဲတဲ့ လူအ,လေး။

"ဒါနဲ့ပဲ ငါ့ဆီလာရတာပေါ့လေ"

"သူက ပြန်သွားပြီပဲ၊ သူ့ကို ပြောမိလို့ လာတာမဟုတ်ပါ ဘူး"





"ဒါဖြင့် ဘာလို့လာတာလဲ၊ ငါ့အင်္ဂလိပ်စာကို နင်က လေ့လာ အတုခိုးရမယ်ပေါ့လေ"

"နင့်ကိုလည်း ဒါတွေ ပြောပြချင်လို့လေ"

"ပြောစရာ မလိုပါဘူး။ ကြုံလို့ပြောတာမျိုးလည်း ဖြစ်ပါ တယ်၊ ဒီလောက် တကူးတက ပြောစရာ မလိုပါဘူး"

"မလိုဘဲ ပြောမိတာက ကိစ္စမရှိဘူးလေ၊ ပြောဖို့လိုနေပြီး ငါက မပြောမိမှ ပြဿနာတက်မှာလေ၊ နင်က ခုတလော စကားမပြောသလိုလို ခပ်တည်တည်နဲ့၊ ပြီးတော့ ခုနက ငါလက်ပြတာလည်း ပြန်မပြဘူးလေ၊ ဒီတော့ ငါက နင် ဘာဖြစ်နေတာလဲ စိတ်ပူပြီး လာခဲ့လိုက်တာ"

အမရက ကြည်နူးသလို ခံစားမှုလေးကို သူ မသိ အောင်ဖွက်ရင်း အံ့ဩတကြီး မျက်စောင်းလေးမျိုးထိုးကာသာ ...

"အောင်မာ ... နင်တောင် ဒီစကားမျိုး ပြောတတ်၊ စိတ် တွေ ဘာတွေ ပူတတ်လို့ ... ဟွန်း"

အမရက တကယ်ကိုပဲ အောင်ပွဲ ပြောသမျှကို ...င်းချက်မရှိ ယုံပေသည်။ ဒီကောင်မလေးနှင့် ပတ်သက်လို့လည်း ...တ်မပူခဲ့မိပေ။ အောင်ပွဲဟာ တွေ့ကရာ ကောင်မလေးတွေနှင့် ...လွယ်ကလေး ရင်းနှီးတတ်တဲ့သူမှ မဟုတ်တာ။ နည်းနည်းက ...သးတောင် စိုးရိမ်စိတ် မရှိခဲ့။ ဒါပေမဲ့ နောက်တစ်ပတ်လောက် ...လည်း နောက်ထပ်တစ်ကြိမ် ဒီဖြူနွယ်က ထပ်လာလည်ပြန် ...အခါ အံ့ဩရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီရဲ့နောက်တော့ ရက်ခြား ရက်ခြား။ အဲဒီရဲ့ နောက်မှာ အဲဒီဖြူနုငယ်ဟာ ဝေလနှင့်ပါ နှုတ်ဆက်စကားပြော ရင်းနှီးနေတဲ့အခါ အမရ အံ့အားသင့်ရတော့သည်။ ဒီကောင် လေးက ဘယ်လိုပါလဲ။ ခပ်မြန်မြန် အချိန်လေးတိုတိုမှာ ညီအစ် နှစ်ယောက်လုံးကို ခြေသွက် လက်သွက် ရင်းနှီးပစ်လိုက်တာပါ လား။

ဝေလအိမ်မှာ အင်္ဂလိပ်စာ သွားတက်တဲ့တစ်ရက်

"ဟဲ့ ... ဟိုကောင်မလေးက တကတဲတော်၊ ခြေမြန်လက် မြန် ရှိလိုက်တာ၊ နှင်နဲ့ရော နှင်နဲ့ရော ဘယ်လိုဖြစ်ပြီး ခင် ကုန်တာလဲ၊ အောင်ပွဲက ကားမောင်းသင်ပေးရတော့ ရင်းနှီး တာထားတော့၊ ဝေလတကော ဘယ်လိုလုပ်ပြီးတော့ စ ကွင်းမလွတ် ဖြစ်သွားရတာတုံး"

"အာ ... သူက အတင်းလာရောတာပါဟာ"

"အောင်မယ်၊ သူလာရောလည်း နင်ပြန်ရောမှ ဖြစ်တာလေ"

"ငါက စကားလေး ဘာလေး ပြန်မပြောရင် မကောင်း ပြန်ပြောရုံပဲ၊ ပြန်မရောဘူး"

"မနေ့က နှင်တို့ဘက်ခြံထဲ ရောက်နေပြီး နင်နဲ့ ရယ် နေတာ ငါဝရန်တာက လှမ်းမြင်ပါတယ်နော်"

"အတင်းကို ဒီဘက်ကူးလာတာဟ"

"လုံးဝမသိဘဲနဲ့ ဒီလိုပဲ ကူးလာလို့ရလား"





"အရင်တစ်ခေါက် လာကတည်းက ဒီကောင် အောင်ပွဲက ခြံထဲမှာပဲ ရပ်စကားပြောပြောနေတာကိုး၊ အိမ်ပေါ်ခေါ်မ သွားဘူး၊ ငါက ကိုယ့်ဟာကိုယ် အပြင်သွားမလို့ ကားဆီ ထွက်လာတာကို၊ ဒီကောင် ... ဒီကောင် ... ငါ့ကိုအတင်း ဆွဲထည့်ပြီး မိတ်ဆက်ပေးတာ အမရရဲ့၊ ငါ့ကို သေဖော် သေဖက် ညိုတာ၊ ဖွတ်ကျားကောင်"

"ဟား ဟား ... ဖြူနုငယ်က မိတ်ဆက်ပေးခိုင်းလို့ပါ ဝေလရာ"

"ဟဲ့ ... ဝေလက ရုပ်ရှင်မင်းသားမှ မဟုတ်တာ၊ ဘာလို့ မိတ်ဆက်ခိုင်းရတာလဲ"

"အရင်ကတည်းက ဟိုဘက်တိုက်လေးက မုံစေလး လှတယ် ဆိုတာနဲ့ ငါ့ဘကြီးအိမ်လို့ ပြောထားမိတာလေ၊ ဒီကောင် အိမ်ထဲက ထွက်လာတော့ အဲဒါ ငါနဲ့ညီအစ်ကိုဝမ်းကွဲ လားလို့ မေးပြီး မိတ်ဆက်ပေးခိုင်းတာ၊ ငါက ဘယ်လို ငြင်းရမလဲ၊ ငါ့အစ်ကို့ကို ငါက တိုသလိုကြီး ဖြစ်နေမှာ ပေါ့"

"အောင်မာ ... မင်းဟာမင်း မလွှန်ဆန်နိုင်ရင် မလွှန်ဆန် နိုင်ဘူးပေါ့"

"ငါက ဘာလို့ မလွှန်ဆန်နိုင်ရမှာလဲ ဟား ဟား၊ မင်း ကလည်း ပြုံးပြုံးကြီးနဲ့ သိရတာ ဝမ်းသာပါတယ် ... ဟဲ ဟဲ ... ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မိတ်ဆက်ပေးမှတော့ ထုံးတမ်းစဉ်လာ လူမှုရေးအရ ဒီလိုပဲ ပြောရမှာပေါ့"

"ငါက မင်း တကယ်ဝမ်းသာတယ်ပဲ ထင်တာပေါ့၊ မင်း ပုံကြီးက တကယ်ဝမ်းသာအားရ ဖြစ်နေတဲ့ ပုံကြီးကို"

"ဟိတ်ကောင် ... ငါ ထ,လုပ်လိုက်ရ"

"ကဲပါ ... နေကြပါဦး၊ မိတ်ဆက်ပေးတာ အထိက ဟုတ်ပါပြီ၊ နောက်တစ်ခေါက်ကျတော့ ဝေလတို့ခြံထဲ ဘယ်လို ရောက်သွားလဲ၊ ခြေသွက်လိုက်တာ"

"မနေ့ကလည်း ဟိုတစ်နေ့ကလိုပဲပေါ့၊ ဒီကောင်နဲ့ ခြံထဲ ရပ်နေကြရင်းနဲ့ ငါလည်း ထွက်မလာဘဲနဲ့ ဒီကောင်ပဲ ငါ့ကို လှမ်းအော်ခေါ်တာ"

အောင်ပွဲက ရှုံ့မဲ့ကာ အမရကို ကြည့်ရင်း ...

"သူက ဝေလတို့ခြံထဲက ဘာမှန်းမသိတဲ့ ရွက်လှပင်အိုးလေးကို လက်ညှိုးထိုးပြီး တောင်းပေးပါလုပ်တာဟ၊ ငါလည်း စိတ်ညစ်တာပဲ၊ တောင်းမပေးဘူးလို့ ဝေလအမေကို ကြောက်တယ်လို့ ပြောတာပဲ၊ သူက အတင်းကြီးပဲ သူ့ဟာသူ တောင်းမယ် ခေါ်ပေးလို့ပြောတာ၊ ငါက ဝေလ ရှိချင်မှရှိမှာလို့ ပြောစုန်းရှိသေးတယ်၊ ရွှေစင်က နောက်ဖေးပေါက်ကနေ ပေါ်လာရော ..."

အဲဒါကို မချော့က လှမ်းမေးတယ်ဗျာ၊ ညီမရေ ... ကိုဝေလ ရှိလားဆိုပြီးတော့၊ ရွှေစင်ကလည်း ဟုတ်ကဲ့ ရှိတယ်တဲ့၊ ဒီတော့ ငါ့ကို ခေါ်ပေးနိုင်းတာ ငါဘယ်လို လုပ်ပြီး ငြင်းမလဲ၊ အပေါ်ထပ်ကို လှမ်းအော်ခေါ်ရတော့ တာပေါ့"

"တကယ့် မနိုင်စီနိဟာ၊ ငါတို့ခြံဘက် ဖွတ်ကူးလာတာ၊ အဲဒီပန်းအိုးလေး လိုချင်တာတဲ့။ မျိုးရှိရင် မျိုးပေးပါတဲ့၊ အပင်ခွဲလို့ရရင် ခွဲပေးပါတဲ့၊ ဖွတ်တောင်းတာပဲ၊ ဘယ်လိုဟာလေးမှန်း မသိဘူး"

အမရက အောင်ပွဲကိုတစ်လှည့် ဝေလကိုတစ်လှည့် အကဲခတ်ပြီး ကြည့်သည်။ နှစ်ယောက်စလုံးဟာ ဒီ ဖြူနုငယ်ကြောင့် စိတ်ရှုပ်ရပုံပေါ်သော်လည်း ဘယ်သူမှတော့ အမြင်ကတ်သုံ မရဘဲ ရယ်ချင်စိတ်သာ ရှိနေကြတဲ့ပုံ ပေါ်သည်။ သူတို့နှစ်ယောက်စလုံးရဲ့ပုံစံဟာ ဖွတ်တရွတ် ခပ်ကဲကဲ ဖြစ်ပုံရတဲ့ ဖြူနုငယ်အပေါ် ချစ်စနိုးပဲ ဖြစ်နေကြသလိုလို။

"နောက်ဆုံးတော့ နင် ပေးလိုက်ရတာပေါ့"

"ဒါပဲရှိတော့ ငါက အပင်အိုး ခွဲထားပေးမယ်လို့ပဲ ပြောလိုက်တာ၊ ဒါကိုပဲပေးလိုက်ရင် တော်ကြာ ငါ့ကို ငါ့အမေ ကျိုင်နေမှာပေါ့"

"ဒါဖြင့် ဒီပန်းအိုးယူဖို့ကိစ္စ နောက်တစ်ခါ လာရဦးမှာပေါ့"

"ဟား ဟား ဟား ... ဝေလ၊ ဒီတစ်ခါ ပန်းအိုးလာယူမယ့်ကိစ္စက မင်းနဲ့ကိစ္စ၊ ငါ မရှိဘူး ပြောလိုက်ကွာ"





www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ကျောကော့ပြီး မင်းကာ ကိုယ်လွတ်မရှန်
နဲ့လေ၊ မင်းစတဲ့ဓာတ် မင်းနိုင်အောင်က"

"ငါက ဘာဓာတ်မှ မစ,ပါဘူးကွာ၊ ကားမောင်းသင့်တာ
သက်သက်ပါ"

"ကားမောင်းသင်ရာကနေ မင်းကိုစွဲလမ်းလို့ မင်းအိမ်အထိ
ပါလာတာပေါ့ကွ"

"ငါ့အိမ်ပါလာပေမယ့် အခု လမ်းက မင်းဘက်လွဲသွား
ပြီ"

နှစ်ယောက်သား အလွမ်းမသင့်စဖူး အတူတဝါး
တဟားဟား ရယ်နေကြတာကို အမရက စုပုပ်ပုပ် ကြည့်နေ
သည်။ သူတို့ဝိုင်းက စကားတွေကို အိမ်ရှေ့ဧည့်ခန်းမှာ ပန်း
ပြင်ရင်း ထိုးရင်း ကြားနေတဲ့ အန့်တီဂျူလီက ပန်းရိုးတံဖြတ်
အရွက်အကြွေအစတွေ အမှိုက်ပစ်ဖို့ သယ်ကာ ဝင်လာရင်းက

"အမယ် ... မင်းတို့ညီအစ်ကိုက ဘော်လီဘော ပုတ်သ
ပုတ်ထုတ်နေကြတယ်၊ ကောင်မလေးက ချစ်စရာလေး
ဟယ်၊ ကလက်တက်တက် နန့်တန့်တန့်ပုံစံ မရှိပါ
သူ့ဟာသူ ခင်ကိုခင်တတ်တဲ့ စရိုက်ရှိတာပါ"

အန့်တီဂျူလီ ဟက်ဟက်ပက်ပက် ချီးမွမ်း
အမရက အံ့အားတောင် သင့်မိပါသည်။ အန့်တီဂျူလီဟာ အ
လို နှစ်ရှည်လများ ရင်းနှီးဝင်ထွက်နေကျ လူချင်းကိုပင်
စိတ်လိုလက်ရရှိမှ ဟက်ဟက်ပက်ပက် စကားစမြည်ပြော





ကာ များသောအားဖြင့်တော့ သူ့လုပ်လက်စ အလုပ်ကိုသာ စိတ်
ဝင်တစား လုပ်နေရင်း နှုတ်ဆိတ်ရင် ဆိတ်နေတဲ့သူပင်။

"မေမေ ကြိုက်တယ်ပေါ့"

ဝေလက သူ့အမေကို စ,သည်။

"မကြိုက်စရာအချက် မတွေ့သေးပါဘူး"

"အကြိုက်ဆုံး အချက်ကတော့ သူ့ကားက ကယ်လ်ဒီးနား
ဖြစ်တာ မဟုတ်လား"

ဝေလ စကားကြောင့် အောင်ပွဲက ပြုံးစိစိ ဖြစ်မလို
ဖြစ်ပြီးမှ အောင့်ထားရတဲ့ပုံ။ အမရကတော့ ကယ်လ်ဒီးနားကို
သိပါ။ ဒါပေမဲ့ တန်ဖိုးကြီး ကားကောင်းကောင်း ဖြစ်မယ်လို့
တော့ ခန့်မှန်းမိပါသည်။

"ဝေလ ... အမေကိုနော် ရှုတ်တီး ရှုတ်ပြောင်နဲ့၊ သူ
ကယ်လ်ဒီးနားမောင်းပြီး ဝင်လာပုံက သိပ်ညက်ညော
စတိုင်ကျတာပဲ၊ အန့်တီ ထင်တာတော့ အောင်ပွဲရေ
ဒီဟာမလေးဟာ မင်းသင်မှ ကားမောင်းတတ်တာ မဖြစ်
နိုင်ဘူး ထင်တယ်"

"ဟုတ်ကဲ့ အန့်တီ၊ ကျွန်တော်လည်း အဲလိုထင်ချင်သလိုပဲ"

"ဒါဖြင့် ကားမောင်းတတ်ရဲ့သားနဲ့ အောင်ပွဲဆီမှာ တမင်
ကားမောင်းလာသင်တယ်လို့ မေမေက ထင်တာလား"

"အေး ... ဟုတ်တယ်"

"အဲဒါ ဒီကောင့်ကို ကြိုက်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကြိုက်မှန်းတော့ မပြောတတ်ဘူး၊ မေမေ ဟိုနေ့က မှန်ပြတင်းနောက်ကနေ ကောင်မလေးကို သေသေချာချာ အကဲခတ်ပြီး လှမ်းကြည့်နေရာ၊ အဲဒီကောင်မလေးဟာ အောင်ပွဲအပေါ်ရော မင်းအပေါ်ရော အမြဲစိတ်ဝင်တစားလှေ့လာနေတာ တွေ့ရတယ်၊ တကယ့်ကို လေးလေးနက်နက် နှင့်နှင့်နည်းနည်း အကဲခတ် သုံးသပ်နေတဲ့ပုံမျိုး"

"မေမေ ပြောမှပဲ လျှို့ဝှက်သဲဖို ဆန်လာပြီ"

"အေး ... ကောင်မလေးမှာ နောက်ခံ ဘာအကြောင်းတစ်ခုခု ရှိသလဲလို့ မေမေ သံသယရှိနေတာ၊ အမှန်တိုင်း ပြောရရင် ဒီဘက်ခြံကူးမလာခင် အရင်နေ့တွေကတည်းက အောင်ပွဲတို့ခြံဘက်မှာ အောင်ပွဲနဲ့ နှစ်ယောက်အတူ စကားရပ်ပြောနေရင် အန်တီ ဒီဘက်ကနေ ခန်းဆီးနောက်က ကြည့်နေတာ အောင်ပွဲရဲ့၊ တမင် ချောင်းကြည့်တာတော့ မဟုတ်ပါဘူး ...

ပထမဆုံးတော့ အောင်ပွဲ ရည်းစားများလားဟဲ့ ဆိုပြီး မြင်ဖူးအောင် လှမ်းကြည့်တာပဲ၊ ဒါပေမဲ့ ဒီကောင်မလေး ပုံစံက ဝေလကို မမြင်ဖူးခင်ကတည်းက ဒီဘက်ခြံကိုပါ မျက်လုံးတွေက အကဲတခတ်ခတ်နဲ့၊ တစ်ရက်က နေခြည် ခြံထဲမှာရှိနေလို့ နေခြည်နဲ့လည်း စကားပြောသေးတာ၊ နေခြည့်ကိုလည်း ဖောက်ထွင်းမတတ် အကဲခတ်ပြီး ကြည့်တာ၊ ဒါကိုတွေ့လို့ အန်တီကလည်း စိတ်ဝင်စားပြီး





သူလာရင် လှမ်းလှမ်းကြည့်နေမိတာပါ၊ သူ့မျက်လုံးတွေက ဒီနှစ်အိမ်ရဲ့ပတ်ဝန်းကျင်ကို အမြဲစိတ်ဝင်စားနေတယ်"

"အန်တီ ... ဒါဖြင့် ဝေလကိုကြိုက်လို့ ဘယ်လိုနည်းနဲ့ ဝင်ရ ချဉ်းကပ်ရမလဲ လမ်းကြောင်းမရှိလို့ ကျွန်တော့်ဆီကားမောင်းသင်ချင်ယောင် လာဆောင်တာလည်း ဖြစ်နိုင်တာပေါ့၊ ဒီကောင့်ကို ကြိုက်တာနေမှာပေါ့"

"အဲလိုချည်းပဲ ပြောမရဘူး၊ ဝေလနဲ့ စကားပြောနေရင်းဆိုရင် ဝေလကို ဖောက်ဝင်မတတ် အကဲခတ်သလိုပဲ သားနဲ့ စကားပြောနေရင်လည်း သားကို စိတ်ထဲအထိပါ ကြည့်နေသလို ထင်ရအောင် ထွင်းဖောက်လေ့လာနေတာပဲ၊ တစ်ခုခုတော့ တစ်ခုခုပါပဲ"

အမရကတော့ သူ နီးနီးစပ်စပ် တော့တော့ဆိုင်ဆိုင် ဆုံတွေ့ရဖူးသေးတဲ့ ဖြူနှင်းယ်ဆိုတဲ့ ခုတလော သူတို့စကားဝိုင်းရဲ့ဇာတ်လိုက်မင်းသမီး ဖြစ်နေသူကို အံ့ဩသလို ထူးဆန်းသလို တောင်စိတ်ဝင်စားလာခဲ့ရပါသည်။

○ ❤ ○



www.burmeseclassic.com

www.burmeseclassic.com



# ၁၆

အကျီတစ်ထည်တည်းကို ဟိုဘက်ကတစ်ယောက် ဒီဘက်ကတစ်ယောက် နှစ်ဖက်ညှပ်ကာ နှစ်ယောက်ပြိုင်တူ ဆွဲလိုက်မိပြီးတဲ့နောက် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်မိကြပါသည်။

ဟင် ...။

ဒါက အမရရဲ့ရင်ထဲတင် ကျိတ်ကာ တိတ်တဆိတ် ရေရွတ်တဲ့ အာမေဋိတ်။

"ဟယ် ... အစ်မ"

ဒါကတော့ တစ်ဖက်က ကောင်မလေးရဲ့ ပွင့်ပွင့်လင်းလင်း ခပ်ဘွင်းဘွင်း အသံကျယ်ကျယ် ရေရွတ်လိုက်တဲ့ အာမေဋိတ်။

"အစ်မ ... ယူလေ၊ အစ်မ ယူလိုက်"

အမရက ခပ်အမ်းအမ်းလေး ခေါင်းယမ်းရင်း —





"ဟင့်အင်း ... မယူပါဘူး၊ ရတယ်"

"ယူလိုက်ပါ အစ်မရဲ့"

"ဟင့်အင်း၊ ယူမလို့လည်း မဟုတ်ပါဘူး၊ ကြည့်တာပါ"

အမရက စကားဖြတ်ကာ တစ်ဖက်လှည့်ထွက်ဖို့ င်လိုက်သည်။

"အစ်မ ဘယ်သူနဲ့ လာတာလဲ၊ ကိုပွဲနဲ့လား၊ ကိုဝေနဲ့လား"

ကိုပွဲ ...။ ကိုဝေ ...။ အမရက ကောင်မလေးကို ခေါ့ကြည့်လိုက်မိပါသည်။ သွက်လွန်းအားကြီးတော့ စိတ်ထဲ မျိုးအနှောင့်အယှက် ဖြစ်သလိုပင်။ သူကများ အောင်ပွဲနဲ့ လကို ကိုပွဲ ... ကိုဝေတဲ့။ အဖျားဆွတ်ခေါ်လို့။ ဘယ်လောက် ာင်များတောင် ရင်းနှီးသက် ကြာခဲ့ပြီးမို့လို့လဲ။ သိတာတောင် မကြာသေးဘဲနဲ့ ယောကျ်ားလေး သူစိမ်းတွေကို ဒီလိုပဲနာမည် တွေ အဖျားဆွတ် ခေါ်စရာလား။

ကိုယ်တိုင်လည်း ယောကျ်ားလေး သူစိမ်းတွေကို ယ်တကူ ချက်ချင်းကြီး ခင်မင်ကျွမ်းဝင်တတ်မှုမရှိ၍ ခေ းနှင့် ငယ်ပေါင်းကြီးဖော်လို တရင်းတနှီး ပေါင်းပစ်လိုက် တဲ့ မိန်းကလေးတွေမျိုးကိုလည်း စိတ်ထဲ သိပ်သဘောမကျ

"တို့အမေနဲ့ လာတာပါ"

အမရက ခပ်တည်တည်ပဲ ဖြေလိုက်ပါသည်။ သိ ည်း ဟက်ဟက်ပက်ပက် ဖက်လဲတကင်းလုပ်ဖို့ မရိုးအပ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး ထင်သည်။ သူနဲ့ကိုယ်နဲ့က အဝေးကြီးကသာ လှမ်းမြင်ဖူးနေကြရတာ။ ခပ်နီးနီးစပ်စပ်ဆိုလို့ ပထမဆုံးအကြိမ် အောင်ပွဲရဲ့ကားကို အမီလိုက်ပြီး ဘေးချင်းယှဉ်ဖြတ်ပြီး ကြည့်တုန်းက တစ်ခါတည်းရယ်။

ဒါလည်း ခဏကလေး။ အဲဒီတုန်းက မြင်ဖူးထားခဲ့ပြီး အမရက တိုက်ဝရန်တာကနေ အောင်ပွဲတို့ ဝေလတို့ခြံဝင်းတွေထဲ ခပ်လှမ်းလှမ်းအဝေးကို လှမ်းမြင်တော့ စိတ်မှန်းနဲ့သာ သူပဲကိုးလို့ မှတ်မိနိုင်တာပါ။ ခုလည်း မြင်မြင်ချင်း တွေ့ဖူးလိုက်တာလို့ တစ်ချက် ဇဝေဇဝါ ဖြစ်ပြီးမှ အဲဒါ ဖြူနုငယ်ပဲလို့ မှန်းလိုက်နိုင်တာပင်။

သူကတော့ ဘယ်တုန်းက သေချာမြင်ဖူးတာမို့ သေချာမှတ်ဆက်နိုင်တာပါလိမ့်။ တကယ်ဆို ကားချင်းယှဉ်တုန်းကလည်း သူက တအံ့တသြလေး လှည့်ကြည့်လိုက်တဲ့ ဖျတ်ခနဲလောက် အချိန်အတွင်း ဝေလကိုရော ကိုင်းပြီးလှမ်းကြည့်တဲ့ အမရကိုရော မြင်ရတာ။ အမရကလည်း အကြာကြီးဆက်ပြီး ရှေ့ကိုင်းပြီး ကြည့်နေတာမဟုတ်။ မြင်လိုက်ရပြီးတဲ့နောက် ပုံမှန်လေးပဲ ပြန်မှီထိုင်နေလိုက်တာ။

သူ ဘာကြောင့် မှတ်မိရတာလဲ။ ဘာကြောင့်သေချာရတာလဲ။

"ဟိုဟာ အစ်မ အမေလား"

"အင်း ... ဟုတ်တယ်"





"ကိုဝေတို့ ကိုပွဲတို့ကို လိုက်မပို့ခိုင်းဘူးလား"

စပ်စုပြီး အရောဝင်လာတဲ့ ထိုကောင်မလေးကို အမရက မေတ္တာမရှိလှဘဲ စိတ်ထဲကလည်း ခင်ကိုမခင်မိဘဲ ရှိတာကြောင့် ...

"ဘာလို့ သူတို့ကို ပို့ခိုင်းရမှာလဲ"

သူ မေးတာကို မကြိုက်ဘူးဆိုတာ သိသာစေတဲ့ မျက်နှာလေးသံတို့နှင့် ပြန်မေးလိုက်တာပင်။ ဒါပေမဲ့ ဖြူနုငယ်က တွန့်မသွားဘဲ တလွင်လွင်ကလေး ရယ်မောလိုက်ရင်း ...

"ချောဆွဲပေါ့ အစ်မရဲ့၊ သူငယ်ချင်း ယောကျ်ားလေးတွေဆိုတာ ဒီလိုခိုင်းပေး ချောဆွဲပေးရမယ် မဟုတ်လား"

"မဆိုင်ဘူး ထင်ပါတယ်၊ တို့က သူငယ်ချင်းတွေကို ပေါင်းတာ အဲသလို ချောဆွဲဖို့ အစီအစဉ်နဲ့ ပေါင်းတာ မဟုတ်ဘူး။ တစ်ခါမှလည်း တကူးတက ပို့မခိုင်းဖူးပါဘူး၊ ကြုံကြိုက်ပြီး တစ်နေရာအတူသွားဖြစ်လိုက်တာမျိုးသာရှိတာ၊ တမင်တကာ တို့ကိစ္စကို လိုက်ပို့ပေးပါ ဆိုတာမျိုး ရှိကိုမရှိတာ"

ဘာကြောင့်များ ဒီကောင်မလေးအပေါ် မကြည်သာချင်ရတာလဲ ကိုယ့်ဟာကိုယ်ပင် သေချာမသိတော့ပါ။ သူ့လေသံအရ သူကတော့ မကြာခင် အောင်ပွဲတို့ ဝေလတို့ကို ချောဆွဲကာ ဆော့ကာ ဟိုဟိုဒီဒီ လျှောက်ပို့ခိုင်းတော့မှာပဲလို့ အကဲခတ်မိသွားပြီး မကျေနပ် မနာလိုမိတာမျိုး ဖြစ်မယ်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်လည်း အောင်ပွဲတို့ ဝေလတို့ကို အကူညီ မတောင်းချင်၊ မနိုင်းချင်၊ ချောမဆွဲချင်။ တခြားကောင်မလေး တစ်ယောက်က နောက်မှပေါ်တဲ့ ရွေကြာပင်ဖြစ်လာပြီး အကူညီတွေ တောင်းမှာ နိုင်းမှာ ချောဆွဲမှာကိုလည်း မကြည့်ဖြူ မနာလိုချင် ဖြစ်နေတာပင်။

"အဟင်းဟင်း ... မမကလည်း အေးလိုက်တာ"

အောင်မာ ... သူကများ လူကို အေးသလေး ဘာလေးနဲ့။

"အစ်မက အဲလို ခပ်အေးအေးချမ်းချမ်းလေးမို့ ကိုပွဲတို့ ကိုဝေတို့က အစ်မကို အရမ်းခင်ကြတာ နေမှာပဲနော်၊ ဖြူကကျတော့ ကောင်လေးသူငယ်ချင်းတွေကို အနိုင်းထူလို့ထင်တယ်၊ ရှိသမျှ ကောင်လေးသူငယ်ချင်းတွေလည်း ဖြူ့နားမကပ်ဘဲ ပတ်ပြေးနေကြတာ၊ အရေးကြုံရင် ဘယ်သူ့ကို ဘယ်သွားရှာရမှန်းတောင် မသိဘူး ... အဟိ"

အေးပေါ့။ နင် ဒီလို အနိုင်းထူလို့ ချောဆွဲလို့ပဲ နေမှာပေါ့။ မကြာခင် အောင်ပွဲတို့ ဝေလတို့လည်း ပြေးမှာပဲ။ မပြေးနိုင်ခင် နင့်ရဲ့ဖြူဖြူဥဥ ပိုးတောင့်တဲလေးလို ချစ်ရာအသွင်လျာလေးမှာ ငြိတွယ်ကျဆုံးမသွားဖို့ပဲ လိုတာ။

"နေပါဦး၊ တို့ကို ဘယ်လိုလုပ် သိနေလဲ"

"ဟယ် ... သိတာပေါ့၊ အမရ ဆိုတာ ကိုပွဲတို့ ကိုဝေတို့ အရေးအထားဆုံး ချစ်သူငယ်ချင်းမလေးပဲဟာ၊ သိတာပေါ့"





"အဲဒါက စကားအရ ကြားဖူးတာလောက်ပဲ ရှိတာမဟုတ်လား၊ မြင်တာနဲ့ တို့မှန်း ဘယ်လိုလုပ် တန်းသိတာလဲ"

"မြင်ဖူးတယ်လေ"

"ဖျတ်ခနဲလောက်ပါပဲ၊ နောက်ပိုင်းတွေက အဝေးကြီးက လှမ်းမြင်တာ သဲကွဲတာမှ မဟုတ်တာ"

"အစ်မက မသိပေမယ့် ဖြူက အစ်မကို သေချာမြင်ဖူးအောင် လိုက်ကြည့်ထားပါတယ်"

"ဟင် ...၊ ဘာလုပ်ဖို့ လိုက်ကြည့်ရတာလဲ"

"မြင်ဖူးချင်၊ ခင်ချင်လို့ပါ"

"ဘာဖြစ်လို့ ခင်ချင်ရတာလဲ"

"အစ်မက ကိုဝေနဲ့ ကိုပွဲရဲ့ အရေးပါတဲ့ သူတစ်ယောက်မို့လို့ သူတို့နဲ့ ခင်မင်ရင်းနှီးချင်ရင် အစ်မကို ပစ်ဝယ်ပြီး ချန်ရစ်ထားခဲ့လို့ မရဘူးဆိုတာ ဖြူ သိတာပေါ့"

"မလိုပါဘူး၊ မဆိုင်ပါဘူး ဖြူနုငယ်၊ သူတို့ကို ခင်ချင်တာနဲ့ပဲ တို့ကိုပါ အသားလွတ် အခြောက်တိုက် လိုက်အရောဝင်ဖို့ မလိုပါဘူး"

"အဲလိုကြီး သက်သက်တော့ မဟုတ်ပါဘူး အစ်မရဲ့၊ သူတို့နဲ့ ခင်ချင်တော့ သူတို့နဲ့ခင်တဲ့ တခြားသူကိုပါ ခင်လိုက်တဲ့သဘောပါ၊ အစ်မကိုလည်း ဖြူက မြင်မြင်ချင်း ခင်လို့ပါ"

အမရက ခပ်ချဉ်ချဉ်နှင့်ပင် ...



www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်ကို ခင်မင်ဖို့ကိစ္စက အဲလောက်တော
ရတ်တရက် လျှပ်တစ်ပြက် အလွယ်တကူ ဖြစ်နိုင်လာ
တို့အတွက်တော့ မဖြစ်နိုင်ဘူး၊ တို့က ဘယ်သူ့ကို
အဲလောက်ကြီး မြန်မြန်ဆန်ဆန် အလွယ်တကူ မခင်နိုင်
ဘူး"

"ဖြူ့ကိုရော"

အလိုလေး။ ပေါ်တင်ကို မေးတာပါပဲလား။ သူ
မျက်နှာပြောင်မှတော့ ကိုယ်ကလည်း ပြောင်မှပဲ ဖြစ်တော့
ပေါ့။

"ခေါ်ပြော ဆက်ဆံဖြစ်ရင်းကနေ ကိုယ်နဲ့ စိတ်ချင်းတူ
တဖြည်းဖြည်းနဲ့တော့ ခင်လာနိုင်တာပေါ့၊ မြင်မြင်ချင်
တော့ ခင်ကို မခင်တတ်တာ"

"ဒါဖြင့် အစ်မနဲ့ ခင်လို့ရအောင် များများလေး ခေါ်ပြော
ဆက်ဆံပေးမှ ဖြစ်မယ်ထင်တယ် အစ်မ"

ဖွင့်ပါပဲလား။ သူက ဖွင့်ပြောလေ အမရကအပြ
ကတ်လေပင်။ သူဟာ အရောဝင်ဖို့လွယ်တဲ့ ဝေလကို မပြော
အံ့ရောဝင်ဖို့မလွယ်တဲ့ အောင်ပွဲကိုတောင် ဖွင့်တူရွက် အရော
ထားတဲ့သူပဲ။ အန်တီဂျူလီ ကောက်ချက်ချထားတာကို နားထော
ပြီးတဲ့နောက် ကားမောင်းသင်တာဟာတောင်မှ ရိုးရဲ့လား
အမရလည်း သံသယဝင်မိသည်လေ။ အန်တီဂျူလီလည်း ပါ
တဲ့ အမျိုးသမီးကြီးပဲ။





ကားမောင်းတတ်ရဲ့သားနဲ့ ကားမောင်း သင်ဖို့
အကြောင်းပြပြီး အောင်ပွဲနဲ့ ရင်းနှီးအောင်လုပ်၊ အဲဒီကတစ်ဆင့်
ဝေလနဲ့ ရင်းနှီးအောင်လုပ်တာဆိုရင် သူ့ရဲ့တကယ့်ပစ်မှတ်က
ဘယ်သူလဲ။ အောင်ပွဲလား၊ ဝေလလား။

အမရက ဖြူနုငယ်ကို အင်တင်တင်ကြည့်ကာ ...

"မင်းပုံစံက တကယ် ခင်လို့ မင်လို့ အလိုအလျောက်
ရင်းနှီးသွားတာ မဟုတ်ဘဲ မဖြစ်မနေ အရေးတကြီး ခင်
ကိုခင်မှ ဖြစ်မယ်ဆိုတာမျိုး ဖြစ်နေတာပါလား"

"အဟီးဟီး ... အဲလိုတော့ မဟုတ်ပါဘူး အစ်မရဲ့"

"ဒါပေမဲ့ ဝေလနဲ့ အောင်ပွဲကို ခင်ချင်လို့တော့ တို့ကိုပါ
ဆွဲကပ်ပြီး မခင်မဖြစ် ခင်လိုက်ရတယ် ဆိုတာမျိုး မလို
အပ်ပါဘူး၊ ကိုယ့်ဟာကိုယ် စိတ်လွတ်လွတ်လပ်လပ်နဲ့
ခင်ချင်တဲ့သူကိုပဲခင်ပါ၊ ရပါတယ်"

အမရက ပြောပြီးပြီးချင်း မလှမ်းမကမ်းနားလေးမှာ
ထိုင်တွေ့ကြည့်နေတဲ့ မေမေ့ဘက် လျှောက်ထွက်လာခဲ့ပါသည်။
ထိုသော် ဖြူနုငယ်က အမရရဲ့နောက်သို့ အပြေးကလေး ကပ်ပါ
လာခဲ့ရင်း ...

"ဟင့်အင်း ... အစ်မကိုလည်း ခင်မှာ၊ အဟီး"

ရော် ...။

ခက်နေပါပေါ့လား။

"အစ်မနာမည်ကို ကြားကတည်းက ခင်ချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ !"

"အမရာ ဆိုတဲ့ နာမည်တော့ မှည့်တာများလို့ ကြားဖူးတယ်လေ၊ အစ်မက အမရတဲ့၊ ကိုပွဲက ပြောတယ် နာမည်မှာ သရတွေမပါပဲ ဗျည်းတွေချည်းပဲပါလို့ အဲဒီ အမရ ဆိုတဲ့သူငယ်ချင်းကို သူက တစ်ခါတလေ ချစ်စနိုးနဲ့နောက်ပြီး 'ဗျည်း'လို့ခေါ်တယ်တဲ့"

အမယ် ...။ အောင်ပွဲက ကိုယ့်ကွယ်ရာမှာ ကိုယ့်အကြောင်းကို ပြောလေ့ရှိတယ်ပေါ့။ ချစ်စနိုးနဲ့တဲ့။ အမရာ တစ်မျိုးလေးသော ခံစားချက်နှင့် ဖြူနုငယ်ကို လှည့်ကြည့်မိသည်။

"ကိုပွဲ အဲလိုပြောတာ ကြားပြီးကတည်းက ဖြူက အစ်မကို ချစ်နေတာ၊ ကိုပွဲက ချစ်စနိုးလေးဆိုတော့ ဖြူကလည်း ချစ်စနိုးလေးပေါ့ ... အဟဲ"

ဘယ်လိုကောင်မလေးပါလိမ့်။ အမရသည် အမြဲ ကတ်ကတ်ကြားကပင် ရယ်ချင်သလိုလိုဖြစ်ကာ ဒီကောင်မလေးကို သူပါ လှစ်ခနဲ ချစ်စနိုးစိတ် ပေါက်လိုက်မိသည်။

"အစ်မကို ကိုပွဲရော၊ ကိုဝေရောက သိပ်ချစ်တာ၊ သူတို့ ပြောတဲ့ စကားတွေထဲမှာ အစ်မနာမည် မပါတာမရှိဘူး၊ ဖြူက ဖြူနဲ့လည်း အဲလိုခင်ချင်တာ"

ဘယ်လိုပါလိမ့်။ ရူးများနေရော့လား။ ယောက်ျားလေးနှစ်ယောက်ကို ဖွတ်အတင်းပဲ သူကစလို့ ခင်ချင်နေတာလား





ဘာအကြောင်းကြောင့်ပါလိမ့်။ သူတောင် ဒီလောက်ပွင့်ပွင့်လင်းလင်း ပြောနေသေးတာ ကိုယ်လည်း ခပ်ဘွင်းဘွင်း မေးချလိုက်ဖို့ အမရက ဆုံးဖြတ်ရင်း ...

"တို့တောင် အခု စဉ်းစားနေမိတာ၊ ဖြူနုငယ်က အောင်ပွဲဆီ ကားမောင်းသင်မိရာကတစ်ဆင့် ခင်မင်ကြဖို့ ဖြစ်လာတာလား၊ အောင်ပွဲနဲ့ ဝေလကို ခင်ချင်မင်ချင်လို့ အောင်ပွဲဆီမှာ ကားမောင်းသင်လိုက်တာလား ဆိုတာလေ"

ဖြူနုငယ်က စက္ကန့်ပိုင်းမျှ အငိုက်မိသလို ဖြစ်သွားရင်း ...

"အဟား ဟား ... အစ်မက ပြေးတယ်နော်"

"ဘာပြေးတာလဲ"

"ဒါပြေးတာလေ"

ဖြူနုငယ်က နားထင်ကို လက်ညှိုးလေးကွေးပြီး ဘတောက်တောက် ခေါက်ပြလိုက်တာပင်။

"ဒီလောက်နဲ့ ဒါပြေးတယ်လို့ ပြောလို့မဖြစ်ဘူး ထင်ပါတယ်၊ တို့တင်မဟုတ်ပါဘူး၊ တို့အားလုံး အဲလိုပဲ တွေးမိနေတာပါ၊ အောင်ပွဲတို့ ဝေလတို့ရောပဲပေါ့"

"သင်ချင်လို့ သင်တာပဲဖြစ်ဖြစ်၊ ခင်ချင်လို့ သင်တာပဲဖြစ်ဖြစ် အစ်မရယ်၊ ကိုပွဲရယ်၊ ကိုဝေရယ်ကို ဖြူ တကယ်ခင်တာပါ၊ ပြီးတော့ အခု အစ်မလည်းပါတယ်၊ အစ်မသိ စကားပြောကြည့်တော့ ပိုခင်ဖို့ကောင်းတယ်"

www.burmeseclassic.com



"ခင်ချင်လို့သင်တာ ဆိုရင်တော့ ဖြူနုငယ်က အောင်ပွဲတို့နားကို ရည်ရွယ်ချက်တစ်ခုခုနဲ့ လှည့်စားပြီး ချဉ်းကပ်ခဲ့တာလို ဖြစ်နေပြီလေ၊ တကယ်ပဲ သူတို့နဲ့ ဖြူဖြူစင်စင် ရိုးရိုးသားသား စစ်စစ်မှန်မှန် ခင်ချင်တာဆိုရင်တော့ သူတို့အပေါ် လှည့်စားမှုမရှိဖို့ လိုတယ်နော်၊ လူတိုင်းက ကိုယ့်အပေါ် တကယ်ခင်မင်တဲ့ အပေါင်းအသင်း သူငယ်ချင်းမျိုးကိုပဲ သဘောကျမှာထင်တယ်၊ အကြောင်းတစ်ခုခုကြောင့် အတင်းလာပေါင်းတဲ့သူကို သိပ်သဘောကျမယ် မထင်ဘူး"

အမရ စကားကြောင့် ဖြူနုငယ်က တစ်ချက်ကလေး ငိုင်တွေတွေ စဉ်းစားလိုက်ရင်း ...

"ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်စိတ်ရင်း သဘောထားက ဖြူစင်သန့်ရှင်းရင်တော့ ပြီးတာပဲပေါ့ အစ်မရဲ့၊ မဟုတ်ဘူးလား"

ချက်ချင်းပဲ ဖြူးဖြူးရွှင်ရွှင် ပြန်ဖြစ်သွားကာ အမရနောက်ကပဲ ကွေ့ပတ်လျှောက်ကာ လိုက်ပါလာသည်။ အမရက အိတ်တစ်လုံးကို ကြည့်နေတဲ့ မေမေ့နား ရပ်လိုက်လျှင် ...

"ဒါအစ်မရဲ့မေမေပေါ့နော်"

"အင်း"

"အန်တီကလည်း ချောတာပဲနော်၊ တကယ်တော့ အမေချောလို့ သမီးချောတာပေါ့နော် အန်တီ၊ အဟင်းဟင်း"





ဘယ်သူပါလိမ့်လို့ ပြုံး၍လှည့်ကြည့်သော မေမေ့ကို ...

"ဖြူနုငယ်တဲ့ မေမေ၊ အောင်ပွဲ ဟိုးတလောက ကားမောင်းသင်ပေးတဲ့ ကောင်မလေးလေ"

"သြော် ... ဟုတ်လား၊ ကားမောင်းသင်တာ တတ်သွားပြီလား သမီး"

"ဟုတ်ကဲ့ အန်တီ၊ တတ်သွားပါပြီ"

ဒေါ်သဉ္ဇာက ကလေးဆန်တဲ့ အပြုံးမျက်နှာလေးနှင့် [illegible]နုငယ်ကို စေ့စေ့ကြည့်ရင်း ...

"သမီးက ချစ်ရာလေးပဲ၊ ငယ်ဦးမှာပေါ့နော် ... ဟုတ်လား"

"ဟုတ် ... အစ်မတို့ ကိုပွဲတို့ ကိုဝေတို့ထက်တော့ ငယ်ပါတယ်၊ ဒါပေမဲ့ ကိုယ့်ဟာနဲ့ကိုယ်ဆိုရင်တော့ မငယ်တော့ပါဘူး အန်တီ ... အဟီး၊ သမီးက အသက်နှစ်ဆယ်ရှိပါပြီ"

"သြော် ... အန်တီက ခုမှ ဆယ့်ရှစ်နှစ်လောက် ထင်နေတာ"

"သမီးက ရှစ်ဆယ့်ကိုးခုနှစ်မွေးတာ အန်တီ၊ နောက်လထဲမှာ သမီးအသက်နှစ်ဆယ်ပြည့်မှာ၊ မွေးနေ့ကျရင် ကိုပွဲတို့ ကိုဝေတို့ အစ်မတို့ကို ဖိတ်ဦးမယ်နော်၊ လာနော် ... အစ်မ၊ လာရမယ်နော်"

အမရက မဖြေဘဲ ပြုံးပဲပြုံးနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးက အစ်မကိုလည်း ခင်ချင်လို့ပါ အန်တီရယ် အဲဒါ အစ်မက ပြောတယ်၊ သူက အလွယ်တကူ မခင် တတ်ဘူးတဲ့၊ ဖြူ့ကိုလည်း မြင်မြင်ချင်း မခင်ဘူးတဲ့ နောက်မှပဲ တဖြည်းဖြည်း ခင်ရင်ခင်လာမှာတဲ့"

သူ့သမီးဟာ ဒီလိုပြောဆိုလေ့မရှိတာ သိ၍ ဒေါ်သဥ္ စ က အမရကို အံကဲခတ်ကာ ရယ်မောပါသည်။ အဲဒီဆိုင်ထဲ ထွက်လာကြလည်း ဖြူနှင့်ယဉ်ဟာ သူတို့သားအမိနောက်က အတူ ကပ်ပြီး စကားရော ဖွဲ့ရောပါလာသည်။ သူတို့ဝင်တဲ့ဆိုင်ေ လိုက်ဝင်။ သူ့မှာ ရှာကြံပြောစရာ စကားတွေလည်း ရှိပဲရှိနိုင်လွ ပါသည်။

မေမေနှင့်တော့ အချီအချပင်။ မေမေကလည် စကားပြောဖော်သာရှိလျှင် မုန့်တစ်မျိုးပြီးတစ်မျိုး ချကျွေးပြ တမေ့တမော ပြောတတ်သူမျိုး ဖြစ်လေရာ နှစ်ယောက်သ စကားလမ်းကြောင်း တည့်နေသည်။ ဂျုန်းပွဲမှာ စိတ်ကြိုက်ယ လို့အပြီး ပြန်ကြတော့မည်လုပ်တော့ ဖြူနှင့်ယဉ်က သူလိုက်ပို့ေ ဆိုသည်။ အမရတို့က ငြင်းလည်း အတင်းအကျပ်ပင် ...

"အစ်မကလည်း၊ ဒီနားလေး နီးနီးပဲ ပို့ရမှာတို ဘာ အားနာမနေပါနဲ့၊ ဖြူလည်း အဲဒီက ဖြတ်ပြန်ရမှာပဲ ဂျုန်ရှင်အိတ်ဖက် ခဏချိုးဝင်လိုက်ရတာပဲရှိတယ်၊ အဝေ မကြီးတာ"





"ဒါပေမဲ့ ကားငှားရင်လည်း လွယ်ပါတယ်၊ တစ်ထောင်ပဲ ပေးရတာ၊ ညီမ အပြန်နောက်ကျနေလိမ့်မယ်၊ ကိုယ့်ဟာ ကိုယ်ပြန်လိုက်ပါ"

"အာ ... နောက်လည်းမကျဘူး၊ နောက်ကျလည်း ဘာမှ မဖြစ်ဘူး၊ ကားငှားဖို့မလွယ်လို့ လိုက်ပို့တာမှ မဟုတ်တာ၊ လွယ်လွယ်ခက်ခက် ခင်မင်တဲ့ မိတ်ဆွေတွေအဖြစ် လိုက် ပို့တာပါ အစ်မရဲ့"

ဘယ်လိုမှ ငြင်းမရ ပြုမရဘဲ မေမေ့လက်ကိုပါ အတင်းဆွဲကာ သူ့ကားဆီ ခေါ်လာပါသည်။ ဝေလတို့ပြောတဲ့ ဘယ်လ်ဒီးနားဆိုတဲ့ကားကိုလည်း ဪ ... ဒီကားပါလားဟု ခုမှပဲ သိရပါသည်။ မော်ဒယ်လ်မြင့်မြင့် ကားကောင်းကောင်း ကြီးကို ကျွမ်းကျင်စွာ မောင်းနှင်ပုံနှင့် မြင့်မားတဲ့ အဆင့်အတန်း အသိုင်းအဝိုင်းက သူဌေးသမီးကလေးဖြစ်ကြောင်း သိသာနေစေ သည်။

သူ့ရဲ့အဝတ်အစား၊ အသုံးအဆောင်၊ အိတ်၊ ဖိနပ် တွေ၊ ကားထဲမှာ ခင်းကျင်းပြင်ဆင်သ,ထားပုံတွေ ကြည့်တာနှင့် ချမ်းသာကြွယ်ဝမှုကိုလည်း မှန်းဆနိုင်နေတာပင်။ လူလေးကလည်း ချစ်စရာကောင်းကာ နောက်ခံဘက်ဂရောင်းကလည်း တောင့်တင်း ပြည့်စုံ လိုတရနေတဲ့ ဒီကောင်မလေးရဲ့ သည်းသည်းလှုပ် လိုက် ခင်ခင်ပတ်သက်နေမှုကို အောင်ပွဲတို့ ဝေလတို့ ဘယ်လောက်များ ဆောင့်ခံနိုင်ကြမလဲ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေနှင့် ခင်မင်ခဲ့တဲ့ အောင်ပွဲ၊ ဖြူနုငယ်ကိုတော့ လိုက်လျောရင်းနှီးနေရတာကိုတွေးပြီး စိတ်ထဲ တင်းကျပ်သလိုလို မနာလိုသလိုလို ဖြစ်လိုက်၊ ကောင်မလေးရဲ့ ပကတိအရင်းခံ ချစ်ခင်စရာ ဟန်ပန်မူရာလေးကို ချစ်စနိုးလိုလို ဖြစ်လိုက်နှင့် အမရ ရင်ထဲ ဗျာများနေပါသည်။

○❤○





## ၇

"ဟော ... လာပြီ"

ဟွန်းသံ တီခနဲကြောင့် အောင်ပွဲက ပြောလိုက်လျှင် ...

"သားရယ် ဒီတစ်ခါတော့ ခြံထဲတင်ရပ်ပြီး သူလာပေးတဲ့ ငါးရဲ့ခြောက်တွေ မယူပါနဲ့၊ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့၊ သူကတကူးတက လက်ဆောင်လာပေးနေတာကို အိမ်ပေါ်လေးတော့ ခေါ်ထိုင်နိုင်းပါဦး သားရဲ့"

"တကယ်ရှုပ်တယ် အဲဒီကောင်မလေးက၊ လာပေးနဲ့ဆိုလည်း ဖွတ်ပဲလာတာပဲ၊ အိမ်ပေါ်ခေါ်ထိုင်နိုင်းရင် ပိုရောင့်တက်ဦးမယ်၊ ကိုယ်က ဘယ်လိုပဲရိုးရိုး ကြာရင် အမရကအထင်လွဲလာတော့မယ် မေမေရ"

ဒေါ်နေခြည်က သားဖြစ်သူကို ပြုံးပြီးမျက်စောင်းထိုးယသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုတောင် အမရက ဒီကောင်မလေး ကျန်တော့်ကိုကြိုက်တာလား၊ ဝေလကို ကြိုက်တာလား ဆိုတာ သေချာလေ့လာ အကဲခတ်နေတာ"

"ဘယ်သူ့ကို ဘယ်လိုရည်ရွယ်နေတာလဲ မေမေလည်းသိချင်တယ်"

"ဝေလကို ဖြစ်မှာပေါ့"

အောင်ပွဲရဲ့ အလွှတ်ရန်း ရှောင်ထွက်ပုံကို ဒေါ်နေခြည်က သဘောတကျ ရယ်မောနေရင်း ...

"ဒီတစ်ကြိမ်တော့ အိမ်ပေါ်ထိုင်နိုင်းလိုက်ပါ သားရယ်၊ အားနာစရာကြီး"

"မေမေကလည်းဗျာ၊ အဲဒါ နောင်အမြဲ လာတော့မှာ"

သားအမိနှစ်ယောက် ပြောမဆုံးခင်ပဲ ကားက ပေါ်တီကိုအောက် ဝင်လာပါပြီ။ အောင်ပွဲက မှုန်ကုပ်ကုပ်မျက်နှာနှင့် အိမ်ထဲက ထွက်လိုက်ရင်း ...

"လာပေးမနေပါနဲ့တော့ဆိုတာ ပေးဖြစ်အောင် လာပေးသေးတယ်"

"ကိုပွဲ မကြိုက်ပေမယ့် အန်တီတို့ အန်ကယ်တို့ လူကြီးတွေ ကြိုက်မှာပေါ့လို့၊ ငါးရံ့ခြောက်မကြိုက်တဲ့ ဗမာလူမျိုး ရှိလား၊ ပြော ...၊ တကယ့်အကောင်းစားကြီးတွေ ရှယ်တွေ ရလို့ ဖြူက လာပေးတာပါ"





ဒေါ်နေခြည်က အောင်ပွဲနောက်က ထွက်လိုက်လာရင်း ...

"ကဲ ... ကဲ ... လာ ... သမီး လာ၊ အိမ်ပေါ်လာထိုင်ခိုင်းဦး၊ တကူးတက လာပေးတော့ သားက အားနာလို့ပါ သမီးရဲ့"

"ဒီမှာ အန်တီ"

ဖြူနုငယ်က သူ့ကားနောက်ဘက်ခန်းထဲက ငါးရံ့ခြောက်နှစ်ချပ်ထဲသာပါသော အတွဲတစ်တွဲကို ဆွဲထုတ်လိုက်လျှင် ဒေါ်နေခြည်မှာ ရင်ဘတ်ဖိရင်း ...

"အံမယ်လေး ... ငါးရံ့ခြောက်ကြီးတွေက ကောင်းလိုက်တာ"

"အရမ်းကောင်းလို့ သမီးက အန်တီတို့ကို လက်ဆောင်ပေးချင်တာ အန်တီရဲ့၊ ဒါမျိုးကြီးတွေက အမြဲရတာမဟုတ်ဘူး၊ ဒါ ရောင်းတန်းအတွက် ပါလာတာ မဟုတ်ဘူး၊ သမီးတို့အိမ်စားဖို့ဆိုပြီး အင်းထဲက စပါယ်ရှယ်လုပ်ပေးလိုက်တာ အန်တီ၊ ကိုပွဲတို့အိမ်၊ ကိုဝေတို့အိမ်၊ ပြီးတော့ မအမရတို့အိမ်ဖို့လည်းပါတယ် အန်တီရဲ့"

"ဟုတ်လား"

ငါးရံ့ခြောက်ပြားကြီးဟာ လူကြီးလက်တစ်ဝိုင်းစာ ... ကော၊ ဒေါ်နေခြည် လက်နှစ်ဖက်ကို ကွေးဝိုင်းဆက်ကာ လက် ... ယ်ထိပ်ကလေးချင်း ထိထားနိုင်တဲ့ အဝန်းအဝိုင်းထက်ကို ... သေးတဲ့ အသားထူ ငါးရံ့ခြောက်ကြီးတွေ။ တစ်ပြားတည်း ... ယ်သားလောက်တောင် ရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အသားချည်းပဲ အန်တီ၊ မီးဖုတ်ပြီး ရေနွေးကြမ်းလေးနဲ့

မြည်းနော်"

"အေးပါ သမီးရယ်၊ အားနာစရာ ကောင်းလိုက်တာ

သမီးတို့အိမ်က လူကြီးတွေ စားပါစေကွယ်"

"အများကြီး ပါပါတယ် အန်တီရဲ့၊ အိမ်စားဖို့ရော လက်

ဆောင်ပေးဖို့ရော တစ်ပုံကြီးပဲ၊ အိမ်မှာတော့ ငါးရံ့ခြောက်

ငါးကျည်းခြောက်၊ ငါးပုပ်ခြောက်ဆိုတာ တစ်မုန်းပဲ၊ စား

တောင်မစားချင်ဘူး၊ ဖြူးဆို အနံ့တောင် မခံချင်တော့ဘူး

မေမေက တစ်ခါတလေ ပွဲရုံလိုက်ခဲ့လို့ခေါ်ရင် သိပ်စိတ်

ညစ်တာပဲ၊ ခေါင်းတွေကိုက်လို့၊ အနံ့တွေရှူရတာနဲ့တင်

သွေးတိုးတယ်"

ဧည့်ခန်းထဲ ဝင်ထိုင်ရင်း စကားအမျှင်မပြတ်

ဖြူနုငယ်ကို အောင်ပွဲက စိတ်ရှုပ်ရှုပ်နှင့် မျက်ခုံးတွန့်ကြည့်နေ

ပါသည်။ ဘယ်လိုဟာမလေးပါလိမ့်။ ဘာမှန်းကိုမသိတာ။ တစ်နေ

တော့ ... ခုနပဲလို့သာ တွေးနိုင်လျက် ဘာတစ်ခုခုလဲဆော

ဘယ်လိုမှ ဉာဏ်မမီတာပါ။

စကားခပ်များများ ရှုပ်ယှက်ခတ်နေတတ်တဲ့ မိန်း

ကလေးတွေကို စိတ်လည်းမရှည် မျက်စိလည်းနောက်၊ သဘော

လည်းမကျတတ်တဲ့ အောင်ပွဲသည် ဒီဖြူနုငယ်ဆိုတဲ့ ငတိမလေး

ကိုကျတော့ ဘာကြောင့်မှန်းမသိဘဲ ခွင့်လွှတ်မှန်းမသိ ခွင့်လွှတ်

မိရပါသည်။ စိတ်မရှည်လှပေမယ့်လည်း တင်းတင်းမာမာ



မောင်းမထုတ်ရက်သည်မှာ ဘယ်လို ရေစက်မျိုးများကြောင့်လဲ

စဉ်းစားမရပါ။

"အန်တီ ကြိုက်တယ် မဟုတ်လားဟင်"

"ကြိုက်တာပေါ့ သမီးရယ်၊ သမီး ပြောသလိုပဲ၊ ငါးရံ့ခြောက်

ဖုတ် မကြိုက်တဲ့ မြန်မာ ရှိလားဆိုသလိုပေါ့၊ ကြိုက်တာ

ပေါ့၊ ဒါပေမဲ့ ဒီလောက် ခေါင်အရွယ်ကြီးတွေ တန်ဖိုး

လည်း နည်းမှာမဟုတ်ဘူး၊ အားနာတယ်ကွယ်"

"ဘာအားနာစရာရှိလဲ အန်တီကလည်း၊ ခင်နေကြတဲ့သူ

တွေပဲဟာ၊ သမီးအမေက ငါးခြောက် ပုစွန်ခြောက် ပွဲရုံ

မဟုတ်ဘဲ အန်တီက ငါးခြောက် ပုစွန်ခြောက်ပွဲရုံကို ပိုင်

တာဆိုရင်လည်း သမီး အချိန်မရွေး တောင်းစားလို့ရမှာ

ပဲ မဟုတ်လား အန်တီ"

"အေးပေါ့ သမီးရယ်၊ ဒါပေါ့"

"အဟီး ဟီး"

"အပြောလေးတွေကတော့ ညွှန့်နေတာပဲ၊ ဒါပေမဲ့ ခင်ဗျား

လေး ဘာကိုရည်ရွယ်နေတာလဲ ဆိုတာသာ စဉ်းစားမရတာ"

"ဩော် ... သားကလည်း"

"ဟုတ်တယ်လေ၊ ကားမောင်းသင်သလိုနဲ့ ရင်းနှီးလာတာ၊

ကားမောင်းကလည်း အရင်ကတည်းက တတ်ပြီးသားလို့

တောင် ထင်မိတယ်၊ ဖွတ်ရင်းနှီးတာကလည်း မြန်ဆန်လွန်း

တော့ မျက်စိတွေလည်ပြီး ဘယ်လိုနားလည်ရမလဲ မသိဘူး"

www.burmeseclassic.com



"ဘာမှတွေးမနေနဲ့ ကိုပွဲ၊ ဖြူက ကိုပွဲကို မြင်မြင်ချင်း အရမ်းခင်လို့ပါဆို"

"ဝေလကိုလည်း ဒီလိုပဲ မဟုတ်လား"

"အင်း ... ကိုဝေလလည်း ခင်ဖို့ကောင်းတာပဲဟာ"

"အခု စာရင်းထဲမှာ အမရလည်း ပါလာပြီပေါ့"

"အင်းလေ ... ကိုပွဲရော ကိုဝေရော အရေးပေး အလေးထားတဲ့ အစ်မကြီးဆိုတော့ ဖြူလည်း အာရုံစိုက်ရတာပေါ့၊ အာရုံစိုက်လိုက်တော့ အစ်မကလည်း အရမ်းခင်ဖို့ကောင်းနေပြန်တာပဲ"

"မခင်ချင်တဲ့သူရော ရှိရဲ့လား"

"ဟင့်အင်း ... အဟီး"

"ဒါပေမဲ့ ဒီလို ငါးရံ့ခြောက်ကြီးမျိုး သုံးတွဲ အိမ်ကနေ သယ်လာတာ အိမ်ကလူကြီးတွေက ဘယ်လိုထင်ကြမလဲ၊ သူတို့သမီး ကလေးသာသာကို ချော့ပေါင်းပြီး ကပ်စားနေတယ်ထင်တော့မှာပဲ၊ ဘယ်သူ့ကို သွားပေးမယ်ဆိုတာရော အိမ်က သိရဲ့လား"

"သိပါတယ် ကိုပွဲကလည်း၊ ကိုပွဲရယ်၊ ကိုဝေရယ်၊ မအမရရယ် ဒီသုံးယောက်ကို ပေးမလို့ဆိုတာ မေမေလည်းသိတယ်၊ ဖေဖေလည်းသိတယ်၊ နေပါဦး ကိုပွဲရ၊ ဒီငါးခြောက်လေးပေးမိတာကို ဘာဖြစ်လို့ ဒီလောက် စိတ်ညစ်နေရတာလဲ၊ ဘယ်လောက်များရော တန်ဖိုးသိပ်ကြီးနေလို့လဲ၊ ငါး





ခြောက်လက်ဆောင်ပေးတာပါနော်၊ စိန်လက်စွပ်လက်ဆောင်ပေးမိတာ ကျနေတာပဲ ဖြစ်နေတာ၊ ငါးခြောက်ပွဲရုံလုပ်ပါတယ်ဆိုမှ အိမ်မှာ ငါးပိ ငါးခြောက် ပုစွန်ခြောက်ဆိုတာတွေက ဖောချင်းသောချင်းပဲ၊ ဘယ်သူ့ပေးပေး ဘာမှမဖြစ်ဘူး၊ ဘာမှအရေးမကြီးဘူး"

"ခင်ဗျားအဖေအမေတွေက ဒီလူတွေကို သိလို့လား"

"အင်း ... သိတာပေါ့"

"ဘာတွေပြောထားလို့လဲ"

"ဒီလိုပါပဲ၊ ကိုဝေနဲ့ ကိုပွဲကို ကောင်းကောင်းသိကြတယ်"

အောင်ပွဲက မျက်ခုံးပင့်ရင်း ...

"ဘာဖြစ်လို့လဲ"

ဖြူနုငယ်က ပခုံးလေးတစ်ချက်တွန့်ကာ ...

"ဒီလိုပဲလေ၊ အကြောင်းတိုက်ဆိုင်ပြီး သိတယ်"

"မင်း လျှောက်ပြောထားလို့ပေါ့ ! "

ဖြူနုငယ်က ဒေါ်နေခြည်ဘက် ခေါင်းလေးငဲ့ကြည့်ကာ ...

"အန်တီရယ် ... သမီးက ကိုယ်နဲ့သိတဲ့ အပေါင်းအသင်း မိတ်ဆွေတွေကို အိမ်မှာ မိဘကို ပြန်ပြောတယ်ဆိုရင်လည်း အဲဒါ လိမ္မာလို့ပေါ့နော် ... အန်တီနော်"

ဒေါ်နေခြည်က အလိုက်သင့် ခေါင်းညိတ်ပြုံးရင်း ...

"ဒါပေါ့ သမီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းမှာ အပေါ်ထပ်လှေကားမှ အောင်ပွဲရဲ့ညီ[illegible] လေး ခင်အေးချမ်းက သူ့ဆရာမနှင့်အတူ ဆင်းလာပါသည်[illegible] ဒေါ်နေခြည်က ဆရာမဘက် လှည့်ရင်း ...

"ပြီးသွားပြီလား တီချာရေ၊ တီချာ့တပည့် ဒီနေ့ ကျော[illegible] မှာ သချ်ာဖြေတာ လျှမ်းလာတာ ပြောပြသေးလား"

"ဟုတ်တယ် ... ပြောတယ် အစ်မ၊ သေချာတွက်ထား[illegible] တွေလေ၊ သေချာပြန်မစစ်လိုက်လို့ မှားတာတဲ့ နမြော[illegible] ကြီး၊ စာမေးပွဲကြီးကျရင်တော့ ဒီလိုမလျှမ်းဖို့ သေချာ[illegible] ရမယ် အစ်မရယ်"

"ရိုက်သာရိုက် တီချာရေ၊ လျှမ်းတတ်တာများ အစ်[illegible] တခြားစီပဲ၊ သူ့အစ်ကိုက သိပ်တီကျသေချာတာ၊ ဆ[illegible] တန်းမှာ သချ်ာတစ်ရာရတာ တီချာရဲ့"

ဖြူနုငယ်က ပါးစပ်လေးဟ,ကာ ...

"ဟယ် ... တော်လိုက်တာ ကိုပွဲက၊ သချ်ာတစ်ရာတဲ့"

ဆရာမက နှုတ်ဆက်ပြန်သွားပြီမို့ ဒေါ်နေခြည်[illegible] ဒီဘက်ပြန်လှည့်ကာ ...

"အောင်ပွဲက ဘာမဆို တိကျရေရာတယ် သမီးရဲ့၊ ဆ[illegible] တန်းတုန်းကလည်း ဘာမှ သိပ်ပြောမနေရဘူး၊ သူ့[illegible] သူကို စာလုပ်နေတာပဲ၊ ဒီသမီးအငယ်မ,လေးက[illegible] စာကျက်လေးကလည်း ပျင်းချင်တာနဲ့၊ စာမေးပွဲဖြေ[illegible] လည်း လျှမ်းရတာနဲ့၊ မေးခွန်းအဖတ်လွဲရတာနဲ့"





ဒေါ်နေခြည်က သူ့နံဘေး လာဝင်ပူးကပ်ထိုင်လိုက်[illegible] သော ခင်အေးချမ်းကို သိုင်းဖက်လိုက်ရင်း ချစ်စနိုးပြောသည်။ [illegible]င်အေးချမ်းကလည်း အမေ့ခါးကို ပြန်ဖက်ထားရင်း ခွေ့သည် [illegible] အကဲခတ်နေပါသည်။

"ညီမလေးက ကိုပွဲနဲ့ ရုပ်ချင်းမဆင်ဘူးနော်"

"အငယ်မ,က သူ့အဖေနဲ့တူတာ သမီးရဲ့"

"ကိုပွဲကကျတော့ အန်တီနဲ့လည်း မတူပါဘူး"

"အောင်ပွဲက နှစ်ယောက်မျှပြီး တူတယ်ပဲ ပြောရမလား မသိဘူး၊ အဖေနဲ့ တူတယ်၊ အမေနဲ့ တူတယ်လို့တော့ ပြောလို့မရဘူး၊ သူ့ဟာသူ တစ်ဘာသာ၊ ဒါပေမဲ့ သူ့အဖေ ဘက်က အဖွားနဲ့တူတယ်လို့တော့ ပြောရင်ရတယ်၊ မျက်ခုံး မွေး မျက်တောင်မွေးတွေ အများကြီးပေါက်တာ၊ အဲဒါ အဘွားတူတာ၊ လက်ဖျံမှာလည်း အမွေးလေးတွေနဲ့လေ၊ အဲဒါက သူတို့အဖေဘက် မျိုးရိုးလိုက်တာပဲပေါ့၊ ရုပ်ချင်း အဖေနဲ့မတူပေမယ့် အမွေးအမျှင်တွေ စိမ်းပြီး သန်စွမ်း တာ သူတို့အဖေအမျိုးဘက်ပဲ"

ဖြူနုငယ်က သူ့လက်ဖျံလေး၊ သူပြန်ငုံ့ကြည့်ကာ [illegible]မွေးညင်းလေးတွေ ရှည်လျားသော သူ့လက်ဖျံလေးကို ဒေါ်နေခြည် [illegible]ဘက် ပြူးပြူးကလေး ထိုးပြရင်း ...

"သမီးလည်း မွေးညင်းတွေ ရှိတယ်လေ အန်တီ၊ နော်"

"ဟုတ်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဝေကျတော့ မွေးညှင်းတွေ မသန့်ဘူး"

"ဝေလက သူတို့အမေဘက် နွယ်တယ်၊ ကိုမျိုးသိမ်း

လုံးဝမတူဘူး"

"ညီမလေးနဲ့ကိုပွဲက အသက် ဘယ်လောက်ကွာတာလဲဟင်"

"ဆယ်နှစ်လောက်ကွာတယ် သမီးရဲ့"

"ဟင် ... ဆယ်နှစ်တောင်မှနော်"

"ဟုတ်တယ် ဆယ်နှစ်၊ အောင်ပွဲ ငါးတန်းရောက်

အငယ်မကို မွေးတာ"

"အန်တီ တမင်ခေးဆေး ခြားတာလားဟင်"

"ဒီလိုလည်း မဟုတ်ပါဘူး၊ သူ့အလိုအလျှောက်ပါ

အလိုအလျှောက် ခြားသွားတာပါ၊ အန်တီက မမွေးေ

ဘူးတောင် ထင်နေတာ"

"အန်တီ သားနဲ့သမီးနဲ့ ဘယ်သူ့ပိုချစ်လဲဟင်"

ဖြူနုငယ်ရဲ့အမေးစကားကြောင့် ဒေါ်နေခြည်

အသံထွက်၍ပင် ရယ်မောလိုက်မိရပါသည်။ အောင်ပွဲကေ

တော်တော်အမေးအမြန်းထူ၊ စပ်စုတဲ့ ဟာမလေးလို့ အမြင်က

ချင်တဲ့ မျက်နှာနှင့် မျက်ခုံးကြီးရှုံ့ကာ ကြည့်နေပါသည်။

"အမယ်လေး ... သမီးကတော့ ရန်တိုက်ပြီ ... ဟင်းဟင်"

"သိချင်လို့ပါ အန်တီရဲ့"

"သားလည်း သားအလျှောက်၊ သမီးလည်း သမီးအလျှော

ချစ်ရတာချည်းပါပေါ့ သမီးရယ်၊ အောင်ပွဲကဆိုရင် ေ





ငယ်ကတည်းက အမေမကပ်ဘူး၊ သူ့ဟာနဲ့သူလေးပဲ နေ

တတ်တာ၊ ဒီတော့ အန်တီ့မှာ ပွေ့ပွေ့ပိုက်ပိုက် လုပ်ချင်လို့

တောင် ခက်တယ်၊ တီတီတာတာလည်း မရှိဘူး၊ သိပ်

သီးသန့်ဆန်တဲ့ ကလေး၊ အငယ်မကတော့ မြင်တဲ့အတိုင်း

ပဲ၊ ကျောရိုးမပါတဲ့အတိုင်းပဲ၊ အဖေနဲ့ဖြစ်ဖြစ် အမေနဲ့ဖြစ်

ဖြစ် အကိုနဲ့ဖြစ်ဖြစ် ခွေခေါက်မှီပြီး ဖက်တွယ်ပြီးတော့

ပူးကပ်နေတတ်တာ"

ခင်ငှားအားချမ်းက ပြုံးစိစိလေးနှင့် အမေကို ထပ်တိုး

ဘ်လိုက်ပါသည်။

"ကိုပွဲ ... ညီမလေးကို ချစ်တာပေါ့နော်"

"ဟာ ... ကိုယ့်ညီမလေးပဲဟ ချစ်တာပေါ့"

"ဖြူလည်းလေ အစ်ကိုတစ်ယောက်လောက် အရမ်းရှိချင်

တာ၊ အစ်ကိုတစ်ယောက် ရှိရင်ဆိုတာ အမြဲတမ်း စိတ်ကူး

ယဉ်ကြည့်ဖူးတယ်"

"သမီးကလည်း တစ်ဦးတည်းသော သမီးပဲလား"

"ဟုတ်ကဲ့၊ မေမေကတော့ ဖြူ့တစ်ယောက်တည်းပဲ မွေးတာ

အန်တီ"

"ဟာ ... ခင်ဖျားလေး ပြောပုံက မေမေက ဖြူ့တစ်ယောက်

တည်း မွေးတာဆိုတော့ ခင်ဖျားအဖေမှာ တခြားနောက်

ထပ် နောက်ထပ်တွေပဲ ရှိသေးသလိုလို၊ ခင်ဖျားအမေ

မဟုတ်တဲ့သူက တခြားမွေးတာတွေတော့ ရှိသေးသလိုလို"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သားရဲ့"

ဒေါ်နေခြည်က အောင်ပွဲရဲ့အပြောကို အားနာပါးနာ ဟန့်လိုက်ပါသည်။

"သူစကားပြောတာ အပြောမတတ်ဘဲ မှားနေတာကို ပြောပြတာပါ မေမေရ"

"ဟား ဟား ... ဖြူ ပြောတဲ့စကားက အဲဒီအဓိပ္ပာယ်ရ တယ်ပေါ့နော်၊ ဘယ်သိမလဲ ကိုပွဲရဲ့၊ ဖေဖေ့မှာ နောက်ထပ် နောက်ထပ်တွေ ရှိမရှိဆိုတာ ... ဟား ဟား"

"အို ... သမီးကလည်း၊ အဲလိုမပြောပါနဲ့၊ သမီးအဖေက ပွဲရုံလုပ်ငန်းလုပ်တာပေါ့၊ ဟုတ်လား"

"ဖေဖေက ဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်ပါတယ် အန်တီ၊ မေမေက ပွဲရုံလုပ်တာပါ၊ မေမေတို့ တစ်မျိုးလုံးက ပွဲရုံတွေပဲ၊ ဦးလေးတွေက ဆန်ပွဲရုံတို့၊ ငရုတ်သီးကြက် သွန်ပွဲရုံတို့၊ အဲလိုတွေ လုပ်ကြတာ"

"ခင်ဗျားလေးလည်း ပွဲရုံပဲ ထောင်ပါလား"

"ဘာပွဲရုံလဲ ကိုပွဲ"

"အားလူးပွဲရုံ၊ အားလူးများလွန်းလို့"

ခင်အေးချမ်းပါ တဟားဟားနှင့် အားလုံး အား ပါးရ ရယ်ပွဲကျ ရယ်မောကြရပါသည်။ ဖြူနုသည် မျက်ရည်လေး လည်မတတ် အတောမသတ် ရယ်နေရင်း ...

"အောင်မာ ... လူကိုများ ကိုပွဲနော်"





"ဟုတ်တယ်လေ၊ တစ်ချိန်လုံး အာလူးတွေ လိမ့်ထုတ်နေ တာလေ"

"ဒါဖြင့် ကိုပွဲလည်း ပွဲရုံတစ်ခုထောင်"

"ဟား ဟား ... ဘာလဲ"

"မန်ကျည်းသီးပွဲရုံ"

"ဘာဆိုင်လို့လဲဟ"

"ချဉ်ဖို့ကောင်းလို့ပေါ့လို့၊ နော် ... အန်တီရယ်"

အောင်ပွဲက သူ့ကို မျက်စောင်းထိုးရင်း ပြောတဲ့ ဖြူနုငယ်ကို သဘောတကျနှင့် တဟားဟား အော်ရယ်မိပါသည်။ ညီမလေး ခင်အေးချမ်းကို ချစ်တဲ့စိတ်မျိုးနှင့် ဆင်တူစွာ ဒီကောင် လေးကို သံယောဇဉ် ဖြစ်ရပါသည်။ အမရကို မြတ်နိုးစွဲလမ်း ရတာမျိုးနဲ့ မတူတဲ့ ဖြူစင်သည့် နွေးထွေးခင်မင်မှုမျိုး ဖြစ်ထွန်း ပါသည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com



## ၃ • ၆

ခုတ်ဆီဆိုင်ထဲ ကွေ့ဝင်လိုက်သော ဝေလက သူ့ရှေ့ကကားကိုမြင်လျှင် ဆိုင်ဝင်းထဲ ဟိုဟိုဒီဒီ ဝေ့ကြည့် ရှာဖွေလိုက်ပါသည်။ ထို့နောက် ဆီစာအုပ်ယူကာ ကားပေါ်ကဆင်းရင်း ငွေသွင်းသည့်နေရာဆီ လျှောက်လာလိုက်ကာ ...

"ဟိတ်"

ခုတ်ဆီဖိုးငွေသွင်းနေသည့် ဖြူနုငယ်က အမှတ်တမဲ့ လှည့်ကြည့်ပြီးမှ ...

"ဟယ် ... ကိုဝေ"

"တစ်ယောက်တည်းလား"

"ဟုတ်၊ ကိုဝေ ဆီလာထည့်တာ ! "

"အင်း"

"ဒီဆိုင်လား"

"ဟုတ်တယ်"





"အရင်က တစ်ခါမှ မဆုံဖူးသေးဘူးနော်၊ ခုမှဆုံတယ်"

"အင်း ... ဟိုတစ်နေ့က အိမ်လာသွားပြီး မေမေနဲ့ စကားတွေအများကြီး ထိုင်ပြောသွားသေးတယ်ဆို"

"အဟင်း ... ဟုတ်တယ်၊ ကိုဝေက တော်တော်နဲ့ ပြန်ရောက်မလာတာနဲ့ ဖြူလည်း ပြန်သွားလိုက်တာ၊ အစ်မတို့အိမ်ကိုလည်း ဝင်သေးတာမို့လို့"

"အင်း ... အခု တစ်ယောက်တည်းလား"

"ဟုတ် ... ကိုဝေရော ပြီးရင် ဘယ်သွားမှာလဲ"

"ပြန်မှာ"

"ဒါဖြင့် တစ်ခုခု စားရအောင်လား"

ဝေလက ဒူးလောက် ဂျင်းစကတ်လေးနှင့် လွတ်လပ်ပေါ့ပါးသော စတိုင်လေး အပြည့်ရှိနေသော ဖြူနုငယ်ကိုကြည့်ရင်း သွားရကောင်းနိုး မကောင်းနိုး စဉ်းစားလိုက်ပါသည်။

"ကိုဝေ ကျွေးရမှာနော်"

"ဟင် ... ဒီလိုလား"

"အင်း"

"ဘာဖြစ်လို့လဲ"

"အန်တီက ပြောတယ်၊ ကိုဝေက ငါးရံ့ခြောက်ဖုတ် သိပ်ကြိုက်တာတဲ့၊ မီးဖုတ်ပြီး ဆီမဆမ်းပဲ သံပုရာရည်ညှစ်ဆမ်းပြီး စားတယ်တဲ့၊ ဖြူက ကိုဝေ ကြိုက်တဲ့ အစားအသောက် လာပို့ပေးထားတာဆိုတော့ အခု ကိုဝေ ကျွေးရမှာပေါ့"

www.burmeseclassic.com



ဝေလက ခပ်ပြုံးပြုံးနှင့် နာရီကြည့်လိုက်ရင်း ...

"ထမင်းစားပြီးပြီလား"

"ဘယ်စားရဦးမလဲ"

"ဒါဖြင့် ဒီနားက ကဖီးဂျက်စ်ပါမှာ စားလေ၊ ကျွေးမယ်"

"ဩော် ... အင်း၊ အဲဒီဆိုင်လေး သိတယ်၊ ဆီဆိုင်က ထွက်ပြီးရင် တစ်ပတ် ပြန်ပတ်ရမှာပေါ့နော်"

"ဟုတ်တယ်လေ၊ မမွှစေတီလမ်း ပြန်ချိုးပြီး နောက်ကပြန်ဝင်"

"ဒါဖြင့် ဖြူ ရှေ့ကသွားနှင့်မယ်"

"အင်း ... သွားနှင့်လိုက်"

ဖြူနုငယ်က စလစ်စာရွက်လေးကို ဆီထည့်သူဆီ သွားပေးကာ 'ခြောက်ဂါလန်'ဟု ပြောလိုက်ရင်း သူ့ကားဆီ ပြန်လျှောက်လာတဲ့ ဝေလကို လှမ်းကြည့်ကာ ...

"ကိုဝေနော် ... ပုံပြောပြီး မပြေးနဲ့နော်၊ တကယ်လာနော်၊ ဖြူ တကယ်သွားစောင့်နေမှာ"

"ဩော် ... တကယ်လာမှာပေါ့၊ ပေါ်မလာဘဲ လစ်ပြေးမယ့် ရုပ်များ ထွက်နေလို့လား"

"အဟင်း ... မဟုတ်ပါဘူး၊ နောက်မှာစိုးလို့"

"နောက်စရာလား"

"ဒါဖြင့် ဖြူ သွားနှင့်မယ်နော်"





ဝေလက ခေါင်းညိတ်ပြလိုက်ပါသည်။ ဖြူနုငယ်က ဝေလကို လက်ပြရင်း သူ့ကားပေါ် သူတက်ကာ မောင်းထွက်သွားပါသည်။ ဝေလက သူ့ကားဆီ ဆီဖြည့်တာစောင့်နေရင်း ခပ်ပြုံးပြုံးနှင့် စဉ်းစားနေမိသည်မှာ ဖြူနုငယ်ရဲ့ ကြည်လင်တောက်ပသော မျက်ဝန်းကလေးများကိုပင်။ အပြုံးချိုကလေးနှင့် ချစ်စရာ တီတီတာတာကလေးနှင့် မမျှော်လင့်ဘဲ သူတို့ညီအစ်ကိုနှစ်ယောက်လုံးကို တမ်းတမ်းစွဲ လိုက်ခင်နေတဲ့ ဖြူနုငယ်ဟာ ဘာသဘောများလဲ။

ဖြူနုချောသန့်တဲ့ အဆင့်အတန်းမြင့်မြင့် ရုပ်ကလေးကို မြင်လိုက်တိုင်း ပြုံးရယ်တက်ကြွနေသည်ချည်းပင်။ ဒီနေ့လည်း ဒူးမရောက်တရောက် ကောင်းကင်ပြာဖျော့ ဂျင်းစကတ်လေးနှင့် အပေါ်က ပန်းနုရောင် အောက်တူဇက်တီရှပ်ကလေးက သူ့ပုံစံကလေးကို ကလေးလို နုထွေးနေစေသည်။

ချစ်တော့ ချစ်စရာလေး။ ဟိုတစ်နေ့က မေမေက ...

"သားရေ ... သားကလည်းမရှိတော့ မေမေတော့ ဖြူနုငယ်ကို ဟိုမေး ဒီမေးနဲ့ အားရပါးရ သိချင်တာတွေ ထိုင်မေးထားလိုက်တာပဲ၊ သူ့အဖေကလည်း '......'ဆောက်လုပ်ရေး၊ အကြီးအကျယ် ကွန်စထရပ်ရှင်ကုမ္ပဏီကြီးပဲ၊ အမေကတော့ မိရိုးဖလာ မျိုးရိုးစဉ်ဆက် လုပ်ငန်းမို့ ပွဲရုံလုပ်တယ်တဲ့၊ နေတာက ကမ္ဘာအေးစေတီလမ်းပေါ်မှာ အမွေးချင်း



www.burmeseclassic.com

www.burmeseclassic.com



က သူ့တစ်ယောက်တည်း၊ မင်းတော့ မသိဘူး၊ မေမေတော့ သဘောကျနေပြီ"

"မေမေကလည်း သူက အောင်ပွဲကို စိတ်ဝင်စားနေတာလားလည်း မသိဘဲနဲ့"

"မဖြစ်နိုင်ဘူး ထင်တာပဲ သားရဲ့၊ အောင်ပွဲကိုပဲ စိတ်ဝင်စားရင် သားနဲ့ပါ မိတ်ဆက်ပြီး ခုလောက်ထိ ကူးလူးဝင်ထွက် ခင်မင်ရင်းနှီးလာစရာကို အကြောင်းမရှိဘူး၊ မင်းကို တမင်သက်သက် တကူးတကကို မိတ်ဆက်ပြီး ဝင်လာတာပဲကွယ်"

"ဘာမှန်းမသိ မေမေရာ၊ တော်ကြာ အောင်ပွဲကို စိတ်ဝင်စားတာဆိုရင် အရှက်ကြီးတွေ ကွဲနေပါဦးမယ်"

"သားကို စိတ်ဝင်စားတာ အသေအချာလို့ မေမေ မဆိုလိုပါဘူး၊ ဒါပေမဲ့ အောင်ပွဲကို စိတ်ဝင်စားတာချည်းသက်သက်ကို မဟုတ်ဘူး"

"ကြည့်ပဲ ကြည့်ပါဦး မေမေရာ"

ဒီကောင်မလေးဟာ တစ်ခါတွေ့ရင် တစ်ခါပိုစိတ်ဝင်စားစရာလေးဖြစ်ကာ ဆွဲဆောင်မှုရှိလှတာတော့ အမှန်ပင်။ အမရကို နှစ်ရှည်လများ ငယ်သံယောဇဉ်မျိုး ရှိခဲ့ပေမယ့် တကယ်ဘမ်း ဝေလ နှစ်သက်တာ ဝေလစိတ်ကို ဆွဲဆောင်တတ်တာက အမရလို ရိုးရိုးသားသား အေးတိအေးစက် ကောင်မလေးမျိုးမဟုတ်ပါ။



လှုပ်လှုပ်ခတ်ခတ် ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း အတ်မီမီနှင့် အမြဲတမ်း တက်ကြွနေတဲ့ စရိုက်ပုံစံကောင်မလေးမျိုးက ဝေလရဲ့စိတ်ကို ပိုပြီးဆွဲဆောင်နိုင်တာပါ။ ဒါကြောင့် ဒီရှေ့ အရင်တွေကတည်းက ဝေလဟာ သူ့ကိုမိတ်ဆက်၊ အသိဖွဲ့ နှီးဆက် စသဖြင့်ရှိခဲ့တဲ့ မိန်းကလေးတွေထဲက ဒီပုံစံ ဆန်ဆန် လေးတွေနှင့် တရင်းတနှီး တွဲသွားတွဲလာလေးတွေအထိ အရောဝင် ရှိခဲ့ဖူးတာ။

အမှန်အတိုင်း ဝန်ခံရရင်တော့ ဖြူနုငယ်ဟာ ဝေလ နှစ်သက်သဘောကျတဲ့ မိန်းကလေးပုံစံပါ။ ဒါကို ပွင့်ပွင့်လင်း လင်း ဝန်မခံရဲတာကတော့ ဒီကောင်မလေးဟာ ဘာသဘောနှင့် သူ့ကိုညီအစ်ကိုဝမ်းကွဲ နှစ်ယောက်စလုံးကို လာအရောဝင်နေသလဲ ဆိုတာ နားမလည်နိုင်၍ပင်။

အမရနှင့်ကျတော့လည်း အမရဟာ သူနှင့်အောင်ပွဲ ဘယ်သူ့အပေါ် ပိုတယ်ဆိုတာ သူ မခန့်မှန်းတတ်ခဲ့။ အခုလည်းပဲ ဖြူနုငယ်က ဟောဟောဒိုင်းဒိုင်း ရှိပါလျက်နှင့် သူတို့နှစ်ယောက် ထဲက ဘယ်သူ့အပေါ် ရိုးသားပြီး ဘယ်သူ့အပေါ် ဆန်းပြားမယ် ဆိုတာကို သူ မဝေခွဲတတ်ပြန်ပါ။ မိန်းကလေးတွေကို မခန့်မှန်း တတ်တာအပြင် သူ့ကိုယ်သူကိုလည်း ဝေလက မဝေခွဲတတ်ပြန်။

ဖြူနုငယ်နှင့် အပြင်မှာပါ တွေ့ဆုံစားသောက်ဆိုင် တာ အမရ ပြန်သိသွားပြီး သူ့ အမှတ်တွေ အနုတ်ခံရမှာလည်း စိုးရိမ်ပြန်ကာ ထမင်းလေးတစ်ပွဲလောက် ကျွေးတာလောက်

www.burmeseclassic.com

www.burmeseclassic.com



တော့ ဘာမှအပြစ်မကြီးလောက်ပါဘူးလို့လည်း ကိုယ့်ဟာနှင့်ကိုယ် ဆင်ခြေတက်မိပြန်သည်။

ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ ဝေလက သူချိန်းလိုက်တဲ့ ကဖီးဂျက်စ်ပါဆိုင်လေးရှေ့ ရောက်ခဲ့ရပါပြီ။ ကားရှေ့နှင့်ကာ ကားနံဘေးမှီရင်း စောင့်နေသော ဖြူနှငယ်က ...

"တာကယ် ရောက်လာသားပဲ"

"လာမှာပေါ့၊ မင်းက ကိုယ့်ကို ဘယ်လိုများ ထင်နေလို့လဲ"

"ကိုဝေ့ကို ဘယ်လိုမှ မထင်ပါဘူး၊ တစ်ခါ တစ်ခါ ဖြူကသာ ကိုဝေတို့ ကိုပွဲတို့ကို တစ်ဖက်သတ် ရင်းနှီးခင်မင် ပတ်သက်ချင်နေပေမယ့် ကိုဝေတို့ဘက်ကျတော့ ... အနှောင့်အယှက်များ ဖြစ်နေမလားလို့ တွေးမိလို့ပါ"

"ဘာလို့ ဒီလိုတွေးရတာလဲ၊ မဖြစ်ပါဘူး"

"ကိုဝေလည်း ဖြူ့ကို ခင်တယ်ပေါ့နော်"

"ဒါပေါ့"

"ကိုပွဲကျတော့ ဖြူ့ကို နည်းနည်းစိတ်ရှုပ်သလိုပဲနော်"

"ဒီကောင်က ဒီလိုပါပဲ၊ သူ စိတ်ဝင်စားတဲ့ကိစ္စကလွဲ ... ကျန်တာတွေကို စိတ်ပါလက်ပါ မရှိတတ်ဘူး၊ သူက ... အေးအေးလည်း နေတတ်တာပါ၊ ဖြူနှငယ်ကို စိတ်ရှုပ် ... တော့လည်း ဟုတ်မယ် မထင်ပါဘူး"

"အင်း ... ဒါပေမဲ့ ကိုဝေက စကားပြောလို့ ပိုကော ... တယ်"





"ဟုတ်လား"

"တကယ်ဆို ကိုပွဲက သူ့မှာ ညီမလေးရှိတာနော်၊ သူနဲ့ စကားပြောလို့ ပိုအဆင်ပြေနိုင်ရမှာ၊ ကိုဝေက ညီမရှိတာ မဟုတ်ဘူး၊ ဒါပေမဲ့ ဖြူ့အပေါ် ပြေပြေပြစ်ပြစ် ပိုပြီးဆက်ဆံနိုင်သလိုပဲ"

"တာလဲ၊ ကိုယ်က မင်းကို ညီမလေးတစ်ယောက်လို ဆက်ဆံရမှာလား"

"အင်းလေ"

"အာ ... မဆက်ဆံတတ်ပါဘူး၊ ညီမမှ မဟုတ်တာ"

"ညီမ မဟုတ်လည်းပဲ ကိုယ့်ညီမလို သဘောထားဖို့ဆိုတာ ဘာခက်ခဲစရာရှိလဲ"

ဆိုင်ထဲဝင်လာကာ အပေါ်ထပ်အထိ နှစ်ယောက်အတူ ဆက်တက်ခဲ့ကြရင်း ဖြူနှငယ် ပြောတဲ့စကားကို ဝေလက ခေါင်းယမ်းလိုက်ပါသည်။ စားပွဲတစ်ခုမှာ ဝင်ထိုင်ကာ ...

"ခက်ခဲတာပေါ့၊ ငယ်ငယ်ကတည်းက ရင်းနှီးခဲ့တဲ့ အမရကိုတောင် ညီမတစ်ယောက်လို သဘောမထားတတ်ပါဘူး၊ သူစိမ်းက သူစိမ်းပေါ့၊ သူငယ်ချင်းပေါ့၊ ညီမတစ်ယောက်လို ဆက်ဆံတာ ခံချင်တယ်ဆိုရင်တော့ ကိုယ့်ကိုမရွေးချယ်နဲ့"

ဖြူနှငယ်က ဝေလကို ပြုံးပြုံးကလေးပဲ ကြည့်နေသည်။ ဝေလက မီနူးကတ်ကိုကြည့်ကာ ထမင်းကြော်တစ်ပွဲ ... လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဖြူနှငယ် ကြိုက်တာမှာနော်၊ စားချင်တာ အားလုံးမှာ
"တကယ်နော်"
"ဟောဗျာ၊ အလကား ပြောပါ့မလား၊ တကယ်ပေါ့"
ဖြူနှငယ် မှာအပြီးတွင် ဝေလက မနီးမဝေးစား
တစ်ခုက ကောင်ကလေးသုံးယောက် ဖြူနှငယ်ကို ကွက်ကြည့်
ကွက်ကြည့် ရှိတ်နေကြတာကို သတိပြုမိကာ ...
"ဟိုစားပွဲက ကောင်လေးတွေ မင်းကိုကြည့်နေတယ်"
"အဲဒါ ဘာဖြစ်လဲ ကိုဝေရဲ့၊ စိတ်မဝင်စားပါဘူး"
"ပြောပြတာပါ၊ သေချာ သတိထားကြည့်မိတော့ မင်း
တော်တော်လေး လှတာပဲ၊ Sweet ဖြစ်တယ်"
"မအေမရလောက် မလှပါဘူး၊ အဲဒီအစ်မ အရမ်းလှတယ်
သူက ကိုဝေ့ရည်းစားလား ကိုပွဲရည်းစားလား"
"ခုထိတော့ ဘယ်သူ့ရည်းစားမှ မဟုတ်သေးဘူး"
"ဘယ်သူနဲ့ ဟုတ်ဖို့ရှိလဲ"
"ဟား ဟား၊ ကံတရားပေါ့၊ ဘယ်သိနိုင်မလဲ"
"မအေမရက ကိုဝေနဲ့ ပိုတွဲတယ် မဟုတ်လား၊ ဖြူ ကား
မောင်းသင်နေတုန်းကဆို ကိုဝေနဲ့ မအေမရ တစ်ချိန်လုံး
တွဲနေတာပဲ"
"ဒါကတော့ မင်းက အောင်ပွဲနဲ့ ကားမောင်းသင်နေတာကိုး
ဒီတော့ အောင်ပွဲက အမရကို ဘယ်ခေါ်ဖို့ တွဲဖို့ အားမလဲ"
"ဒါဖြင့် ကိုဝေနဲ့ ရည်းစားမဟုတ်ဘူးပေါ့"





"မဟုတ်ပါဘူး"
"ဒါပေမဲ့ ကိုဝေရော ကိုပွဲရော မအေမရကို သဲယောခဲ့ပို
ကြတယ် မဟုတ်လား"
"သဲယောခဲ့တော့ ရှိတာပေါ့၊ ငယ်ကတည်းက ပေါင်းလာ
တာပဲဟာ၊ ကိုယ်နဲ့ဆိုရင် ခုနစ်တန်း ရှစ်တန်းကတည်းက
သူငယ်ချင်း"
"ကိုပွဲနဲ့ရော"
"အောင်ပွဲက လွန်ခဲ့တဲ့ သုံးနှစ်ကမှ ရောက်လာတာပါ"
"ဘယ်ကရောက်လာတာလဲ"
"မန္တလေးက ရန်ကုန် ပြောင်းလာတာ သုံးနှစ်ပဲ ရှိသေး
တာ"
"ဟင် ...၊ ကိုပွဲက မန္တလေးမှာ မွေးတာလား"
"ဟင့်အင်း၊ ရန်ကုန်မှာပဲ မွေးတာပါ၊ ဦးဦးက မြိတ်ဘက်
လည်း တာဝန်ကျဖူးတယ်၊ အဲဒီနောက်မှ ပညာတော်သင်
ထွက်တာ၊ နောက် မန္တလေးကို၊ အခု ရန်ကုန်ပြန်ရောက်
လာတာ"
"ကိုဝေ့ကိုရော ဘယ်မှာမွေးတာလဲ"
"ရန်ကုန်မှာပဲပေါ့"
"ငယ်ငယ်ကကော ခုလို တူတူနီးနီးနားနား နေကြတာလား
ဟင်"

www.burmeseclassic.com



"မဟုတ်ဘူး၊ တစ်နေ့ရာစီ၊ ကိုယ့်ကို မွေးတော့ ဖေဖေက ဒီမှာမရှိဘူး၊ ဖေဖေက အင်္ဂလန်မှာ အမ်အာစီပီ သွားယူတာ အရမ်းစောတာ၊ မေမေနဲ့ လက်ထပ်ပြီး သိပ်မကြာဘူးပေါ့၊ မေမေတို့က ငွေကြေးလည်း တတ်နိုင်တော့ လက်ထပ်ပြီး သိပ်မကြာခင်ပဲ ဖေဖေ့ကို အင်္ဂလန်ကို ဘွဲ့လွန်လွှတ်နိုင်တာ၊ ဖေဖေ ဘွဲ့သွားထပ်ယူနေတုန်း ကိုယ့်ကိုမွေးတာ"

ဖြူနုငယ်က ဝေလ မျက်နှာကို ငေးငေးစိုက်စိုက်ကြည့်ကာ ဝေလစကားတွေကို စိတ်ဝင်တစား နားထောင်နေပါသည်။

"ကိုဝေ့ မေမေက ကိုဝေ တစ်ယောက်တည်းပဲ မွေးတာပေါ့"

"တစ်ယောက်တည်းမွေးလို့ တစ်ယောက်တည်းပဲ တွေ့တာပေါ့ကွ"

"မွေးကာစတုန်းက ကိုဝေနဲ့ ကိုပွဲနဲ့ တွေ့ဖူးလား"

"မွေးကာစ,ပါဆိုမှ ဘာသိမှာလဲ၊ တွေ့ဖူးလား မတွေ့ဖူးလား ဘယ်သိပါ့မလဲ၊ ကိုယ်နည်းနည်းသိတဲ့အရွယ် ကျောင်းနေတဲ့အရွယ်ရောက်တော့ သူတို့မိသားစုက မြို့တက်ကိုရောက်နေပြီ"

"ကိုဝေ့ ဖေဖေကတော့ တောက်လျှောက် ရန်ကုန်မှာပေါ့"





"အင်း ... ဖေဖေက အမ်အာစီပီလည်း စောစောယူလာတော့ နယ်ဘက်ပို့စတင် မရောက်ဘဲ ရန်ကုန်ပဲ နေလိုက်ရတာ"

ဝေလက ဖြေနေရင်းက ဖြူနုငယ်ကို မျက်မှောင်ကုတ်ကြည့်လိုက်ကာ ...

"နေစမ်းပါဦးဗျာ၊ စပ်စုလှချည်လား၊ ဘာဖြစ်လို့ ငယ်ငယ်က အကြောင်းတွေကို တအားသိချင်နေရတာလဲ၊ ဘာမှအရေးမကြီးတာတွေကို နှိုက်နှိုက်ချွတ်ချွတ် သိချင်နေလိုက်တာ"

"ဘာရယ်မဟုတ်ပါဘူး၊ ကိုဝေတို့ ကိုပွဲတို့ကို ခင်လို့ ဒီလိုပဲ မေးကြည့်တာ"

"အမှန်အတိုင်း ပြောရရင် ဖြူနုငယ်မှာ သိချင်တာတစ်ခုခု စိတ်ဝင်စားစရာ တစ်ခုခုရှိလို့ အောင်ပွဲတို့ ကိုယ်တို့နားကို ရုတ်တရက် ချဉ်းကပ်ပြီး ရောက်လာတာလားလို့ ကိုယ်တို့က ထင်နေကြတာ"

ဖြူနုငယ်က မျက်လုံးလေး ဝိုင်းသွားပါသည်။

"အဲဒါ ဟုတ်လား"

"မဟုတ်ပါဘူး"

"သေချာရဲ့လား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မင်းက အောင်ပွဲကို ခင်ချင်တာလား၊ ကိုယ့်ကို ခင်ချင်တာလား"

"အင်း ...၊ ဟိုလေ ... ဘယ်သူ့ကိုရယ်လို့ အမိက မဟုတ်ဘဲ ဖြူက ကိုဝေတို့ညီအစ်ကိုနှစ်ယောက်စလုံးကို ခင်တာပါ"

"မရဘူး၊ တစ်ယောက်တည်းကိုပဲ ရွေးခင်ရမယ် ဆိုရင်ရော"

"အင် ... ကိုဝေကလည်း"

ခေါင်းကလေးစောင်း၍ ခပ်နွဲ့နွဲ့ ရေရွတ်လိုက်သံကလေးဟာ ဝေလ ရင်ထဲမှာ အတော် ဘာယာသွားပါသည်။ ခေါင်းလေးက ဘေးတစ်ဖက်ကို မစောင်းတစောင်း နှုတ်ခမ်းလေးက မစူ့တစူ။ အဲဒီရုပ်ကလေးဟာ ချစ်စရာ။ ဝေလက လွှတ်ခနဲပင် ...

"မင်းမှာ ရည်းစားရှိလား"

"အင် ... ဘာလို့မေးတာလဲ"

ဖြူနှင်းယံက အလန့်တကြားလေး ပြန်မေးသည်။

"ကိုယ့်အနားချဉ်းကပ်လာတဲ့ မိန်းကလေးတစ်ယောက်ကို ရည်းစားရှိလား မရှိလား ကြိုသိထားသင့်တာပေါ့၊ နို့မို့ ကိုယ်က ဘာမှမသိဘဲ ကြိုက်မိရင် ဘယ်လိုလုပ်မလဲ"

"ဟယ် ... ကိုဝေကလည်း"

"ဘာလဲ"





"အဲသလို မပြောပါနဲ့၊ မောင်နှမတွေလို ခင်ချင်တာကို"

"ထပ်တရိုး ... သွားစမ်းပါကွာ၊ မောင်နှမတွေလို မခင်တတ်ဘူးလို့ ရှင်းရှင်းလေး ပြောပြီးနေပြီ၊ မောင်နှမလို ခင်ချင်လို့ ခင်ဖို့ လုလိုက်ရှာနေတာ ဆိုရင်တော့ ထပ်ပြန်လိုက်တော့၊ ကိုယ်ကတော့ ရင်းနှီးခင်မင်လာတာ ကြာရင် တစ်နေ့ ကိုယ့်စိတ်က ရိုးမယ်မရိုးဘူး အတိအကျ အာသေအချာ မပြောနိုင်ဘူး၊ အဲဒီကျမှ အဆိုးမဆိုနဲ့"

"ကျွတ် ... ကိုဝေနဲ့တော့ ဒုက္ခပဲ"

"ဘာဒုက္ခလဲ"

ဖြူနှင်းယံက မျက်လုံးလေး ခဏလွှဲကာ စဉ်းစားနေလိုက်ပြီးမှ ...

"ဖြူ့မှာ ရှိတယ်"

"ဘာရှိတာလဲ"

"ဟို ... ရည်းစားလေ၊ ရည်းစားရှိတယ်"

"ရည်းစားရှိတယ် ! "

"ဟုတ်တယ်၊ ဒါကြောင့် ကိုဝေ ဖြူ့ကို မောင်နှမလိုပဲ"

"လာပြန်ပြီ မောင်နှမလို၊ ထပ်ခါထပ်ခါ ဒါပဲပြောလေလေ မောင်နှမလို သဘောထားလို့ မရလေလေပဲ၊ ပြောလေလေ မောင်နှမလည်း မဟုတ်ဘဲနဲ့ ဆိုတာကြီးကို ပိုတွေးမိလေလေနဲ့ သူ့ဟာသူနေတဲ့စိတ်က ပိုတောင် မရိုးမသားဖြစ်ချင်လာပြီ၊ မင်း လုပ်မှ ကိုယ့်စိတ်က ပိုဆန်းချင်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဝေလက တမင်တကာပင် ဖြူနုငယ်ကို နောက်ပြောင်ချင်ကာ မျက်လုံးကိုပြူး၊ သွားကိုစေ့ကြိတ်ပြီး ခေါင်းရှေ့ ငိုက်တိုးကာ ပြောလိုက်၍ ဖြူနုငယ်က အလန့်တကြား ကိုယ်လေးကို နောက်ဘက်ယိမ်းယိုင်ရင်း ...

"ဟာ ... ကိုဝေနော်"

"ဘာလဲပြော"

"မရပါဘူးဆိုမှ"

"ဘာမရတာလဲ"

"စိတ်တွေ ဘာတွေ ဆန်းလို့မရဘူး ဒါပဲ၊ ရိုးရိုးသားသားပဲ ခင်မှာ၊ ဖြူ့မှာရည်းစားရှိပါတယ်ဆိုမှ"

"ဘယ်မလဲ ရည်းစားက၊ ဒီလိုပဲ မင်း ကိုယ်တို့ညီအစ်ကို အိမ် ဝင်ဟယ်ထွက်ဟယ် လုပ်နေတာကို ရည်းစားက သဘောတူ ခွင့်ပြုထားတယ်ပေါ့"

"သူ ... သူက နိုင်ငံခြားမှာ"

"သြော်"

"ဒါ ... ဒါပေမဲ့ အမြဲဖုန်းပြောတာ၊ သိပ်မကြာခင်လည်း ပြန်လာတော့မှာ၊ ဟိုလေ ... လူကြီးမိဘတွေကလည်း နှစ်ဖက်လုံး သဘောတူထားတယ်၊ တစ်နေ့ကျရင် လက်ထပ်ကြမှာပေါ့၊ အခု ကိုဝေတို့ မတွေ့ရပေမယ့် သူကတော့ ရှိနေတယ်"





ဝေလက အသည်းအသန် ကာကွယ်ငြင်းဆန် သက်သေထူနေတဲ့ ဖြူနုငယ် ပုံစံကို ကြည့်ရင်း ကြည့်ရင်း အောင့်မအားနိုင်တော့ကာ ...

"ဟား ဟား ဟား"

"ဘာလဲ ... ဘာရယ်တာလဲ၊ တကယ်ပြောနေတာ"

မျက်လုံးပြူး မျက်ဆန်ပြူး ဟန်ပန်သဏ္ဌာန်လေးဘာ တကယ်ကို ချစ်စရာကလေးပါပဲလား။ ဝေလက ခပ်စိုက်စိုက်ကြီးပင် ချစ်စနိုး ကြည့်နေပြီးမှ ...

"ကဲ ... ကဲ ... စား ... စား၊ ဖြောင့်ဖြောင့်စား၊ ဘာမှ မကြောက်နဲ့"

"အမယ် ... မကြောက်ပါဘူး၊ ဘာကိုကြောက်ရမှာလဲ"

သူ့ကို ဝေလကာ ချစ်ကြိုက်သွားမှာကိုပဲ အသည်းအသည် စိုးရိမ်ကြောက်လာနေပြီးတော့။ နေပါဦး။ အဲဒါက ဘာခင်လို့ပါလိမ့်။ ရုတ်တရက် အနားရောက်လာ၊ မိသားစုကိုပါ တင်းဝင်ရော၊ ရှေးဖြစ်နောက်ကြောင်းတွေ စပ်စု၊ ပြီးတော့ သူ့ကို မရိုးမသား ရည်းစားစကားပြောမှာမျိုးကိုလည်း အသေအလဲ နိမ်တကြီး ထိတ်လန့်နေတဲ့ ဒီကောင်မလေးဟာ ဘာသဘောလဲ။ ခုခုတော့ တစ်ခုခုပဲ မဟုတ်လား။

ဘာပဲဖြစ်ဖြစ် ဝေလကတော့ သူ့ရဲ့အူတိအူကြောင် ဟန်ပန်လေးတွေကို မျက်စိထဲစွဲပြီး နည်းနည်းစိတ်လှုပ်ရှားချင် အမရကို အောင်ပွဲထံမှာ "ငါဖွင့်ပြောမလို့"ရယ်လို့ လှမ်းသက်



www.burmeseclassic.com

www.burmeseclassic.com



ဦးထားသေးတဲ့သူဟာ ဒီကောင်မလေးကို ဘာကြောင့် စိတ်လှုပ်ရှားချင်နေမိသေးတာလဲ။

ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်ရင်းကပင် သူ့ကို မျက်လုံးဝိုင်းလေးနှင့် အကဲတခတ်ခတ် လန့်နေပုံရတဲ့ ဖြူနုငယ်ကို တစ်ချက် တစ်ချက် မသိမသာ ငေးပြီးကြည့်မိသည်။ တကယ်ကို ချစ်စရာလေး။ မင်း ဘယ်သူလဲ၊ ဘာလဲ၊ ငါတို့ညီအစ်ကိုဆီက ဘာများသိချင်နေတာလဲ။

○❤○





၉

အမရသည် ဖြူနုငယ် ဖုန်းချသွားတာနှင့် အောင်ပွဲဆီ ဖုန်းခေါ်လိုက်ပါသည်။ ဖုန်းခေါ်ရင်း ဝရန်တာကိုလည်း ထွက်လာရာ အောင်ပွဲကို ခြံထဲမှာ ပန်းအိုးတွေ ရေလောင်းရင်း သမ်းတွေ့လိုက်ရသည်။ ဖုန်းသံကြောင့် အောင်ပွဲက သူ့ဘောင်းဘီ အောက်အိတ်ထဲမှ ဖုန်းထုတ်ယူကြည့်ကာ အမရတို့ ဝရန်တာဘက် ညွှဲကြည့်လိုက်ပါသည်။

"ဟဲ့ ... အောင်ပွဲ၊ ဖြူနုငယ်က ငါ့ကို သူ့မွေးနေ့ မလာမနေရ လာလုပ်နေပြီ၊ အဲဒါ နင့်စနက်ပေါ့"

"ဟာ ... ငါနဲ့ ဘာဆိုင်လို့လဲ"

"နင်က ငါမလာရင် နင်လည်းမလာဘူးလို့ ပြောတာမဟုတ်လား"

"ဟား ဟား ... အမရ မလာရင် ငါလည်းမလာတော့ဘူးလို့ ကလေးဆိုးကြီးလိုတော့ ငါကပြောပါ့မလား အမရရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီသဘောအဓိပ္ပာယ်မျိုး ခပ်ပါးပါးလေး ပေါ်လွင်ရုံသာ ပြောတာပါ"

"ဟဲ့ ... နင့်ဟာနင် သွားစရာရှိတာ သွားပေါ့ဟဲ့၊ ငါ့ကို ဘာလို့ ဆွဲထည့်နေရတာလဲ"

"ငါက ဆွဲမထည့်ပါဘူး၊ သူကိုကလည်း လာစေချင်တာ ဟိုးအစောကြီးကတည်းက သူ နင့်ကိုလည်း ပြောထားတာပဲ မဟုတ်လား"

"ဒါပေမဲ့ နင်သိထားဖို့က သူက ငါ့ကို နင်တို့နှစ်ယောက် လုံးရဲ့ မိန်းကလေးသူငယ်ချင်း ဆိုပြီး ချန်ထားရစ်ခဲ့ရင် မကောင်းတတ်ဘူးထင်ပြီး အမြဲထည့်ပြောနေတာ၊ ငါးရံ့ ခြောက်ပေးလည်း သူ့ခမျာ ငါ့ကိုပါ ထည့်ပေးရသေးတယ်၊ အခု သူ့မွေးနေ့ဖိတ်တာလည်း လူမှုရေးသဘောနဲ့ ငါ့ကို မချန်ရစ်ခဲ့တာလောက်ပဲ၊ အဓိက,က နင်တို့ ညီအစ်ကိုဆို တာ နင်တို့လည်း သိသားနဲ့၊ ကိုယ့်ကိစ္စကိုယ် လုပ်ကြစမ်း ပါဟာ၊ ငါ့ကိုပါ ဆွဲမထည့်နဲ့ဟာ၊ ငါ မလိုက်ချင်ဘူး"

"နင်မလိုက်ချင်တာ ငါ သိပါတယ်"

"ဒါဖြင့် ငါ့အတွက် ငြင်းပေးပြီး နင်တို့ဟာနင်တို့ သွား ကြပေါ့"

"ငါလည်း မသွားချင်ဘူး၊ နင်လည်း နင့်ဟာနင် ကြည့်ငြင်း ပေါ့၊ ငါလည်း ငါ့ဟာငါ ငြင်းချင်သလိုငြင်းပေါ့"

"နင်ငြင်းတာက ငါ့ခေါင်းတပ်ထားတာလေ ကောင်စုတ်ရဲ့"





အောင်ပွဲက တစ်ဖက်ကနေ သဘောတကျ ရယ်နေ ပါသည်။ ဝရန်တာမှာရပ်ကာ တစ်ဖက်ကဖုန်းပြော၊ ကျန်လက် တစ်ဖက်က ခါးထောက်လိုက်၊ လက်ဝါးဖြန့်လိုက်၊ ခါးပြန်ထောက် လိုက်၊ မာန်ပါပါ ပြောနေတဲ့ အမရ ပုံစံလေးကို သဘောကျလွန်း လို့ပင်။ ဖြူနုငယ်ကို အနည်းငယ် အားနာပါးနာစိတ် ရှိပေမယ့် စိတ်မဝင်စားပါ။ ကိုယ့်ကို စိတ်ခုသွားသွား စိတ်ကောက်သွားသွား ဘင်းသွားသွား ဂရုမစိုက်ပါ။

အမရရဲ့အမြင်မှာသာ သူ့ကို အတင်းလာကပ်ရော တဲ့ ကောင်မလေးတစ်ယောက်ကို သူဟာ ခွာချမရ ရှောင်မရ အလိုက်တလျောနဲ့ ဇာတ်လမ်းတစ်ပုဒ်လို ဖြစ်မနေစေချင်တာ။ ဖြူနုငယ်ကို ခင်အေးချမ်းလို ညီမတစ်ယောက်နှယ် ခင်မင်ပေမယ့် အမရ အထင်လွဲတာ ခံရမှာနဲ့တော့ မလဲနိုင်တာပါ။

သူ့ရာဇဝင်မှာလည်း ဘယ်တုန်းကမှ ဘယ်ကောင်မ ဆေးမွေးနေ့ကိုမှ မသွားဖူးခဲ့ပါ။ ခုလည်း မသွားလိုပါ။

"ခေါင်းတပ်တာ မဟုတ်ပါဘူးဟ"

"ဒါဖြင့် ဘာလဲ"

"နင့်ကို ပြောပြရမလား"

အမရက အောင်ပွဲ စကားကြောင့် ရုတ်တရက် ငိုက်မိကာ လန့်တောင်သွားရပါသည်။ သို့သော် ချက်ချင်း ပဲ—

"ပြော"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ...၊ ငါက နင်ကလွဲရင် နင်မဟုတ်တဲ့ မိန်းကလေး တစ်ယောက်ကို လိုအပ်တာထက်ပိုပြီး မရင်းနှီး မပတ်သက် ချင်ဘူးဟ၊ ဒါကြောင့်ပါ"

အမရရင်ထဲ နွေးဖြာဖြာနှင့် ပြုံးမိသလိုရှိတဲ့ နှုတ်ခမ်းလေးကို အတင်းဆွဲစေ့ရင်း ...

"အောင်မာ ... နင် တော်တော် စကားတတ်နေပါလား ဟုတ်လား"

"ဖြူနှငယ်ကိုလည်း အတိုက်အလျှောက် ခင်ပါတယ်ဟာ မခင်လို့လည်း မရဘူးလေ၊ သူက ငါတို့အမေတွေထိအောင် လိုက်ရင်းနှီးထားတာပဲဟာ၊ ဒါပေမဲ့ အတိုင်းအတာတစ်ခု ထိပဲ၊ အောင်ပွဲ ဆိုတဲ့ကောင်က ဟိုကောင်မလေး မွေးနေ့ ဖိတ်လည်း သွားတာပဲ၊ ဒီကောင်မလေး ဟိုဟိုဒီဒီခေါ်လည်း လိုက်တာပဲဆိုတဲ့ အမြင်မျိုး အထူးသဖြင့် နင့်မှာ မဖြစ်စေ ချင်ဘူး"

"အောင်မယ်နော် ... ငါက ပါရပြန်ပြီ"

"ဟုတ်တယ်၊ ငါ တစ်ဆက်တည်း ပြောထားဦးမယ် လောကကြီးမှာ ငါ့ကို ဘယ်ကိုပဲဖြစ်ဖြစ် ခေါ်နိုင်တာ ဘာပဲဖြစ်ဖြစ် ခိုင်းနိုင်တာ၊ အတိုင်းအဆမရှိ ပတ်သက်ခွင့် ရှိတာ၊ မိန်းကလေးဆိုရင် နင်တစ်ယောက်ပဲရှိတယ်"

"သွားစမ်းပါဟာ"





အမရက ရင်ခုန်ခုန် ခပ်ရှက်ရှက်နှင့် ရှက်ရမ်းရမ်း လေး အော်သည်။

"ဟုတ်တယ်၊ ကျန်တဲ့မိန်းကလေးတွေတော့ ဆက်ဆံခင်မင်စရာရှိလည်း အောင်တစ်ခု အတွင်းပေါ့"

"ဟဲ့ ... ဒါပေမဲ့ အောင်ပွဲရယ်၊ သူ့မွေးနေ့တော့ သွားလိုက်ပါဟာ၊ ငါကလည်း ဘယ်လိုမှ မထင်ပါဘူး၊ သူကတော့ အရမ်း အရောဝင်ပေမယ့် ရိုးရိုးပဲလို့ ငါ မြင်နေတာယ်"

"သူ့ဟာသူ ရိုးရိုးလေ၊ ငါက ဘယ်မိန်းကလေးကိုမှ အဲသလောက်ကြီး ထိထိဝင်ဝင် မပေါင်းသင်းချင်တာ"

"ဝေလလည်း သွားမှာပဲ မဟုတ်လား"

"ငါမသိဘူး၊ အဲဒါက သူ့ကိစ္စလေ၊ သူ့သဘောပေါ့"

"ငါမပါလည်း ငါ နင့်ကို ဘယ်လိုမှ တစ်မျိုးမထင်ရင် ပြီးရော မဟုတ်လား၊ နောက်ကြောင်းအေးအေးနဲ့ နင်သွားပေါ့"

"နောက်ကြောင်းအေးတယ်ပဲထား၊ ငါကိုက မသွားချင်တာ၊ ဒါပေမဲ့ နင်သွားမယ် ဆိုရင်တော့ ငါလည်းသွားမယ်"

"ဒါကျတော့ ဘာဖြစ်ပြန်တာတုံး"

"ဒါကတော့ နင်ရှိတဲ့ပွဲတစ်ခုမှာ ငါလည်းရှိနေချင်တာက တစ်ကြောင်း၊ နောက်ပြီးတော့ ငါမလိုက်ရင် နင်နဲ့ ဝေလ တွဲပြီးသွားနေမှာ ငါမလိုချင်လို့၊ အဲဒီနှစ်ချက်ကြောင့်၊ ပြီးတော့ နင် တကယ်လို့ အခုသွားဖြစ်မယ် စိတ်ကူးရင်



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကားနဲ့ လိုက်ရမယ်၊ ငါ့ကားနဲ့ပဲ လိုက်ပါ၊ ငါတောင်း ဆိုတာပါ"

"ဘာဖြစ်လို့ ! "

"ငါနဲ့မလိုက်ရင် နင် ဝေလနဲ့ လိုက်သွားရမှာပေါ့"

"သုံးယောက်တူတူ သွားရင်ရော၊ ရတာပဲ မဟုတ်လား"

"သုံးယောက်တူတူ ဆိုရင်လည်း ငါ့ကားနဲ့ပဲ သွားမယ်၊ နင်က ငါ့ဘေးမှာထိုင်၊ ဟိုကောင် နောက်ခုံမှာ ထိုင်ပစေ"

"ဝေလက သူများကား နောက်ခုံမှာ လိုက်ပါ့မလား"

"ဒါတော့ သူ့သဘောပေါ့ဟာ၊ ငါ့မှာ ကားမရှိခင်တုန်းက ငါလည်း သူ့ကားနောက်ခန်းက လိုက်စီးရတာပဲလေ၊ သူက နင့်ကိုပဲ သူ့ဘေးမှာ ရှေ့ခန်းမှာ ထိုင်ခိုင်းတာလေ၊ ခုမှ သူက ငါ့ကားနောက်ခန်းက မစီးနိုင်ဘူးဆိုရင်လည်း သူ့ကားနဲ့သူ သွားပစေတော့ပေါ့၊ နင့်ကိုတော့ ငါ့ကားနဲ့ လိုက်ဖို့ ငါအရင်ခေါ်တာနော်"

"အဲဒါနဲ့ပဲ ဒီမွေးနေ့ပွဲသွားဖို့က အတည်ဖြစ်သွားပြီလား"

"သွားဖြစ်ရင် ပြောတာလေ၊ နင်မသွားရင်တော့ ငါလုံးဝ သွားဘူး"

"နင်ကလည်းဟာ၊ သွားလိုက်ပါဟာ၊ သနားပါတယ်"

"သနားရင် နင်ပါသွားပေါ့"

"နင် သွားလိုက်ပေါ့ဟာ၊ ငါ မွေးနေ့လက်ဆောင်တော့ ထည့်ပေးလိုက်ချင်တယ်ဟ"





"နေပါဦး၊ ငါသိချင်လို့ မေးတာ၊ သွားချင်လို့ ပြောနေတာ မဟုတ်ဘူးနော်၊ နင်ကကော ဘာဖြစ်လို့ ဒီလောက်တောင်မှ မသွားချင်ဘူး ဖြစ်နေရတာလဲ"

အမရက သက်ပြင်းလေးတစ်ချက်ချရင်း ...

"ငါ နင့်ကို အမှန်အတိုင်း ပြောမယ်"

"ပြော"

"သူကူ ငါ့သူငယ်ချင်း ကောင်လေးနှစ်ယောက်လုံးကို လိုက်ရော၊ လိုက်ပေါင်းနေတဲ့အခါမှာ ငါက ဒီနှစ်ယောက်ကို မျက်စိဒေါက်ထောက်ပြီး အပျောက်မခံ လိုက်အုပ်နေသလိုမျိုး အဖြစ်မခံနိုင်ဘူးဟ၊ သူ့ထင်မှာရော နင်တို့ထင်မှာရော မလိုလားဘူး၊ ငါ့ကွယ်ရာမှာ နင်တို့နှစ်ယောက်လုံး ဖြူနုငယ်နဲ့ ကိုယ့်သဘောကျ ကိုယ့်စိတ်တိုင်းကျ ပေါင်းသင်းခင်မင် ဆက်ဆံစေချင်တာ ...

ငါ သဘောထားကြီးချင်တယ်၊ ပြီးတော့ နင်တို့ဘာသာ လွတ်လွတ်လပ်လပ် ဆုံးဖြတ်ပြုမူတာကိုပဲ လိုချင်တယ်၊ ပြီးတော့ သူ အမိကရင်းနှီးချင်တာ နင်တို့နှစ်ယောက်ပဲ ဆိုတာ အသိသာကြီးနဲ့ ငါက တကောက်ကောက် တပူးကပ်ကပ် ပါမနေချင်ဘူးဟ၊ အဲသလိုကြီး အထင်ခံရရင်လည်း အောက်တယ်"

"နင်က အဲသလိုဖြစ်မှာစိုးလို့ မသွားချင်ဘူးဆိုရင် ရတယ် မသွားနဲ့၊ နင်မသွားတဲ့ မိန်းကလေးတစ်ယောက်ရဲ့ မွေးနေ့



www.burmeseclassic.com

www.burmeseclassic.com



ပွဲကို ငါလည်း လုံးဝမသွားဘူး၊ အဲဒါ နင့်ကွယ်ရာမှာ
စိတ် ငါ့သဘော ငါ့ဟာငါ စိတ်ကြိုက်ပြုမူတာ”

“နင်ကလည်းဟာ၊ နင်မလာရင် ဖြူနှင်းယံက ဖွတ်တော
လာခေါ်ရင် ခေါ်မှာ”

“သူ ငါ့ကို ကားပေါ်တော့ လက်ဆွဲတင်လို့ မရပါ
ဟ”

“ဒါပေမဲ့ ငါက ငါမလာလို့ နင်ပါမလာရတာ မလာရဲ
လို့လည်း အထင်မခံချင်ပြန်ဘူး”

“နင့်သဘောအတိုင်းသာလုပ်၊ ငါကတော့ နင်သွား
သွားမယ်၊ နင်မသွားရင် မသွားဘူး၊ အဲဒါ အပြီးဆုံးဖြ
ထားပြီးသား”

“ကျွတ်”

အမရသည် အောင်ပွဲနဲ့ ဝေလ နောက်ကနေ ကို
က ပိုင်ရှင်မကြီးလို တတန်းတန်း လိုက်ပါနေတာမျိုး မဖြစ်
ပေမယ့် ဖြူနှင်းယံကိုတော့ ခင်မင်ပေသည်။ ကောင်မလေး
စိတ်ကောင်းရှိရှိလေးနှင့် ချစ်စရာလေး မဟုတ်လား။ အောင်
နှင့်သာ မပတ်သက်ဘူး ဆိုရင်တော့ ဖြူနှင်းယံ မွေးနေ့
အမရက သွားဖြစ်မည်သူပါ။

ကိုယ်မပါရင် အောင်ပွဲက လုံးဝမသွားမှာ သေချာ
တော့ ဝေလတစ်ယောက်တည်းပဲ ရောက်သွားမည်သဘော ဖြ
နေရာ အဲဒီတော့လည်း အားနာပြန်သည်။ ကိုယ်က ပွဲဖျက်သ





ဖြစ်နေမှာလည်း မဖြစ်စေချင်။ အမရက အောင်ပွဲနှင့် ဖုန်းချပြီး
တဲ့အခါ ဝေလထံ ဖုန်းဆက်လိုက်ပါသည်။

“ဝေလ ... နင် ဖြူနှင်းယံ မွေးနေ့ သွားမှာလား”

ဝေလက ခဏတိတ်သွားပြီးမှ ...

“ဘာဖြစ်လို့လဲ”

“မေးတာသာ ဖြေစမ်းပါဟာ”

“ငါလည်း စဉ်းစားနေတာဟ၊ နင်ရော”

“ငါက မသွားချင်ဘူး”

“ဘာဖြစ်လို့လဲ”

“အမှန်က ငါက ရှုပ်နေတာပဲ၊ နင်တို့နှစ်ယောက်ကိုဖိတ်
ချင်လို့ သူ ငါ့ကိုပါ အလုပ်ပိုလုပ်ပြီး ထည့်ဖိတ်ရတာပဲဟာ”

“ဟိုကောင်ရော”

“အောင်ပွဲက ငါမသွားရင် သူလည်းမသွားဘူးတဲ့”

“ကျွတ် ... ဒီကောင်က ရင်ချင်းဆက်အမြွှာလုပ်နေပြန်ပြီ”

“အဲဒါ နင်ရော”

“ငါ ... အင်း၊ ငါလည်းပဲ ... အင်း”

“နင်သွားရင် အောင်ပွဲကိုပါ ရအောင်ခေါ်သွားလိုက်”

“ဘာလို့လဲ”

“နင်တို့နှစ်ယောက် သွားပေါ့ဟဲ့၊ ငါမပါတာနဲ့ပဲ အောင်ပွဲ
လည်း မသွားဖြစ်မှာစိုးလို့၊ နင် အောင်ပွဲကို ရအောင်ခေါ်
သွား”



www.burmeseclassic.com

www.burmeseclassic.com



"အာ ... ငါလည်း သွားချင်မှ သွားမှာ၊ သွားမနေတော့ ဘူး"

"အေး ... ကောင်းရောဟာ"

○❤○

တကယ်တမ်း အဲဒီနေ့ရောက်တော့ ဖုန်းဆက် တကျိုကျိုတကျာကျာ လုပ်နေတဲ့ ဖြူနုငယ်ကို အမရက ဇွတ် ငြင်းမနေလိုတော့ပါ။ သူကမွေးနေ့ရှင်လေ။ ကိုယ်က ကိုးလိုး လန့် လုပ်နေတာနဲ့ပဲ ဖြူနုငယ်တစ်ယောက် မွေးနေ့မှာ စိတ်အနေ အယှက် ဖြစ်ရတာမျိုး မဖြစ်စေလိုတော့ပါ။

"ဟဲ့ ... အောင်ပွဲ၊ ငါ ဖြူနုငယ်မွေးနေ့ သွားလိုက် မယ်၊ နင်လည်း သွားလိုက်ပါတော့ဟယ်"

"နင် တကယ်သွားမှာ သေချာလို့လား၊ ငါ့ကို ဇွတ်တ လွှတ်တာလား"

"ငါကသွားရင် နင်နဲ့သွားမှာပဲဟာ၊ မသေချာစရာလ

"အေး ... အေး ... ဒါဖြင့်ရင်လည်း ပြီးရောပေါ့"

"ငါက သူများမွေးနေ့မှာ စိတ်အနှောင့်အယှက် ပေး ဖြစ်နေမှာစိုးတယ်ဟာ၊ သူ့ခမျာလည်း ကြားထဲမှာ ခဏ ဖုန်းဆက်နေတာ၊ သွားလိုက်ပါမယ်ဟာ"

"ဒါဖြင့် ငါ နင့်ကို လာခေါ်မယ်၊ ဝေလရော"





"ခုပဲဆက်ကြည့်လိုက်မယ်"

ဝေလရဲ့ဟဲန်းဒ်ဖုန်းက ပိတ်ထားပါသည်။ ဒါနှင့် မရက အိမ်ဖုန်းကို ခေါ်လိုက်တော့ အန်တီဂျူလီနှင့်တွေ့ရသည်။

"ဝေလ မရှိဘူး အမရ၊ အပြင်သွားတယ်"

"သူ ဖြူနုငယ်မွေးနေ့ သွားမှာလား အန်တီ"

"အန်တီလည်း မသိဘူး၊ သမီး သူ့ပဲမေးကြည့်လိုက်၊ သေချာအောင်"

"ဟုတ်ကဲ့ အန်တီ"

အိမ်ကထွက်ချိန်သာ ရောက်ရော ဝေလဖုန်းက ဖွင့်ပါ။ သူ့ဖုန်းကို ရအောင်ဆက်နေတာနှင့် အိမ်ကအထွက် ဆောင် နောက်ကျနေသည်။ နောက်ဆုံး ဘယ်လိုမှ ဆက်မတော့ ဆလ မသွားဖြစ်ရင်တောင် ကိုယ်တွေနှစ်ယောက်တော့ အရောက် သွားတော့မှ ဆိုပြီး ဖြူနုငယ် ပေးထားတဲ့ လိပ်စာအတိုင်း ဘမ္ဘာအေးစေတီလမ်းပေါ်က ခြံကျယ်ကျယ်ကြီးဆီ ရောက်လာပါ သည်။

ခြံဂိတ်ကို အသင့်ဖွင့်ထားပေမယ့် ခြံထဲမှာ လူတွေ ကားတွေလည်းမတွေ့။ နှစ်ယောက်သား အူကြောင်ကြောင်နှင့် ဆါတီကိုအောက်နားထိ ကားမောင်းဝင်လာတဲ့အခါ ပေါ်တီကို အလွန်မှာ တိုက်ရဲ့နံဘေးကျကျလောက် ရပ်ထားတဲ့ ဝေလရဲ့ကား ကို မြင်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဟိုမှာ ဝေလကား မဟုတ်လား၊ ဝေလက ဒီ ရောက်နေတာပေါ့"

"ဒီကောင်တော့ကွာ၊ မသွားဘူးလိုလိုနဲ့ ဖုန်းပိတ်ပြီး ဒီကို တိတ်တိတ်လေး ရောက်နေတယ် ... ကျွတ်"

ကားသံကြောင့် ဖြူနုငယ် ပြေးထွက်လာကြသည်။

"အစ်မနဲ့ ကိုပွဲက နောက်ကျလိုက်တာ၊ ကိုဝေတောင် ရောက်တာကြာပြီ၊ ကိုဇေက အစ်မတို့ မလာတော့ဘူးထင် တယ်လို့ ခုပဲ ပြောနေတာ၊ ဖြူက လိုက်ပဲခေါ်ရင်ကောင်း မလား စဉ်းစားနေတာ"

အမရသည် ဝေလ လုပ်မှုကို မနှစ်သက်မိကာ ...

"ဝေလ ... နင်က သွားမနေတော့ပါဘူးဆိုပြီး ဘယ်လို ဖြစ်တာလဲ"

"ဟိုဟာလေဟာ၊ နင်တို့က မသွားဘူးဆိုတော့ ငါလည်း မသွားဘူးပေါ့၊ နောက်တော့ တစ်ယောက်မှ ရောက်မသွားရင် ဖြူနုငယ် စိတ်မကောင်း ဖြစ်မှာပဲဆိုပြီး"

"ဒါဖြင့်လည်း နင်သွားမယ်ဆိုတာ လှမ်းပြောပါလား"

"ထွက်လာတဲ့ထိကို မသေချာသေးတာဟ"

"ဒါဖြင့် ဖုန်းကို ဘာဖြစ်လို့ ပိတ်ထားလဲ"

ဝေလက အမရရဲ့ လေသံတင်းတင်းကြောင့် တာရှည် သည်းခံသောစရိုက် မရှိတဲ့သူပီပီ ...





"ဘာတွေလာရန်တွေ့နေတာလဲ၊ နင်လည်း အခု နှစ်ယောက် ပေါင်း တိုင်ပင်ပြီးတော့ လာတာပဲ မဟုတ်လား"

သူက တစ်ပြန်စီး အပြစ်တင်လိုက်ပါသည်။ တစ်စ က်တစ်စ ပိုပိုပြီး သိသာလာတဲ့ သူတို့ညီအစ်ကိုရဲ့ မတူကွဲပြား အကျင့်လက္ခဏာတို့ကို သိသိလာရလေလေ အမရ ရင်ထဲ ာင်ပွဲကို နှစ်သက်မြတ်နိုးမိလေလေပင်။ အမရက စိတ်ကိုဖြေ က်ပါသည်။ ဝေလဟာ ကိုယ့်အတွက် အရေးပါသူဖြစ်လာ မှုမဟုတ်ဘဲလေ၊ ဘာကြောင့် အပင်ပန်းခံ စိတ်တိုနေရဦးမှာ

"ငါတို့လာခါနီး နင့်ဆီ ဖုန်းတောက်လျှောက်ခေါ်တယ်၊ နင့်ပါ ခေါ်မလို့၊ နင်က ဒီရောက်နေပြီဆိုတော့ ဖုန်းကို ပိတ်ထားတယ်လေ၊ နင်လာတာ ငါတို့မသိစေချင်တဲ့သဘော ဖြစ်မှာပေါ့၊ နင့်ကို ဘယ်လိုမှ ဆက်မရတော့ အန်တီဂျူလီ့ ဆီဆက်ပြီး နင် ဘယ်သွားလဲ မေးတယ်၊ အန်တီဂျူလီလည်း မပြောနိုင်ဘူး၊ လက်စသတ်တော့ နင်က ဒီမှာ၊ ငါနဲ့ အောင်ပွဲသာ လာဖြစ်ဖို့ မဆုံးဖြတ်လိုက်ရင် နင် ဒီကိုရောက် ခဲ့မှန်း ငါတို့ သိရမှာတောင် မဟုတ်ဘူးဟုတ်နော် ... ဝေလ၊ နင်က မသိအောင် ဖုန်းပိတ်ပြီး မိုးလာတာဆိုတော့လေ"

ခပ်ပြုံးပြုံးပြောနေတဲ့ အမရကြောင့် ဝေလက မျက်စိ က်နှာအနည်းငယ်ပျက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းပိတ်ထားတာက ငါ့ဖုန်းဘက်ထရီအားနည်းနေလို့ပါဟ၊ အပိုလည်းမပါတာနဲ့ မနက်ကတည်းက အပြင်ထွက်ကတည်းက ပိတ်ထားလိုက်မိတာ၊ ဒီကိုလည်း အပြင်ကပဲ တန်းဝင်လာတာဆိုတော့ ဖုန်းမဖွင့်ဖြစ်တော့ဘူးပေါ့"

"တကယ်ပဲ ဘက်ထရီအားမရှိတော့ရင်တောင် နင်တကယ် ငါတို့ကို အသိပေးချင်စိတ်ရှိရင် ဖြူနုငယ် ဖုန်းနဲ့ လှမ်းဆက်လို့ ရတယ်လေ၊ ဒီကိုရောက်တာပဲ ကြာပြီဆို"

အလျှော့မပေးဘဲ ပြုံးပြုံးလေး ချောင်ပိတ်နေတဲ့ အမရကြောင့် ဝေလက နေရထိုင်ရ ခက်သလိုဖြစ်ကာ ...

"နင်က အခု စိတ်ဆိုးနေတာလား ငါ့ကို"

"ဘာစိတ်ဆိုးစရာရှိလို့လဲ၊ နင်လုပ်ချင်သမျှကို နင့်စိတ်နင့်သဘောနဲ့ နင့်မှာလုပ်ခွင့်ရှိတာပဲ၊ ဒါပေမဲ့ နင်ဘယ်လိုလုပ်တယ်ဆိုတာကိုသာ ငါ သဘောပေါက်တယ် သိတယ်ဆိုတဲ့အကြောင်း ဖွင့်ပြောပြတာ၊ နင့်မှာ အဲသလိုလုပ်ချင်ရင် လုပ်ခွင့်ရှိတယ်လေ၊ နောင်လည်း နင်လုပ်ချင်သလို ကိုယ့်ဆန္ဒနဲ့ကိုယ် လုပ်ခွင့်ရှိတယ်၊ ဒါပေမဲ့ အဲဒါကိုတော့ ဖုံးမထားနဲ့၊ ဖွက်မထားနဲ့၊ သူငယ်ချင်းချင်း ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသားပေါ့ဟာ"

အမရနှင့် ဝေလ ပြောနေကြတဲ့ စကားတွေကြောင့် ဖြူနုငယ်ရော အောင်ပွဲပါ အနည်းငယ် နေရထိုင်ရ ခက်နေပါသည်။



ဘာမှမဖြစ်သလို ခပ်တည်တည်လုပ်နေတဲ့ ဝေလရဲ့အတွင်းထဲမှာ သူ့ဟာနှင့်သူ ဖောင်းလ်ဖြစ်သွားတာတော့ သေချာပါသည်။

"ဆောရီး ... ဖြူနုငယ်၊ တို့က မကြိုက်ရင် အောင့်မထားတတ်လို့ပါ၊ ချက်ချင်းပြောလိုက်ရတော့ အခုပြီးသွားပြီပေါ့၊ ဟက်ပီးဘာ့သ်ဒေးနော်၊ ဒီမှာ မွေးနေ့လက်ဆောင်"

"အာ ... အဲဒီမွေးနေ့လက်ဆောင်တွေ မလိုချင်ဘူး၊ ကိုဝေကလည်း ဟိုမှာ အရှုပ်ကြီး"

ဆက်တီတစ်ခုပေါ်မှာ ဝေလပေးတဲ့ ရင်ဘတ်မှာ အသည်းအနီရောင်ရဲရဲနှင့် ဝက်ဝံရုပ် အကြီးကြီး ရှိနေသည်။

"ဖြူက ပွဲကြီးလုပ်တာလည်း မဟုတ်ဘူး"

"အမှတ်တရပေါ့၊ အရမ်းတန်ဖိုးကြီးတာတွေလည်း မဟုတ်ပါဘူး၊ လက်ခံနော်"

အမရက ရင်ထိုးဘူးကလေး လှမ်းပေးလိုက်လျှင် အောင်ပွဲကလည်း ခုပဲ အမရနှင့်အတူ ဝင်ဝယ်ခဲ့တာဖြစ်သည့် မိုက်ဆံထည့် အိတ်ပြာပြာကလေးကို ထုတ်ပေးရင်း ...

"ဟက်ပီးဘာ့သ်ဒေး၊ အသက်နှစ်ဆယ်ပြည့် ဆိုတော့ အနောက်နိုင်ငံမှာဆိုရင်တော့ လူကြီးမဖြစ်သေးဘူး၊ တစ်နှစ်လိုသေးတယ်"

"အမယ် ... ဒီမှာတော့ လူကြီးပါနော်၊ ဆယ့်ရှစ်နှစ်ပြည့်ရင် အရွယ်ရောက်ပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မွေးနေ့ကလည်း တခြားလူလည်း မရှိပါလား ဖြူနုငယ်"

"ဟင့်အင်း၊ မွေးနေ့ပွဲလည်း လုပ်ခဲ့လို့မရှိပါဘူး၊ အစ်မတို့ သုံးယောက်ပဲ"

"ဟင် ... ဘယ်လိုကြီးလဲ၊ တို့သုံးယောက်တည်း !"

"ဟုတ်တယ်"

"ဒါဆိုလည်း ဖြူနုငယ်ရယ်၊ ပေါ့ပေါ့ပါးပါးလေး အပြင် တစ်နေရာရာ ထွက်စားလိုက်လည်း အဆင်ပြေတာပဲ မဟုတ်လား၊ အိမ်မှာဆိုတော့ လူကြီးတွေနဲ့ အနှောင့်အယှက် ဖြစ်စရာ ဖြစ်နေမှာပေါ့၊ အားနာစရာကြီး၊ အိမ်ကိုဖိတ်တာ ဆိုတော့ တကူးတက ဆန်တယ်လေ"

"ဆန်ပစေ၊ လူကြီးတွေ အားမနာရပါဘူး၊ ဖြူက ပြီးရင် ဖေဖေတို့ မေမေတို့နဲ့လည်း မိတ်ဆက်ပေးဦးမှာ၊ မေမေတို့ ကလည်း ကိုပွဲတို့ ကိုဝေတို့ကို တွေ့ချင်တာ၊ အစ်မလည်း ပဲ ပါတာပေါ့"

"မင်း ဘာတွေလျှောက်ပြောထားလို့ လူကြီးတွေက ငါတို့ကို တွေ့ချင်နေရတာလဲ"

အောင်ပွဲရဲ့လေသံက ရင်းရင်းနှီးနှီး စီးစီးပိုင်ပိုင်ရှိ လှပါသည်။ ဖြူနုငယ်က ပြုံးစိစိနှင့် ...

"ဖြူက ယောက်ျားလေးတွေနဲ့ ခင်မင်ပေါင်းသင်း တွဲသွား တတ်တဲ့သူမှ မဟုတ်တာ၊ ကိုပွဲနဲ့ ကိုဝေက ဖြူနဲ့အရင်ဆုံး





ရင်းနှီးကြတဲ့ ယောက်ျားလေးတွေမို့ ဖေဖေတို့ကလည်း စိတ်ဝင်စားတာမျိုး ဖြစ်မှာပေါ့"

"အေး ... အဲဒါ မင်းလျှောက်ပြောထားလို့ပေါ့၊ မဟုတ် ဘူးလား"

"အဟား ဟား ဟား"

ဖြူနုငယ်ရဲ့ ချစ်စရာ ရင်းနှီးပွင့်လင်း လွတ်လပ်လှ [illegible] ဟန်ပန်လေးကို အမရက စိတ်ဝင်တစား ချစ်ခင်စွာ စိုက်ကြည့် [illegible] မိပါသည်။ သူ့အိမ်မှာသူမို့ အဝတ်သစ်သစ်တွေလည်း ဝတ်မ ...။ အိမ်နေရင်း ချည်ထည်အဖြူခံပေါ် အရုပ်လေးတွေပါတဲ့ ...ဆင်အကျီ လက်ပြတ်ကားကားလေးနှင့် ဒူးလောက်အောင်းဘီ ...လေးသာ ဝတ်ထားပြီး မျက်နှာပြောင်ပြောင်ရှင်းရှင်းလေးနှင့် ...။

သူ့ရဲ့ပြောဆိုဆက်ဆံပုံတွေ အကြည့် အရှုလေးတွေ ...လည်း ဒီယောက်ျားလေးနှစ်ယောက်အပေါ် ကလက်တက်တက် ...မရှိ။ ဖွတ်တရွတ် တစ်ဖက်သတ် ခင်မင်ဝင်ထွက်လာသော် ...ည်း သွက်လက် ပွင့်လင်း ရင်းနှီးလှသော်လည်း မူယာမာယာ ... မပါဘဲ အပြစ်ကင်းစင်လှတဲ့ ပုံစံလေးနှင့်မင်။ မျက်စိနောက် ... ရှုမြင်မရပုံမျိုး ဖြစ်မနေပါ။ သို့ပေမယ့်လည်း ဒီယောက်ျား ...နှစ်ယောက်ကိုတော့ သူ ခင်မင်သံယောဇဉ်ရှိတဲ့ပုံ ပေါက်[illegible] ...။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မကိုကျတော့လေ ကိုပွဲတို့ ကိုဝေတို့ရဲ့ သူငယ်ချင်း ကောင်မလေးဆိုပြီး မြင်ဖူးလိုက်တာနဲ့ ချစ်ကိုချစ်တာ ... အဟီး"

အမရက ပြုံးနေမိပါသည်။

"နှစ်ယောက်လုံးရဲ့ ရင်းနှီးချစ်ခင်မှုကို ရထားတဲ့ တစ်ဦးတည်းသော မိန်းကလေးဆိုတော့ နည်းနည်းထူးတာပေါ့၊ သူတို့ကိုခင်ရင် ဒီမိန်းကလေးကိုလည်း ခင်ရမယ်ဆိုတာ ဖြူက သိပြီးသား၊ ခင်ကိုခင်မှ ဖြစ်မှာလို့ နားလည်သတ်မှတ်ထားတာက သတ်သတ်၊ အစ်မကလည်း သူ့အလိုလိုကို ချစ်ဖို့ခင်ဖို့ ကောင်းနေတာ"

"တော်ပါပြီ ဖြူနှင်းငယ်ရယ်၊ အဲလောက်ကြီး အမွှန်းမတင်ပါနဲ့၊ တော်ကြာကျရင်လည်း ဖြူနှင်းငယ် ကျွေးတာတွေပဲ တို့က စားရဦးမှာ"

စကားတွေထိုင်ပြောနေကြရင်းက အမရက အောင်ပွဲ ဝေလနှင့် ဖြူနှင်းငယ်တို့သုံးဦးကို တောက်လျှောက် အကဲခတ်နေမိပါသည်။ ကောင်မလေးကတော့ နှစ်ယောက်စလုံးအပေါ် ဖြူဖြူစင်စင် တန်းတူညီတူသာ။ အောင်ပွဲနဲ့ ဝေလ နှစ်ယောက်ထဲမှာတော့ ပုံမှန်စကားနည်းတတ်တဲ့ အောင်ပွဲက အာဘောင်အာရင်းသန်သန်နှင့် ဖြူနှင်းငယ်ကို စကားတွေ များများပြောဖြစ်နေပြီး ဝေလက ငြိမ်ကုတ်ကုတ်။





သူ့ တိတ်တိတ်လေး ရောက်နေတာ ပေါ်သွား၍ အနေခက်နေပုံလည်းရတဲ့ ဝေလက စကားနည်းနေကာ သူ့ဆက်ဆံမှုက တရင်းတနှီး ဖြစ်လွန်းနေလျှင်ပဲ အောင်ပွဲတို့ အမရတို့ တစ်မျိုးမြင်မလားဟု စိုးရိမ်ဆင်ခြင်နေပုံနှင့် မလုံမလဲ တွန့်ဆုတ်နေပါသည်။ သူလိုလူသွက်က တွန့်ဆုတ်ဆုတ် ဖြစ်နေတော့ ပိုပြီးသိသာထင်ရှားနေသည်။

စကားသာ နည်းနေရပေမယ့် ဖြူနှင်းငယ်ကို တစ်ခွန်းတလေ လှမ်းပြောတဲ့ အခါတွေမှာတော့ လေယူလေသိမ်း ဟန်ပန်ကအစ ပဲတော့အများသား။ ပုံမှန်မဟုတ်ဘဲ အိုက်တင်တစ်မျိုးက မသိမသာ ပါနေသည်။

စတိုင်ခပ်ပါးပါးတစ်ထပ် မသိမသာထုတ် ထားတာငယ်ပေါင်းကြီးဖော်မို့ အမရကတော့ ဖျတ်ခနဲကြည့်ရုံနှင့် သိပါသည်။ ရယ်လည်း ရယ်ရတဲ့ ဝေလ။

သူ့ကြည့်ရတာ ဖြူနှင်းငယ်ကိုများ စိတ်ဝင်စားနေလား။ သူ ရည်ရွယ်ပြီမို့ပဲ အောင်ပွဲကို နောက်ကျကျန်ရစ်အောင် ဖြတ်ချထားခဲ့ချင်ပြီး တိတ်တဆိတ် လှုပ်ရှားချင်တာလား။ အဲသလိုဖြစ်နိုင်ချေရှိပုံပေါ်သည်။ ဖြူနှင်းငယ်က သူ့အပေါ် ရိုးသားပုံရပြီး သူက သိပ်မရိုးသားချင်ပုံ ရနေတာကို အမရ အကဲခတ်မိပါသည်။

ကိုယ့်ရဲ့အောင်ပွဲကတော့ ကိုယ့်မျက်စိထဲ အဖြူစင်ဆုံးတည်း။ သူဟာ သူပြုမူချင်သလို သူဆန္ဒရှိသလို ရင်းသိနဲ့အပြင်



www.burmeseclassic.com

www.burmeseclassic.com



ဘက် ထပ်တူကျကျ ပြောဆိုပြုမူတတ်သည်မှာ အမရရဲ့ရှေ့တင်ရော၊ အမရရဲ့ကွယ်ရာရော ညီညီညွတ်ညွတ် ဟန်ဆောင်မှုမပါသူပါ။ သူဟာ အမရရှေ့မှာမို့ ဖြူနုငယ်အပေါ် (တခြားမိန်းကလေးတွေဆိုလည်း ဒီအတိုင်းရှိမှာ) မပွင့်တပွင့် လုပ်နေပြီး အမရကွယ်ရာကျမှ နှိုင်တွေပစ်ထည့် အလွမ်းသယ်နေမယ့် ရှေ့တစ်မျိုးကွယ်ရာတစ်မျိုးသမား မဟုတ်။

သူပြောချင်စိတ်ရှိရင် ဘယ်သူ့ရှေ့ဖြစ်ဖြစ် ဘယ်သူ့ကွယ်ရာဖြစ်ဖြစ် ပြောချင်တာ ပြောနေမှာဖြစ်ပြီး သူ စိတ်မပါရင်မပြောချင်ရင်လည်း ဘယ်သူ့ရှေ့ ဘယ်သူ့ကွယ်ရာမဆို ခပ်ငြိမ်မှန်တေတေနေမယ့်သူပင်။

သူ အခု ဖြူနုငယ်ကို ခင်မင်တယ်ဆိုတာ အမေတွေ့နေရကာ အဲဒီ ခင်မင်မှုဟာလည်း အရောင်အဆင်း မပါရိုးသားသန့်စင်တယ်ဆိုတာကိုပါ ကောင်းကောင်းမြင်သာ အကဲခတ်သာပါသည်။

"ဟိတ်ကောင် ... အောင်ပွဲ၊ မင်းတို့ ကားမောင်းသင်တန်းက ဆရာတွ ဆရာမတွေဆိုတာကို ငါရော အမရရော မြင်ဖူးတာလည်းမဟုတ် သိတာလည်းမဟုတ်၊ မင်းတို့နှစ်ယောက်ပဲ သိတဲ့လူတွေအကြောင်းတွေ ပြောပြီး ရယ်မောတာ ငါတို့က အူကြောင်ကြောင်နဲ့ ဘယ်လောက်ကြာကြာထိုင်နားထောင်နေရဦးမှာလဲ ... ပြော"





ကြာတော့ ဝေလ ကျွမ်းတိုလာပါသည်။ မိန်းကလေးနဲ့ပတ်သက်လာရင် အောင်ပွဲက သူငယ်တန်းသူက အထက်တန်းအောင်လို့ သူ့ကိုယ်သူ သတ်မှတ်ထားတာဖြစ်ရာ သူက သူ့မလုံမလဲမှုနှင့်သူ ကုပ်ကုပ်လေး ချောင်ထဲရောက်နေရတာ ကြာတော့မခံနိုင်။

"ကိုဝေကလည်း ...၊ ကိုပွဲက စကားလမ်းကြောင်းမတည့်ရင် ပါးစပ်ပိတ်ပြီး ငြိမ်နေတတ်တာ၊ ဒီတစ်ခါလေးပဲ၊ သူ့အသိတွေ အကြောင်းလည်းပါလို့ စကားအစပ်အဟပ်တည့်ပြီး အားရပါးရ ပြောတာကို နားထောင်ဖူးအောင်ပါနော်"

ဝေလသည် ဒီနေ့အဖို့တော့ တယ်ပြီးစိတ်မကြည်သာ။ ဟိုနှစ်ယောက် တကယ်မလာဖြစ်ဘူးထင်၍ ကိုယ်တစ်ယောက်တည်းလာပြီး ဖြူနုငယ်ကို သူ့ရင်ထဲခိုင်လေးတွေ အနည်းငယ် ပစ်သွင်းဖို့ ကြံစည်ထားတာလည်း ပျက်ပြီ။ ဟိုနှစ်ယောက်က ရောက်လာတော့ ကိုယ်က တိတ်တိတ်ခိုးပြီး လာတဲ့သူအဖြစ်နည်းနည်းဖောင်းလ်သွားပြီ။

ဘာပဲဖြစ်ဖြစ် သူဟာ ဖြူနုငယ်ပေါ်မလာခင်ကတော့ အမရကို ငါသာ အပိုင်ရရမယ့်သူဆိုပြီး ဦးတည်ပစ်မှတ်ထားထားတာ။ အောင်ပွဲကိုတော့ခင် သွားတားမြစ်ထားတာ။ တကယ်တန်းလည်း အမရကို သံယောဇဉ်ရှိခဲ့တာပင်။ ကောင်မလေးတွေ တွဲ



www.burmeseclassic.com

www.burmeseclassic.com



သွား တွဲလာ ရှိနေခဲ့ပေမယ့် ဘယ်သူ့ကိုမှ စွဲစွဲလမ်းလမ်း ရှိတာ မဟုတ်ဘဲ အမရကိုတော့ ငယ်သံယောဇဉ်နှင့် ကိုယ်သာအပိုင်ရလိုတဲ့ လောဘပါ ပေါင်းစွက်ကာ တကယ်တို ကိုယ့်မိန်းကလေးပဲ ဖြစ်စေချင်တဲ့ အတ္တရှိခဲ့မိတာ အမှန်ပါ။

မသိမသာလေးလည်း အီတီတီ ကြူတူတူ လုပ်တဲ့အခါ လုပ်ဖူးခဲ့ပါရဲ့။ အခုတော့ သူ့ရင်ထဲမှာ အမရထက် ဖြူနုငယ်က စူးစူးနစ်နစ်ကို နေရာဝင်ယူလာခဲ့တာ။ ဒါအမှန်တကယ်ဖြစ်လာတာပဲလေ။ သူ ဘာတတ်နိုင်မလဲ။ ဒါပေမဲ့ အဲဒီအတွက် အမရအပေါ် မျက်နှာပူသလိုတော့ ရှိတာပေါ့။ ဒါကြောင့်လည်း ကိုယ့်ဟာကိုယ် တိတ်တိတ်ပဲ လာလိုက်တာပါ။ အဲဒါရဲ့အပြင် တခြားစိတ်ပုပ်စိတ်ညစ်တော့ မရှိပါ။

"ဖြူဖြူရေ ... အားလုံး အဆင်သင့် ဖြစ်ပါပြီ"

အိမ်တွင်းဘက်မှ အမျိုးသမီးကြီးတစ်ယောက် ထွက်လာကာ တရိုတသေပြောလျှင်ဖြူနုငယ်က ထ,ရပ်လိုက်ပြီး —

"ဒါဖြင့် စားကြစို့နော်၊ နော် ... ကိုဝေ၊ နော် ... ကိုခွဲနော် ... အစ်မ"

ဖြူနုငယ်က လူစေ့တက်စေ့ ဆန္ဒခံယူပြီးမှ ...

"ဖြူ ဖေဖေနဲ့ မေမေ သွားခေါ်လိုက်ဦးမယ်"

"ဟင် ... လူကြီးတွေနဲ့ တူတူစားရမှာလား"

"ဟုတ်ကဲ့ ... ဘာလို့လဲ အစ်မ"





"လူကြီးတွေ အရင်စားပါစေလား ဖြူနုရယ်၊ အတူတူစားရမှာ အားနာစရာကြီး"

"အားနာစရာ မရှိပါဘူး အစ်မရဲ့၊ ဖေဖေက ဒီလူဒီလူတွေလာရင် အတူတူစားမယ်၊ ခေါ်လိုက်နော်လို့ကို မှာထားတာ အစ်မရဲ့"

ဖြူနုငယ်က အပေါ်ထပ် ပြေးတက်သွားပါသည်။ ဖြူနုငယ်ရဲ့မိဘတွေနှင့် အတူစားရသည်ဆိုတော့ စိတ်တော့ကျဉ်းကျပ်စရာကြီးပင်။ မွေးနေ့ဆိုပေမယ့် ဒီသုံးယောက်ကလွဲပြီး တခြားသူ့သူငယ်ချင်းတွေလည်းမဖိတ်။ စားသောက်ဖို့ကျတော့လည်း ရွယ်တူသူငယ်ချင်းတွေချင်း လွတ်လွတ်လပ်လပ် စားဖို့သောက်ဖို့ လွှတ်ထားမပေးဘဲ လူကြီးတွေနှင့် တစ်ပွဲတည်း တစ်ဝိုင်းတည်း အတူစားရမယ်ဆိုပြန်သည်။ ဒီဖိတ်ခေါ်မှုက တစ်မျိုးကြီးကိုဖြစ်နေတာ။

ဖြူနုငယ် မိဘတွေက သူ့သမီးတွဲနေ ပေါင်းနေတဲ့ ယောက်ျားလေးတွေကို ဘယ်လိုအနေအစား အဆင့်အတန်းလည်း သိအောင် ခေါ်ကြည့်ချင်တာမျိုးလား။ တွေးစရာတော့ ဖြစ်ကိုဖြစ်နေတာ။ လူကြီးတွေ ဆင်းလာပြီး အတူထမင်းလက်ဆုံစားကြတော့ အမရက သူ့အယူအဆတွေ မလွဲဘူးဆိုတာ ပိုသေချာလာသည်။

လူကြီးနှစ်ယောက်စလုံးဟာ အောင်ပွဲကိုရော ဝေလဒီရော အသေးစိတ် ကြည့်ရှုအကဲခတ် အရေးပေး အရိပ်ကြည့်

www.burmeseclassic.com



နေကြတာကို အမရက ဒေါးလှလို တွေ့မြင်နေရပါသည်။ အမ
ကိုလည်း ဖော်ရွေခင်မင်စွာ ဆက်ဆံကြပေမယ့် အောင်ပွဲနဲ့ ဒေလ
ကိုတော့ မေးခွန်းတွေလည်းထုတ် အရိပ်တကြည့်ကြည့် ဖြစ်နေ
တော့တာပင်။

အမရစိတ်ထဲမှာ ဘာမှန်းမသိတဲ့ သံသယတွေနှင့်
တစ်မျိုးကြီး ဖြစ်နေခဲ့ပါသည်။

○❤○





## ၁၀

ဒီလိုကြီးကျယ်ခမ်းနားလှတဲ့ ဟိုတယ်ကြီးတစ်ခုရဲ့
ကော်ဖီဆိုင်မှာ အမရ တစ်ခါမှ မထိုင်ဖူးတာ အမှန်ပင်။ ဟိုတယ်
ကြီးရဲ့ အရှိန်အဝါကြောင့်ရော ဘာမှန်းမသိရတဲ့ ကိစ္စတစ်ခုအတွက်
စိတ်လှုပ်ရှားမှုရော၊ နှစ်ခုရောပေါင်းကာ အမရမှာ ရင်တွေပင်ခုန်
နေပါသည်။

"ဘာကိစ္စမှန်းလဲလည်း မပြောဘူး ဖြူနုငယ်ရယ်"

"ဟိုကျတော့ ဖေဖေ ပြောမှာပေါ့၊ ဖြူပြောရင် လိပ်ပတ်
မလည်ဘဲ စကားကျန်ခဲ့မှာတို့ အပြောမတတ်လို့ နားလည်မှု
လွဲတာတို့ ဖြစ်မှာစိုးလို့ပါ၊ အစ်မကလည်း"

"ဒါပေမဲ့ ဘာနဲ့ ပတ်သက်တဲ့ ကိစ္စလဲဆိုတာတော့ အရိပ်
အမြွက်ကြိုပြောမှ တို့က လိုက်၊မလိုက် စဉ်းစားနိုင်မှာပေါ့"

ဒီတော့မှ ဖြူနုငယ်က ...

"ကိုဝေတို့ ကိုပွဲတို့နဲ့တော့ ပတ်သက်တယ်၊ ဒီလောက်ပဲ
သိထားပါနော် အစ်မ"



www.burmeseclassic.com

www.burmeseclassic.com



"ဝေလနဲ့ အောင်ပွဲနဲ့ ပတ်သက်တဲ့ကိစ္စမှာ တို့က ဘာကြောင့် သူတို့မသိခင် အရင်ဆုံး ဖြူ့အဖေနဲ့ တွေ့ရမှာလဲ၊ တို့နဲ့ ဘာဆိုင်လို့လဲ"

"အစ်မနဲ့ မဆိုင်ပေမယ့် အစ်မက အကောင်းဆုံးကြားလူ ဖြစ်နေလို့ပါ"

"အကောင်းဆုံးကြားလူ ! "

"ကာယကံရှင်တွေကို ဖွင့်ပြောဖို့က ဘာပဲဖြစ်ဖြစ် ထောက် ထားငဲ့ညှာစရာတွေရှိပြီး အပြောခက်နေလို့ပါ၊ အစ်မကတော့ ကိုဝေနဲ့ ကိုပွဲရဲ့ အရင်းနှီးဆုံး သံယောဇဉ်အကြီးဆုံး သူငယ် ချင်း၊ မိဘချင်းလည်း သိကျွမ်းခင်မင်ကြတယ်၊ ဒါတွေ ကြောင့် အစ်မကို ဆောလူ ကြားလူ အနေနဲ့ အသိပေး အကူညီတောင်းဖို့ အသင့်တော်ဆုံးပဲလို့ ဖေဖေက ပြောတာ ပါ"

"ဘာတွေများလဲ ဖြူနှငယ်ရယ်၊ ရင်ထိတ်လိုက်တာ"

"လိုက်သာလိုက်ခဲ့ပေးပါ အစ်မရယ်၊ ကျေးဇူးတင်ပါတယ်"

"ဘာမှန်းမသိ၊ ကိုယ့်အဖေအရွယ် လူကြီးတစ်ယောက်နဲ့ စကားလိုက်ပြောရမှာကြီး"

"ဖေဖေက သဘောကောင်းတာ အစ်မလည်း သိသားနဲ့ ဟိုနေ့က တွေ့ဖူးသားနဲ့၊ စတယ်ကြီးနဲ့ ရုပ်ကြီးတည် မျက်နှာကြီးတင်းပြီး နေတတ်တဲ့သူမှ မဟုတ်ဘဲနဲ့"

"ဒါပေမဲ့ ရင်တွေတောင် တုန်တယ်ဟယ်"



ဖြူနှငယ်ဟာ အမရကို ခါးဖက်လိုက်၊ လက်မောင်း ကော်လိုက်၊ သူ့ခေါင်းနဲ့ တိုက်ခွေ့လိုက်ဆိုတဲ့ အပြုအမူမျိုးတွေ ဘရင်းတနီး လုပ်တတ်သည်။ ခုလည်းပဲ အဲဒီအမူအရာလေးတွေ နှင့် တရင်းတနီး ချွဲနွဲ့ပူဆာကာ မရမက နားပူနားဆာတိုက်ပြီး ခေါ်တော့တာပင်။ အမရရဲ့အမေကိုတော့ ...

"အန်တီ သမီး အစ်မကို ခဏခေါ်သွားမယ်နော်၊ ဟိုတယ် တစ်ခုမှာ ကော်ဖီတိုက်မလို့ ... အဟီး၊ ထည့်လိုက်ပါနော်"

မေမေက ဘာမှအထွေအထူး မပြောဘဲ ...

"ခေါ်သွား ... ခေါ်သွား သမီး"

ခွင့်ပြုလိုက်တော့ အမရကို မရမက ပူဆာလက်ဆွဲ ကာ ရွတ်တရွတ်ပင် သူ့ကားနဲ့ တင်ခေါ်လာခဲ့တော့တာပါ။

"ဘာမှန်းလဲ မသိဘူး၊ ကိုယ်နဲ့ မဆိုင်ဘူးဆိုတာတောင် ရင်တွေတုန်လိုက်တာ ဖြူနှငယ်ရယ်၊ တကယ်ပဲ"

"အဟင်း ဟင်း၊ ဟိုရောက်လို့ ဖေဖေပြောတာ နားထောင် ပြီးရင် အစ်မ ဒီထက်ရင်ပိုတုန်ရဦးမှာတော့"

"ဟယ် ... ဘာတွေမှန်းလဲ မသိဘူးဟယ်"

တကယ်တမ်း ဟိုတယ်ကြီးရဲ့ ကော်ဖီဆိုင် ကြိမ်စားပွဲ ကြိမ်ကုလားထိုင်ကြီးတွေမှာ ဖြူနှငယ်ရယ်၊ သူ့အဖေရယ်၊ အမရ ရယ် ထိုင်ပြီးစကားပြောဖြစ်ကြတဲ့အချိန်မှာတော့ ဖြူနှငယ်ပြော သည့်ပင် အလန့်တကြား အံ့သြရင်ထိတ်ရလွန်း၍ အမရရဲ့အသည်း နှလုံးတွေပင် တလှပ်လှပ် ဖြစ်နေခဲ့ရသည်။

www.burmeseclassic.com



ရင်လေးကိုဖိပြီး စကားတစ်လုံးမှ မပြောနိုင်လောက် အောင် ဖြစ်ခဲ့ရသည်။ ဖြူနုငယ်ရဲ့အဖေ ဦးကျော်ဇော ပြောနေတဲ့ ဆွတ်ပျံ့လွမ်းမောဖွယ် ဓာတ်လမ်းလေးတစ်ပုဒ်ကို ကိုယ်တိုင်ပါ နစ်မျောခံစားမိကာ ရင်တွေနင့်လို့ ဝမ်းတွေနည်းလို့ပင်။

ချောမောသန့်ပြန့်ပြီး ကျက်သရေရှိလှတဲ့ ဖြူနုငယ် ရဲ့အဖေ မျက်နှာမှာ စိတ်လှုပ်ရှားမှုတစ်ခု ဖိစီးကာ နာနာကျင်ကျ ရှိနေတာကို အံ့အားတသင့် ရင်တနင့်နဲ့ ငေးမောစိုက်ကြည့်နေ ထောင်နေခဲ့မိပါသည်။ ဖြူနုငယ်ကတော့ သိတတ်စအရွယ် ရောက် စကတည်းက ဖန်တရာတေ ကြားဖူးနေတဲ့ ဤဓာတ်ကြောင်းမှာ အပြုံးအရယ်မပျက် ရီးလို့နေပြီ။

နေရာကထ,သွားပြီး ကိတ်မုန့် မုန့်ဗီရိုမှာ ကိတ်ဒေ သွားရွေးချယ်မှာလိုက်၊ လာပြန်စားလိုက်။ ဟိုတစ်ဖက်တစ်ဖေ က ပန်းချီကားတွေကို ထ,ကြည့်လိုက်၊ ပြန်လာထိုင်လိုက်။ သိပြီးသား ဓာတ်ကြောင်းကြီးကို သူ့အဖေက အမရထံ ရှင် ဓာတ်ကြောင်းပြန်နေခိုက် ပျင်းရိလို့ပင် နေသေးသည်။

အမရမှာတော့ နည်းနည်းကလေးမှ မပျင်းနိုင်အော ထိတ်လန့်အံ့သြနေရတာ။ ဒါဖြင့် အောင်ပွဲ သို့မဟုတ် ဝေ တစ်ယောက်ယောက်ဟာ ...။ ဤအတွေးက အမရရဲ့နှလုံးသာ ကို နင့်စေသည်။

ဆွတ်ပျံ့စရာ ဓာတ်လမ်းကလေး တစ်ပုဒ်မှာ ဓာ လိုက်မင်းသားကတော့ ဖြူနုငယ်ရဲ့အဖေ ဦးကျော်ဇောပင် ဖြစ်





သည်။ အဲဒီတုန်းကတော့ "ဦး"တပ်လို့ မရသေးတဲ့ အသက် အစိတ်မရှိတရှိ သူဌေးသား မောင်ကျော်ဇောပေါ့။ ဓာတ်လမ်းထဲ က ဓာတ်လိုက်မင်းသမီးကတော့ "မြတ်စု"ဆိုတဲ့ သနားစဖွယ် ချောတဲ့ မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

ဘဝကန့်ချာကာ ဆင်းရဲချို့တဲ့သူ မိဘတွေဝမ်းထဲ င်စားမွေးဖွားခဲ့ပေမယ့် ငွေမရှိသူတို့နှင့် မအပ်မစပ်တဲ့ "နှလုံး ချာဂါ"ဆိုတာကြီးက မွေးကတည်းက ပါလာရသေးသော ချော ချာလှလှ ကံဆိုးမကလေးတည်း။ တိုက်တိုက်ဆိုင်ဆိုင် ဆိုဆို ည်းစည်း ဆင်းရဲသမီးနဲ့ သူဌေးသားလေးတို့ တွေ့ကြ ချစ်ကြိုက် ဘြ မခွဲမခွာနိုင်အောင် စွဲလမ်းတပ်မက်ကြပြီးတဲ့နောက် ဘယ်လို သဘောမတူနိုင်တဲ့ သူဌေးသားလေးတို့ဘက်က မကွဲ့ကွဲအောင် ကြ ခွာကြတဲ့ ကြားကပင် မဖြစ်ဖြစ်အောင်ပေါင်းဖို့ နှစ်ဦး သဘောတူ ခိုးရာလိုက်ပြေးသွားခဲ့ကြတော့တာဖြစ်သည်။

"မြတ်စု"မှာက နဂိုကတည်းကပင် မိခင်မရှိ။ ဖခင် ည်း အစ်ကိုအစ်မတချို့တော့ ရှိပါသည်။ "ကျော်ဇော"ကတော့ ခေမရှိဘဲ မာနံဂုဏ်မောက်လှတဲ့ သူဌေးမကြီးမိခင်သာ ရှိတဲ့ ။ သူ့အောက်မှာ ညီမငယ်လေးတစ်ယောက်တော့ ရှိပေမယ့် ျောင်းနေတုန်းသာ ရှိသေးတဲ့အရွယ်။

ခိုးပြေးကာ အိမ်တစ်ခန်းကို ချောင်ကြိုချောင်ကြားမှာ ငှားရမ်းပြီး မရမက လိုက်ရှာခွဲဖို့ ကြိုးစားနေတဲ့ သူဌေးမကြီးရဲ့ ည့်တပန်းတို့ရန်က ရှောင်ရသည်။ ပညာအရည်အချင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



အပ်စပ်တဲ့အလုပ်ကို ရှာဖွေးလုပ်နေလျှင် ခြေရာခံနိုင်သွားမှာ စိုးရိမ်တာမို့ နီးနီးနားနား စက်ရုံတစ်ရုံမှာပဲ ရရာအလုပ်အဆင့် က ဝင်လုပ်ကာ နှစ်ယောက်စာ တစ်ဝမ်းတစ်ခါး ရှာဖွေရပါသည်။

နှစ်ယောက်တစ်ဘဝ ထူထောင်ပေါင်းသင်း နေထိုင် တာ ခြောက်လလောက်အကြာမှာ ကျော်ဇောရဲ့မိခင်ကြီး နာမကျန်း ဖြစ်ပါသည်။ အဲဒီတုန်းက ထောင့်ကိုးရာရှစ်ဆယ့်ခြောက် ခုနှစ် လောက်ကာလ။ ကျောက်ကပ်အစားထိုး လဲလှယ်မှုဟာ အာရှနိုင်ငံ တွေမှာ မအောင်မြင်သေးပါ။ ကျော်ဇောရဲ့မိခင်ကြီး ကျောက်ကပ် ရောဂါ ဆိုးဆိုးဝါးဝါး ဖြစ်ချိန်မှာ အမေရိကားမှာ ညီမရင်းမိသားစု ရှိတဲ့ မိခင်ကြီးက အမေရိကားထိ ဆေးသွားကုလိုသည်။

အဲဒီအချိန်မှာ အမေကို လူနာသတင်းမေး ပြန်ကြည့် တဲ့ ကျော်ဇောကို အမေဖြစ်သူကလည်း အားကိုးတကြီး တောင်း ဆို၍ အမေရိကားက ညီမထံ သားကိုယ်တိုင် လိုက်ပို့ပေးဖို့ အကူအညီ တောင်းတဲ့အခါ ကျော်ဇော မငြင်းသင့်ပါ။ ဇနီးသည် မြတ်စုကို သုံးစွဲစရာငွေကြေး ပေးခဲ့ရစ်ပြီး မိခင်ကို အမေရိကား ထိ လိုက်ပို့ရပါသည်။

အလွန်ဆုံး ရက်နှစ်ဆယ် တစ်လပဲ နေမည်ဟု မှန်းဆတွက်ချက် မှာကြားခဲ့ပေမယ့် တကယ်တမ်းမှာ မပြန်နိုင် တော့။ မိခင်ဖြစ်သူဟာ ကျောက်ကပ်အစားထိုး လဲလှယ်မှုပြု မည်ဖြစ်ရာ နောက်ဆုံးတော့ သားရင်းဖြစ်တဲ့ သူ့ထံကပဲ လက်ခံ ရယူဖို့ ဆွေမျိုးတစ်စု ဝိုင်းဆုံးဖြတ်လိုက်ကြပါသည်။ သူကိုယ်တိုင်





အဲဒီမှာ အချိန်အတော်ကြာ နေရတော့မှာဖြစ်တဲ့အခါ ရန်ကုန်အိမ် မှာ ဆွေမျိုးနီးစပ် လူကြီးအစောင့်အရှောက်နှင့် ထားရစ်ခဲ့ရတဲ့ ကျောင်းသူ ညီမလေးထံ ဒီကညီမဝမ်းကွဲနှစ်ဦးက ခဏအတူ သွားနေပေးဖို့ စီစဉ်ရပါသည်။

အဲဒီအချိန်က အင်တာနက်တွေ အီးမေးလ်တွေ၊ ဗီဇက်အိုတွေ ပီဖင်ဂိုတွေ ဘာမှမရှိသေး။ မြန်မာပြည်နှင့် နိုင်ငံခြားကို တယ်လီဖုန်းအဆက်အသွယ် တစ်မျိုးပဲ လုပ်လို့ရတာပါ။ ဇနီးသည် မြတ်စု နေနေရစ်တဲ့ အိမ်ကလေးမှာ ဖုန်းရှိဖို့ဝေးစွ၊ ရပ်ကွက်ထဲ မှာပင် ပိုက်ဆံပေးပြောရတဲ့ ဖုန်းအငှားအိမ်မရှိ။

ဒီတော့ သူတို့သားအမိ အမေရိကားရောက်ပြီး တစ်လအကြာမှာ မြန်မာပြည်ကိုသွားကြမည့် ဝမ်းကွဲညီမနှစ်ယောက် နှင့်သာ စာထည့်ပေးလိုက်ရပါသည်။

"ဥမ္မာ ... မာလာ၊ ငါ့မိန်းမကို တွေ့အောင်ရှာပြီး ပေးပေး နော်၊ ဒီမှာ လိပ်စာအပြည့်အစုံပါတယ်၊ နည်းနည်းချောင် ကျတော့ စိတ်ရှည်ရှည်နဲ့ မေးမြန်းစုံစမ်းပြီး တွေ့အောင် ရှာပြီးပေးပေးပါ၊ နို့မို့ရင် ငါ့ကိုသူမျှော်နေလိမ့်မယ်၊ မြတ်စု က အရမ်းအားငယ်တတ်တယ်၊ ပြီးတော့ သူ့ခမျှာ ကိုယ်ဝန် ကြီးနဲ့ဟ၊ သူ မွေးဖွားဖို့ အချိန်ရောက်ရင်လည်း နင်တို့ကူညီ ဆောင်ရွက်ပေးပါ၊ ဒီက အခြေအနေတွေလည်း နင်တို့ သေချာပြောပြပြီး အားမငယ်အောင် နှစ်သိမ့်ပေးပါဟာ၊ သေချာပြောပြ၊ သေချာစာပေးပေးနော်၊ ငါစိတ်ချမယ်"



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ထိုညီမနှစ်ယောက်က စိတ်မချခဲ့ရပါ။ ကျော်ဇောရဲ့စကားထက် သူတို့ရဲ့ကြီးတော် လူမမာသည်ကို ပို သနားကာ ကြီးတော်စကားကိုပဲ နားထောင်ခဲ့ကြတာပါ။ သူတို့ကိုယ်တိုင်တွေကလည်း သူတို့ရဲ့အစ်ကို အင်ဂျင်နီယာဘွဲ့ရ၊ ကျိုကျိုတက်သူဌေးသားကို ဘာမဟုတ်တဲ့မိန်းမနှင့် မပေါင်းသင်းစေလိုတဲ့ အတ္တမာနလေးတွေနှင့်။

ထိုစာကို မြတ်စုကို မပေးခဲ့ကြ။ လမ်းခုလတ်မှာတင် ဖျောက်ဖျက်ပစ်လိုက်ကြသည်။ အမေရိကားမှာ စုစုပေါင်း ငါးလကြာမြင့်ခဲ့ပါသည်။ သူကိုယ်တိုင် ဆေးရုံတက်ရ၊ ကျောက်ကပ်တစ်လုံး ခွဲထုတ်ရ၊ မိခင်အတွက် ပေးရရုံမက မိခင်ရဲ့ကိုယ်ထဲထည့်ပြီး မိခင်ကျန်းမာနလန်ထူလာတဲ့အထိ အတူနေပေးခဲ့ရတာပါ။ တစ်နေ့ရွှေ တစ်နေ့ငွေ ဖြစ်နေတဲ့ မိခင်ဖြစ်သူကို သူ ဘယ်လိုလုပ်ပြီးမှ မျက်နှာလွှဲခဲပစ် မထားရစ်ခဲ့နိုင်ပါတည်း။

ဒီကြားထဲ ရန်ကုန်ကို သူ ဖုန်းဆက်တော့ ...

"ကိုကြီးမိန်းမ ရှာမရဘူး၊ အရှင်အိမ်မှာ မနေတော့ဘူး ဆက်စုံစမ်းနေတယ်"

ဒီအဖြေသာ ရခဲ့ပါသည်။ တကယ်တော့ ဒါတွေဟာ မိခင်ဖြစ်သူရဲ့ ကြိုးကိုင်မှုတွေဆိုတာ နောင် နှစ်နဲ့ချီမှပဲ သူ ပြန်သိခဲ့ရပါသည်။ ငါးလအကြာမှာ မြန်မာပြည် ပြန်လာကြတော့ သူ ချက်ချင်းပဲ အရှင်ရပ်ကွက်ထဲ လိုက်သွားခဲ့တာပါ။





"မြတ်စု ဒီမှာမနေတော့ဘူးဗျ၊ ထွက်သွားတာ ကြာတောင်ကြာနေပြီ"

ညီမတွေပြောစကားနှင့် ကိုက်ညီသလို ဖြစ်နေခဲ့တာမို့ ကျော်ဇောက ပဲခူးအထိ မြတ်စု အဖေအိမ်ကို လိုက်သွားပြီး စုံစမ်းပါသေးသည်။

"ဦးအောင်မြတ်က ဆုံးသွားတာ နှစ်လကျော်ရှိပြီ"

အိမ်ရှင်သစ်တွေက ဖြေသည်။ သူတို့ထံမှ မြတ်စုတို့နှင့် ဆွေမျိုးသားချင်း တော်စပ်သူတွေရဲ့လိပ်စာ တစ်ဆင့် တစ်ဆင့်တောင်းပြီး စုံစမ်းမေးမြန်းကြည့်သလောက်မှာ ...

"သင်းအဖေ မမာတော့ သင်းကို လှမ်းမှာပါတယ်၊ ပေါ်မလာပါဘူးတော်၊ ဖအေလုပ်တဲ့သူသာ ဆုံးသွားရော၊ ဒီနေ့ထိကို ရောက်မလာတာ"

မူရင်းနေရာမှာလည်း မရှိတော့၊ အဖေဆီလည်းပြန်မရောက်ဆိုတဲ့ မြတ်စုကို ဘယ်မှာလိုက်ရှာရမယ် မသိတော့ဘဲ လက်လျှော့ထားရသလို ဖြစ်နေခဲ့တာပါ။ အဲဒီနောက်တော့ နှစ်နှစ်လောက် ကြာတဲ့အခါ မိခင်ကြီး စပ်ဟပ်ပေးစားတဲ့ ဖြူနုငယ်ရဲ့အမေ "နွယ်"နှင့်ပဲ လက်ထပ်ဖြစ်ခဲ့ပါတော့သည်။

သူကိုယ်တိုင်လည်း ပိုက်ဆံရှိတဲ့ နွယ်ဟာ မောက်မောက်မာမာ ထောင်ထောင်လွှားလွှား မရှိပါ။ ကျော်ဇောရဲ့ဘဝဇာတ်ကြောင်းကိုလည်း ကျော်ဇော အားလုံးပြောပြထား၍ အားလုံးသိရှိပါသည်။ ကျော်ဇော မြတ်စုနှင့် ထွက်မသွားခင်ကတည်း



www.burmeseclassic.com

www.burmeseclassic.com



က ကျော်ဇောနှင့် နွယ်တို့ကို နှစ်ဖက်မိဘက စပ်ဟပ်စီစဉ်ခဲ့ကြတာ။ ကျော်ဇောက ဂဏဖျက်ယဖျက်လုပ်သလို ဖြစ်ခဲ့ပြီး ချစ်သူနှင့်ထွက်သွားတာ။ ဒီလိုလူကို တစ်ဖက်သတ်ချစ်ရှာတဲ့ နွယ်ဟာ အစစအရာရာကို နားလည်မှုရှိလှပါသည်။

ဖြူနုငယ်ကို မွေးဖွားလာတော့ မြတ်စုနှင့် မြတ်စုဝမ်းထဲက သူ့ကလေးကို သတိရမိပါသေးသည်။ စုပ်စုမြုပ်စပျောက်သွားတဲ့ မြတ်စုရဲ့သတင်းသန့်သန့်ကလေးကိုတော့ နှစ်ပေါင်းအတော်ကြာမှ ကြားခဲ့ရပါသည်။ သူတို့နေခဲ့တဲ့ ရပ်ကွက်လေးထဲက အမျိုးသမီးကြီးတစ်ယောက်နှင့် မမျှော်လင့်ဘဲ ပြန်အတွေ့မှာ မြတ်စုတစ်ယောက် ကိုယ်လေးလက်ဝန်ကြီးနှင့် သူ့အဖေရှိရာ ပဲခူးကိုသွားဖို့ ကားလက်မှတ်သွားဝယ်ခဲ့တဲ့ဆီ အဖော်လိုက်ပေးခဲ့တဲ့ မိန်းမကြီးပင်။

“‘......’ကားနဲ့ ပါသွားတာပဲ၊ ကျုပ်ကိုယ်တိုင် ကားပေါ်တင်ပေးလိုက်တာ”

အဲဒီတုန်းက ပုဂ္ဂလိက အဝေးပြေးကားလိုင်းက ခုခေတ်လို များများမရှိသေး။

“ဘယ်လလောက်လဲ အဒေါ်”

“တန်ဆောင်မုန်းလကြီး သေချာမှတ်မိတယ်၊ မိုးကုန်ကာစ အဲဒီနေ့က မိုးကြီးလေကြီး ကျနေတာ မောင်ရင်ရဲ့၊ မြတ်စုလည်း သူ့အဖေ အတော်မမာနေဘူး၊ အသည်းအသန်ဖြစ်နေတယ် ဆိုလို့သာ သွားရရှာတာ”





ကျော်ဇောတစ်ယောက် “......”ကားလိုင်းကို လိုက်စုံစမ်းခဲ့ပါသည်။ လွန်ခဲ့တဲ့ ငါးနှစ်ကျော် တန်ဆောင်မုန်းလတုန်းက ဒီကားလိုင်းနှင့် ပဲခူးကို စီးနင်းလိုက်ပါခဲ့တဲ့ ကိုယ်ဝန်ဆောင်မိန်းမရှိသည်ဆိုပြီး စုံစမ်းရသည်မှာ လွယ်သည့်ကိစ္စ မဟုတ်ခဲ့ပါ။ ဘယ်သိဘူး၊ မမှတ်မိဘူးနှင့် ဘူးခံငြင်းသူတွေချည်းသာ။

ကျော်ဇောက တစ်ကြိမ်နှင့် စိတ်မပျက်ပါ။ ထပ်ခါထပ်ခါသွား၊ သူ့ဖုန်းနံပါတ်တွေ ပေးထားခဲ့။ သူ့ရဲ့အမြှုအမူတို့ကို နွယ်တစ်ယောက်က ခွင့်လွှတ်ကြည်ဖြူခဲ့ပါသည်။ သူတို့အကြားမှာ နားလည်မှုလည်း ရယူပြီးသား။ ဒီလောက် နှစ်တွေကြာကာ ကောင်းမှတော့ လက်ရှိလည်း နွယ်နှင့် သမီးလေးရှိနေမှတော့ မြတ်စုတို့ကို ပြန်ရှာတွေ့သည့်တိုင်အောင် မြတ်စုကိုတော့ သူ ယူပြီးလက်မတွဲတော့ပါ။ မြတ်စုကသာ ပေးလျှင်တော့ မြတ်စုရဲ့ ရင်သွေးကို ကိုယ့်သားသမီးရင်းလို ခေါ်ယူမွေးစားပါမည်ဟု နွယ်ကလည်း ကတိပေးသည်။

ဖြူနုငယ် ခုနစ်နှစ် ရှစ်နှစ်ရွယ် မြတ်စု ထိုခရီးကို သွားခဲ့တာ ဆယ်နှစ်ခန့်အကြာမှာ မမျှော်လင့်ဘဲ ကျော်ဇောထံ သတင်းတစ်ခု ရပါသည်။

“ဆရာပြောသလို ၁၉၈၆–ခုနှစ် သီတင်းကျွတ် တန်ဆောင်တိုင်လောက်က ကျွန်တော်တို့လိုင်းကားကို မောင်းတဲ့သူ၊ ကျွန်တော့်ဆီ ဆက်သွယ်လာတယ် ဆရာရေ၊ ဆရာပြောအတိုင်း ဘာသတင်းအချက်လေးပဲ ပေးနိုင်ပေးနိုင်ဆုငွေ



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ့မယ်လို့လည်း နီးစပ်ရာကို သတင်းဖြန့်ပေးထားတာလေ ...

ဒီလူကြီး ခုနောက်ပိုင်း သစ်ကားမောင်းရာက ကားမှောက်ပြီး ခြေထောက်တစ်ဖက် မသန်တော့တာ၊ အခုဒီမှာဘာအလုပ်လေးများ ရနိုင်မလဲ လာတောင်းရင်း ကျွန်တော်ကလည်း စကားစပ်ပြောမိ မေးမိတော့ သူ နည်းနည်းသိတယ် ပြောတာပဲ”

ဖုန်းဆက်တဲ့ဆီ ကျော်စော ချက်ချင်းလိုက်သွားခဲ့ပါသည်။ ဟိုရောက်တော့ ၁၉၈၆ က ဒီကားလိုင်းမှာ မောင်းခဲ့ဖူးသည့် ယာဉ်မောင်း ဦးချစ်နှင့် တွေ့ရပါသည်။

“ဟုတ်မဟုတ်တော့ မပြောတတ်ဘူးပေါ့ဗျာ၊ သမားရိုးကျမဟုတ်တဲ့ ထူးထူးဆန်းဆန်း အဖြစ်လေးတွေဆိုရင် မှတ်မိထားတတ်လို့ ပြောပြပါ့မယ်၊ ၁၉၈၆ တန်ဆောင်မုန်းလလို့ မှတ်မိနေတာက အဲဒီတစ်ခေါက် ကျွန်တော့်အိမ်အပြင်မှာ အိမ်ကမိန်းမကလည်း ကျွန်တော့်အတွက် သားဦးလေးမီးဖွားနေလို့ဗျ ...

တန်ဆောင်မုန်းပေမယ့် အဲဒီနေ့က မိုးတွေကအတော်သဲကြီးမဲကြီး ရွာနေတာ၊ မုန်တိုင်းရှိတာတဲ့ဗျ၊ ကားပေါ်မှာအဲဒီကိုယ်ဝန်ဆောင်တစ်ယောက် ပါတယ်၊ နေ့စေ့ လကြီးတော့ မဟုတ်ဘူးဗျ၊ ဒါပေမဲ့ သူကဖျားလည်းဖျားတယ်၊ နောက်တော့ ဗိုက်နာလာတယ်၊ အရေးထဲ မိုး





လေထဲ မုန်တိုင်းထဲမှာ ကားက ထောက်ကြံ့အဝင်မှာပျက်ပြီး ထိုးရပ်တော့တာပဲဗျာ၊ မိုးကလည်းသည်း ကားကပျက်ဘာမှမမြင်ရ ...

ထောက်ကြံ့အထိပဲလိုက်မယ့် လူသုံးယောက်က အဲဒီအနားမှာပဲဆင်းပြီး သူတို့အိမ်အထိ လျှောက်ကြမယ်ပြောတယ်၊ အဲဒီသုံးယောက်ထဲက နှစ်ယောက်က ဆရာဝန်လင်မယားဗျ၊ ယောက်ျားက ဆရာဝန်၊ သူတို့ဆင်းမယ်လုပ်တော့ ဟိုအမျိုးသမီးကလည်း နေလည်းမကောင်း၊ ဗိုက်လည်းနာနေတာနဲ့ သူတို့က အိမ်ကိုလိုက်ခဲ့ဖို့ခေါ်တယ်၊ ဟိုအမျိုးသမီးက ပဲခူးထိ လက်မှတ်ဖြတ်ထားတာ၊ လမ်းမှာမွေးရင်လည်းတစ်ခက်၊ သောသောဆယ်လည်း ကားကပျက်နေတော့ လိုက်သွားဖို့ အားလုံး တိုက်တွန်းကြတယ် ...

အဲဒီမှာ အဲဒီအမျိုးသမီးလည်း ဟိုဆရာဝန်လင်မယားနဲ့ လိုက်မယ်ဆိုပြီး ဆင်းလိုက်သွားတော့တာပဲ ဆရာရဲ့၊ ကျွန်တော် သိတာတော့ အဲဒီမှာ အဆုံးသတ်တာပဲ၊ ဆရာစုံစမ်းနေတဲ့သူ ဟုတ်မဟုတ်တော့ မသိရပေမယ့် အဲဒီကိုယ်ဝန်ဆောင်မိန်းမကတော့ မေးစေ့အောက်မှာ မည်းနက်စိုလက်နေတဲ့ မှဲ့ခပ်ကြီးကြီးတစ်လုံး ပါတယ်”

ဒါဟာ မြတ်စုပဲပေါ့။ သူသိသလောက် မှန်းဆနိုင်သလောက် ဆိုရင်တော့ မြတ်စုရဲ့ကိုယ်ဝန်ဟာ အဲဒီတန်ဆောင်မုန်းမှာ မွေးဖွားဖို့ဆိုတာ စောနေပါသေးသည်။ နေထိုင်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့ဖဲ ဗိုက်ထဲက နာတာလား။ ဘယ်လိုတွေ ဆက်ဖြစ်ခဲ့သလဲ။ ဒါတွေက ပဟေဠိတွေသာ ဖြစ်နေရပါတော့သည်။

"သူတို့ ဆင်းသွားတာ ထောက်ကြံ့ပေါ၊ ဟုတ်လား"

"ထောက်ကြံ့ အနီးနားမှာ မွေးမြူရေးခြံ တစ်ခြံရှိတယ်။ သူတို့လည်း သူတို့နေရာ အတိအကျမဟုတ်ပေမယ့် ဒီမွေးမြူရေးခြံက ဝက်နဲ့ ကြက်နဲ့တွေ ရတာနဲ့ပဲ မှန်းပြီးဆင်းသွားကြတာဗျ၊ ဆရာဝန်လင်မယားကသတ်သတ်၊ နောက် ထပ်လူကြီးတစ်ယောက်က သတ်သတ်ပဲ၊ ဒါပေမဲ့ သုံးယောက်လုံး တစ်နေရာတည်း ဆင်းသွားကြတာ"

ကျော်ဇောက ထိုဒရိုင်ဘာယောင်ကြီးကိုလည်း [illegible] ကြေးပေးလိုက်ပါသေးသည်။ အဲဒီနောက် အတန်ကြာ ဘာသတင်း[illegible] မှ မရပြန်ပါ။ သို့ပေမဲ့ ထောက်ကြံ့အနီးတစ်ဝိုက်နှင့် ပတ်သက်[illegible] ပြီး စကားအဆက်အစပ် ရသမျှ အမြဲမေးမြန်း နားစွင့်နေခဲ့[illegible] ကျော်ဇောဟာ နောက်ထပ် ငါးနှစ် ခြောက်နှစ် ကြာပြန်တဲ့အ[illegible] သတင်းတစ်ခု ရပြန်ပါသည်။

အဲဒါကတော့ ထောက်ကြံ့က ခြံတစ်ခြံကို ဘိုးသွ[illegible] အမွေအဖြစ် အမွေဆက်ခံ ပိုင်ဆိုင်တဲ့ ဆရာဝန်ညီအစ်ကိုနှစ်ယော[illegible] အကြောင်းပင်။ ညီအစ်ကိုနှစ်ဦးလုံးဟာ ဒီခြံမှာ အခြေချနေ[illegible] ခြင်း မရှိပေမယ့် ခြံစောင့်ထားပြီး ရုံးဖန်ရံခါတွေမှာ အပန်း[illegible] ရောက်လာတာ၊ မိတ်ဆွေတွေနှင့် လာရောက်ချက်ပြုတ် စားသော[illegible] တာ၊ ပျော်ပွဲစားသဘော လာကြတာတွေရှိသည်။





သရက်ပင်၊ ဒန့်ဒလွန်ပင်၊ မာလကာပင်၊ ပိန္နဲပင် [illegible]သဖြင့် အသီးသီး အပင်ကြီးတွေ အများကြီးရှိတာမို့ အသီးပေါ်[illegible] ဆွတ်ခူးချိန်တွေမှာ လာရောက်ကာ အိမ်စားဖို့ တစ်နိုင်သယ် [illegible] ပြန်တာမျိုးလည်း ရှိပါသည်။ ခြံပြောရရင်တော့ အမြဲရှိတာ [illegible] ခြံစောင့်ပဲဖြစ်ကာ ဆရာဝန်ညီအစ်ကိုကတော့ ရုံဖန်ရံခါလာ[illegible]တ်ကြသည်။ တစ်ခါတစ်ရံ တစ်ည နှစ်ညအိပ်သွားတာမျိုးလည်း [illegible]သည်။

အခုတော့ အဲဒီခြံကို ရောင်းသွားခဲ့ပြီမို့ ပိုင်ရှင်သစ်[illegible]နေပြီပင်။ ပိုင်ရှင်သစ်ဟာလည်း ထိုဆရာဝန် ညီအစ်ကိုရဲ့ [illegible]ရပ်လိပ်စာကိုတော့ မသိပါ။ အမည်တွေကတော့ ဒေါက်တာ[illegible]သိမ်း၊ ဒေါက်တာစိုးသိမ်း ဆိုပြီး သိရသည်။ သူ့အိမ်ဝယ်စဉ်[illegible] ဒေါက်တာမျိုးသိမ်းက ဒေါက်တာစိုးသိမ်းကို ကိုယ်စားလှယ်[illegible] လွှဲထားတဲ့အတွက် ဦးစိုးသိမ်းထံမှပဲ သူဝယ်ယူရကာ အဲဒီ [illegible]ါက်တာစိုးသိမ်းက မြိတ်၊ ထားဝယ်ဘက် ပြောင်းရွှေ့သွားသလိုလို [illegible]ရပါသည်။

မြိတ်၊ ထားဝယ်ဘက် ဦးကျော်ဇောက လှမ်းစုံစမ်း[illegible]ပြန်တော့လည်း မြိတ်ဆေးရုံမှာ တာဝန်ကျခဲ့ဖူးတဲ့ ဒေါက်တာ[illegible]သိမ်း ဆိုတာ ရှိခဲ့ဖူးပြီး ခုတော့ ပိုစတင်ရွှေ့သွားပြီဖြစ်တာက [illegible]လေးနှစ်တောင် ရှိပြီ။ ကျန်ရစ်တဲ့ ဆရာဝန်တွေထဲက ရေရေ[illegible]ရာသိသူ မရှိဘဲ ဝိုးတဝါးသာ သိကြသည်။ ရေရေရာရာသိတဲ့



www.burmeseclassic.com

www.burmeseclassic.com



မြိုင်တွတာဝန်ထမ်းဆောင်မှုးသူတွေ ကိုယ်တိုင်ကလည်း ပို့စတင် ပြောင်းရွှေ့ကာ ရန်ကုန်ပြန်ဝင်တဲ့သူတဝင်၊ တခြားရောက်သူက ရောက်မို့ ဖြစ်ပါသည်။

ဦးစိုးသိမ်းကို မန္တလေးလိုလို၊ မော်လမြိုင်လိုလို ရန်ကုန် ပြန်ဝင်သွားသလိုလို မရေမရာ ကြားသိရကာ ဆက်လိုက် ဖို့လမ်းစ တစ်ကြိမ်ပြတ်ပြန်ပါသည်။

ဖြူနုငယ် ဆယ်တန်းအောင်တဲ့ နှစ်မှာတော့ ထောက်ကြံ့မှာ သွားစုံစမ်းမေးမြန်းရင်း သိကျွမ်းနေတဲ့ လူတစ်ဦး က ထိုဇာတ်လမ်းကို သိခဲ့သူတစ်ဦး ဒီကအမျိုးထံ ပြန်ရောက်လာ၍ လာတွေ့လိုက တွေ့နိုင်ကြောင်း အကြောင်းကြားပြန်ရာ ဦးကျော်ဇောက ထောက်ကြံ့သို့ သွားတွေ့ဖြစ်ခဲ့ပါသည်။

"အဲဒီနေ့က ကျွန်တော်ပါတာပေါ့ဗျ၊ ကျွန်တော်ကိုယ်တိုင် အဲဒီကိုယ်ဝန်ဆောင်အမျိုးသမီးကို ချီပွေ့သယ်ခဲ့တာ၊ ဆရာ ဝန်လင်မယားရဲ့အိမ်က ကားပျက်တဲ့နေရာနဲ့ အတော် လျှောက်ရသေးတာဗျ၊ မနည်းထမ်းပိုးခဲ့ရတာပေါ့ဗျာ၊ လွန် ခဲ့တဲ့ ဆယ့်ရှစ်နှစ် ဆယ့်ကိုးနှစ် ကျွန်တော်လည်း အတော် သန်မာတုန်းမို့သာ ထမ်းနိုင်တာကိုးဗျ ...

ကျွန်တော်ကိုယ်တိုင်လည်း အဲဒီတုန်းက ဒီကိုလာ ရတာ ပုသိမ်ကနေ ရန်ကုန်၊ ရန်ကုန်ကနေ ထောက်ကြံ့ အဆင့်ဆင့် လာခဲ့ရတာ၊ ကျွန်တော့်အမေကြီး အခြေအနေ





မကောင်းဘူးဆိုပြီး ညီမကမှာလို့ လာရတာ၊ ဆရာဝန့်အိမ် ကို အဲဒီလူနာအမျိုးသမီးကို ပို့ပေးပြီးတော့ ကိုယ့်အိမ်ကိုယ် ပြေးရတော့တာဗျ၊ အမေကလည်း နှလုံးမကောင်း အဆုတ် မကောင်းနဲ့ ရင်တွေကျပ် အမောတွေဖောက်နေတာ သုံး ရက်လုံးလုံးပဲ၊ နောက်ဆုံးတော့ အမေလည်း ဆုံးတာပါပဲ ဗျာ ...

အမေဆုံးပြီး ရက်လည်ပြီးမှ အဲဒီလူနာအမျိုးသမီး လည်း သတိရတယ်၊ ဒါနဲ့ အဲဒီအိမ်ဘက် သတင်းမေး သွားသေးတယ်ဗျ၊ ကျွန်တော်ရောက်တော့ ခြံစောင့်ပဲရှိတယ်၊ ဟိုဆရာဝန်လင်မယားက ဒီကို တစ်ညအိပ်ပဲ လာတာတဲ့၊ ဒီခြံနဲ့အိမ် ဝယ်မယ့်သူရှိလို့ ဈေးစကားတွေ ဘာတွေပြော ဖို့ ခဏလာကြတာ၊ အမြဲနေတာက ရန်ကုန်မှာပဲတဲ့ ...

ဒီအမျိုးသမီးက ညသန်းခေါင်ကျော်မှာ မီးဖွားတယ် တဲ့၊ ကလေးမွေးပြီးတော့ အခြေအနေ မကောင်းတာနဲ့ နောက်မနက်လင်းမှ သူ့ကို ဆေးရုံပို့ကြတယ်၊ ဆရာဝန် လင်မယားမှာလည်း တစ်ညအိပ်ဆိုပြီးလာတာ၊ ဒီအဖြစ် အပျက်နဲ့ ကြုံနေတော့ သုံးလေးည အိပ်သွားကြရသတဲ့၊ အမျိုးသမီးကတော့ ဆေးရုံမှာ ဆုံးသွားတယ်ပြောတယ်ဗျာ၊ ဒါနဲ့ ကလေးရော ဆိုတော့ ကလေးကို ဆရာဝန်လင်မ ယားပဲ မွေးစားပြီး ခေါ်သွားရတော့တာတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးမှာ မှတ်ပုံတင်ပါပေမယ့် သူ့မှတ်ပုံတင်ထဲက ဓာတ်ပုံနေရာက လေးမျက်နှာမြို့ဆိုလားပဲဗျာ၊ အဲဒီမှာပါတဲ့ လိပ်စာနဲ့ ဆေးရုံက ဆက်သွယ်စုံစမ်းကြည့်ပေမယ့် ဒီအမျိုးသမီးကို သိသူလည်းမရှိ၊ ပိုင်ရှင်လည်းပေါ်မလာ၊ ဆေးရုံနဲ့ ဟိုဆရာဝန်လင်မယားပဲ သင်္ဂြိုဟ်လိုက်ကြရတယ်လို့ သိရတယ်"

ဦးကျော်ဇော်သည် ဆေးရုံထိလိုက်ကာ ၁၉၈၆–ခုနှစ်က ဆေးရုံရဲ့ သေစာရင်းကို တောင်းကြည့်ခဲ့ပါသည်။ မမြတ်စု အမည်နှင့် မှတ်ပုံတင်ထဲက လိပ်စာကို စာရင်းသွင်းထားတဲ့ သေဆုံးစာရင်းကို တွေ့ခဲ့ရပါသည်။ ဒီတော့ မြတ်စု ကွယ်လွန်ခဲ့တာ သေချာသွားပြီပေါ့။

ဒီတော့ သူ့အဖို့ရှာ ဖေါ်ကော်တာဦးမျိုးသိမ်း၊ ဖေါ်က်တာ ဦးစိုးသိမ်း ဆိုတဲ့ ညီအစ်ကိုနှစ်ယောက်ကိုသာ စုံစမ်းရှာဖွေရ တော့သည်။

နောက်ဆုံး အိမ်ရှောင်းစဉ်က ဦးမျိုးသိမ်းက ဦးစိုးသိမ်းကို ကိုယ်စားလှယ်ပါဝါလွှဲကာ ဦးစိုးသိမ်းနှင့်သာ လက်မှတ်ထိုး စာချုပ်ရသည် ဆိုပေမယ့် တကယ်တမ်း မြတ်စုနှင့် ဆုံခဲ့သူကား လည်း ဦးစိုးသိမ်းပဲလို့တော့ တစ်ထစ်ချပြောမရနိုင်ပါ။ မြတ်စုနှင့် ဆုံစည်းရတာရယ်၊ အိမ်အရောင်းအဝယ် ပြုတာရယ်က ကြား နှစ်ပေါင်းဆယ်နှစ်နှင့် ဆယ့်ငါးနှစ်ကြားထဲမှာ ရှိခဲ့ပြီလေ။





ထိုဆရာဝန်ညီအစ်ကို့ကို စုံစမ်းနားစွင့်နေရင်းက ပျောက်သောသူ ရှာလျှင်တွေ့ ဆိုတာလို လွန်ခဲ့တဲ့ တစ်နှစ်က စပြီး သတင်းရခဲ့တော့တာပါ။ စုံစမ်းပြီး လေ့လာကြည့်လိုက်တော့ ဆရာဝန်နှစ်ယောက်စလုံးမှာ အဲဒီအရွယ် သားအသီးသီးရှိနေကြ ပါသည်။ ဦးမျိုးသိမ်းကတော့ အဲဒီသားတစ်ဦးတည်း။ ဦးစိုးသိမ်း မှာတော့ သမီးအငယ်တစ်ယောက် ထပ်ရှိသေးသည်။

ဒီမိသားစုနှစ်စုနှင့် လူငယ်လေးနှစ်ယောက်တို့ကို အဝေးကနေပဲ ကြည့်ရှုအကဲခတ်နေခဲ့တာ နှစ်တောင်ချီလာပါပြီ။

"နောက်ဆုံးအဖြစ်အပျက်ကတော့ သမီးရယ်၊ အကြောင်း တိုက်ဆိုင်ပြီးတော့ '.......' ကားမောင်းသင်တန်းဆိုတဲ့ သင် တန်းတစ်ခုမှာ ဦးစိုးသိမ်းရဲ့သား အောင်ပွဲက ကားမောင်း သင်ဆရာ လုပ်ပေးတယ်ဆိုတာ မမျှော်လင့်ဘဲ သိလိုက်ရ တာနဲ့ အန်ကယ်နဲ့ သမီးနဲ့ တိုင်ပင်ပြီး သမီးကို အောင်ပွဲ နဲ့ ကားမောင်းသွားသင်ခိုင်းလိုက်တာပါပဲ ...

အဆက်အစပ်ကလေးရပြီး နောက်ပိုင်း အဝင် အထွက်လေးလုပ်ဖို့ လမ်းဖွင့်တဲ့သဘောပါပဲ၊ အန်ကယ်ရော မြူနရော နှစ်ယောက်စလုံးအဖို့တော့ အောင်ပွဲနဲ့ ဝေလ ဘယ်သူက ငါ့သားလေးများလဲ၊ ငါ့အစ်ကိုများလည်းဆို တဲ့ ပဟေဠိနဲ့ တထိတ်ထိတ် ရင်ခုန်ပြီး ရှူးနေကြတာပါ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဇောကို အမရက ခင်မင်ကြင်နာ သနားစွာ မျက်လုံးလေးအဝိုင်းသားနှင့် ငေးစိုက်အံ့သြနေမိပါသည်။ "ဘာလေးမှန်းလဲ မသိဘူး"ရယ်လို့ တွေးတွေးနေမိတဲ့ ဖြူနုငယ်အပေါ်လည်း ချစ်ခင်ရင်းနှီးသံယောဇဉ် ဖြစ်သွားမိသည်မှာ ထူးတောင်ထူးဆန်းလှပါသည်။

ဖြူနုငယ်ဟာ ဝေလရဲ့ညီမငယ်လေး။ ဒါမှမဟုတ် အောင်ပွဲရဲ့ညီမငယ်လေး မဟုတ်လား။ ဦးကျော်ဇော ပြောပြတဲ့ ဇာတ်လမ်းကိုတော့ အမရက အကျိုးအကြောင်း ခိုင်ခိုင်လုံလုံ မလုံလုံ အကြွင်းမဲ့ ယုံကြည်ပါသည်။ ကိုယ့်အဖေအရွယ်ရှိတဲ့ သူ့ဟာနဲ့သူ ကျိုကျိုတက်ချမ်းသာ အောင်မြင်နေတဲ့ သူဌေးကြီးတစ်ယောက်ဟာ အလကားနေရင်း အားအားလျားလျား ဇာတ်လမ်းတွေထွင်ကာ ဖွဲ့နွဲ့သရုပ်ဆောင်နေစရာ အကြောင်းလည်း ဘာမှမရှိပါ။

ဦးမျိုးသိမ်း၊ ဦးစိုးသိမ်းတို့နှင့် ယှဉ်လျှင် သူဟာပိုပြီး အောင်မြင်ကြွယ်ဝနေတဲ့သူ။ ဦးမျိုးသိမ်း၊ ဦးစိုးသိမ်းထံမှ သူဘာမျှော်လင့်ရယူနေစရာ မရှိပါ။ သူကသာ သူ့သားရင်းကို ရှာဖွေနေတာ။ သားရင်းဆိုတာ ပေါ်ထွက်လာရင် သူ့စည်းစိမ်ချမ်းသာတွေထဲကတောင် အမွေခွဲစရာ လူပိုရှိလာဦးမှာလေ။

သူတို့ဘက်က ပေးစရာသာ ရှိပါလျက် အဖေဖော့ သမီးရော ဒီသား ဒီအစ်ကို့ကို သဲသဲမဲမဲ ရှာဖွေစုံစမ်း မျှော်လင့်





ကြသည် ဆိုတာ သိရတဲ့ တစ်ချက်တည်းနဲ့တင် သူတို့သားအဖ အမရက အထင်ကြီးလေးစား ခင်မင်သွားရတော့တာပါ။

တ်လမ်းထဲ မျောပါနစ်ဇင်ကာ သူပါ ရင်တွေတုန်ခုန်နေရင်း ...

"အဲဒီကိစ္စမှာ သမီး ဘယ်လိုကူညီရပါမလဲ အန်ကယ်"

"သမီးက ကာယကံရှင်တွေနဲ့ အရင်းနှီး အချစ်ခင်ဆုံး အနီးကပ်ဆုံးလူ ဖြစ်နေတဲ့အတွက် သမီးကို အရင်ဆုံး အန်ကယ် ဖွင့်ပြောပြတာ၊ ဦးမျိုးသိမ်းနဲ့ ဦးစိုးသိမ်းကို အရင်ဖွင့်ပြောဖို့က သူတို့ကြိုက်မယ် မကြိုက်ဘူး၊ သူတို့ ဝန်ခံမယ် မခံဘူး၊ ဒါတွေကို ကြိုမသိနိုင်ဘူးမို့လား"

"ဟုတ်ပါတယ် အန်ကယ်"

"သူတို့ကို ဖွင့်ပြောတယ်၊ ဖွင့်မေးတယ် ဆိုတာကိုက ဒီသားကို ကိုယ့်သားပါလို့ စောဒကသွားတက်ရာကျပြီ၊ ပြန်တောင်းယူမယ့် အဓိပ္ပာယ် တစ်ဝက်ပါနေပြီ၊ မပတ်သက်ချင်ရင် ခုလိုတောင် စုံစမ်းဝင်ထွက် ဆက်သွယ်နေစရာ အကြောင်း ဘာမှမရှိဘူး မဟုတ်လား သမီး"

"ဟုတ်ကဲ့ ... ဒါ ... ဒါဖြင့် အန်ကယ်ကကော ဘယ်လို ရည်ရွယ်ထားလဲဟင်၊ အန်ကယ့်သားကို အန်ကယ်ပြန်ခေါ်တောင်းသွားမှာလားဟင်"

"အင်း ... အဲဒီလိုကြီးတော့ အန်ကယ် မလုပ်လိုပါဘူး သမီး၊ ဒီမိဘတွေဟာလည်း သားကို ဒီအရွယ်ကြီးထိ



www.burmeseclassic.com

www.burmeseclassic.com



ကျေးမွေးသုတ်သင် ပြုစုစောင့်ရှောက်ခဲ့ကြတာပဲလေ၊ ခုတ
မြင်ရသိတာကလည်း သားရင်းနဲ့မခြား ချစ်ခင်မြတ်နိုးကြ
တာကိုပဲ တွေ့ရတယ်၊ ကျေးဇူးလည်းတင် ကိုယ်ချင်းလည်း
စာတဲ့အတွက် အန်ကယ့်အိမ်ကို ပြောင်းလာနေတော့
တာမျိုးတော့ အန်ကယ်က မတောင်းဆိုရက်ပါဘူး”

“ဟုတ်ကဲ့ အန်ကယ်”

“ဒါပေမဲ့လည်း မင်းဟာ ငါ့သားပဲ၊ ငါဟာ မင်းအဖေ
ဆိုတာကိုတော့ သားကို သိစေချင်တယ်၊ ဒီအပြင် သူ့ခမ
ကို မွေးဖွားတော့လည်း အန်ကယ်က အနားမှာမရှိနိုင်ခဲ့
သူ့အမေကိုလည်း မစောင့်ရှောက်နိုင်ခဲ့ တာဝန်မကျေနိုင်ခဲ့”

ဦးကျော်ဇောက အသံတွေ တုန်ယင်လှိုက်လှဲလာ
အမရပင် စိတ်မကောင်း ဖြစ်မိပါသည်။

“ဒီတော့ သူ့အပေါ်မှာတော့ အန်ကယ် ပုံမြဲတာဝန်ကျေ
ချင်ပါတယ်ကွယ်၊ ခုချိန်ထိ ပညာတတ် လူလိမ္မာ လူကော
သူကောင်းလေးဖြစ်အောင်လည်း ဟိုမိဘတွေကပဲ ပျိုးထော
လာခဲ့တာ၊ အန်ကယ် ဝင်ဖြည့်ပြီး တာဝန်ကျေနိုင်တာ
လို့ ပစ္စည်းဥစ္စာ အမွေပေးဖို့ တစ်ခုပဲ ရှိတာပါ၊ အန်က
လိုချင်တာ ဒါပါပဲ၊ သားအဖအဖြစ်သိပြီး ဝင်ထွက်ဆ
ချင်ပါတယ်၊ ပြီးတော့ သားကြီးအဖြစ် အမွေခွဲဝေ
ရချင်ပါတယ်၊ ဒါပါပဲ သမီး ...





သူ့မိဘတွေ ရင်ခွင်ထဲကလည်း ဆွဲထုတ်ယူမသွား
ပါဘူး၊ အန်ကယ်ပဲ အပိုင်ဆိုပြီး ပြန်တောင်းယူမှာ မဟုတ်
ပါဘူး၊ သားကို သိစေချင်တာပါ”

“ဒီလိုဆိုရင်တော့ အန်တီဂျူလီတို့ အန်တီနေခြည်တို့လည်း
လိုက်လျောနိုင်ဖို့ နီးစပ်လောက်တယ်တော့ ထင်ပါတယ်
အန်ကယ်”

“ဒါဆိုရင်တော့ သမီးကိုပဲ အန်ကယ် အကူအညီ တောင်း
ပါရစေတော့ကွယ်၊ ဒီသတင်းစကားကို ဦးမျိုးသိမ်းတို့လင်
မယား၊ ဦးစိုးသိမ်းတို့လင်မယားဆီမှာ သမီးကပဲ ဖွင့်ပြော
ပေးပါ၊ ခွင့်ပြုချက် တောင်းပေးပါ၊ သူတို့ဆီက လက်ခံ
တယ်ဆိုရင်တော့ အန်ကယ်ကိုယ်တိုင် အသေးစိတ်ဇာတ်
ကြောင်းကို လာပြောပြဖို့ ဝန်မလေးပါဘူး ...

အခုနေကတော့ အိမ်တစ်အိမ်ပေါ်ကို တိုက်ရိုက်တက်
သွားပြီး ခင်ဗျားတို့ သားဟာ ကျွန်တော့်သားအရင်းပါလို့
ပြောဖို့ကိစ္စက မျက်နှာပူဖို့ အားနာဖို့ ထောက်ထားဖို့
ကောင်းစရာတွေ ဖြစ်နေလို့ပါ။ ကိုယ့်ဘက်ကတော့ သေ
ချာနေပေမယ့် သူတို့ဘက်ကကျတော့လည်း မဟုတ်ဘူး
လွဲနေတယ် ဆိုတာမျိုး ခိုင်ခိုင်လုံလုံ ငြင်းစရာများ ရှိနေ
ဦးမလား စသဖြင့်ပေါ့လေ၊ သူတို့အပေါ်လည်း လေးစား
သောအားဖြင့် သူတို့ကလည်း သားတွေကို အမြဲမှန်ပေး



www.burmeseclassic.com

www.burmeseclassic.com



အသိခံနိုင်ရဲ့လား ဆိုတာကအစ စဉ်းစားစရာ ဖြစ်နေတာပေါ့ ...

အားလုံး အဘက်ဘက်က စဉ်းစားပြီးတော့ အရင်ဆုံး ရှင်းပြအသိပေးဖို့ အသင့်တော်ဆုံးနဲ့ နားအလည်နိုင်ဆုံးဟာ သမီးပဲ ဖြစ်လိမ့်မယ်လို့ အန်ကယ် ယုံကြည်မိလို့ ဖြူနုငယ်က တစ်ဆင့် သမီးကို အရင်အကူညီ တောင်းကြည့်တာပါပဲ၊ သမီး သင့်တော်တယ် ထင်သလို ကောင်းသလို ကြည့်ပြောပေးပါ”

“အန်ကယ့်မှာ သက်သေအထောက်အထား ဖြစ်နိုင်တာမျိုးတွေရော ရှိပါသလား၊ အန်ကယ်”

“အန်ကယ့်မှာ တရားရုံးမှာ လက်မှတ်ထိုးထားတဲ့ စာချုပ်လေးတော့ တစ်စောင်ရှိတယ်၊ မြတ်စုရဲ့ဓာတ်ပုံရှိတယ်၊ လက်ထပ်တုန်းက အန်ကယ်လုပ်ပေးထားတဲ့ အန်ကယ်နဲ့ မြတ်စု ဆင်တူရွှေမောင်းကွင်း လက်ထပ်လက်စွပ်လေးပေါ့၊ အန်ကယ်ဝတ်တဲ့ လက်စွပ်မှာ ကွင်းအတွင်းဘက်က မြတ်စုလို့ပါပြီး၊ မြတ်စုရဲ့ရွှေမောင်းကွင်းလေးမှာတော့ ကွင်းအတွင်းဘက်က ကျော်ဇောလို့ ရေးထွင်းထားတာ ရှိတယ်၊ အန်ကယ့်လက်စွပ်လေးတော့ အန်ကယ် ပြနိုင်တယ်ပေါ့၊ ဒီထက်တော့ ခိုင်ခိုင်လုံလုံကြီး ပြစရာ တခြားအထောက်အထား မရှိပါဘူး”



အမရသည် ဦးကျော်ဇောနှင့်ထပ်တူ ရင်ခုန်စိတ်မောနေမိကာ စိတ်တွေလည်း လှုပ်ရှားနေပါသည်။ ကြားလိုက်ရတဲ့ အံ့သြဘနန်း ဇာတ်လမ်းတစ်ပုဒ်အတွက် လွမ်းမောသလိုလည်း ခံစားနေခဲ့ရပါသည်။

○❤○

www.burmeseclassic.com

## ၁၁

ဒီညနေ သင်တန်းကအပြန် သူနဲ့လိုက်ပါလို့ အောင်ပွဲကတောင်းဆိုထားတဲ့အတွက် အမရက ဝေလကို မလိုက်တော့ဘူးဟု ငြင်းထားလိုက်ပါပြီ။ အတန်းဆင်းတဲ့အခါ အမရက ဝေလနှင့် လမ်းခွဲပြီး အောင်ပွဲထံ လိုက်လာသည်။ အောင်ပွဲမျက်နှာက အထူးတာလည်ကို စုပုပ်မှုန်တေနေပါသည်။

အမရကလည်း ကိုယ့်စိတ်အတွေးနှင့်ကိုယ် ငေးငေးငိုင်ငိုင် ရှိနေကာ အောင်ပွဲကို သိပ်ဂရုမစိုက်မိ။

"အမရ ... နင် ဘာဖြစ်နေတာလဲ"

"အင် ... ငါဘာဖြစ်လို့လဲ"

"ဘာတွေ တွေးနေတာလဲ"

"ဪ ... ဒီလိုပါပဲ၊ တွေးစရာလေးတွေ ရှိလို့ပါ"

အမရသည် အန်ကယ်ဦးမျိုးသိမ်းတို့ ဦးဦးစိုးသိမ်းတို့ကို ပြောဖို့မပြောနှင့် ကိုယ့်အိမ်မှာတောင် ထိုသတင်းစကားမပြောရဲသေး။ အဓိကတော့ အောင်ပွဲကြောင့်ပင်တည်း။





ဘာသက်သေ ဘာအထောက်အထားမှလဲ မရှိပါပဲ အကြောင်းပြချက်လည်း မယ်မယ်ရရ မပြနိုင်ဘဲနှင့် အမရသည် ဦးကျော်အောနဲ့ ဒေါ်မြတ်စုတို့ရဲ့သား ဖြူနုငယ်ရဲ့အစ်ကိုဖြစ်မည့်သူဟာ "အောင်ပွဲ"ပဲလို့ ရင်ထဲမှာ ခိုင်ခိုင်မာမာ ယုံကြည်နေပါသည်။ ဒါသာမှန်ရင် အောင်ပွဲဟာ ဦးဦးစိုးသိမ်း၊ အန်တီနေခြည်တို့ရဲ့ မွေးစားသား ဖြစ်သွားတော့မှာ မဟုတ်လား။

မေမေက ဦးစိုးသိမ်းကို ချစ်ခင်သည်။ မေမေကလည်း အန်တီနေခြည်ကို ချစ်ခင်သည်။ အဲဒီချစ်ခင်မှုတွေကြောင့်ပဲ မေမေနှင့်မေမေဟာ (ဖွင့်သာမပြောပေမယ့်) အောင်ပွဲနှင့် ဝေလတွင် အောင်ပွဲအပေါ် ချစ်ခင်ရင်းနှီး နှစ်လိုမှု ပိုကြပါသည်။

အောင်ပွဲသာ မွေးစားသားဖြစ်နေရင်၊ အောင်ပွဲဟာ ဦးစိုးသိမ်း ဒေါ်နေခြည်တို့ရဲ့ သားရင်းမဟုတ်ဘူးလို့ သိခွင့်ရလိုက်ရင် အထူးသဖြင့် မေမေ့ရဲ့အောင်ပွဲအပေါ် ချစ်ခင်နှစ်လိုမှုများ အေးစက်စိမ်းကားသွားမလား။ အဲဒါကို အမရ တွေးပူပြီး စိုးရိမ်နေမိပါသည်။

ဝေလမွေးစားသား ဖြစ်နေရင် ကရုဏာသက်ရတာ အလွဲလို့ ဘာကိစ္စမှမရှိ။ ကိုယ်ထင်နေသလို အောင်ပွဲသာဆိုရင်။ အောင်ပွဲကိုလည်း သနားသည်။ အောင်ပွဲ အားများငယ်သွားမလား။ ဘိုတလောကတော့ မေမေ့ကို အမရက ပြောမိသေးတာလေ။ "ကိုယ့်သားလေးပဲ ကားဝယ်ပေးလိုက်တာ မဟုတ်ဘူး၊ မွေးစားသားမှ မဟုတ်တာ" အစရှိသဖြင့်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ... အောင်ပွဲရဲ့ ကင်းကင်းကွာကွာ နေတတ်မှုများ၊ အမေကို မချွဲမနွဲ့ အဖေကို အရောမဝင် ဆက်ဆံတတ်ပုံများ။ အဲဒါတွေကို ပြန်မြင်ယောင်ပြီး စိတ်မကောင်း ဖြစ်နေမိပါသည်။

"ဘာတွေးစရာတွေ ရှိနေတာလဲ"

"ဩော် ... နင်ကလည်းဟာ၊ ငါ့ဟာငါ ဘာတွေးတွေးပေါ့"

အမရက သက်ပြင်းလေးတစ်ချက်နှင့် ပြောလိုက်ရင်း ...

"နေဦး ... နင်က ငါ့ကို ဘာလုပ်ဖို့ နင်နဲ့ပြန်ဖို့ ခေါ်တာလဲ

"နင့်ကို ပြောစရာရှိလို့"

"အင်း ...၊ ပြောလေ၊ ခု ဘယ်ကိုသွားမှာလဲ"

"ဆိုင်တစ်ဆိုင်ပေါ့"

"သွားလေ"

"ငါက သာမန်ရိုးရိုး ကော်ဖီဆိုင်လေးတစ်ဆိုင်ကိုပဲ သွားမှာနော်၊ ဟိုတယ်ကြီးကဲ့ ကော်ဖီဆိုင် အကောင်းစားကြီးကိုတော့ သွားမှာမဟုတ်ဘူး"

"ဘာအံမိဖွယ်လဲဟ"

"နင် သိမှာပေါ့"

"မသိပါဘူး"





အောင်ပွဲက သူ့ဂျစ်ကားလေးကို ခပ်ကြမ်းကြမ်း မောင်းနှင်နေပါသည်။ ထို့နောက်တော့ အိမ်အပြန်လမ်းပေါ်မှာပဲ လမ်းခုလတ်မှာရှိတဲ့ ကော်ဖီဆိုင်လေးတစ်ဆိုင်ဆီ ဝင်လိုက်ပါသည်။ ဆိုင်ထဲဝင်ထိုင်ကာ ကော်ဖီမှာပြီးတဲ့ထိ အမရကလည်း တွေးတွေးငေးငေး။ အောင်ပွဲကလည်း ရှုပုပ်ပုပ်။

"အမရ ... နင် ဘာတွေ ဒီလောက် စဉ်းစားနေတာလဲ"

"ဩော် ... စဉ်းစားစရာရှိလို့ပါ ဆိုနေမှ၊ ကဲပါ ... နင် ပြောစရာရှိတာ ပြောတော့"

"ငါမေးမှာ"

"မေးလေ"

"နင် အမှန်အတိုင်း **ဖြေနော်**"

အမရက မျက်ခုံးတွန့်ကာ အောင်ပွဲကို မကျေမနပ် ကြည့်ရင်း ...

"ငါ နင့်ကို အမှန်မပြောဘဲ ညာပြောဖူးလို့လား"

"ပြီးရောလေ၊ ငါမေးမယ်၊ နင် ဦးကျော်အောနဲ့ ဘယ်လို ပတ်သက်နေသလဲ"

"ဘယ်သူ ! "

"ဦးကျော်အောလေ၊ ဖြူနုငယ် အဖေ"

"ဟိုတစ်နေ့က ဖြူနုငယ်က မွေးနေ့သွားကြတော့ တွေ့ဆုံ စကားပြောဖူးတယ်လေ"

"ဒါပဲလား"



www.burmeseclassic.com

www.burmeseclassic.com



အမရက အောင်ပွဲကို စိုက်ကြည့်လိုက်ပါသည်။ အောင်ပွဲက သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"ငါ မနေ့က နင့်ကို '......'ဟိုတယ်မှာ ဦးကျော်ဇောနဲ့ ကော်ဖီသောက်နေတာတွေ့တယ်၊ ငါက အဲဒီဟိုတယ်အပေါ် ထပ်မှာလုပ်တဲ့ ပညာရေး Seminar တစ်ခုကို လာတက်တာ"

အမရက အောင်ပွဲကို ခေါင်းညိတ်ရင်း ...

"အေး ... ဟုတ်တယ်၊ ငါတို့ ကော်ဖီလာသောက်တယ်"

"နင်က ဘာကိစ္စ ဦးကျော်ဇောနဲ့ ကော်ဖီလာသောက်ရတာလဲ"

စားပွဲထုကာ အော်လိုက်တဲ့ အောင်ပွဲကြောင့် အမရက အံ့အားသင့်သွားရင်း ...

"သောက်တာ ဘာဖြစ်လို့လဲ"

"နင် ဦးကျော်ဇော အကြောင်း ဘယ်လောက်သိလဲ"

"သိပ်မသိပါဘူး၊ နင်ကကော ဘာတွေသိထားလို့လဲ"

"ငါ့ကို ဖြူနုရယ် ကိုယ်တိုင် ပြောဖူးတယ်၊ သူ့အပေမှာ နောက်ထပ် မိန်းမတစ်ယောက်နဲ့ ကလေးတစ်ယောက်ရှိသေးတယ်တဲ့"

"အဲဒီတော့ ! "

"အဲဒီတော့ မကောင်းဘူးပေါ့၊ ဒီလူကြီး အကျင့်မကောင်းဘူးပေါ့ဟ"





"ဟယ် ... နင် ... ဦးကျော်ဇောကို အဲလိုစကားမျိုးမပြောနဲ့ အောင်ပွဲ"

"ဘာလို့ မပြောရမှာလဲ"

"ဘာပဲဖြစ်ဖြစ် မပြောနဲ့ဆို မပြောနဲ့ဟာ"

"နင်က ဘာကိစ္စ နာနေတာလဲ"

"နာတယ်ဟယ် ... ဘာဖြစ်လဲ၊ လူကြီးကို နင်ပြောစရာလား"

"ဒီလူကြီးပုံစံက နည်းနည်းရှုပ်မယ့်ပုံလို့ အစကတည်းက ထင်တာ၊ မိန်းမတစ်ယောက် ကလေးတစ်ယောက် ရှိသေးတယ်ဆိုတာ သိကတည်းက မကြိုက်တာ၊ နောက်တော့ ဟိုနေ့ကလည်း နင့်ကို ဟိုဘက်ထောင့်နား သွားရပ်ပြီး စကားရော ဖွဲ့ရော လိုက်ပြောနေတာ လုံးဝကြည့်မရဘူး"

"ဟဲ့ ... သူက လူကြီးပဲ၊ ငါ့အဖေအရွယ်ဟဲ့၊ စကားကပ်ပြောတာ ဘာဖြစ်လဲ"

"ကော်ဖီခေါ်သောက်တာ ကျတော့ရော"

အမရက ကျွတ်ခနဲ စိတ်ပျက်လက်ပျက် စုတ်သတ်ပြီး ...

"ကော်ဖီသွားသောက်တာ သူ့သမီးလည်း ပါတယ်ဟဲ့၊ ဖြူနုရယ်လည်း ပါတာပဲဟာ"

"မပါပါဘူး"

"နင် မတွေ့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းကြောင်း လာမလုပ်နဲ့၊ ပါရင်တွေ့မှာပေါ့"

"ဟာ ... နင်က ဇွတ်ပဲထင်ရာပြောနေတာပဲ၊ ဖြူနုငယ်

တယ်၊ ဒီကောင်မလေးက ကိတ်မုန့်ကောင်တာဆီ

သွားပြီး မုန့်တစ်ခုပြီးတစ်ခု မှာစားနေတာ၊ သူထ

တုန်း နင် ငါတို့ကို တွေ့တာဖြစ်လိမ့်မယ်"

"ငါ သူ့ကို လုံးဝမတွေ့ဘူး"

"အေးလေ ... နင်မတွေ့တော့ ဘာဖြစ်လဲ၊ ပါတယ်

တာက အဓိကပဲ"

"ပါတယ်လို့ကို မထင်တာ"

"ဟာ ... နင် ငါ့ကို ဘာကိစ္စ မယုံကြည်တာလဲ အောင်

အောင်ပွဲက အမရ မျက်နှာကိုကြည့်ကာ အ

ဝယ် ဆုတ်ဆိုင်းသွားပြီးမှ ...

"မသိဘူးဟာ"

"ကျွတ် ...၊ ကိုယ့်ဟာနဲ့ကိုယ် စိတ်ရှုပ်ရတဲ့ကြားထဲ

ငါ့ကို ပြဿနာမရှာစမ်းပါနဲ့ အောင်ပွဲရယ်၊ နင် ရှုံးနေ

ငါက ဖြူနုငယ်အဖေနဲ့ နှစ်ယောက်တည်း ကော်ဖီ

သောက်တယ်လို့ ထင်ရအောင်၊ ဖြူနုငယ် ကိုယ်တိုင်

ကို အိမ်မှာလာခေါ်သွားတာဟ၊ သူ့အဖေက ဟိုမှာ

နေတာ"

အောင်ပွဲသည် အမရကို ယုံကြည်ရင်းစွဲ ရှိ

သံသယကို ဆက်ရှေ့တိုးပြီး ထားမနေတော့ဘဲ ...





"ဒါဖြင့် သူ့အဖေနဲ့ ကော်ဖီအတူသွားသောက်ကြရတဲ့ အကြောင်းရင်းက ဘာလဲ"

"အန်ကယ်ဦးကျော်စောက ငါ့ကို စကားနည်းနည်း ခေါ်ပြောတာပါဟာ"

"ဘာစကားလဲ"

"အဲဒါ နင့်ကို ငါ မပြောနိုင်သေးဘူး၊ ဒါပေမဲ့ နောက်တော့ မပြောမဖြစ် ငါ သေချာပြောပြမှာပါ"

"ဖြူနုငယ်အဖေနဲ့ သူ့မွေးနေ့ကျမှ နင်လည်း ငါတို့နဲ့တွေ့တစ်ကြိမ်တည်းပဲ ဆုံဖူးတာ မဟုတ်လား"

"အင်း"

"ဒီအခြေအနေနဲ့ နင်တို့ကြားမှာ တကူးတက ချိန်းပြောရရာ စကားမျိုး ရှိနေပြီး အဲဒီစကား အကြောင်းအရာက ငါ့ကိုတောင် ခုလောလောဆယ် ပြောမပြနိုင်သေးတဲ့ အကြောင်းအရာတဲ့လား"

"အေး ... ဟုတ်တယ်၊ နင် အဲသလိုပဲ အကြမ်းဖျဉ်းမှတ်ထား"

"ဟွန်း"

အောင်ပွဲက မကျေမနပ် ဖြစ်နေပါသည်။ အမရကို သူ့စိတ်တွင် ယုံကြည်တန်ဖိုးထားပြီးသား ဖြစ်သည်ကြောင့်သာ အမရစကားကို ယုံကြည်ပေးရပေမယ့် နားမလည်နိုင်တာတော့ အမှန်ပင်။ ကျေလည်း မကျေနပ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အမရ"

"အင်း"

"အမရ"

"ဘာလဲ"

"အမရ"

"နင် ဘာဖြစ်နေတာလဲ"

"အမရ ... နင့်ကို ... နင့်ကို ငါချစ်တယ်"

"ဘာ"

ရုတ်တရက် မျှော်လင့်မထားၡ အမရ ရင်ထဲ ဝုန်းခနဲ အလန့်တကြား ဆောင့်ခုန်ကာ ချက်ချင်းဖိုလှိုက်မှ... လာပါသည်။ ဝါးပြင်လေးတွေ ရဲတွတ်ပြီး ရှက်စိတ်နှင့် ကြက်သီး... မွေးညင်း ထ,လာပါသည်။ အောင်ပွဲသည် ဒီစကားကို အ... အားယူတွန်းထွက် ညှစ်ထုတ်လိုက်သလို ဝုန်းကနဲ ပြောလိုက်... သည်နှင့် မေးစေ့ကို ရင်ဘတ်ဒွကပ်အောင် ခေါင်းကိုင့်ချပြီး ... ဖက်ကို မျက်နှာကြီး သိသိသာသာ လွှဲဖယ်ထားလိုက်ပါသ...

အောင်မယ် ...၊ သူကပဲတစ်ပြန်စိး နေရခက်နေ... သေးတော့။ အမရက ချစ်စနိုးတွေးမိကာ မျက်စောင်းတစ်... ကတုန်ကယင်ထိုးရင်း တစ်ဖက်လှည့်နေလိုက်ပါသည်။ နှစ်ယော... သား ဟိုဘက်ဒီဘက် မျက်နှာလွှဲဖယ်ကာ အချိန်အကြာ... ကုန်ဆုံးအောင် ဖြုန်းတီးနေမိကြပြီးသော် ...





"အမရ"

"... ..."

"အမရ ... နင် ငါ့ကို စိတ်ဆိုးသွားပြီလားဟင်"

"နင် ငါ့ကို နင်ပြောချင်တာ ပြောဖို့အတွက် အရင်ဆုံး အပြစ်မရှိ အပြစ်ရှာ မဟုတ်တာတွေ လျှောက်စွပ်စွဲတာ မဟုတ်လား"

"ဟာ ... ဘာဆိုင်လို့လဲဟာ၊ နင်ကလည်း၊ ငါက ဟိုလူကြီးနဲ့ ပတ်သက်ပြီး တကယ်စိတ်ပူလို့ပါ၊ ခုခေတ်မှာ အကျင့် ခပ်ပျက်ပျက် လူကြီးတွေကလည်း အများကြီးမဟုတ်လားဟာ"

"တော်တော့ ... နင် နောက်ဘယ်တော့မှ ဦးကျော်ဇောကို ဒီလိုစကားမျိုး မပြောနဲ့"

"ဘာဖြစ်လို့လဲ၊ သူက ဘာမို့လဲဟ"

သူက နင့်အမေ ဖြစ်ချင်ဖြစ်နေမှာ။ အမရက စိတ်ထဲကပဲဖြေပြီး အပြင်မှာတော့ ခေါင်းကလေးသာ ယမ်းပြလိုက်ပါသည်။ ရင်ထဲမှာတော့ ခုထိတုန်တုန်းပင်။

"အေးလေ ... နင်က အခုလုံးဝပြောမပြနိုင်သေးဘူးဆိုရင်လည်း ဘယ်တတ်နိုင်မလဲ၊ ဒါပေမဲ့ တစ်ချိန်ချိန်မှာတော့ ငါ့ကို ဒီဦးကျော်ဇောကိစ္စ ပြောပြမယ် မဟုတ်လား"

"ပြောပြမှာပေါ့ အောင်ပွဲရာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောဆို သိပ်တောင်အချိန်ဆွဲဖြစ်မှာ မဟုတ်ပါဘူး၊ မကြာခင်ရက်ပိုင်းအတွင်းမှာပဲ နင်တို့မိဘတွေကို ပြောပြ၊ အဲဒီက တစ်ဆင့် နင်တို့ သိကြရမှာပဲ မဟုတ်လား။

"အမရ"

"ပြောလေ အောင်ပွဲ"

"နင် ငါ့ကို အဖြေမပေးဘူးလား"

အမရက သူ့ကို မျက်စောင်းချိကာ လှည့်ကြည့်လိုက်ရင်းက မှုန်တေတေနဲ့ ငယ်နေတဲ့မျက်နှာကို သနားသွားမိပါသည်။ ထိုမျက်စောင်းထဲမှာပင် အပြုံးရိပ်က ရောပါသွားရင်း ....

"ယောက်ျားလေးက ချပဲချစ်တယ် ပြောတာကို ချက်ချင်း ခေါင်းညိတ်တဲ့ မိန်းကလေးမျိုး နင် တွေ့ဖူးလား၊ ရှိတယ် ထင်နေလား"

အောင်ပွဲက မပွင့်တပွင့်နှင့် ...

"ရှိရင်လည်း ရှိမှာပေါ့"

"မရှိဘူး အရူးလေးရဲ့"

အောင်ပွဲ မျက်နှာက ရှက်တရက် ဝင်းလက်သွားကာ ...

"ဒါ ... ဒါဖြင့် နင်က ငါ့ကို ခေါင်းညိတ်မှာပေါ့ ဟုတ်လား"

အမရက မျက်နှာလေးရဲသွားပြီး ...





"ဘာဆိုင်လို့လဲ"

"ဆိုင်တယ်လေ၊ ချက်ချင်း ခေါင်းညိတ်တဲ့သူသာ မရှိရင် နေမယ်၊ ငြင်းမယ်ဆိုရင်တော့ ချက်ချင်း ခေါင်းခါမှာပဲ၊ နင်က ချက်ချင်းခေါင်းမညိတ်ချင်ဘူးဆိုတော့ နောက်မှ ညိတ်မယ့် သဘောပေါ့"

"အောင်မာ ... နင် တော်တော်အတွက်အချက် အခန့်အမှန်း တော်လား၊ ဟုတ်လား"

"အဲဒါပဲ ဖြစ်နိုင်တာလေ၊ မဟုတ်ဘူးလား"

အမရက ပြုံးတုံ့ကလေး လုပ်နေတဲ့ အောင်ပွဲရဲ့ မျက်နှာကို စေ့စေ့စိုက်ကြည့်နေလိုက်ပါသည်။ တွေးနေမိတာက အမရသည် သူ့ရင်ထဲက အဖြေကို အောင်ပွဲဟာ ဘာရယ်ညာရယ် ဆိုတဲ့ အပြောင်းအလဲတစ်ခု မဖြစ်ခင် ပေးချင်နေတာပင်။ သူဟာ အန်တီနေခြည်တို့ သားအရင်းဖြစ်ဖြစ် မွေးစားသားဖြစ်ဖြစ် ဘယ်သူဖြစ်ဖြစ် အမရရဲ့နှလုံးသားထဲမှာ ရှိနေပြီးသား လူတစ်ယောက်ဆိုတာ သူ့ကို အသိပေးချင်သည်။

ဒီကိစ္စတွေကလည်း ရက်ပိုင်းအတွက် ပေါ်ပေါက်လာတော့မှာလေ။

"အမရ ... နင် ဝေလကို ငဲ့နေတာလား"

"ဘာဆိုင်လို့လဲ"

"နင့်ကို ဝေလ ချစ်တယ်လို့ ပြောပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဝေလက ဟိုလိုလို ဒီလိုလို သူပဲ ဦးထားသလိုလို မထိခလုတ် ထိခလုတ်နဲ့ အရိပ်အမြွက်ပြတဲ့စကားမျိုးတွေတော့ မကြာမကြာ ပြောနေတာပဲ။ ဒါပေမဲ့ ရိုးရိုးသားသားလေးနဲ့ ရှင်းရှင်းလေး တစ်ခါမှ နင့်လိုမပြောပါဘူး၊ ပြီးတော့ ဝေလ ဘယ်လိုပဲဖြစ်ဖြစ် ငါ ဝေလကို ငဲ့စရာအကြောင်းမရှိပါဘူး"

"ဘာဖြစ်လို့ ငဲ့စရာအကြောင်း မရှိတာလဲ"

"အဲဒါ နင့်ကို ငါက ရှင်းပြနေရမှာလား"

"နင် ဝေလကို မချစ်လို့ပေါ့၊ ဟုတ်လား"

အမရက အောင်ပွဲကို မျက်စောင်းတစ်ချက် လှမ်းထိုးရင်း ...

"အောင်ပွဲ ... နင့်ကို အဖြေပေးဖို့ နင် ငါ့ကိုဘယ်လောက်ကြာကြာ စောင့်နိုင်လဲ"

အမရက တကယ်တော့ လူလည်ကျတဲ့ သဘောပါ။ ဒါပေမဲ့ ဒီကိစ္စမှာ တကယ်ပဲ တစ်ခါမှ အတွေ့အကြုံ မရှိသေးတာ အမရ သိနေတဲ့ အောင်ပွဲက ကိုယ်ခင်းတဲ့လမ်းကြောင်းပေါ် လျှောက်တစ်ပါ့မလား၊ ကြည့်လေ။ အူတူတူနှင့် နဖူးကို နားထင်ကို ပါးကို ဟိုကုတ် ဒီကုတ် လုပ်နေပြန်ပြီ။

"ဟဲ့ ... နင့်စိတ်ထဲမှာ ရှိသလိုပြောလေ၊ ကျွတ် ... နင်တော့နော်၊ စိတ်ကမရှည်ဘူး"





"ငါ့စိတ်ထဲကတော့ ချက်ချင်းခေါင်းညိတ်ရင် အကြိုက်ဆုံးပေါ့၊ မြန်လေ ကောင်းလေပေါ့၊ ဒါပေမဲ့ နင့်ကိုတော့ ငါဖွတ်ဘယ်ပြောလို့ရမလဲ၊ နင်ပြောသလောက်အချိန် ငါက စောင့်ရမှာပေါ့"

"နင်ကတော့ အဖြေချက်ချင်း လိုချင်တာလား"

"ဒါပေါ့ဟ"

အမရက အောင်ပွဲရဲ့ ဖျော့လင့်တကြီး မျက်ဝန်းများဆီ တောက်ပရွှန်းလက်တဲ့ အကြည့်လေးနှင့် ခပ်စိုက်စိုက်လေး ငေးဆိုင်ကြည့်ရင်း ...

"အောင်ပွဲ ... နင့်ကိုလေ ငါလည်း ချစ်တယ် သိလား၊ ငါ နင့်ကို ဘာကြောင့် ချက်ချင်းအဖြေပေးသလဲဆိုတာ နောက်တော့ နင် သိလာပါလိမ့်မယ်"

အောင်ပွဲက မယုံကြည်နိုင်သလို ငြိမ်သက်သွားပါသည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com

## ၁၂

"မေမေ့ကို သမီး ပြောစရာရှိလို့ပါ"

"ဘာများလဲ အချစ်တုံးလေးရယ်၊ မျက်နှာလေးလည်း သိပ်မကောင်းပါလား သမီး၊ ဘာလဲ ... ပြော ... ပြော"

"မေမေ"

"အေး"

"သမီးလေ ပထမတော့ ဒီစကားကို အန်တီနေခြည်နဲ့ အန်တီဂျူလီကိုပဲ တိုက်ရိုက်တန်းပြောရ ကောင်းမလားလို့ စဉ်းစားတယ်၊ ဒါပေမဲ့ ကမ္ဘာပေါ်မှာ သမီးသိတာမှန်သမျှ သမီးပြီးရင် မေမေ့ကိုပဲ အရင်ဆုံး အသိပေးတိုင်ပင်ရမယ် မဟုတ်လား မေမေ"

ဒေါ်သဉ္ဇာက မျက်ခုံးပင့်သွားရရင်း ...

"အင်း ... မေမေ့ကို အရင်ဆုံး ပြောရမှာပေါ့၊ မေမေ့မပြော ဘဲ မနေခြည်တို့ မဂျူလီတို့ကို အရင်ပြောရမယ်ဆိုတဲ့ စကားမျိုး ရှိလို့လား သမီးရဲ့၊ ဘာမို့လို့လဲ"





"မေမေ"

ဒေါ်သဉ္ဇာက ချိုတုံ့ချတုံ့ မရဲတရဲ ဖြစ်နေတဲ့ အမရ ရဲ့မျက်နှာလေးကိုကြည့်ရင်း စိုးရိမ်မကင်း ရင်တွေတုန်လာသည်။

"မေမေ ... အောင်ပွဲကို ချစ်လား"

"အောင်ပွဲကို ! အင်း ... အောင်ပွဲကို ချစ်တာပေါ့၊ မနေ ခြည်တို့ ကိုစိုးသိမ်းတို့ ဆိုတာ ကိုယ်နဲ့အလွန်ရင်းနှီးတာ ကိုး၊ ဝေလနဲ့စာရင်တောင် အောင်ပွဲကို ပိုသံယောဇဉ်ကြီး မိတာပေါ့၊ ဝေလကိုလည်း ကိုယ့်တူသားလိုပဲ သဘောထား ပေမယ့် အစ်ကိုကြီး ဦးမျိုးသိမ်းတို့ မဂျူလီတို့နဲ့ကျတော့ သိပ်ကြီး အတွင်းကျကျ မရင်းနှီးဘူးမို့လား၊ အောင်ပွဲကို တော့ ရှင်းရှင်းပြောရရင် မနေခြည်တို့သား ဖြစ်နေလို့ ပို ချစ်တယ်"

အမရ မျက်နှာလေးက ပိုပြီးငယ်ကျသွားရရင်း ...

"မေမေ ... အောင် ... အောင်ပွဲက အန်တီနေခြည်တို့ ဦးဦးစိုးသိမ်းတို့ရဲ့သား ... သား မဟုတ်ဘူး ဆိုရင်ကော"

ဒေါ်သဉ္ဇာက ပါးစပ်အဟောင်းသားနှင့် သမီးဖြစ်သူ ကို ငြိမ်ငေးကြည့်နေလိုက်မိပြီးမှ ...

"သမီး ... ငါ့သမီး အချစ်တုံးလေး၊ ဘာတွေပြောနေတာ တုံး၊ မထိတ်သာ မလန့်သာပါလားကွယ်၊ အောင်ပွဲကဘာ ကြောင့် မနေခြည်တို့ ကိုစိုးသိမ်းတို့ရဲ့သား မဟုတ်ရမှာ တဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ မေမေ ... မွေးစားသား ဖြစ်နေရင်လေ"

"မွေးစားသား !! "

ဒေါ်သဥ္ဇာက ရင်ဘတ်ကို ဖြတ်ခနဲရိုက်မိကာ ...

"အောင်မယ်လေး ... ကြမ်းကြား လေကြား၊ ဘယ်လိုစကားတွေတုန်း သမီးလေးရဲ့၊ ဘာတွေပြောနေတာတုန်း၊ ဒုက္ခပါပဲနော်၊ ဟိုတစ်ခါလည်း ပြောသေးတယ်၊ အောင်ပွဲက မွေးစားသားများလား ဆိုတာမျိုး၊ မေမေ ဘာပြောလဲ သမီး၊ သူများမိသားစု သူများအတွင်းရေးကို ကိုယ်နဲ့မဆိုင်ဘဲ မပါရဘူး၊ မဝေဖန်ရဘူးလေ"

"မေမေရယ် ... ဖြစ်ခဲ့ရင်လို့ သမီးက မေးကြည့်တာပါ"

"ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာမို့တုန်း သမီးရဲ့"

"ဖြစ်နိုင်စရာတွေ ရှိနေလို့ပေါ့ မေမေရဲ့"

"ဖြစ်နိုင်စရာတွေ ! "

ဒေါ်သဥ္ဇာက အမရကို စေ့စေ့အကဲခတ်နေရင်း ...

"ဘာတွေလဲ သမီး၊ ဘယ်သူက ဘာတွေပြောလို့လဲ"

"အဲဒါတွေ မေမေ့ကို ပြောပြမလို့ပါ၊ တကယ်လို့များ ... တကယ်လို့များလေ မေမေ၊ အောင်ပွဲဟာ အန်တီနေခြည်တို့ ဦးဦးစိုးသိမ်းတို့ရဲ့ သားအရင်း မဟုတ်ဘဲ မွေးစားသားများ ဖြစ်နေခဲ့ရင် မေမေ အောင်ပွဲကို သံယောဇဉ်တွေ မပျက်ပါနဲ့နော်၊ အချစ်ခင် မလျော့ပါနဲ့နော် မေမေ"





"အင်း ... အင်း ... မပျက်ဘူး၊ သမီး ဘာတွေကြားလို့ သာပြော"

"အခု သိရသမျှက အောင်ပွဲ သို့မဟုတ် ဝေလ တစ်ယောက်ယောက်က သူတို့မိဘတွေရဲ့ မွေးစားသား ဖြစ်နေပြီထင်တယ် မေမေ၊ အဲဒီအန်ကယ်က လိမ်ညာမပြောရင်ပေါ့၊ အဲဒီအန်ကယ်ကလည်း ဘာမှ လိမ်ပြောစရာ အကြောင်း မရှိပါဘူး၊ အောင်ပွဲမဟုတ်ရင် ဝေလ၊ ဝေလမဟုတ်ရင် အောင်ပွဲ တစ်ယောက်ယောက်ကတော့ မွေးစားသားဖြစ်ဖို့ သေချာသလောက် ဖြစ်နေတာ မေမေ ...

ဝေလ ဆိုရင်တော့ သမီးအတွက် ဘာမှပြောစရာကိစ္စ မရှိပေမယ့် အောင်ပွဲသာ ဖြစ်နေခဲ့ရင်တော့ မေမေ အောင်ပွဲကို သံယောဇဉ်လျော့သွားမှာ သမီး အဖြစ်မခံနိုင်လို့ပါ၊ နော် မေမေနော်"

ဒေါ်သဥ္ဇာက အမရကို အံ့အားတသင့်ကြည့်ရင်း ...

"သမီး ... သမီးနဲ့အောင်ပွဲက ..."

"မေမေ ... သမီးနဲ့ အောင်ပွဲ ချစ်သူတွေဖြစ်နေပြီ မေမေ"

ဒေါ်သဥ္ဇာက ရင်ဘတ်ကို ဖြန်းခနဲပုတ်ရင်း ...

"ဟောတော် ... ဘယ်တုန်းကတည်းကလဲ၊ တယ်လည်းပိရိပါလားအေ"

"နှစ်ရက်ပဲ ရှိပါသေးတယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"မအေကိုလည်း ဘာတစ်ခွန်းမှ ဖွင့်မတိုင်ပင်ပါလား သမီးရယ်"

"သမီးက အောင်ပွဲကို ဘယ်လိုအနေအထားပဲဖြစ်ဖြစ် ချစ်တယ်ဆိုတာ သက်သေပြချင်လို့ မွေးစားသားဟာ သူ့လား၊ ဝေလလား မသေချာခင် ခေါင်းညိတ်လိုက်တာပါ"

ဒေါ်သဉ္ဇာက သက်ပြင်းကြီးတစ်ချက်သာချရင်း ...

"ကဲ ... ကဲ ...၊ ညည်း ဘယ်က ဘာတွေများ ကြားထားသလဲ ပြောပါတော့ အချစ်တုံးရယ်၊ ရင်တထိတ်ထိတ်ရှိလိုက်တာ"

"ဒီလိုပါ မေမေရယ်၊ ဖြူနှင်းယံကလေ ..........................................................................................
.................................."

အမရသည် အဖြစ်အပျက်တွေကို စီကာစဉ်ကာနှင့် တစ်လုံးချင်း တစ်ခွန်းချင်း မေမေ့ကို ပြောပါသည်။ ဖြူနှင်းယံ စတင်ချဉ်းကပ်လာတာ၊ သူတို့ညီအစ်ကိုနှစ်ယောက်အပြင် အမရကိုပါ အဖွဲ့ကျအောင်ပေါင်းတာ။ ဒါတွေကို မေမေလည်းအကြမ်းဖျဉ်းတော့ သိပေမယ့် အသေးစိတ် အဖြစ်အပျက်လေးတွေပါ ပြန်ပြီးပြောပြသည်။

ဖြူနှင်းယံမွေးနေ့ သူ့အိမ် လိုက်သွားကြကတည်းက ဖြူနှင်းယံအဖေဟာ အောင်ပွဲနှင့်ဝေလကို အထူးအရေးပေး အလေးထား ဆက်ဆံခြင်းနှင့် တစ်ပြိုင်နက် နက်နက်ရှိုင်းရှိုင်း စစ်ဆေ





ပေါက်ပေါက် အကဲခတ်လေ့လာနေခဲ့တာ။ အမရကိုတော့ တစ်ဦးတည်းသော အနီးစပ်ဆုံး သားလွှအဖြစ်နှင့် ခင်မင်မှု ရယူခဲ့တာ။

ဟိုတစ်နေ့က ကော်ဖီသောက်ဖို့ဆိုပြီး ဖြူနှင်းယံ လာခေါ်သွားပြီးတဲ့နောက် သူ့အဖေကြီးနဲ့ပါ အတူကော်ဖီသောက်ရင်း နောက်ကြောင်းဇာတ်လမ်းတွေ သိခွင့်ရခဲ့တာ။ အောင်ပွဲနှင့် ဝေလတို့ရဲ့ မိဘနှစ်စုံတွဲထံ ရှေ့ပြေးစကားသွင်းဖို့ အမရကို ဦးကျော်ဇောက အကူအညီ တောင်းခဲ့တာတွေ။

ရှေ့ပိုင်းတုန်းက တစ်ခွန်းပြော တစ်ခွန်းထောက်၊ မေးခွန်းတစ်ခါထုတ်နှင့် ရှိခဲ့တဲ့ ဒေါ်သဉ္ဇာသည် ဇာတ်ရည်လည်လာလေ စကားသံ မထွက်တော့ဘဲရှိလေ။ ပါးစပ်ကို လက်ဝါးနှင့်အုပ်လိုက်၊ ရင်ဖိလိုက် အံ့အားအသင့်ကြီးသင့် စိတ်အလှုပ်ရှားကြီး လှုပ်ရှားနေတော့သည်။

"မေမေရယ် သမီးစိတ်ထဲမှာလေ ဘာဖြစ်လို့လဲတော့မသိဘူး၊ အဲဒါဟာ အောင်ပွဲပဲ ဖြစ်နိုင်တယ်လို့ချည်းပဲ စိတ်ထဲထင်နေမိတယ်၊ ဝေလကို လုံးဝမထင်မိတာ ဘာကြောင့်လဲတော့ သမီးလည်း မသိဘူး၊ အောင်ပွဲဟာ အန်တီနေခြည်တို့ရဲ့ မွေးစားသား ဖြစ်နေမှာ စိုးရိမ်ပြီး မဖြစ်စေချင်လို့လား မသိပါဘူး၊ သူပဲလို့ပဲ ထင်နေမိတယ် မေမေရယ်"

ဒေါ်သဉ္ဇာက တုန်တုန်လှုပ်လှုပ်နှင့် သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"မဖြစ်နိုင်ပါဘူး၊ မဖြစ်နိုင်ဘူး"



www.burmeseclassic.com

သူ့ဟာသူ ရေရွတ်သလို ခပ်တိုးတိုး ရေရွတ်နေပါသည်။

"မေမေ ဒီကိစ္စတွေ မေမေ သိလားဟင်"

"မေမေ မသိပါဘူး အချစ်တုံးလေးရယ်"

"အောင်ပွဲ မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး ထင်တာပဲ သမီးရယ်"

"ဒါဖြင့် ဝေလရော ဖြစ်နိုင်လား မေမေ"

"ဝေလလား !! "

"ဟင် ... မေမေ ! ဟုတ်လား ... ဝေလလား"

"........."

"မေမေ ဝေလဆိုရင် ဒုက္ခပဲ"

"ဘာဖြစ်လို့လဲ"

"ဝေလက ဖြူနုငယ်ကို စိတ်ဝင်စားနေတယ်၊ သဘောကျနေတယ် မေမေ"

"ဟင် ... သမီးကိုဝဲ ဒီညီအစ်ကိုက လုနေတာ မဟုတ်ဘူးလား"

"ဝေလက အောင်ပွဲကို အရှုံးမပေးချင် အလျှော့မပေးချင်တဲ့စိတ်မျိုးနဲ့သာ အပြိုင်အဆိုင် လုပ်နေတာမျိုးပါ မေမေရာ၊ ဒါပေမဲ့ ခုနောက်ပိုင်းတော့ သူ ဖြူနုငယ်ကို နည်းနည်းစိတ်ဝင်စားနေပြီ၊ သမီး သိတယ်၊ ညတိုင်းလိုလိုလည်း ဖြူနုငယ်နဲ့ ဖုန်းပြောနေကြတာ"



"ဖြူနုငယ်ကကော"

"ဖြူနုငယ်ကတော့ ရိုးရိုးပေါ့ မေမေရဲ့၊ ဒီနှစ်ယောက်တည်းက တစ်ယောက်က သူ့အစ်ကိုရင်းလို့ သူက ကြိုသိနေတဲ့သူပဲဟာ၊ ဒါပေမဲ့ သူ့စကားအပြောအဆိုတွေကို အကဲခတ်ကြည့်ရင်လည်း သူကိုယ်တိုင်ကိုကလည်း အောင်ပွဲကို သူ့အစ်ကိုဖြစ်နိုင်တယ်လို့ ပိုထင်နေပုံပဲ မေမေ၊ အောင်ပွဲက သူ့အပေါ် ပိုရိုးသားဖြူစင်တာကိုး၊ ဝေလကတော့ နည်းနည်း ဆန်းပြားချင်တဲ့ လက္ခဏာလေးတွေ ပြနေတော့ သူက မနည်းပုတ်ချနေတဲ့ အခြေအနေမျိုးပဲ၊ သမီးလည်း လေ ဘာအကြောင်းပြချက် ဘာသက်သေမှ မရှိဘဲနဲ့ အောင်ပွဲပဲ ဖြစ်နိုင်တယ်လို့ ထင်နေမိတယ်၊ ဒီကိစ္စတွေ မေမေ တကယ်ပဲ မသိတာလားဟင်"

ဒေါ်သဉ္ဇာက နမူးကြောကို တွန့်ရှုံ့ကာ နက်နက်နည်းနည်း စဉ်းစားတွေးတောနေပုံနှင့် ...

"မွေးစားသားဟာ ဘယ်သူဖြစ်ဖြစ် သမီး ဘာမှမလုပ်နဲ့တော့"

"မေမေ ... အန်ကယ်ဦးကျော်ဇောက သမီးကို အကူညီတောင်းတာပါ၊ သမီးကလည်း ကူညီပါ့မယ်လို့ ပြောခဲ့တာ၊ နောက်ပိုင်း လက်ခံတာ ငြင်းဆိုတာ ငြင်းခုန်ပြဿနာတက်တာတွေကတော့ သမီးတို့နဲ့မဆိုင်တော့ဘူးလေ၊ ဒါပေမဲ့

www.burmeseclassic.com



တစ်ဖက်က ဒီလိုပြောလာတယ်၊ ဒီလိုထင်နေတယ် ဆို
ကိုတော့ သမီး ပြောပေးမှဖြစ်မယ်"

"သမီး မပြောနဲ့၊ မေမေ ပြောပါ့မယ်၊ သမီးက က
မဟုတ်လား၊ အသက်နှစ်ဆယ့်သုံး ဆိုတာဟာလည်း ဒီ
ကြီးတွေ မျက်စိထဲအတွက်တော့ ကလေးပါပဲ သမီး
လူကြီးတွေကို သမီးက ဒီကိစ္စပြောတယ်ဆိုတော့ မကော
ပါဘူး၊ မကျေနပ်စရာရှိရင် သမီး မကျေနပ်ခံနေရပါ့မ
မေမေ ပြောပေးပါ့မယ်၊ ဒီကိစ္စကို မနေခြည်တို့လင်မယ
မဂျူလီတို့လင်မယား နားထဲရောက်ဖို့ မေမေ့ဘာသာ
ကြည့်လုပ်လိုက်ပါ့မယ်"

"မေမေ ပြောပေးမှာပေါ့နော်"

"ဟုတ်တယ်၊ မေမေ ပြောပေးမယ် သမီး"

"မေမေ"

ဒေါ်သဥ္ဇာက သမီးဖြစ်သူရဲ့ မျက်နှာကလေး
ချစ်မြတ်နိုးစွာ ကြည့်လိုက်ပါသည်။

"မေမေ ဒီကိစ္စတွေ မသိဘူးဆိုပေမယ့် အန်ကယ်ဦးမျိုး
နဲ့ ဦးဦးစိုးသိမ်းတို့တစ်တွေဟာ အဲဒီ ထောက်ကြံ့မှာအ
ဆိုင်အိမ် ရှိဖူးသလား၊ မကြာ မကြာ ရောက်နေကြတာ
ဆိုတာရော၊ အဲဒါရော ဟုတ်လား"

ဒေါ်သဥ္ဇာက သက်ပြင်းတစ်ချက်ချရင်း ...





"ဟုတ်တယ် သမီး"

"ဟင်"

"သူတို့ညီအစ်ကို အမွေရမယ့် အမွေဆိုင်ခြံကြီး ထောက်ကြံ့
မှာရှိတယ်၊ သီးပင်စားပင်ကြီးတွေနဲ့ သိပ်သာယာ ငြိမ်းချမ်း
တာ"

"ဟုတ်တယ်ပေါ့နော်၊ မေမေရော ရောက်ဖူးလားဟင်"

"အင်း ... မေမေလည်း ရောက်ဖူးပါတယ်"

"ဟင် ... ဟုတ်လား"

"ကြာလှပါပြီ၊ ကိုစိုးသိမ်းရော အစ်ကိုကြီးဦးမျိုးသိမ်းရော
မိတ်ဆွေတွေ ခေါ်ခေါ်သွားပြီး ပျော်ပွဲစားလုပ်ကြတဲ့ အလေ့
အထ အရမ်းဝါသနာပါကြတာပဲ၊ မေမေလည်း ပျော်ပွဲစား
ထွက်ရင်း တစ်ခါ ရောက်ဖူးခဲ့ပါတယ်"

"မေမေ အဲဒီတုန်းက အောင်ပွဲတို့ သမီးတို့ မွေးပြီလား
ဟင်"

"ဟင့်အင်း ... မမွေးသေးဘူး"

အမရက မေမေ့မျက်နှာကို ငေးကြည့်နေမိပါသည်။

○❤○

www.burmeseclassic.com

www.burmeseclassic.com



## ( ၁၃ )

နောက်တစ်နေ့မှာပဲ မေမေ အန်တီနေခြည့်အိမ်ကို သွားတာ အမရ သိသည်။ အိမ်မှာလည်း မေမေနှင့် မေမေ တကျိတ်ကျိတ်။ အန်တီနေခြည်နှင့် မေမေလည်း သူကဆက်လိုက် ကိုယ်ကဆက်လိုက် တစ်ချိန်လုံး ဖုန်းတွေလည်း ပြောနေကြ အမရကတော့ နောက်ဆုံးတစ်နေ့ ဘာသံထွက်လာမလဲကို ရင် တမမဖြစ်နေမိကာ ...

"မေမေ ဘာထူးလဲဟင်"

"မထူးပါဘူး သမီးရယ်"

"အန်တီနေခြည့်ရော အန်တီဂျူလီရော ပြောပြီးပြီ

"အင်း"

"သူတို့က ဒီအဖြစ်အပျက်ကို ငြင်းလား ဝန်ခံလား မေမေ"

"ဝန်မခံဘူး"

"ဟင် ...၊ ဒါဖြင့် ဦးကျော်ဇောက ညာပြောတယ် သဘောလား"





"လူမှားနိုင်တာပဲလေ သမီး၊ ထောက်ကြံ့မှာ ဆရာဝန်ရယ်လို့ ဒီလူပဲရှိရတော့မလား၊ တခြားဆရာဝန်တစ်ယောက်နဲ့လည်း ဒီအမျိုးသမီး ပါသွားနိုင်တာပဲလေ"

"ဒီဆရာဝန်နဲ့ ပါလာခဲ့တာတော့ သေချာတာပဲဟာ၊ အဖြစ်အပျက်တွေက ချိတ်ဆက်တွေနဲ့လေ၊ ကွင်းဆက်တွေတစ်ဆင့်ပြီးတစ်ဆင့် ချိတ်မိတာမျိုးလေ၊ ဦးကျော်ဇော မိန်းမ ခေါ်မြတ်စုက တခြားတစ်နေရာ ရောက်သွားတာဆိုရင်လည်း ဒီအိမ်ကိုပိုင်တဲ့ ဆရာဝန်ညီအစ်ကိုထဲက တစ်ယောက်ကတော့ ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက်ကို ခေါ်သွားခဲ့တာ အမှန်ပဲဟာ"

"တော်ပါတော့ သမီးရယ်၊ ဘာဖြစ်လို့ ဒီကိစ္စကို စွမ်းစွမ်းတမံကြီး ဖော်ထုတ်ချင်နေရတာလဲ၊ ဘာပဲဖြစ်ဖြစ်ပေါ့ မနေခြည်တို့ မဂျူလီတို့ လက်မခံရင် ဝန်မခံရင် ဒီတိုင်းပဲ ထားလိုက်ရမှာပဲပေါ့"

"ဦးကျော်ဇောက ဒီတိုင်းကြီးပဲ ဘယ်ထားလိုက်မလဲ မေမေ"

"မေမေပါ ခေါင်းတွေနောက် စိတ်တွေရှုပ်လာပြီ"

အမရမှာ မရေမရာ ဇဝေဇဝါနှင့် မေမေ ပြောသလောက်ကို မတင်ကျ မကျေနပ်ပါ။ တစ်နေ့သောအခါမှာတော့ ...ကွက်ထဲက ဈေးလေးတစ်ခုကို ညနေဘက် ကြော်စရာကန်စွန်း ...ာ်လေး မှိုလေး သွားဝယ်ရင်း အမရ ရောက်ခဲ့သည်။ အမရရဲ့ ...နားမှာ ဈေးဝယ်နေတဲ့ အန်တီနေခြည့်ကို တွေ့တာမို့ ...



www.burmeseclassic.com

www.burmeseclassic.com



"အန်တီနေခြည်"

ခေါ်နေခြည်က လှည့်ကြည့်လာကာ ...

"ဟဲ့ ... အချစ်တုံးလေး၊ တစ်ယောက်တည်းလား"

"ဟုတ်ကဲ့၊ သမီး မွှေးနံ့ကန်စွန်းရွက် ဝယ်ချင်လို့"

"နိုင်နိုင့်တောင် ခေါ်မလာဘူး၊ ကဲ ... လာ ... အန်တီနဲ့ တူတူလျှောက်"

"အန်တီနေခြည်"

"ဟင်"

"မေမေ ... ဟိုကိစ္စ ပြောတယ် မဟုတ်လားဟင်"

"ဘယ်ဟာလဲ"

"ဖြူနုငယ်ရဲ့အမေ ဦးကျော်စောကပြောတဲ့ ဇာတ်လမ်းလေ၊ အောင်ပွဲတို့ ဖေလတို့နဲ့ ပတ်သက်တဲ့ ဇာတ်လမ်းလေ"

"အို ... ဒီလူကြီး ဘာတွေ မဟုတ်တမ်းတရမ်း လျှောက်ပြောတာမှန်း မသိဘူး၊ ဟုတ်မှ မဟုတ်တာ၊ သမီးခေါင်းရှုပ်ခံပြီး တွေးမနေနဲ့ အချစ်တုံးလေး၊ ထားလိုက်စမ်းပါကွယ်၊ ကိုယ်မှမသိတာ"

"အန်တီဂျူလီရော"

"သူလည်း မသိဘူး"

"ဟော ... အမရ မေမေ မပါဘူးလား"

နောက်ဘက် ခပ်ကပ်ကပ်က အသံကြောင့် အမရကို လှည့်ကြည့်လိုက်လျှင် တိုက်တိုက်ဆိုင်ဆိုင် အန်တီဂျူလီက သူ့အိမ်က ကောင်မလေးနှင့် ခြင်းဆွဲလျက်သား။





"မေမေ မပါဘူး အန်တီ"

"နေပါဦး၊ ခုတလော ဘယ်လိုလဲ၊ သဉ္ဇာနဲ့ နေခြည် တတွဲတွဲတွေ့လိုက်၊ အခု နေခြည်နဲ့ အမရ တွဲတွေ့လိုက်နဲ့ ပါလား၊ ဘာကိစ္စဝိစ္စတွေ ရှိနေပြီးတော့ တပူးတွဲတွဲဖြစ်နေကြတာလဲ ဆိုတာ စိတ်ဝင်စားနေတာ"

အမရက အန်တီဂျူလို့ မေးခွန်းကြောင့် အံ့ဩသွားအန်တီနေခြည့်ကို လှည့်ကြည်လိုက်ပါသည်။

"အန်တီဂျူလို့ကိုလည်း မေမေ ပြောပြီးပြီ မဟုတ်လားဟင်"

"ဘာလဲ သမီး၊ ဘာမှမပြောပါလား"

"ဟင် ... ပြောပြီးပြီဆို အန်တီနေခြည်"

"အေးလေ ... မဂျူလီ မေ့နေလို့ပါ၊ ကဲ ... သမီးလည်း မွှေးဝယ်မယ်ဆို ရှေ့မှာလေ၊ ရှေ့ဆက်လျှောက်ကြရအောင်"

"ခဏလေး နေခြည်၊ ဘာမှမကြာပါဘူး၊ အမရက ဘာပြောနေတာလဲဆိုတာ ကိုယ်က သိချင်နေတာ၊ ကိုယ့်နာမည်လည်း ကြားလိုက်တယ်ဆိုတော့ ကိုယ်သိချင်တယ်"

"ဘာမှ ထူးထူးခြားခြား မရှိပါဘူး မဂျူလီရယ်"

အမရက အန်တီနေခြည်ကို အံ့အံ့ဩဩလေး လှည့်ည့်လိုက်ပါသည်။ ပုံစံအရ ဒီကိစ္စကို အန်တီဂျူလို့ကို အန်တီ ည် အသိမပေး မပြောပြရသေးဘူးဆိုတာ သိသာနေသည်။ တီနေခြည်က မပြောပြဘူးဆိုတာ မေမေကလည်း ပြောမပြ ိုကာနှင့် သဘောတစ်ထပ်တည်းပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် အန်တီဂျူလီကို မပြောပြချင်ကြရတာလဲ။ အမရ ခေါင်းထဲ ပဟေဠိဖြစ်ကာ ငူစင်းစင်းလေး တွေးနေမိပါသည်။

"ဘာလဲ ... မအေချင်း တွဲတွေ့လိုက်၊ နေခြည်နဲ့အတူ တွဲတွေ့လိုက်ဆိုတော့ ဒီအုပ်စု နှစ်ခုကြားထဲမှာ ထူးထူးခြားခြားကိစ္စများ ရှိနေတာလား၊ မင်္ဂလာကိစ္စတို့ ဘာတို့ ဆိုရင်လည်း ပြောဦးနော် စောစောစီးစီး"

"ပြောပါ့မယ် မဂျူလီရယ်၊ မကြာခင် ပြောပါ့မယ်"

အမရက ဘာမှဝင်မပြောတော့ဘဲ စဉ်းစဉ်းစားစားလေးနဲ့သာ ငြိမ်နေမိပါသည်။

"ဟိုရေ့မှာ ဖက်ဆွတ်မှိုသည် ရောက်နေတယ် မဂျူလီရေ ဝယ်ဦးမလား၊ လတ်လတ်ဆတ်ဆတ်ကြီးတွေ၊ ကျွန်မတို့ ခုပဲသွားဝယ်ကြမလို့"

အန်တီနေခြည်က စကားကို သိသိသာသာ လွှဲချလိုက်ပါသည်။

"မှိုက ဟိုသားအဖ လုံးဝမကြိုက်တတ်ကြလို့ ကိုယ်တစ်ယောက်တည်းစားတာမို့ တော်ရုံနဲ့ မချက်ဖြစ်ဘူး နေခြည်ရဲ့"

"ဒါဖြင့်လည်း ညနေကျ မဂျူလီ စားဖို့ ဟင်းတစ်ခွက်လောက် ပို့ပေးလိုက်မယ်၊ သွားလိုက်ဦးမယ် မဂျူလီရေ၊ မှိုတွေကုန်သွားမှာစိုးလို့"





ဒေါ်နေခြည်က အမရလက်ကို ဆုပ်ကိုင်ဆွဲကာ စကားဖြတ်ပြီး ထွက်လာခဲ့ပါသည်။ အမရသည် အန်တီနေခြည့် ဆွဲခေါ်ရာ ပါလာရင်း ...

"အန်တီနေခြည်"

"... ... ..."

"အန်တီဂျူလီကို ဘာဖြစ်လို့ မပြောသေးတာလဲဟင်"

"ဟိုတလောကပဲ အောင်ပွဲက အန်တီ့ကို ဖွင့်ပြောလာတယ် သီလား အချစ်တုံးလေး၊ သားနဲ့ အမရ ချစ်နေကြပါပြီတဲ့၊ ကြားလိုက်ရတာ အန်တီ အံ့လည်းသြ ဝမ်းလည်းသာ၊ ဒြော် ... အချစ်တုံးလေးတော့ အောင်ပွဲနဲ့ ဝေလ ဘယ်သူ့ကိုများ သံယောဇဉ်ပိုသွားမလဲလို့ အမြဲတထိတ်ထိတ်ဖြစ်နေခဲ့ရတာ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်သားဖြစ်တဲ့ အောင်ပွဲက သမီးအပေါ် ရူးရူးမူးမူး ဦးဦးဖျားဖျား စွဲလမ်းမြတ်နိုးရှာတာ အန်တီက မိခင်ပီပီ အတွင်းသိ အစင်းသိကိုးကွယ် ...

ငါ့သားလေးများ ကျွန်ရစ်ဖြစ်ရရင် ဒုက္ခပဲလို့ ပူနေရတာ၊ သားဆီကလည်း ဒီစကားကြားရော ဝမ်းတွေသာနေရတာ။ သမီးအမေ မသဉ္ဇာနဲ့လည်း ပြောဆိုတိုင်ပင်ပြီးပြီ၊ ကလေးတွေကိစ္စကို အဖေတွေနဲ့ပါ တိုင်ပင်စီစဉ်ကြမယ်လို့"

အန်တီနေခြည်က အမရ မေးခွန်းကို မဖြေဘဲ ခုချိန်မှာ အမရအဖို့ သည်းခြေကြိုက်ဖြစ်မယ့် စကားမျိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောခြင်းဖြင့် အာရုံကို လွှဲပစ်တာလို့ပဲ အမရက ထင်မိပါသည်။ အမရသည် အန်တီနေခြည့်ကိုတော့ ခင်မင်ရင်းနှီးစွဲနှင့် ပြောရဲဆိုရဲလည်း ရှိသူပီပီ ...

"အန်တီနေခြည်၊ သမီးမေးတာကို ပြောပြပါ၊ စကားမလွှဲပစ်ပါနဲ့၊ အန်တီဂျူလီကို ဘာဖြစ်လို့ ဒီကိစ္စ မပြောတာလဲဟင်"

"ဒီကိစ္စကြီးက ဘာမှမှ မဟုတ်တာ၊ မဂျူလီက သိတဲ့အတိုင်း စိတ်က ခပ်ဆတ်ဆတ်ရယ်၊ ပြောလည်းအပိုပဲ၊ သူလည်း စိတ်ဆိုးနေမှာစိုးလို့"

"ဒီကိစ္စကြီးက လုံးဝမဟုတ်ဘူးတော့ မဖြစ်နိုင်ပါဘူး အန်တီနေခြည်ရဲ့၊ အန်တီနေခြည်က မဟုတ်မမှန်တဲ့ကိစ္စလို့ ထင်နေတာဟာ ဒီကိစ္စနဲ့ မပတ်သက်လို့ ဖြစ်ချင်ဖြစ်မှာပေါ့၊ အန်တီ သမီးကို အမှန်အတိုင်း ပြောပြပါ၊ သမီးက အောင်ပွဲရဲ့ချစ်သူ ဖြစ်နေပါပြီ အန်တီ၊ ကိုယ့်ချစ်သူရဲ့ မူလဇာစ်မြစ် နောက်ကြောင်းကို အမှန်အတိုင်း သိခွင့်ရထိုက်တဲ့သူပါ ..."

သမီးကလေ အောင်ပွဲဟာ ဦးကျော်ဇော ပြောတဲ့ ဓာတ်လမ်းထဲက ကလေးပဲလားလို့ ထင်မိတာ၊ အကြောင်းပြချက်တော့ မရှိပေမယ့် စိတ်ထဲမှာ အလိုလိုပဲ အဲလိုထင်နေမိတာ၊ အဲဒါကြောင့် သမီး သူ့ကိုချစ်တဲ့အချစ်ဟာ သူဘာဖြစ်ဖြစ် ဘယ်ဘဝကလာလာ အပြောင်းအလဲ ရှိရှိ





မရှိရှိ သူ့ကိုပဲ သန့်သန့်စင်စင်လေး ချစ်တာဆိုတာ သူနားလည်စေချင်လို့ မြန်မြန်ကြီးကို အဖြေပေးလိုက်တာပါ ...

ဒီကိစ္စတွေ ပေါ်မလာခင် အဖြေထွက်မလာခင် သမီးအချစ်ဟာ ဘာနဲ့မှ မပတ်သက်ဘူး ဆိုတာ သက်သေပြချင်လို့ သူ့ကို ခေါင်းညိတ်လက်ခံလိုက်တာပါ အန်တီ၊ အဲဒါကြောင့် သမီးကိုတော့ မှန်မှန်ပြောပြပါနော် အန်တီ၊ အောင်ပွဲက ဦးကျော်ဇော ပြောတဲ့ ဓာတ်လမ်းထဲက ဒေါ်မြတ်စု ဆိုတာရဲ့ကလေးပဲလားဟင် အန်တီနေခြည်၊ အောင်ပွဲကို အန်တီနေခြည်တို့ မွေးစားခဲ့တာလားဟင် ...

သမီးကို အမှန်အတိုင်း ပြောပြပါနော်"

ဒေါ်နေခြည်က လျှောက်နေဆဲ ခြေလှမ်းများကို ရပ်လိုက်ပါသည်။ အမရကို မျက်နှာချင်းဆိုင်ရပ်၍ အမရလက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ကာ ...

"သမီး ... အန်တီ မညာဘူး၊ အမှန်အတိုင်း ပြောပြတာ၊ အောင်ပွဲဟာ အန်တီကိုယ်တိုင် ဝမ်းနဲ့လွယ်မွေးခဲ့တဲ့ သားအရင်းပါ"

"အန်တီ တကယ်ပြောတာလားဟင်"

"တကယ်ပြောတာ၊ ဒီစကားကို သမီး အကြွင်းမဲ့ ယုံလိုက်ပါ၊ အန်တီတစ်သက် မုသားမပြောဖူးဖူးလို့ မဆိုနိုင်ပါဘူး၊ စကားအရာလှအောင် နားခံသာအောင် မသိသေးတဲ့သူ

www.burmeseclassic.com



မသိအောင် အကြောင်းအမျိုးမျိုးတွေကြောင့် မှသား သုံးဖူးပါတယ်၊ ဒါပေမဲ့ ဒီကိစ္စမှာတော့ လုံးဝမှသားမပါဘူး၊ အရိုးရှင်း အမှန်ကန်ဆုံး ပြောတာမို့ ငါ့သမီးလေး ယုံပါ၊ အောင်ပွဲက အန်တီ့သားအရင်းပါ၊ ကျန်တာတွေတော့ အန်တီ ဘာမှမပြောလိုဘူးကွယ်"

○❤○

"တီတီ ... တီတီ"

"ဟယ်လို ... အောင်ပွဲ"

"အေး ... ငါ နင့်ဆီခေါ်နေတာ လိုင်းမအားဘဲ Busy ဖြစ်နေတယ်"

"အဲဒါ ငါကလည်း နင့်ဆီခေါ်နေတာဟ့၊ နင်လည်း Busy ဖြစ်နေတာ"

"ငါက အိမ်က ဘယ်နှနာရီ ထွက်မလဲ မေးမလို့၊ နင် ဘာပြောမလို့လဲ"

"အေးဟယ် ... ငါကလည်း ဒီညနေ ငါတို့ကားမောင်းတဲ့ကိစ္စ ဖျက်လိုက်ဖို့ နင့်ကို လှမ်းပြောမလို့"

"ဘာဖြစ်လို့လဲ"

ညနေစောင်း ခြောက်နာရီလောက် အလင်းရောင်လည်းလျော့စ၊ မှောင်လည်း မမှောင်သေးတဲ့ နေဝင်ချိန်မှာ





အောင်ပွဲနှင့် အမရက ကားမောင်းသင်နေပါသည်။ အာရ်စီတူးကျောင်းဝင်းထဲ အမ်မ်အိုင်င်စီတီဝင်းနားက ပတ်လမ်းတစ်လျှောက် ပတ်မောင်းပြီး အမရကို အောင်ပွဲက ကားမောင်းသင်ပေးနေတာပါ။

"ငါသွားစရာရှိလာလို့"

"ဘယ်ကိုလဲ ... ဘယ်သူနဲ့လဲ"

"ဝေလနဲ့ဟ"

"ဝေလနဲ့ ! ဘယ်ကိုလဲ"

"ဝေလက ငါ့ကို စကားပြောစရာရှိတယ်ဆိုပြီး ခုနက ဖုန်းဆက်ချိန်းတော့ အေး ... လိုက်ခဲ့မယ်လို့ ငါပြောလိုက်တယ်၊ ဒီနားလေးတင်ပါ၊ မြိုင်ယောဝန်စားသောက်ဆိုင်တင်ပါ၊ ဒီနေ့ ကားမမောင်းတော့ဘူးလေ"

"ဟာ ... နင်ကလည်း"

အောင်ပွဲ အသံက မကျေမနပ်နှင့် ...

"ဝေလက ပြောစရာရှိတယ်ဆိုတာ နင်က အေး ... နားထောင်မယ်ဆိုပြီး လိုက်သွားစရာလား။ ဒီကောင် နင့်ကို ရည်းစားစကား ပြောမလို့ ဖြစ်မှာပေါ့"

"မပြောပါဘူးဟ့၊ ငါ့ကို သူ ရည်းစားစကား မပြောပါဘူး၊ သေချာပါတယ်"

"ဟဲ့ ... နင်က ဘယ်လိုလုပ် ပြောနိုင်မှာလဲ"

"ပြောနိုင်ပါတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်လေ၊ နင်က ငါ့ရည်းစား၊ ငါချစ်သူလေ၊ တခြားကောင်လေးတစ်ယောက် ချိန်းခေါ်တာကို လိုက်သွားခွင့် မရှိဘူးလေ"

"ဟဲ့ … ခုဟာက ဝေလပဲဟာ"

"ဝေလလ … ဘာဖြစ်ဖြစ်"

"အောင်ပွဲကလည်းဟာ သဝန်တိုသလိုလို လုပ်မနေစမ်းပါနဲ့၊ ဝေလက ငါ့ငယ်သူငယ်ချင်းဟဲ့၊ ခုချိန်မှာ ငါ သူ့ကို ဖေးဖေးမမလုပ်ရမယ့် ဝတ္တရားရှိတယ်"

"ခုချိန်ဆိုတာ ဘာလဲ၊ ဘယ်အချိန်လဲ၊ ဘာဖြစ်နေတာမို့လို့လဲ"

အမရက ခဏတဖြုတ် စဉ်းစားလိုက်ရင်း …

"နင့်အမေ နင့်ကို ဘာတွေများ ပြောသေးလဲ"

"ဘာကိုလဲ၊ နင် စကားမလွှဲနဲ့"

"နင့်အမေ နင့်ကို ထူးထူးခြားခြား ဘာပြောသေးလဲ"

"ဘာဆို ဘာမှ ထူးထူးခြားခြား မပြောဘူး၊ ဘာထူးထူးခြားခြားကိစ္စ ရှိလို့လဲ၊ ဝေလနဲ့ ပတ်သက်တဲ့ ဘာကိစ္စရှိ … လို့လဲ"

"ဘာမှမရှိပါဘူး၊ နင့်အမေ ဘာမှမပြောရင် ဘာမှမရှိ … ပေါ့"

"ဟာ … ဇေလည်ချောင်ပတ်နဲ့ ဘာတွေလဲဟာ၊ နင့်အ … အန်တီသဥ္ဇာနဲ့ ငါ့အမေလည်း ဟိုနှစ်ရက် သုံးရက် …





ဂွတ်ဂွတ် ဂွတ်ဂွတ်နဲ့၊ နင့်အမေအိမ် လာသေးတယ်လေ၊ ငါ့အမေနဲ့ စကားတွေပြောကြတာ အကြာကြီး၊ ငါကပထမ ငါတို့ကိစ္စ ပြောနေတယ် ထင်တာဟ၊ နောက်တော့ မဟုတ်ဘူး၊ ငါ အနားရောက်တော့ စကားပြော ရပ်ပစ်တယ်၊ အဲဒါဘာတွေလဲ၊ ဘယ်သူတွေ ဘာဖြစ်နေလဲ"

"ငါလည်း သေချာမသိဘူး"

အမရက လျှော့ချလိုက်ပါသည်။ လူကြီးတွေက တောင် မပြောဘဲ အုပ်ထားတာကို အမရက ဖွင့်ပြောလို့ကောင်းပါ့မလား။ ပြီးတော့ အန်တီနေခြည်က ခိုင်ခိုင်မာမာ ပြောပြီးပြီလေ။ အောင်ပွဲဟာ သူ့ဗိုက်နဲ့လွယ်မွေးတဲ့ သားအရင်းပါတဲ့။ လူကြီးတစ်ယောက်က အမရ မျက်ဝန်းထဲ စေ့စေ့ကြည့်၍ အလေးအနက်ပြောတဲ့စကားကို အမရ ယုံကြည်ရမှာပေါ့။ အောင်ပွဲဟာ အန်တီနေခြည် မွေးစားသား မဟုတ်ဘူးဆိုရင် ပြီးပြီပေါ့။ ဒီကိစ္စတွေ သူ မသိလည်း အရေးမကြီးတော့ဘူးပေါ့။

အဲဒီနောက်ပိုင်း ဝေလကို အမရ ကရုဏာသက်နေရတာဖြစ်သည်။ အရာရာကို အထက်စီးကဆရာကြီးလုပ်တဲ့ ဝေလဟာ ဒီတိုင်းဆိုတော့ မွေးစားသားလေးတစ်ယောက် ဖြစ်နေပြီပေါ့။ အောင်ပွဲမဟုတ်ရင် ဝေလပဲပေါ့။ ဒါကြောင့်လည်း သူတို့ အန်တီ … လိုကို မပြောရဲကြဘဲ အသိမပေးတော့တာဖြစ်သည်။ အန်တီ … လီက မထင်လျှင် မထင်သလို ဗီဿာလေးနှင့် ဆောင့်၊ ဘုသည်းပြောတတ်တဲ့ ခပ်တင်းတင်းပုံစံ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဝင်မပါချင်၊ မစွက်ဖက်ချင်တော့တဲ့ သဘောနှင့် မေမေရော အန်တီနေခြည်ပါ ငြိမ်လျှို့လျှို့ နေလိုက်ကြတာမျိုးပင်။ ဒီအနေအထားမျိုးမှာ ဝေလကို အမရက (ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ်) ပစ်ထားတာမျိုး မဖြစ်ချင်။ ကိုယ်မကြိုက်တဲ့ စကားမျိုးပြောရင်တောင် ပြောပါစေ၊ အေးအေးချမ်းချမ်း ရှင်းပြငြင်းပယ်ရုံပါပဲ။

ဝေလကလည်း အမရကို ချစ်ရေးဆိုတော့မည့်သူမှ မဟုတ်တာ။ ဝေလ ဖြူနုငယ်ကို ချစ်ခင်သံယောဇဉ် နှောင်တွယ်နေတာ အမရ သိသည်။

"အခု ဝေလကလည်း ဘာတွေပြောစရာရှိရပြန်တာလဲ"

"ဒါတော့ သူပြောပြီးမှ ငါသိရမှာပေါ့ အောင်ပွဲရယ်"

"ငါလည်း လိုက်မယ်"

"ဟာ ... နင်ကလည်း၊ ငါ သိရပြီးရင် နင့်ကိုပါ ငါပြန်ပြောပြမှာပေါ့၊ နင်က ဘာကိစ္စ လိုက်ရမှာလဲ၊ နင်နဲ့ဝေလက မျက်နှာချင်းဆိုင် စကားဆယ်ခွန်းပြောရင် ခြောက်ခွန်းက တစ်ယောက်ကို တစ်ယောက် တီးနေ နှက်နေတာတွေ၊ လိုရင်းကို ရောက်မှာမဟုတ်ဘူး၊ ကဲ ... ဒါပဲဟာ၊ ငါအကျီလဲရဦးမယ်၊ ဝေလက ထွက်လာတော့မယ်တဲ့"

"ဟုတ်ပဗျာ၊ ဟိုဘက်မှာ သူ့ကား ခုပဲထွက်သွားပါပြီ"

အောင်ပွဲအသံက အောင့်သက်သက်။





"ဒီကောင့်ကို နင်နဲ့ငါ ချစ်နေပြီဆိုတာ တစ်ခါတည်း ပြောပြခဲ့"

"အေးပါ ... ပြောပြခဲ့မယ်"

"ပြီးရော"

"ပြန်ရောက်မှ နင့်ကို ဖုန်းဆက်ပြောပြမယ်နော် အောင်ပွဲ၊ ငါ့ကို စိတ်တွေကောက်မနေနဲ့၊ ဒါပဲနော်"

အမရက ဖုန်းချ၊ အင်္ကျီအပြေးအလွှားလဲ။ ခါတ်လှေကားနှင့် အန်ဒါဂရောင်းကားပါကင်ဆီ ဆင်းခဲ့ပါသည်။ ဝေလရဲ့ကားက ပါကင်မှာရောက်နေပြီ။ အမရ တက်လိုက်တာနှင့် မောင်းထွက်လာပါသည်။

"ဝေလ"

"... ... ..."

"ဟဲ့ ... ဝေလ၊ နင် နေကောင်းရဲ့လားဟင်"

"ကောင်းပါတယ်"

"မျက်နှာကြီးက အူတူတူ ပျက်တက်တက်ကြီးနဲ့ ဘာဖြစ်နေတာလဲဟင်"

အန်တီနေခြည့်ဆီကများ သတင်းစကားတစ်ခုခု သူတို့အိမ် ရောက်သွားပြီလားဟု အမရက ရင်တွေခုန်လှုပ်သွားတာ ...

"ဝေလ ... နင့်အမေ ဘာပြောလို့လဲဟင်"

ဝေလက အမရစကားကို အံ့အားသင့်ပုံနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အမေက ဘာပြောရမှာလဲ၊ ဘာမှမပြောပါဘူးဟ"

"တကယ် ဘာမှမပြောဘူးလား"

"ဘာပြောစရာရှိလို့လဲ၊ မေမေကတော့ ဘာမှမပြောဘူး၊ နင်သိရင် နင်ပြောပြလေ"

"မဟုတ်ပါဘူး၊ ငါက နင့်မျက်နှာမျက်နေလို့ လျှောက်စဉ်းစားကြည့်နေတာပါ၊ ကဲ ... ဒါဖြင့် နင်ဘာဖြစ်နေတာလဲ၊ ငါ့ကိုပြော"

ဝေလသည် စိုးရိမ်ကြောင့်ကြ ပူပန်သော မျက်နှာလေးနှင့် သူ့ကို စေ့စေ့ကြည့်ကာ ဂရုတစိုက် တယုတယ မေးနေသော အမရကို တွေ့ရလေ ပို၍တစ်မျိုးကြီးဖြစ်လေပင်။ သူဘာဖြစ်နေတာလဲဆိုတော့ အမရအပေါ်များ အပြစ်ရှိမလားလို့ ကိုယ့်ကိုယ်ကိုယ် ခံစားနေရတာ။

ဝေလသည် သွေးတိုးစမ်း စကားတောက်တဲ့သဘောလောက် ဖြူနှင်းယ်ကို နည်းနည်းချင်း ချဉ်းကပ်နေရာမှ သူ့ကိုခေါင်းချည်း၍၊ ပုတ်ထုတ်ပစ်နေတဲ့ ဖြူနှင်းယ်ကြောင့် အလေးအနက် အတည်အတံ့ ချစ်ခွင့်ပန်ဖို့ စောင်းဆိုဖို့ ဆုံးဖြတ်ချက်ချလိုက်ပြီ ဖြစ်ပါသည်။ သူ့ကိုယ်သူလည်း ယုံကြည်သေချာလာပြီ။ သူဟာ ဖြူနှင်းယ်အပေါ် စွဲလမ်းတယ် စိတ်ဝင်စားတယ်ဆိုတာထက် ပိုလာပြီ။ တကယ်ကို ချစ်နေမိပါပြီ။

အဲဒီလို ပရောဂျက်တစ်ခု မစ်ရှင်တစ်ခုကို ဖြူနှင်းယ်ကို လိုက်တော့မည့်ကိစ္စမှာ အမရကို ဝေလက အားနာနေမိတာ





ပါ။ အရင်ကတော့ ကမ္ဘာပေါ်မှာ မိန်းကလေးတွေထဲမှာ အမရကိုပဲ သံယောဇဉ်အကြီးဆုံးဖြစ်တာ အမရကို သူများလက်အပ်မခံချင်၊ သူများပိုင်ဆိုင်မှာ စိုးရိမ်စိတ်တွေ ရှိခဲ့ပါသည်။

တစ်ချိန်မှာ ဖွင့်ပြောမယ်၊ ကိုယ်မဲ ပိုင်ဆိုင်မယ်လို့ပဲ သတ်မှတ်ထားခဲ့တာ။ ချက်ချင်း ဖွင့်မပြောဖြစ်ခဲ့တာကတော့ သူ့မသိစိတ်ကိုက ကိုယ့်ကိုယ်ကိုယ် မသေမချာဖြစ်နေခဲ့လို့ ဖြစ်မှာပေါ့။ အောင်ပွဲ ပုံစံက အမရကို သံယောဇဉ်တွေ ပိုလာတာသာလာတော့လည်း ကိုယ်က လက်လွှတ်မခံနိုင်တဲ့ သဘောနှင့် သူ့သိရှင်ကြား ကာဆီးကာဆီး လုပ်တာတွေတောင်မှ ရှိခဲ့သေးတာ။

သူများလက် အပ်မခံနိုင်တဲ့ အကြောင်းမျိုး အမရကိုလည်း ဝေလည်ချောင်ပတ်နှင့် မသိမသာ အသိပေးခဲ့သေးတာသာ။ တရားဝင် အတိအလင်းတော့ ဘာမှမပြောဖူးခဲ့ပေမယ့် စကားအဖတ်တင်ရုံကလေးတော့ ဦးထားမိသေးတယ် မဟုတ်လား။ ဒီလို ဖြူနှင်းယ်ကို အတိအလင်း ချစ်ရေးဆိုတော့မယ်ဆိုတော့ မျက်နှာခဝ်ပြောင်ပြောင်နဲ့ ဘာမှမပြောမဆို အမရကို ကျောခိုင်းခံရမှာ မျက်နှာတွေ ပူနေတာပါ။

သူတို့နှစ်ယောက် ဆိုင်ထဲဝင်ထိုင်ကာ စားစရာမှာပြီးလျှင် ...

"အမရ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလေ ငါ အရှမ်းခင် အရှမ်းသဲယောင်ကြီးပြီး အရမ်းချစ်တဲ့ ငယ်သူငယ်ချင်းလေး ဆိုတော့"

"ဝေလ"

"အင်း ... ဘာလဲ"

"ဟို ... ငါ ... ငါလည်း နင့်ကို ပြောရဦးမယ့်စကား ရှိတယ်ဟ၊ နင်ကလည်း ငါအခင်ဆုံး ယောက်ျားလေး ငယ်သူငယ်ချင်းပါဟာ၊ ဒါပေမဲ့ နင့်ကို ငါ ဖုံးထားမိသလို မျိုး အသိမပေးရသေးတာ ရှိတယ်ဟ"

ဝေလရဲ့ စကားအစမှာပင် အမရက အဓိပ္ပာယ် ကောက် လွဲမိကာ သူနှင့်အောင်ပွဲ ချစ်နေကြပြီဆိုတာကို အသိ ပေးဖို့ အိုးနင်းခွက်နင်း အစပျိုးမိသည်။ ဝေလက အမရကို အံ့အားတသင့်ဖြစ်ရင်း ...

"အဲဒါ ဘာလဲ"

"ဟိုလေ ... ငါနဲ့ အောင်ပွဲလေ"

"နင်နဲ့အောင်ပွဲ ဘာဖြစ်လဲ"

ဝေလအသံက စိတ်လှုပ်ရှားမှုနှင့် တက်ကြွကျယ် လောင်လာသည်။

"ငါ ... ငါနဲ့ အောင်ပွဲနဲ့"

"ဘာလဲ ... နင်တို့ ချစ်သူဖြစ်သွားကြပြီလား"

"ဟုတ်တယ် ဝေလ၊ အဲဒါက ..."

"ဟဲ ဟဲ ဟဲ ဟုတ်လား ... ဟား ဟား"





ဝေလက ခုမှအဖြစ်ကင်းသူတစ်ယောက်လို အူမြူး သွားပြီး စားပွဲကိုကျော်၍ အမရ ငယ်ထိပ်ကို လက်နှင့်လှမ်း ခေါက်လိုက်ပါသည်။

"အား"

အမရက ခေါင်းလေးပွတ်ကာ ပြုံးဖြီဖြီဖြစ်နေတဲ့ ဝေလကို သက်ာမကင်းကြည့်ရင်း ...

"နင်က ဘာကိစ္စ ပျော်သွားရတာလဲ၊ ငါကတော့ ငါတို့ သုံးယောက်ထဲမှာ နင်က သတ်သတ်ပဲ့ကျန်ရစ်သလိုများ ခံစားသွားရမလားလို့ အားတွေနာပြီး စိတ်မကောင်းဖြစ်နေ တာ၊ နင်က ခုမှ စိတ်လွတ်လပ်ပေါ့ပါးသွားသလို ရှိက ဘာဖြစ်နေတာလဲ"

"ဟဲ ဟဲ ဟဲ ... ဘာမှမဟုတ်ပါဘူးဟာ၊ သူငယ်ချင်းနှစ် ယောက်အတွက် ကွန်ဂရက်ကျူးလေးရှင်းပါ၊ ဟိုကောင်က ညီဝမ်းကွဲလည်းဖြစ်၊ ငါအချစ်ဆုံးသူငယ်ချင်းရဲ့ ချစ်သူလည်း ဖြစ်တော့မယ်ဆိုတော့ ပျော်စရာကြီးပေါ့ဟာ၊ ခွေးကောင် သွက်သလား မမေးနဲ့၊ အူသလိုလို ထူသလိုလိုနဲ့ လက်က မြန်သားပဲ၊ မပြောမဆိုနဲ့ ငါ နရင်းအုပ်ဦးမယ်၊ ဒီကောင် တော့ ..."

"နင်က ဘာပြောမလို့လဲ"

"အဟင်း"

ဝေလက ရယ်ကျဲကျဲနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ငါက မိန်းကလေးသူငယ်ချင်း အရင်းအချာဆိုလို့ နှင်ပဲ ရှိလို့ နှင့်ကို တိုင်လည်းတိုင်ပင်ချင် အသိပေးချင်တာရယ်၊ နောက်ပြီးတော့ နှင့်လိုပဲပေါ့ဟာ၊ ငါ ရည်းစားရသွားရင် နှင့်ကို ချန်ထားရစ်ခဲ့တယ်လို့များ နှင် စိတ်မကောင်းများ ဖြစ်သွားမလားလို့ ဆိုပြီးတော့ ... ဟဲ ဟဲ"

"အောင်မာ ... နှင် နာဦးမယ်၊ နည် ရည်းစားထားတာ ငါက ဘာကိစ္စ စိတ်မကောင်းဖြစ်ရမှာလဲ"

"နှင်လည်းပဲ ..."

"တော်စမ်းပါ၊ ငါတို့ဟာနဲ့ မတူပါဘူး၊ ကဲ ... ထားပါ တော့၊ နှင်က ရည်းစားထားတော့မယ်ပေါ့၊ ဘယ်သူနဲ့လဲ"

"အင်း ... ဖြူနုငယ်ဟာ"

အမရက ပါးစပ်လေး အဟောင်းသား ပွင့်သွားကာ စိတ်ထဲလည်း ရှုပ်ထွေးလေးနှင့်သွားရပါသည်။

"ငါ သူ့ကို နောက်သလို စ,သလိုမျိုးလေးတွေတော့ စကားပစ်ကြည့်ဖူးပေမယ့် သူက ပုတ်ချတယ်ဟ၊ ရည်းစား ရှိတယ်ပဲ ပြောနေတာ၊ ငါ အပြင်က ငါ့ရဲ့တခြားဘော်ဒါ တွေကတစ်ဆင့် သူ့နောက်ကြောင်းကို ဇာတ်လမ်းစုံစမ်း ကြည့်ပြီးပြီ၊ ဘယ်တုန်းကမှ ရည်းစားမထားဖူးဘူး၊ အခု လည်း မရှိဘူး၊ ကြည့်ရတာ ငါ့အပြောင်အပြက်လုပ်နေ သလားဆိုပြီး ပိတ်ချထားတာများလား မသိပါဘူးဟာ ..."





အဲဒါ နှင့်ကို အခု တိုင်လည်း တိုင်ပင်ရင်း၊ အကူ အညီလည်းတောင်းရင်း၊ ဒီစကားတွေ ပြောချင်လို့ ခေါ်လာ တာပါ၊ ငါ့သူငယ်လေး ... စား ... စား"

ဝေလက ရောက်လာတဲ့ စားစရာတွေကို အမရဘက် တိုးပေးရင်း ရယ်ရွှန်းရွှန်းပြောသည်။ အမရကတော့ ခေါင်းတွေ ထူပူကာ ဝေလကို အကျဉ်းအကျပ်ကျတဲ့ ရုပ်မျိုးနှင့် ကြောင်ကြောင် နာနာ ကြည့်မိရင်း ...

"ဝေလ"

"အင်း"

"နှင်က ငါ့ကို ပထမတိုင်ပင်တာ၊ ဒုတိယ အကူညီတောင်း တာ၊ ဟုတ်တယ်မှုလား"

"အင်းလေ"

"ပထမဆုံး တိုင်ပင်တဲ့အဆင့်မှာပဲ ငါ ,ကန့်ကွက်တယ်၊ နှင် ဖြူနုငယ်ကို မချစ်နဲ့၊ လုံးဝ ခေါင်းထဲက ထုတ်ထား လိုက်ပါဟာ၊ မဖြစ်နိုင်ဘူးလို့ နှင့်ကိုယ်နှင်ပြောပြီး မေ့ပစ် လိုက်ပါ၊ ဒါဆိုရင် ဒုတိယဆင့်ဖြစ်တဲ့ ကူညီဖို့ဆိုတဲ့ကိစ္စ ကိုလည်း ငါ လုပ်မပေးနိုင်တာ နှင် သဘောပေါက်ရော ပေါ့"

"ဟာ"

ဝေလက အမရကို အံ့အားတသင့်ကြည့်ကာ ...

"နှင် ဘာတွေလျှောက်ပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကြားတဲ့အတိုင်းပဲဟာ"

"ဟာ ... အဓိပ္ပာယ်မှ မရှိတာ၊ နင်က ငါ့သူငယ်ချင်း တော့ သူငယ်ချင်းပေါ့၊ ဒါပေမဲ့ ငါ ရည်းစားထားမယ့် ကိစ္စကို နင် ကန့်ကွက်ခွင့်မှ မရှိတာ၊ နင့်အနေနဲ့ ဖြူနုငယ် က မကောင်းဘူးဆိုရင် ငါ့ကို အသိပေးလို့ အကြံပေးလို့ ရပါတယ်၊ ဆုံးဖြတ်ဖို့က ငါ့ကိစ္စပါ၊ နင်က မချစ်နဲ့လို့ ပြောတာကြီးကကျတော့"

"ဝေလ ... ဖြူနုငယ်ကို ငါလည်း ချစ်တယ် ခင်တယ်၊ မကောင်းတာလည်း ဘာတစ်ချက်မှ ခုထိမတွေ့ဘူး၊ ဒါပေမဲ့ နင် မဲ့လိုက်ဝါ၊ နင်အသက်ထွက်အောင် တောင်းဆိုပြီး ဖြူနုငယ်က နင့်ကို ငြင်းမှာပဲ၊ အဲဒါအပြင် ... ကျွတ်"

"ပြော ... ဆက်ပြောလေ၊ သူက ဘာအတွက် ငါ့ကိုငြင်း မှာလဲ၊ ငါက ဘာဖြစ်နေလို့လဲ၊ ငါက သူတို့လောက်မချမ်း သာဘူးပေါ့၊ အဲလိုလား၊ သူတို့မိသားစုပုံစံက ပြည့်ဝပါ တယ်၊ ဒီလိုအရိပ်အယောင်မျိုး မရှိပါဘူး၊ သူ့အဖေကြီး ကိုယ်တိုင်ကိုက ငါ့ကိုရော အောင်ပွဲကိုရော လက်ခံနိုင်တဲ့ သဘောမျိုးနဲ့ ခင်ခင်မင်မင် ရောရောဝင်ဝင် တမင်တကာ ခေါ်ကြည့်တာလေ၊ နင် သဘောမပေါက်ဘူးလား"

"တမင်တကာ ခေါ်ကြည့်တာ ငါလည်းသိပါတယ်၊ ဒါပေမဲ့ ဒါနဲ့ပဲ နင်တို့နှစ်ယောက် တစ်ယောက်ယောက်နဲ့ သဘော တူလို့ ဖြစ်နိုင်ပါ့မလား"





"ဟာ ... ဒါဆို ဘာလဲ ... ပြော၊ ဒါဆိုဘာလဲ"

"ဝေလ"

"ပြော"

"ငါ မပြောနိုင်ဘူးဟာ"

"အမရ ... နင် ဘာဖြစ်နေတာလဲ"

"ဝေလ ... နင် နောက်သလို စသလို စကားတစ်လုံးနှစ် လုံး ပစ်သွင်းနေတာတောင် ဖြူနုငယ်က အလိုက်အထိုက် ပြန်တုံ့ပြန်လို့လား၊ ခါးခါးသီးသီး ငြင်းတာပဲမို့လား"

ဝေလက တစ်ခဏ စဉ်းစားလိုက်ရင်း ...

"သူက ရည်းစားရှိတယ်လို့ ငြင်းတယ်၊ အဲဒီရည်းစားဆို တာ တကယ်မရှိဘူးဆိုတာ ငါ အခုသိတယ်လေ၊ နောက် သူက မောင်နှမတွေလိုပဲ ချစ်ခင်ပါတဲ့၊ ဒါတော့ ဘယ်ဖြစ် နိုင်ပါ့မလဲဟာ၊ နင် စဉ်းစားကြည့်ပေါ့၊ သူ့ကိုချစ်ပါတယ် ဆိုမှ မောင်နှမလို ဖြစ်နိုင်ပါ့မလား"

"ဝေလ"

"ဘာလဲ ... နင်ကလည်း ဝေလ ... ဝေလနဲ့၊ ဒီနာမည် ခေါ်လို့ သိပ်ကောင်းနေလား၊ ဘာပြောချင်နေတာလဲ ... ပြော၊ ဘာတွေမှန်းကို မသိဘူး"

ဝေလက စိတ်ရှည် သည်းခံနိုင်သူ မဟုတ်သဖြင့် ချွမ်းတိုလာပုံ ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေလ … နင့်အမေက နင့်ကို ဘာမှမပြောဘူးဆိုရင် နင် အန်တီနေခြည်ကို သွားမေးကြည့်ကြည့်ပါလား"

"ဘာကိုလဲ၊ ငါက ဘာကိုမေးရမှာလဲ"

"နင့်ကို ဘာစကား ပြောစရာရှိသလဲလို့ မေးကြည့်လိုက်ပါ၊ အန်တီနေခြည့်ဆီမှာမေးဖို့ ငါက မေးနိုင်းတာလို့ ပြောလိုက်ပေါ့"

ဖေလက အမရချက်လုံးထဲကို စူးစိုက်ရှာဖွေကြည့်ရှုရင်း …

"အဲဒါ ဘာလဲ၊ အန်တီနေခြည်ကကော ဘယ်ကပါလာတာလဲ"

"လူကြီးတွေ ပိုသိတဲ့ကိစ္စမို့ပါ"

"ငါ့အမေ ဘာမှမပြောနိုင်တဲ့ ကိစ္စတစ်ခုကို အန်တီနေခြည်က ဘာကြောင့် ပြောနိုင်နေရမှာလဲ၊ အဲဒါဘာအကြောင်းလဲ"

အမရက မျက်နှာလေး လွှဲထားလိုက်ပါသည်၊

"အမရ"

"… … …"

"ဘာအရှုပ်အထွေးကိစ္စတွေ ရှိနေတာလဲ၊ ဒါတွေကို နင် သိနေတာလား … ဟုတ်လား အမရ၊ ပြဿနာတင်နေ နေလို့လား၊ ဘာပြဿနာလဲ"





"ငါဝင်ပါလိုက်တာ မှားသွားမှာမျိုးကို ငါ ကြောက်တယ် ဖေလ"

"နေပါဦး၊ ဒီအရှုပ်အထွေးပြဿနာထဲ အောင်ပွဲပါ ပါနေတာလား"

"အင်း … သူလည်း အကျုံးဝင်တာပဲ၊ ဒါပေမဲ့ အခု နင်က ပိုအရေးပါတယ်"

ဖေလ မျက်နှာက စိုးရိမ်မကင်း အေးစက်စက်တင်း ပြန့်သွားရင်း …

"အဲဒါ ဘာကိစ္စလဲ၊ ဘာကိစ္စလဲ"

သွားစေ့ မေးလိုက်သံက ကမ္မးရှုးထိုး နိုင်လှပါသည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com



# (၁၄)

အန်တီဂျူလီထံမှ ဖုန်းလာချိန်မှာ မေမေ အိမ်မှာမရှိပါ။ ခိုင်ခိုင်က အန်တီဂျူလီ ဖုန်းဆိုပြီး လာခေါ်ပါသည်။

"ဟယ်လို"

"အမရ"

"ဟုတ်ကဲ့ အန်တီ"

"သမီးတို့ ဘာကိစ္စတွေ ရှိနေတာလဲ၊ အန်တီ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"

"ရှင်"

"ဟိုတစ်နေ့က ဈေးမှာတွေ့လို့မေးတာလည်း နေခြည်ကစကားကို ကြောင်ပဲလွှဲပစ်တာ သမီးလည်း ကြားတာပဲ၊ ဒီနားမှာ ဒီသုံးအိမ် ဆွေလိုမျိုးလို နေကြတာလေ၊ သမီးတို့အိမ်က အမျိုးမတော်ဘူး ဆိုပေမယ့်လည်း ဆွေမျိုးလိုဖြစ်နေတာပါ၊ သမီးတို့နှစ်အိမ်က သိနေတဲ့ကိစ္စတစ်ခု အန်တီတို့အိမ်က မသိရဘူးဆိုတော့ တစ်မျိုးကြီး ဖြစ်မနေဘူးလား_



ကိုယ်နဲ့လည်း ဘာမှမသက်ဆိုင်တဲ့ကိစ္စ ဆိုရင်တော့ အန်တီ မစပ်စုပါဘူးကွယ်၊ အခုက အန်တီတို့နဲ့လည်း ဆက်နွယ်ပတ်သက်မယ်လို့ မှန်းဆလို့ရတယ်၊ သမီး ဟိုတစ်နေ့က နေခြည့်ကို ပြောနေတဲ့အထဲ အန်တီ့နာမည်ပါနေတာလေ၊ ဘာကြောင့် အန်တီတို့ကမှ မသိရဘူး ဖြစ်ရတာလဲ ...

ခုလည်း အိမ်မှာ ဝေလက ဂျီပြန်ကျနေတာ၊ မေမေတို့ လူကြီးတွေကြားမှာ ဘာအရှုပ်အရှင်းတွေ ရှိလဲတဲ့၊ မေမေ မပြောရင် အန်တီနေခြည့်ကို မေးကြည့်လို့ အမရက ပြောလိုက်တယ်တဲ့၊ မမေ ပြောမှာလား သွားမေးရမှာလားတဲ့၊ ဟဲ့ ... ဘာကိုမေးရမှာလဲ ဆိုတော့ ဘာပြောစရာရှိလဲလို့သာ မေးလိုက်လို့ သမီးက သင်လိုက်တယ်ဆို"

"... ... ..."

"အဲဒါ ဘာတုံး သမီး၊ ဘာတွေရှုပ်နေတာလဲ၊ ဝေလနဲ့ရော ဘာပတ်သက်နေလဲ၊ အန်တီ့ကိုပြောပါ၊ ပြောမှဖြစ်မယ်၊ အခုမေးလို့မှ သမီး မပြောရင်တော့ အန်တီ့အနေနဲ့ သမီးအန်ကယ်ကိုပဲ ဖွင့်ပြောပြီး ကိုစိုးသိမ်းဆီကို တိုက်ရိုက်မေးခိုင်းတော့မှထင်တယ်"

အမရက နှုတ်ခမ်းလေးချင်းပွတ်ပြီး စဉ်းစားအားယူနေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... အန်တီ ပြောတာ ကြားလား အမရ"

"ဟုတ်ကဲ့ အန်တီ"

"သမီး ပြောမှာလား"

"ဟုတ် ... သမီး ပြောပါ့မယ်"

အမရသည် ထိုစာတ်ကြောင်းကို ဒုတိယအကြိမ်မြောက်အဖြစ် အန်တီဂျူလီ့ထံ ပြန်ပြောရပြန်ပါသည်။ ဒီတစ်ခါတော့ အရမ်းစာတ်ကြောရှည်အောင် ဆွဲမဆန့်တော့ဘဲ တိုတိုနှင့် အရေးကြီးတာ အကုန်ပါအောင် ဖြတ်ချုံ့ရပါသည်။ စကားတွေ ဆုံးတဲ့ထိ "အင်း" "အင်း" လိုက်တာကလွဲပြီး လုံးဝမေးခွန်းဖြတ်ကာ မထောက်တဲ့ အန်တီဂျူလီက အမရထံက စကားဆုံးလျှင် ...

"အော် ... ဂျတ် ဂျတ်၊ ဒီလိုစာတ်လမ်းတွေ ရှိသလား၊ အံ့သြစရာကြီးပါလားနော်၊ အနီးကပ်ဆုံး အမျိုးရင်းချာတောင်မှ မသိခဲ့ရပါလား"

"ရှင် ... အန်တီ"

"သေချာတာကတော့ ဝေလ လုံးဝမဟုတ်တာပဲလေ၊ ဒီတော့ အောင်ပွဲပေါ့၊ ဒီလိုစာတ်လမ်းမျိုးတော့ ရှိမယ်မထင်ခဲ့တာ၊ လုံးလုံး သံသယဝင်စရာ မရှိတာ"

"ဝေလက ! "

"ဝေလ မဟုတ်ဘူးလေ၊ ဝေလကို အန်တီကိုယ်တိုင် မွေးတာပဲဟာ"





"ရှင်"

"ဝေလ မဟုတ်ရင် အောင်ပွဲမဲပေါ့၊ ဟုတ်လား"

"အန်တီ ... အန်တီနေခြည်က အောင်ပွဲ မဟုတ်ဘူးလို့ ပြောတယ်"

"နှစ်ယောက်တည်းက တစ်ယောက်က ဒီစာတ်လမ်းဆိုရင်တော့ ဝေလ မဟုတ်ဘူးဆိုရင် အောင်ပွဲပဲပေါ့။ ဒီလိုငြင်းလို့ ဘယ်ရမှာလဲ၊ စာတ်လမ်းထဲပါတဲ့ ဆရာဝန်လင်မယားဆိုတာ သူတို့လင်မယားပဲပေါ့"

"အန်တီနေခြည်က အောင်ပွဲကို သူကိုယ်တိုင် ဗိုက်နဲ့လွယ်ပြီး မွေးဖွားခဲ့တာတဲ့"

"အောင်ပွဲကို ကိုယ်တိုင် သူက ဗိုက်နဲ့လွယ်မွေးတယ်ဆိုတော့ ဝေလကရော ဗိုက်ပွားနဲ့ မွေးခဲ့တာမို့လို့လား"

"ဟို"

"သမီး ... နေခြည်က အောင်ပွဲကို မွေးစားသားလို့ အသိမခံချင်လို့ ဖုံးကွယ်ပြီး ညာပြောနေတာပဲ ဖြစ်မယ်"

"ရှင်"

"သူ့သားကို သူချစ်လို့ ညာပြောတာက အကြောင်းမဟုတ်ဘူး၊ သူညာတော့ ဒီဘက်ကို ပုံကျလာမှာလေ၊ သူတစ်ယောက်ပဲ စွပ်စွဲခံရတာဆိုရင် သူ့ဟာသူ ဇန်ပဲခံခံ ငြင်းပဲငြင်းငြင်း ကိစ္စမရှိဘူးလေ၊ အန်တီလည်း ဘာမှစွက်ဖက်

www.burmeseclassic.com



စရာ မလိုဘူး၊ ခုဟာက ဒီတစ်ယောက် မဟုတ်ရင် ဟို တစ်ယောက် ဖြစ်နေတာ၊ ဟိုတစ်ယောက် မဟုတ်ရင်လည်း ဒီတစ်ယောက်ဖြစ်မှာ ...

ဒီတော့ သူက မျက်စိမှိတ်ငြင်းရင် ဝေလလိုလိုဖြစ် နေမှာပေါ့၊ ဒါတော့ ဘယ်ဖြစ်မလဲ၊ ဝေလက အန်တီ့ဗိုက် ထဲက ထွက်လာတာ၊ အန်တီ အသိဆုံး၊ လိမ်ညာစရာလည်း အကြောင်းမရှိဘူး၊ ဒီတော့ ဝေလ မဟုတ်တာ သေချာနေ တယ်၊ ဒါဆိုရင် အောင်ပွဲပဲပေါ့။ နေခြည် တမင်ဖုံးဖိပြီး ညာပြောနေတာပဲ"

"အန်တီနေခြည်က သူ လုံးဝမညာဘူးဆိုပြီး သမီးကို အလေးအနက် ပြောပါတယ် အန်တီ"

"ပါးစပ်က ပြောတာပဲကွယ်၊ ပြောလို့ရတာပဲပေါ့"

"ဒါပေမဲ့ ..."

"ဒီမှာ သမီး၊ နေခြည် မရိုးသားတာကို စဉ်းစားကြည့်၊ ဒီ ကိစ္စ အန်တီ့ကို လုံးဝမပြောဘူး တွေ့လား၊ ဘာဖြစ်လို့ မပြောတာလဲဆိုတော့ အန်တီကြားရင် အန်တီက ငြင်းမှာ ပဲဆိုတာ သူ သိပြီးသား၊ အန်တီ ငြင်းရင် သူပဲ ကျန် လေ၊ အဖြေက ပေါ်နေပြီပေါ့၊ ဒါကြောင့် အန်တီငြင်းမ အောင် အသိတောင်မှ မပေးတာ၊ တော်တော်ကြောက် ကောင်းတာ၊ အန်တီ ဖြေရှင်းမရအောင် သက်သက်အ





မပေးဘဲထားတာ၊ အန်တီ မသိ၊ အန်တီ မငြင်းနိုင်တော့ ဝေလကပဲ မွေးစားသားဖြစ်သယောင်ယောင် သူ ရောချ ထားလို့ ရတာပေါ့"

အမရသည် ခေါင်းတွေ ထုပူရှုပ်ထွေးကာ ခေါင်း တောင် မူးလာပါသည်။ အန်တီဂျူလီ ပြောတာလည်း ယုတ္တိတော့ ရှိသား။ အန်တီဂျူလီကို ဖွင့်မပြောပြဘဲ ဘာကြောင့် နှုတ်ဆိတ် နေသနည်း။ ပြောလျှင် အန်တီဂျူလီက ထ,ရှင်းတာနှင့် ဝေလ မဟုတ်တာ ပေါ်လွင်သွားပြီး အောင်ပွဲ ဟုတ်တာ ပေါ်သွားမှာစိုး လို့လား။ ဒီတိုင်း အန်တီဂျူလီကို ဖွင့်မပြောဘဲ ထားလိုက်တော့၊ အမရ စိတ်ထဲ ဝေလပဲ ဖြစ်မှာလို့ ထင်ယောင်ထင်မှား ယုံကြည် သွားအောင်လား။

"အန်တီ ... ဝေလက ... ဝေလက ... တကယ်ပဲ"

"ဝေလကို အန်တီ့ဗိုက်နဲ့ မွေးခဲ့တာပါဆို"

"ဟို ... အောင်ပွဲကိုလည်း အန်တီနေခြည်က သူကိုယ်တိုင် သူ့ဗိုက်နဲ့ ..."

"ဒီမှာ သမီး အမရ၊ ဟိုဘက်က သတင်းမှားရင်တော့ အန်တီလည်း မသိဘူး၊ ဟိုဘက်က ပြောတာ မှန်ကန်တိကျ တယ်၊ ဝေလနဲ့ အောင်ပွဲထဲက တစ်ယောက်ဟာ ဦးကျော် ရဲ့သား ဖြစ်တာ သေချာတယ်ဆိုရင်တော့ အဲဒါ အောင်ပွဲ ပဲ၊ အဲဒီ ထောက်ကြွက ခြံဆိုတာလည်း တကယ်ရှိတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဟာ၊ အန်တီတို့က အသွားနည်းပြီး ကိုစိုးသိမ်းတို့ကသာ အသွားများခဲ့တာလေ"

အမရ ဘာပြန်ပြောရမှန်း မသိတော့ပါ။

"ခြောက် ... မနေ့က သမီးက ဖြူနုငယ်ကို မေ့ထားလိုက်ပါလို့ ပြောတယ်ဆိုတာ ဒါကြောင့်ပေါ့၊ ဝေလသာဖြစ်ခဲ့ရင် ဝေလနဲ့ ဖြူနုငယ်ဟာ အမေတူ အဖေကွဲ မောင်နှမ ဖြစ်နေလိမ့်မယ်၊ ဒီလိုကြောင့်ပေါ့"

"ဟုတ်ကဲ့ပါ အန်တီ"

"ဒါဖြင့် အသေချာဆုံး အရှင်းဆုံးကတော့ အန်တီ ဝေလကို ဖြူနုငယ်နဲ့ သဘောတူ ပေးစားလိုက်ရင် ပြီးသွားမှာပဲ"

"ရှင်"

"ဘယ်သူကမှတော့ မောင်နှမ တော်စပ်နေမယ့် သူနှစ်ယောက်ကို ဖြစ်နိုင်တာလည်း သိသိနဲ့ ပေးစားမှာ မဟုတ်ဘူး၊ အန်တီဟာလည်း ဝေလကို မွေးစားသား မဟုတ်တာ ပြချင်ရုံသက်သက်နဲ့တော့ သူ့ညီမဖြစ်နိုင်တဲ့ မိန်းကလေးနဲ့ မပေးစားဘူးလို့တော့ သမီး ယုံပေးနိုင်တယ် မဟုတ်လား_

ဖြူနုငယ်အဖေလည်း အန်တီ့ကို ဒီလိုတော့ ယုံကြည်ပေးနိုင်ပါလိမ့်မယ်၊ ဝေလဟာ တကယ်ပဲ ဒီစာတ်လမ်းနဲ့ မပတ်သက်ပါဘူး၊ မွေးစားသား မဟုတ်ပါဘူး၊ ဖြူနုငယ်နဲ့ ဘာမှမတော်ပါဘူးဆိုတာ ပြနိုင်ဖို့ အန်တီ သူတို့ကို





ကို ခပ်မြန်မြန်လေးပဲ နားဖောက်စီစဉ်လိုက်တော့မယ်၊ ဦးကျော်စောဆီ ဖုန်းဆက်ပြီး အန်တီကိုယ်တိုင် မဟုတ်ကြောင်း ရှင်းပြလိုက်မယ်"

အမရသည် ဘာဆက်ပြောရမှန်း မသိဘဲ ရင်တထိတ်ထိတ်နှင့် တိတ်ဆိတ်ငြိမ်သက်သွားရပါသည်။

အမရတို့သင်တန်းက စောလွှတ်လိုက်၍ သင်တန်းရဲ့အပေါ်ထပ်မှ ဆင်းလာခဲ့တဲ့ အမရသည် လှေခါးရင်းကျအောင်ပွဲကို စောင့်နေဖို့ပင်။ သို့သော် လှေကားရင်းမှာ လက်လေးထိုက်ပြီး ရပ်စောင့်နေတဲ့ ဖြူနုငယ်ကို မြင်လျှင် ...

"ဘယ်သူ့ စောင့်နေတာလဲ ဖြူနုငယ်"

"အစ်မကိုပဲ စောင့်နေတာ၊ ဖြူနဲ့လိုက်ခဲ့ပါလား၊ ဖြူပြောစရာရှိလို့"

အမရကလည်း ဖြူနုငယ်နှင့် စကားပြောချင်သည် ဖြစ်ရာ သင်တန်းမလွှတ်သေးတဲ့ အောင်ပွဲရဲ့ဖုန်းဆီ မက်ဆေ့ဂျ်၌ ဖြူနုငယ်နှင့် ပါသွားပြီဆိုတာ ပြောခဲ့ကာ ဖြူနုငယ်ရဲ့ကားခေါ်တက်ပြီး လိုက်ပါလာခဲ့ပါသည်။ မနီးမဝေးက အိုက်စ်ကရင်ဆိုင်တစ်ခုမှာ ဝင်ထိုင်ပြီး အိုက်စကရင် မှာစားရင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုဝေတို့သားအမိ အိမ်လာသွားတယ် မမရယ်"

"အေး ... အဲဒါကိုပဲ သိချင်နေတာ၊ ဘာတဲ့လဲ ဖြူ"

"ကိုဝေက သူ့အမေနဲ့ တူတူလာခဲ့မယ်ဆိုတော့ ဖြူက ဖေဖေ့ကိုလည်း ပြောထားရတာပေါ့၊ ဖေဖေလည်း စိတ်တွေလှုပ်ရှားလို့ပေါ့၊ အန်တီဂျူလီက အိမ်ရောက်တော့ ကိုဝေက သားရင်းဖြစ်ကြောင်း၊ သူကိုယ်တိုင်မွေးခဲ့တာဖြစ်ကြောင်း ပြောတယ်၊ ပြီးတော့ ကိုဝေ့ မွေးစာရင်းလည်း ထုတ်ပြတယ်"

"သေချာတာပေါ့"

"ဟုတ် ... မွေးစာရင်းမှာတော့ အဖေက ဒေါက်တာဦးမျိုးသိမ်း၊ အမေက ဒေါ်ဂျူလီရင်ပဲလေ၊ ဖေဖေနဲ့လည်း လေးတွေဖြောင့်ပြီး အရင်ခေတ်က ယူနီဗာစတီမှာ ဘယ်သူနဲ့ခင်တာ၊ ဘယ်သူက ထင်ပေါ်ကျော်ကြားတာ စသဖြင့်နဲ့ ရှေးဟောင်းနှောင်းဖြစ်တွေပါ ပြောကြသေးတာ၊ တက္ကသိုလ် မတိမ်းမယိမ်း ရောက်ကြတာချင်းဆိုတော့ သူသိတဲ့သူနဲ့ ကိုယ်သိတဲ့သူတွေချင်း တချို့က တူနေပြီး စကားပြောတွေ ကောင်းနေကြတာ အစ်မရဲ့ ...

နောက်တော့ အန်တီဂျူလီကလေ ကိုဝေက ဖြူ့ကို ဘယ်လိုစရေးထားတာ၊ သံယောဇဉ်ကြီးတာတွေ ထ,ပြောပါလေရော"





"အဟိ"

အမရက ပုံစံကို မှန်းဆကြည့်ကာ ရယ်မိသည်။ ဖြူနှင့်ယှက်ကတော့ ဖြူသောအသားတွင် ပါးပြင်ကလေးတွေ ရဲတက်လာရင်း ...

"အစ်မရယ် ... သမီးမတောင်းရုံ တမယ်ပါပဲ"

"တို့ကိုပြောတော့ နားကိုဖောက်မှာလို့ ပြောတာ"

"ပထမဆုံးအကြိမ်မို့ ဘွင်းဘွင်းကြီးတော့ ပြောမသွားတာ နေမှာပေါ့၊ ဒါပေမဲ့ ဘာရည်ရွယ်တယ်ဆိုတာ လူတိုင်းတွေးနိုင်ပါတယ် အစ်မရယ်၊ နားလည်နိုင်ပါတယ်၊ ဦးနှောက်ရှိတာပဲဟာ၊ သူပြောတဲ့သဘောက သူကိုယ်တိုင်က ဖြူ့ကို သူ့သားနဲ့ ကြည်ဖြူနိုင်တယ်ဆိုတာဟာ သူ့သားက ဖေဖေ့သား မဟုတ်ကြောင်း အကောင်းဆုံး သက်သေပေါ့လေ။ ဟိုကိစ္စနဲ့ ဒီကိစ္စကို ယှက်နွယ်ပြီး လှည့်ပတ်ကွေ့ဝိုက်ပြောသွားတာ စကားပြော ကောင်းသလား မမေးနဲ့ ...

စကားပြောတာက ယဉ်ကျေး အထက်တန်းကျနေတော့ ဖေဖေလည်း စိတ်ကသိကအောက်ကြီးတော့ မဖြစ်ပါဘူး၊ အလိုက်အထိုက်ပဲ ပြန်ပြောပါတယ်၊ ကိုဝေကတော့ ငြိမ်းစိစိပေါ့၊ ဖြူကတော့ ကိုဝေ့ကို မျက်စောင်းကြီးပဲ ထိုးပစ်လိုက်တာပဲ၊ သူ့အမေကို သူ မှာလာတာဖြစ်မှာပေါ့"

"ဖြူက ဝေလကို မကြိုက်ဘူးလား"

"ဟွန့်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်နဲ့ မတော်စပ် မပတ်သက်ဘူး ဆိုရင်တော့ ဝေလကို မငြင်းပါနဲ့လား ငါ့ညီမရယ်၊ ဝေလက အစ်မကိုလည်း အကူအညီ တောင်းထားတယ်၊ ကူနားချပေးဖို့ သူက ရှုတ်တိရှုတ်နှောက်သာ လုပ်တတ်ပေမယ့် ဒီလို ခိုင်ခိုင်မာမာ လေးလေးနက်နက် တကယ်ချစ်မိတယ်ဆိုတာ ဖြူ့တစ်ယောက်ကိုပဲ ရှိသေးတာ"

"အာ ... အစ်မကလည်း သူ့သူငယ်ချင်းဘက်က"

"အဟင်း ဟင်း ... ဒါပေါ့ ဖြူရဲ့၊ အစ်မက ဖြူ့ကိုလည်း ချစ်လို့ပေါ့၊ ဝေလ ယူမယ့်မိန်းမက ဖြူဆိုရင် အစ်မတို့ လေးယောက် တစ်ဖွဲ့တည်း တစ်အုပ်စုတည်းဖြစ်ပြီး ပျော်စရာကြီးပေါ့"

"ဟင် ... အစ်မနဲ့ ကိုပွဲက ချစ်သူတွေ ဖြစ်နေပြီပေါ့"

"အင်း"

"ဟင် ... ဒါဆိုရင် ကိုပွဲက ဖြူ့အစ်ကိုဖြစ်ရင် အစ်မ ဖြူ့ယောက်မပေါ့နော်၊ ဟီး ဟီး ... ပျော်လိုက်တာ၊ အစ်မ ကို ဖြူက သိပ်ချစ်တာ"

"ဖြူ့ဖေဖေက ဝေလအပေါ် ဘာတဲ့လဲ"

"အန်တီဂျူလီတို့ ပြန်သွားတော့ ဖေဖေက ပြောပါတယ် ဒီကိစ္စကတော့ သမီး ဦးနှောက်နဲ့ စဉ်းစားဆုံးဖြတ်ရမယ့် ကိစ္စပဲတဲ့၊ ဒေါက်တာဦးမျိုးသိမ်း ဆိုတာ နာမည်ကောင်း





တဲ့ သမားတော်ကြီး တစ်ယောက်ပဲဆိုတော့ သူ့ဂုဏ်သိက္ခာနဲ့သူ ရှိပြီးသားတဲ့၊ သူ့ကိုသား ဝေလဟာလည်း ကလေကချေတော့ မဟုတ်တဲ့အတွက် ဖြူ စဉ်းစားတာကို စွက်ဖက်ဖို့မရှိဘူးတဲ့၊ အန်တီဂျူလီကလည်း ကိုဝေ့ကို လုပ်ငန်းခွင်သွင်းတော့မှာတဲ့၊ သီးခြားကုမ္ပဏီတစ်ခု ခွဲထောင်ဖို့ ရည်ရွယ်ထားတာတွေကအစ အသိပေးသွားတာလေ၊ ဖေဖေကတော့ ဖြူ့သဘောပဲ ဖြစ်မှာပါ၊ ဘာမှပြောမှာမဟုတ်ဘူး"

"ကောင်းတာပေါ့ ညီမရဲ့၊ ဝေလကို လက်ခံလိုက်စမ်းပါ ဟယ် ... သိလား"

"ဟာ ... အစ်မကလည်း လိပ်မကြီးပဲ၊ သူ့သူငယ်ချင်းဘက်ပဲ ယက်နေတာ"

"ဟား ဟား ဟား"

ဖြူနုငယ်ထံတွင် ဝေလအပေါ် ခါးခါးသီးသီး အရိပ်အယောင် ပကတိမရှိ။ ငြင်းဆန်မည့်သဘောမျိုးလည်း မဖွင့်ဟ။ ဒီလောက်ဆို တော်ပြီပေါ့။ နဂိုကိုက နှစ်လိုမှုရှိတဲ့ သံယောဇဉ်ပေါ်မှာ အခြေခံပြီး သူ့ဟာသူ ဖြည့်စွက်ဆုံးဖြတ်သွားမှာပင်။

"အစ်မ ... ဒါဖြင့်ရင် ကိုပွဲက ဖြူ့အစ်ကိုဖြစ်မှာပေါ့နော်"

"အင်း ... ဒီလိုပဲဖြစ်မှာလို့ ထင်ရတာပေါ့ ဖြူရယ်၊ ဒါပေမဲ့ အန်တီနေခြည်ကကျတော့လည်း ..."

ဖြူနုငယ်က မျက်လုံးဝိုင်းလေးနှင့် ပျာယာသလဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲဟင် ... အစ်မကို ဘာပြောလဲ"

"အောင်ပွဲကို သူ့ဗိုက်နဲ့ လွယ်မွေးခဲ့တာတဲ့၊ သူ လုံးဝမညာပါဘူးတဲ့"

ဖြူနုငယ် မျက်နှာလေးက ညှိုးနွမ်းသွားရကာ ...

"အဲဒီတော့ ဘယ်လိုလုပ်မလဲဟင် အစ်မ၊ ဘယ်သူက အမှန်ကို ပြောနေပြီး ဘယ်သူက အမှားကိုပြောနေတာလဲဟင်၊ ကိုဇော့အမေကတော့ ဖြူနဲ့တောင် သဘောတူတယ် ဖြစ်နေတာလေ"

"အင်း ... အစ်မလည်း ခေါင်းရှုပ်ပြီး ဦးနှောက်တွေခြောက်နေတာပဲ ဖြူရယ်၊ အန်တီနေခြည် ပြောတဲ့ စကားကိုလည်း ညာပြောနေတာလို့ အစ်မက မထင်ဘူး၊ အစ်မကလည်း အန်တီနေခြည့်ကို အောင်ပွဲဟာ ဘယ်သူ့ဖြစ်ဖြစ် ဘယ်မိဘရဲ့သား ဖြစ်ပါစေ အစ်မ ချစ်မှာဆိုတာ ပြောပြပါတယ် ...

တကယ်တော့ တစ်ယောက်ယောက်က ညာနေတယ်ဆိုရင်လည်း မကောင်းတဲ့သဘောထားနဲ့ တမင်လိမ်ညာမှာတော့ မဟုတ်ပါဘူး၊ တစ်သက်လုံး ဖွင့်မပြောခဲ့ဘဲ သားအရင်းလို ထားခဲ့တဲ့အတွက် ခုမှ မွေးစားသားဆိုရင် သားရဲ့စိတ်မှာ အားငယ်ပြီး အယုံအကြည် ကင်းမဲ့သွားမလား သူတို့နဲ့ စိမ်းကားဝေးကွာသွားမလား ဆိုတဲ့ စိုးရိမ်မှုမျိုးတွေနဲ့ ဖွင့်မပြောချင်ဘဲ ထားတာမျိုးပါ"



"ဖြူ နားလည်တာပေါ့ အစ်မရယ်၊ ဒါပေမဲ့ ဖြူရော ဖေဖေရောကလည်း တစ်သက်လုံးက ဘယ်နားရှိမှန်းမသိခဲ့ရတဲ့ အစ်ကိုရင်း သားရင်းကို အရမ်းတွေ့ချင်တာပဲ၊ တွေ့တာနဲ့ ကျုံးပြီးဖက်ဖစ်လိုက်ချင်တာ၊ အစ်မလည်း တစ်ဦးတည်းသော သမီးဝဲ၊ ညီအစ်ကို မောင်နှမ မရှိချင်ဘူးလား၊ ဖြူကတော့ သိပ်ရှိချင်တာပဲ"

"အစ်မလည်း ရှိချင်တာပေါ့"

"ခုတော့ ဖြူ့မှာ စပ်တင်နေ့နေ့ကြီး ဖြစ်နေတာပေါ့၊ ဒီနှစ်ယောက်ထဲက တစ်ယောက်လို့လည်း သိနေတယ်၊ နှစ်ယောက်လုံးဘက်ကလည်း ငြင်းနေတယ်၊ ဒီအဖြစ်အပျက်နဲ့ ကြုံခဲ့ရတဲ့ ဆရာဝန်လင်မယားဟာ သူတို့မဟုတ်ဘူးလို့ အန်တီဂျူလီက ပြောတယ်၊ တကယ်ဖြစ်နိုင်ချေများဖို့ကတော့ ကိုပွဲလို့ပဲ ဖြူ ထင်နေတာ"

အမရမှာ ဘာပြန်ပြောရမှန်း မသိပါ။ စိတ်ရှုပ်ရှုပ်နှင့်သာ ဟိုတွေး ဒီတွေးတွေးနေမိသည်။ တကယ်လို့များ အန်တီနေခြည်က ဖွတ်ငြင်းနေပါတယ် ဆိုရင်လည်း မပေါ်ပေါ်အောင် လိုက်မဖော်သင့်ပါ။

"တီ တီ တီ"

ဖုန်းမြည်သံကြောင့် အမရက ဖုန်းကိုဖွင့်နားထောင်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"အမရ ခုဘယ်မှာလဲ၊ ငါလည်းလာခဲ့မလို့၊ အတော်ပဲ၊ ငါလည်း မေမေမနိုင်းထားတာ စာတိုက်ကြီးမှာ ဓာတ်ဝင်ပြီး မေမေ့ညီမဆီ ဆန်ဖရန်ကို စာအုပ်တချို့ ဝင်ပို့နေတာ ပြီးသွားပြီ၊ နင်နဲ့ ဖြူနုငယ်ဆီ လိုက်ခဲ့မလို့"

○❤○





## ၁၅

"မေမေ ... ခဏလေး"

အောင်ပွဲက သူ့ရဲ့လက်နှစ်ဖက်လုံးကိုဆွဲကာ ညှို့ခန်းထဲ ခေါ်လာတာမို့ ဒေါ်နေခြည်က လိုက်ပါလာရင်း "ဘာလဲသားရဲ့"လို့ မေးပေမယ့် အောင်ပွဲက ဆက်တီတွေဆီ ရောက်တဲ့ထိ ဘာမှမပြောဘဲ ဒေါ်နေခြည့်ကို ဆက်တီတစ်ခုမှာ ထိုင်ချစေလိုက်ပါသည်။

"မေမေ ကျွန်တော် မေးစရာရှိတယ်"

အောင်ပွဲ မျက်နှာက ထက်သန်မှုတစ်ခုနှင့် စိုးရိမ်တကြီးထန်နေကာ ...

"ဖြူနုငယ်တို့အမေ ဦးကျော်စောက ပြောတဲ့ကိစ္စကို မေမေသိပြီးပြီဆို"

ဒေါ်နေခြည်က အောင်ပွဲကို စူးစိုက်ကြည့်ရင်း သက်ပြင်းတစ်ချက် ခိုးရှိုက်လိုက်ပါသည်။ အင်းလေ ... ဒီကိစ္စလည်း

www.burmeseclassic.com



ဒီလောက် အလွယ်တကူ ဘယ်ပြီးဆုံးသွားနိုင်ပါ့မလဲ။ ဦးကျော်ဇော ဆိုသူကလည်း နှစ်ပေါင်းနှစ်ဆယ်ကျော် စုံစမ်းရှာဖွေလာတာ။ သတင်းရနိုင်မယ့် ကွင်းဆက်တွေကို တရွေ့ရွေ့ တအိအိ စုံစမ်း ယူလာတာ။ လျှပ်တစ်ပြက် ဝုန်းခနဲ ဒိုင်းခနဲ သိခဲ့ရတဲ့ အချက် အလက်တွေမဟုတ်။

တစ်နေ့တစ်လန် ပုဂ်ဘယ်ပြေးမလဲ ဆိုတဲ့ ပုံစံနဲ့ ဇွဲရှိရှိစောင့်ပြီး သတင်းစုဆောင်းလာတာ။ အချက်သေးသေးလေး တစ်ချက်နဲ့တစ်ချက် နှစ်တွေချီကာ ကွာခြားပြီးမှ သူ သိခွင့်ရ တာ။

မွေးစားတဲ့ မိဘတွေဖင် ကလေးကို ဒီလောက်ချစ် မက်ဖက်တွယ်ထားချင်ရင် သူက ဖခင်ရင်း၊ သွေးသားရင်း၊ အသက်ဆိုင်ဆုံးသူ၊ သူ့အဖို့ ပိုပြီးတော့တောင် တနုံ့နုံ့ခံစားနေရ မှာပေါ့။ ဒါတောင် သူက ပြန်မခေါ်ယူပါဘူး။ သူ့ဘက်က တာဝန်ကျေထိုက်တဲ့ တာဝန်ကျေခွင့်ရရင် တော်ပါပြီဆိုပြီး သား အဖဖြစ်ကြောင်း ပေါ်ပေါ်လွင်လွင် သိချင် လက်ခံစေချင်တာမျှ သာ။ သဘောထား ဖြည့်ရှာပါသည်။

သို့ပေမဲ့လည်း ကိုယ့်ဘက်မှာကျတော့လည်း ...။

"အဲဒါ တကယ်အမှန်လား မေမေ"

"အဲဒါ တကယ်အမှန်လား ဆိုတာကတော့ ဦးကျော်ဇောပဲ သိမှာပေါ့၊ မေမေက ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ သား သူပြောတဲ့ ဇာတ်လမ်း ကြားရတာပဲပါ"





"မေမေ ... ကျွန်တော့်ကို ရှင်းရှင်းပြောပါ၊ ကျွန်တော်က အဲဒီ ... အဲဒီ ကလေးပဲလား၊ မေမေတို့ မွေးစားထားတာ လား"

"မဟုတ်ပါဘူး သား၊ သားကို မေမေ မွေးတာပါ၊ မေမေ အမရကိုလည်း ပြောပြပြီးပါပြီ၊ သားက မေမေ့သားရင်းပါ"

"အန်တီဂျူလီကလည်း ဝေလက သားရင်းဆို ! "

"သူလည်း အဲလိုပဲ ပြောမှာပေါ့ သားရယ်"

အောင်ပွဲက ကြမ်းပေါ် ဒူးထောက်၍ သူ့အမေပေါင် ပေါ် လက်နှစ်ဖက် တင်ထားရာမှ နောက်ကိုဆုတ်၍ ကြမ်းပေါ် ခြေပစ်လက်ပစ် ဖင်ချထိုင်လိုက်ပါသည်။

"မေမေတို့က ဒီလိုချည်း ပြောနေတော့ အမှန်တရားက ဘာလဲ၊ ဟိုအမေကလည်း မဟုတ်ဘူး၊ ဒီအမေကလည်း မဟုတ်ဘူး"

"မေမေကတော့ မဟုတ်ဘူး ခိုင်ခိုင်မာမာပဲ ငြင်းမှာပဲ၊ ကိုယ့်သားရင်းကိုတော့ မွေးစားသားပါလို့ ဘာပြောစရာ လိုသလဲ"

"ဒါဖြင့် အန်တီဂျူလီက လိမ်နေတာ ဆိုတဲ့သဘောလား"

"သူလည်း လိမ်တယ်လို့ ဘယ်စွပ်စွဲလို့ ရမလဲ၊ အမှန်ပဲ ဖြစ်နိုင်တာပဲ"

"ဟုတ်တာပေါ့လေ၊ အခု အန်တီဂျူလီက ဖြူနုငယ်ကိုတောင် ဦးကျော်ဇောဆီမှာ သမီးတောင်းတော့မလို့၊ အစိုးအမြွက်



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့ပြီ၊ အဲဒါ အမှန်ပဲ၊ ဟိုတစ်နေ့ကလည်း ဝေလက အမရကို ခေါ်တိုင်ပင်ပြီးပြီ၊ ဖြူနုငယ်ကို သူ ချစ်ခွင့်ပန်မယ်ဆိုတဲ့အကြောင်း၊ ဝေလကလည်း ဖြူနုငယ်ကို တကယ်စိတ်ဝင်စားပြီး သူ့အမေကလည်း တကယ်သဘောတူနေတာ"

"အဲဒီတော့ ဘာဖြစ်လဲ သား"

"အဲဒီတော့ သူတို့ဘက်က သေချာနိုင်လုံသလို ဖြစ်နေတာပေါ့ မေမေရဲ့၊ ကျွန်တော်ပဲ မနိုင်လုံသလို ဖြစ်နေတာ"

"သားဟာ မေမေ့သားရင်းပါဆိုတဲ့ မေမေ့ပါးစပ်က ပြောတဲ့စကားက သားအတွက် မနိုင်လုံဘူးလား"

"အခုက လူတိုင်းအတွက် နိုင်လုံရမှာလေ မေမေ၊ ဒီတိုင်းထားလို့ ရမလား"

"ဒီတိုင်းထားလို့ ဘာလို့ မရရမှာလဲ၊ ကဲ ... ဒီနှစ်ယောက်လုံး ကျွန်မတို့ ကျွန်မတို့ရဲ့သားအသီးသီး ဖြစ်ပါတယ်လို့ မေမေတို့က ပြောမယ်၊ သူ ဘာလုပ်မလဲ၊ မင်းတို့ ဝေလတို့ကို ဇွတ်အိမ်ပေါ်က လာဆွဲချသွားလို့ ရနိုင်လား၊ သူ ဘာပဲပြောပြော ဘယ်လိုပဲ သံသယရှိရှိ မဟုတ်ဘူးဆိုရင် ပြီးပြီပေါ့၊ ဒီကိစ္စတွေ သားခေါင်းထဲက ထုတ်ပစ်လိုက်ပါ၊ ခေါင်းရှုပ်ခံ တွေးမနေနဲ့"

"မတွေးလို့ မရဘူး မေမေ၊ ခုဆိုရင် ကျွန်တော့်ရင်ထဲမှာ တထင့်ထင့် တထိတ်ထိတ် ဖြစ်နေရတယ်"





"မင်းက ဘာကို ထင့်နေရတာလဲ၊ မင်းလိုမျိုး ဝေလရော ဖြစ်နေလို့လား၊ ဝေလက အေးအေးဆေးဆေးပဲ သူ့အမေ တစ်ခွန်းပြောရင် ယုံထားတာပဲ မဟုတ်လား"

ဒေါ်နေခြည့်အသံက စိတ်တိုသံ ပေါက်လာပါသည်။

"ဝေလ ယုံတာက သူ့ကို သူ့အမေက ဖြူနုငယ်နဲ့ ပေးစားမှာလေ၊ ဒါအနိုင်လုံဆုံး၊ အယုံကြည်ရဆုံး သက်သေပြချက်ပဲလေ"

"သြော် ... အဲဒီတော့ ငါကကော မင်းကို ဖြူနုငယ်နဲ့ ပေးစားနိုင်တယ်လို့ လိုက်ပေးစားရမှာလား၊ ဟုတ်လား"

"မဆိုင်ပါဘူး မေမေရဲ့ ကျွန်တော်မှ ဖြူနုငယ်ကို မကြိုက်တာ"

"ဒါဖြင့် ငါက နင့်ကို ဘယ်လိုသက်သေပြရမှာလဲ အောင်ပွဲရဲ့ ... ဟင်၊ အမေတစ်ယောက်လုံးက ပြောပြတာကို နင်က ဘာကြောင့် မယုံနိုင်ရတာလဲ"

ဒေါ်နေခြည်သည် ဒေါသလည်းထွက် စိတ်မကောင်းည်းဖြစ်ကာ အသံတွေတုန်ပြီး မျက်ရည်လည်လာပါသည်။

"ကျွန်တော် စိတ်မချဘူး မေမေရဲ့၊ ကျွန်တော် မွေးစားသားဖြစ်ရမှာ ကြောက်တယ်"

အောင်ပွဲကလည်း အမေဖြစ်သူကို ကတုန်ကယင်ာ်ဟစ်ပြောရင်း သူပါ မျက်ရည်တွေ လျှံကျမတတ် ဖြစ်လာည်။ ဒေါ်နေခြည်သည် ရင်ထုမနာနှင့် ပါးပေါ် မျက်ရည်တွေတွတ်တွတ် ပြုတ်ကျလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အောင်မွဲ၊ နင့်ဘဝတစ်သက်မှာ ငါဟာ မွေးစားသားများလားလို့ သံသယဝင်ရ အားငယ်လောက်အောင် ငါက ဘာတစ်ခုများ ပြုခဲ့ဖူးသလဲ၊ ငါ့ရဲ့ပြုစုယုယမှု၊ မင်းအဖေရဲ့ ထိန်းသိမ်းစောင့်ရှောက်မှုမှာ သားအရင်း မဟုတ်လို့ပါလို့ သံသယဝင်လောက်တဲ့ ရိုးယွင်းချက်မျိုးများ ရှိခဲ့ဖူးလို့လား ဟဲ့ ... ဟင် ...

သားရင်းပါလို့ ဟောဒီ မအေရင်းက ဒီလောက်ပြောနေတာကို နင်က မယုံချင်ရအောင် ငါတို့က နင့်အပေါ် ဘာများ ပျက်ပျက်ကွက်ကွက် နှိပ်နှိပ်စက်စက် ရှိခဲ့သလဲ၊ ဘာတွေ လိုအပ်ခဲ့သလဲ၊ ခင်အေးချမ်းနဲ့ ယှဉ်ရင်ရော နင် အောက်ကျနောက်ကျ ရှိခဲ့ရဲ့လား၊ ကိုယ့်အတိုင်းအတာထဲ ကကိုယ်ပဲ၊ သူများဟန်းဒ်ဖုန်းဆို ဟန်းဒ်ဖုန်း၊ သူများကားဆို ကား၊ မင်းကိုလည်း ဖြည့်ဆည်းခဲ့တာ မဟုတ်လား_ အောင်မွဲ ... ဟင်"

"မေမေ ... မေမေ ... အဲဒီပစ္စည်းတွေ ရုပ်ဝတ္ထုတွေကို ကျွန်တော် ထည့်မတွက်ပါဘူး၊ ဒီလိုဟာတွေကို ကျွန်တော် မမှုဆာရဘဲ မေမေနဲ့ ဖေဖေ အမြဲတမ်း ဖြည့်ဆည်းပေးခဲ့ တာ ကျွန်တော့် နားလည်ပါတယ်"

အောင်မွဲ အသံက ရှိုက်သံပါလာပါသည်။

သူတို့အိမ်ရဲ့ ပေါ်တီကိုအောက် ဧည့်ခန်းတံခါး အပြင်ဘက်မှာ အမှတ်မထင် ရောက်နေတဲ့ အမရပါ မျက်ရည်





စီးကျလာရပါသည်။ အောင်မွဲနှင့်အတူ အိမ်ပြန်လာကာ လွယ်အိတ် ချပြီးသည်နှင့် အောင်မွဲကို စိတ်မချလို့ကို ပြန်လိုက်လာတာ။ ဖြူနုငယ်နှင့် အမရထံ ရောက်လာပြီး အဖြစ်အပျက်တွေကို အသေးစိတ် အကြောင်းစုံ သိသွားပြီးတဲ့နောက် အောင်မွဲ မျက်နှာ ပျက်သွားတာကို အမရ ရိပ်မိနေ၍ သူ့အမေကို ဝူးဝူးဝါးဝါးသွား လုပ်တော့မှာ စိုးရိမ်ပြီး ပြန်လိုက်လာတာ။

ထင်တဲ့အတိုင်း ဖြစ်နေပြီ။

"ရုပ်ဝတ္ထုတွေ ပြည့်စုံတယ် ထည့်မတွက်ဘူးဆိုတော့ ငါတို့ရဲ့ မေတ္တာတရားတွေ သားကြီးပြရာသဆိုပြီး ချစ်ခင်အားကိုးထားရတာတွေကိုတော့ နင်က မပြည့်စုံဘူးလို့ ထင်တာလား ဟင် ... အောင်မွဲ၊ နင်က ဒီချစ်ခြင်းမေတ္တာကိုပဲ တွက်ပြီး သံသယဝင်နေတာဆိုတဲ့ သဘောလား"

"မဟုတ်ပါဘူး မေမေ၊ မေမေတို့ဘက်က ဘာမှမပျက်ကွက်ပါဘူး၊ ကျွန်တော် ပြောတာဆိုတာ မှားရင် မေမေ့ကိုတောင်းပန်ပါတယ်၊ ကန်တော့ပါတယ်၊ အခုက ဖြူနုငယ်ကလည်း ကျွန်တော့်ကိုပဲ သူ့အစ်ကို ထင်နေတာ၊ ကျွန်တော် မွေးစားသားမဖြစ်ချင်ဘူး မေမေ ဒါကြောင့်ပါ ...

ဖေဖေတို့ မေမေတို့ရဲ့ သားအရင်းပဲလည်း ဖြစ်ချင်တယ်၊ ပြီးတော့ ကျွန်တော်က မွေးစားသားဆိုရင် အန်တီသဥ္ဇာတို့ အမရတို့ စိတ်မှာလည်း ကျွန်တော့်အပေါ် စိမ်းသွားမှာ တစ်မျိုးဖြစ်သွားမှာ ကျွန်တော် ..."



www.burmeseclassic.com

www.burmeseclassic.com



"အောင်ပွဲ"

အမရက ဆို့နင့်နင့်လေးခေါ်ကာ ညှော်ခန်းထဲပြေးဝင်သွားမိပါသည်။ အောင်ပွဲ ထိုင်နေတဲ့ ကြမ်းပေါ်မှာပဲ အနားနားတိုးထိုင်ရင်း အောင်ပွဲရဲ့ လက်တစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ပါသည်။

"နင် ဘယ်သူဖြစ်ဖြစ် ငါ ဘယ်တော့မှ မပြောင်းလဲပါဘူးဟ၊ ငါ နင့်ကိုချစ်တာက ဒီအတိုင်းပါပဲ အောင်ပွဲရယ်"

"ကဲ ... မွေးစားသား ဖြစ်သွားတော့ရော လမ်းဘေးက အခြေအမြစ်မရှိတဲ့ သူရဲ့သားသမီး ဖြစ်သွားမှာမှ မဟုတ်တာ၊ ကိုယ့်ထက် အဆတစ်ရာ ချမ်းသာတဲ့ သူဌေးကြီးရဲ့သားသမီး ဖြစ်သွားမှာ၊ ဘာမှဂုဏ်ဒြပ်သိမ်ငယ်မသွားဘူး၊ သူတို့မှာလည်း ကံကြမ္မာက ဒီလိုဇာတ်ကြောင်း ဖန်လာလို့သာ အဖေတစ်နေရာ ကလေးတစ်နေရာ အမေကဆုံးဖြစ်ရတာ၊ ဂုဏ်ငယ်စရာ အားငယ်စရာ မျက်နှာငယ်စရာဘာမှမရှိဘူး၊ အဖေဖြစ်တဲ့သူက ကိုယ့်ကို အမွန်တမြတ်တန်ဖိုးထားပြီး နှစ်ပေါင်းနှစ်ဆယ်ကျော် လိုက်ရှာဖွေစုံစမ်းခဲ့ရတာ၊ ဝမ်းနည်းစရာ ဘာမှကို မရှိဘူးလို့ သဘောပေါက်ထား"

"ဟာ ... မေမေက မဟုတ်ဘူးလည်း ငြင်းသေးတယ် ဖြေသိမ့်နိုင်ဖို့လည်း တရားချသေးတယ်၊ ဘာကိုအတည်ယူရမှာလဲ"





"အားလုံးကိုသာ အတည်ယူ"

"ကျွန်တော်က မွေးစားသားကို မဖြစ်ချင်တာ၊ ဘယ်သူဌေးကြီးရဲ့သားမှလဲ မဖြစ်ချင်ဘူး၊ ဖေဖေနဲ့ မေမေရဲ့သားပဲ ဖြစ်ချင်တာ၊ မဖြစ်ရမှာကို ဝမ်းနည်းတာ"

"လူပုံကြည့်တော့ ဂျစ်ကန်ကန် မှုန်တေတေနဲ့ အသည်းကနုသလား မမေးနဲ့၊ မင်းမဖြစ်ချင်တာ လုံးဝဖြစ်မနေဘူးသား၊ ယုံလို့ပြောရင် တစ်ခွန်းပဲ ယုံလိုက်၊ ဒါပဲ"

○❤○



www.burmeseclassic.com

www.burmeseclassic.com



# ( ၁၆ )

အဲဒီနေ့ကတော့ အမရရဲ့မွေးနေ့။ ရုံးပိတ်ရက် တနင်္ဂနွေ၊ ပြဿနာတွေ ဆုံးခန်းတိုင်သွားမယ့်နေ့ရယ်လို့ နံနက် စော အိပ်ရာထချိန်က မသိနိုင်ခဲ့။ မေမေ ကိုယ်တိုင်ချက်သော အုန်းနို့ခေါက်ဆွဲကို အနီးနားက ဘုန်းကြီးကျောင်းတွေကို ခိုင်ခိုင် နှင့်အတူ ဆွမ်းချိုင့်ပို့ပြီးပြီ။ အမရရဲ့ မွေးနေ့တိုင်း မေမေက တစ်ခုခု ချက်ပေးကာ ဘုန်းကြီးကျောင်းတွေကိုကပ်၊ မိတ်ဆွေ အိမ်တချို့ ပို့လေ့ရှိခဲ့စမြဲ။ ဒီနှစ်တော့ ဖြူနုငယ်ကိုပါ အိမ်လာစား ဖို့ ဖိတ်ခေါ်ထားသည်။

"မေမေ အောင်ပွဲတို့၊ ဝေလတို့ အိမ်တွေ ပို့လိုက်တော့ မယ်"

"အေး ... သမီးလေး ... ရော့။ နှစ်ချိုင့် ပြင်ထားတာ ခိုင်ခိုင်နဲ့သွား"





ခိုင်ခိုင် တစ်ချိုင့်၊ အမရ တစ်ချိုင့် ဆွဲကာ အောင်ပွဲ တို့အိမ်ဘက် ထွက်လာပါသည်။ အောင်ပွဲတို့ခြံတွေနား ရောက် သျှင် ...

"ခိုင်ခိုင် ... နင်က အန်တီဂျူလီတို့အိမ်ဘက် ဝင်ပို့လိုက်၊ ငါက အန်တီနေခြည်တို့အိမ်ဘက် ဝင်ပို့မယ်"

"ဟုတ်ကဲ့"

"ချိုင့်လှယ်ပြီးရင် ဒီဘက်ကူးလာခဲ့နော်"

"ဟုတ်ကဲ့"

စေ့ထားတဲ့ အောင်ပွဲတို့ရဲ့ ခြံတံခါးကို အသာအယာ တွန်းဝင်လာခဲ့တဲ့ အမရက အိမ်ရှေ့တံခါးမကြီး ပိတ်ထားတာကို ကြည့်ပြီး အိမ်ရှေ့ဘက် မသွားတော့ပါ။ နောက်ဖေးမီးဖိုဘက် အပေါက်က ဝင်နိုင်ဖို့ တိုက်နံဘေးမှ ပတ်လျှောက်လာခဲ့ပါသည်။

"မင်း အဲဒါ မြူစိစိ လုပ်မနေနဲ့လေ"

ထမင်းစားခန်းပြတင်းပေါက်နား ရောက်လုရောက် ခင်တွင် ပြတင်းပေါက်မှ လွင့်လျှံထွက်လာတဲ့ အန်ကယ်ဦးမျိုး သိမ်းရဲ့ အသံကျယ်ကျယ် အောင်အောင်ကြီးကို ကြားလိုက်ရတဲ့ အတွက် လန့်ပြီး အမရ ခြေလှမ်းများ တုံ့သွားပါသည်။ သူတို့ ကလေးတစ်တွေနှင့် အရောမဝင်လှတဲ့ အန်ကယ်ဦးမျိုးသိမ်းကို တော့ ဦးဦးစိုးသိမ်းလို့ မရင်းနှီးပဲ အမရက ကြောက်ပါသည်။ သူရှိတဲ့ စကားဝိုင်းနားဆို နေတောင်မနေရဲပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စက တအုံ့နွေးနွေးနဲ့ ဖြစ်နေကြတာဆို၊ ဂျူလီပြောမှ ငါ မနေ့တစ်နေ့ကမှ သိတာ၊ ကဲ ... မင်း ငါ့ကိုပြောစမ်း၊ ဟိုကောင်မလေးအဖေ ပြောနေတဲ့ ဇာတ်လမ်းက အမှန်ဟုတ်မဟုတ်"

"ကိုကို ... ကျွန်တော် သိပ်မပြောချင်ဘူး"

"မပြောချင်လို့ ဘယ်ရမလဲကွ၊ အခု အိမ်မှာ အောင်ပွဲလည်း မရှိဘူးမို့လား၊ ခေတ်ဆီသွားထည့်တယ်ဆို၊ အငယ်မရော"

"အပေါ်မှာ ကျူရှင်ဆရာမနဲ့"

"အေး ... ကလေးတွေ မရှိတာ အတော်ပဲ၊ ပွင့်ပွင့်လင်းလင်း ပြောစမ်း စိုးသိမ့်ရာ၊ အခုဖြစ်နေတဲ့ မင်းပုံစံကိုကြည့်ရင် ဒီဇာတ်လမ်းဟောင်းက အခြေအမြစ် မရှိတာတော့ မဟုတ်တော့ဘူး၊ တစ်ခုခုတော့ ရှိနေပြီ၊ ငါလည်း ဘာမှ မသိရပါလား"

"ဒါကတော့ ကိုကို့ကို ပြောဖို့လည်း မလိုအပ်လို့ပါ"

"ဘာလို့ မလိုအပ်တာလဲ၊ ကဲ ... ဝေ့မနေနဲ့ အတည့်ပြောစမ်း၊ အောင်ပွဲက မင်းတို့ မွေးစားထားတာလား"

အမရက တိုက်နံရံကို ကပ်လိုက်ကာ ပြတင်းပေါက်ဘက် ခေါင်းလေးစောင်းပြီး ချောင်းကြည့်လိုက်ပါသည်။ စားပွဲမှာ အန်တီနေခြည်လည်း တိတ်ဆိတ်ပြီး ထိုင်နေပါလား။ လက်ပိုက်ကာ ခေါင်းငုံ့ထိုင်နေသည်။ ဦးဦးတို့ အန်တီတို့ဟာ အန်ကယ်ဦးမျိုးသိမ်းကို ကြောက်ရွံ့လေးစားကြပါသည်။





"မဟုတ်ပါဘူး ကိုကိုရ၊ အောင်ပွဲက နေခြည်ကိုယ်တိုင်မွေးတာပါဗျ၊ လမစေ့သေးဘဲ ခုနှစ်လတောင် ကောင်းကောင်းမပြည့်ချင် ပြည့်ချင်မှာ မွေးချလိုက်လို့ ပုလုမွေးပလုတောင်လေးကို မနည်း အသက်လု ကျွန်ုပ်မှာအောင် ကုထားခဲ့ရတာ"

"ဒါဖြင့် အဲဒီတုန်းက အဖြစ်အပျက်က ဘယ်လိုလဲ၊ ထောက်ကြံ့မှာဆင်းတဲ့ ဆရာဝန်လင်မယား ဆိုတာ မင်းတို့လင်မယားပဲ၊ မငြင်းနဲ့၊ ငါတို့လင်မယားလည်း တစ်ခါတစ်ရံ ဒီခြံကို သွားတာပဲလို့ ရောမချနဲ့၊ သူတို့အခုပြောတဲ့ အချိန်ပိုင်းကဆိုရင် ဝေလ မွေးပြီးကာစပဲ ရှိသေးတယ်၊ လသားပဲရှိမယ်၊ ငါက ဝေလ မမွေးခင် သုံးလေးလကတည်းက အင်္ဂလန်ထွက်သွားပြီလေ ..."

ဝေလ နှစ်နှစ်ကျော် နှစ်နှစ်ခွဲမှ ငါ ပြန်ရောက်တာလေ၊ အဲဒီဆရာဝန်လင်မယားဟာ ဘယ်နည်းနဲ့မှ ငါတို့လင်မယား မဟုတ်ဘူး၊ မင်းတို့လင်မယားပဲ၊ ဒီတော့ အဲဒီတုန်းက အဲဒီအမျိုးသမီး မွေးလိုက်တယ်ဆိုတဲ့ ကလေးက အောင်ပွဲပဲ ဖြစ်ရမှာပေါ့"

"အောင်ပွဲက နေခြည် မွေးတာပါဆို ကိုကိုကလည်း၊ ကျွန်တော့်သားပါဗျ၊ အဲဒီအချိန်တုန်းက နေခြည့်ဗိုက်က ငါးလ မပြည့်တပြည့် ရှိနေပြီး၊ သားဦးမို့ ဗိုက်တောင်သေချာမထွက်သေးတာ၊ နောက်နှစ်လလောက်ရှိတော့ အောင်ပွဲကို မွေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အဲဒီတုန်းကမွေးတဲ့ ကလေးကကော၊ သေသွားလား"

"… … …"

"ဟော့ကောင် … ငါမေးနေတယ်လေ၊ ဝါ့ကိုပြောပြတာ ဘာဖြစ်မှာမို့လဲကွာ"

အမရသည် ခြံဝကေ ဝင်လာတဲ့ နိုင်နိုင့်ကို လက်ယပ်ခေါ်ကာ လက်ညှိုးလေး နှုတ်ခမ်းမှာကပ်၍ တိတ်တိတ်နေဖို့ အချက်ပြလိုက်ပါသည်။ နိုင်နိုင်က အမရ အနား လာကပ်ရပ်ပြီး အမရလိုပဲ ငြိမ်နေလိုက်ပါသည်။

"ဘယ်ရောက်သွားလဲ အဲဒီကလေး၊ ပြောလေကွာ"

"အဲဒီတုန်းကတော့ ကျွန်တော်တို့ပဲ ထိန်းသိမ်းစောင့်ရှောက်ထားတာပါ၊ ကလေးအမေလည်း ဆုံးသွား၊ အဆက်အစပ်ကလည်း စုံစမ်းမရတော့ ကုသိုလ်လည်းရပါတယ်၊ ကိုယ်ပဲ ကျွေးမွေးပြုစုစောင့်ရှောက်တော့မယ်လို့ ဆုံးဖြတ်ပြီး ရန်ကုန် ပြန်ခေါ်ခဲ့ကြတာ၊ ကျွန်တော်တို့ တစ်လကျော်လောက်တော့ ပြုစုစောင့်ရှောက်ထားတယ်၊ အဲဒီကတည်းကတော့ မိတ်ဆွေတစ်ယောက်က တောင်းတာပါပဲ၊ နေခြည်ကလည်း ကလေးလေးကို ချစ်နေတာနဲ့၊ နောက်မှ အောင်ပွဲကို လ မစေ့ပဲ မွေးတာ ဖွားတာ၊ အောင်ပွဲက အရမ်းချူချာပြီး သူ့ကို ရှင်သန်အောင် မနည်းဂရုစိုက် ပြုစုစောင့်ရှောက်ရတာတွေနဲ့ မနိုင်မနင်း ဖြစ်လာတယ်"





"နောက်တော့ရော"

"နောက်တော့ အဲဒီမိတ်ဆွေကလည်း ခွတ်ပဲ မွေးစားပါရစေဆိုတာနဲ့ ကျွန်တော်တို့ ပေးလိုက်တယ် ကိုကို၊ သူ့မိန်းမကလည်း ငယ်ငယ်ကတည်းက အမျိုးသမီးရောဂါဖြစ်ပြီး ကလေးမရနိုင်တာမို့လို့"

"ဩော် … ဒါဖြင့်လည်းကွာ၊ ဟိုကောင်မလေးတို့ သားအဖကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြပြီး အဲဒီမိတ်ဆွေနဲ့ ဆက်သွယ်ပေးလိုက်ပေါ့၊ ကျန်တာ သူတို့ချင်းရှင်းပေါ့၊ မင်းအနေနဲ့ ဒီလူတစ်ယောက်ရဲ့ရင်သွေးကို တခြားတစ်ယောက်ကို လက်လွှဲပေးအပ်ပြီး ဟိုကသိလို့ စုံစမ်းဆက်သွယ်လာတဲ့အခါမှာ ဘာမှမပြောဘဲ နှုတ်မိတ်ထားလို့ မရဘူးလေ စိုးသိမ်း၊ ဟိုဘက်ကများ တရားတွေ ဘာတွေ စွဲလာရင် ခက်ဦးမှာယ်၊ ဒါနဲ့ နေစမ်းပါဦး"

ဦးမျိုးသိမ်း အသံက ခဏတိတ်သွားပြီးမှ …

"ငယ်ငယ်ကတည်းက အမျိုးသမီးရောဂါနဲ့ ကလေးမရနိုင်တော့တဲ့သူ ဆိုတာက သဉ္ဇာများလား၊ မင်းသူငယ်ချင်းထူးအောင်မိန်းမ သဉ္ဇာက ငါတို့ဆေးကျောင်းတက်နေတဲ့ အချိန်လောက်မှာ သူတို့ရည်းစားတွေ ဘဝမှာပဲ အမျိုးသမီးရောဂါနဲ့ အသည်းအသန် ကုခဲ့ရတာ မှတ်မိနေတယ်"

"… … …"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ဟော့ကောင်၊ ဒါဖြင့် အဲ … အဲဒီကလေးက အမရလား"

"ငွမ်း …"

အမရ လက်ထဲက အုန်းနို့ခေါက်ဆွဲချိုင့်က လက်မှလွတ်ကာ သမံတလင်းပေါ် ငွမ်းခနဲ ပြုတ်ကျသွားရတော့သည်။

"ဟယ် … ချစ်တုံးလေး"

ခိုင်ခိုင်က အလန့်တကြား ယောင်ယမ်းအော်လိုက်ပါသည်။ ထမင်းစားခန်းထဲက ခုံသံများ လူသံများ။ ချိုင့်ကို ကုန်းကောက်တည့်မတ်နေတဲ့ ခိုင်ခိုင့်ကို ထားရစ်ခဲ့ကာ အမရက အိမ်ဘက်တစ်ရှိန်ထိုး ပြန်ပြေးလာခဲ့ပါသည်။

"ဟယ် … အချစ်တုံးလေး … သမီးရေ၊ ဟယ် … ချစ်တုံးလေး ကြားသွားပြီ အစ်ကိုရဲ့"

နောက်ဘက်က အန်တီချောခြည့် အသံက စိုးရိမ်တကြီး ကပ်ပါလာခဲ့ပါသည်။ ရင်တွေ တလှပ်လှပ်တုန်ကာ ဝမ်းနည်းလှိုက်ဖိုပြီး အပြေးပြန်လာတဲ့ အမရသည် ကွန်ဒိုအဆောက်အအုံကြီးရဲ့ Basement က ကားပါကင်ထဲ ရောက်လာလျှင် ဖေဖေ့ကားကို အပြင်ဘက်ရေဆေး၊ အတွင်းဘက် သုတ်နေတဲ့ ဦးချစ်ကို လှမ်းမြင်လိုက်ပါသည်။

ဒီကွန်ဒိုက ကားတွေကို ရက်ခြားလာပြီး ရေဆေးသုတ်ပေး လုပ်တတ်တဲ့ ဦးချစ်ဟာ မနက်ဆို တစ်ခန်းပြီးတစ်ခန်း





က သော့တွေလိုက်ယူ၊ အောက်မှာ တစ်ကားပြီးတစ်ကား၊ ဆေးတန်ဆေး သုတ်တန်သုတ်၊ လပေးနှင့် စားထားသူပင်။ ဖေဖေ့ကားကို လက်စသတ်လိုက်ပုံနှင့် တံခါးတွေပိတ် သော့ခတ်နေတဲ့ ဦးချစ်ထံ အမရက ပြေးသွားလိုက်ကာ …

"ဦးချစ် သမီးကိုသော့ပေး"

"ဟေ … ဩော် … ရော့ … ရော့၊ သမီးပဲ ယူသွားတော့"

နောက်တစ်ကားဆီ သွားနေတဲ့ ဦးချစ်က ဖေဖေ့ကားပေါ်တက် စက်နှိုးပြီး မောင်းထွက်လိုက်တဲ့ အမရကို အံ့အားတသင့် ငေးကြည့်ကျန်ရစ်ပါသည်။ ကားကို ကမူးရှူးထိုးသာ မောင်းထွက်လာသည်။ ဘယ်သွားမလို့လဲ ကိုယ့်ဟာကိုယ် မသိ။ ရင်ထဲနင့်ကာ ဝမ်းပန်းတနည်း ဖိုလှိုက်နေတာပဲ သိပါသည်။

တကယ်တမ်း ကားမောင်းမကျွမ်းသေးတဲ့ အမရသည် သူမောင်းနေကျဖြစ်တဲ့ လမ်းတစ်မျိုးတည်းကိုပဲ မောင်းရဲတာ။ ဓါတိုင်း အောင်ပွဲနှင့် ကားမောင်းသင်သလိုပင် ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း အောက်ဘက်ဆင်းလာ၍ မင်းမဟာလမ်းမီးပွိုင့်မှာ ဘယ်ဘက်ချိုးလိုက်သည်။ မင်းမဟာလမ်းအတိုင်း မောင်းလာရင်း ပါရမီလမ်းရောက်တော့ ဘယ်ဘက်ချိုး၊ အမ်အိုင်စီတီဝင်းဂိတ်က မောင်းဝင်လာ။

ဒီလမ်းကြောင်းသည်သာ အမရ မောင်းဖူးတဲ့လမ်း။ အဲဒီလမ်းမကြီးပေါ်မှာသာ ကားကို ဘောထိုးရပ်လိုက်ကာ စတီ



www.burmeseclassic.com

www.burmeseclassic.com



ယာရင်ပေါ် မျက်နှာမှောက်ချပြီး ငြိမ်သက်နေမိပါသည်။ မျက်ရည်တော့မကျမိပါ။ အံ့ဩတုန်လှုပ်ပြီး ဝမ်းနည်းဆွေးမြည့်သွားတာပါ။ ကိုယ့်ဘဝကြီးဟာ ဘဝအစမှာ ကမောက်ကမ ဖြစ်ခဲ့ရတာပါလား။ ကံကောင်းလွန်းအားကြီးလို့ပဲ ဖေဖေနဲ့ မေမေရဲ့မွေးစားချစ်မြတ်နိုးခြင်းကို ခံခဲ့ရတာ။

ဟိုတစ်နေ့က အန်တီနေခြည် ပြောတဲ့စကားတွေ ပြန်ကြားယောင်လာသည်။ အောင်ပွဲကို ပြောသလိုနဲ့ ဘေးမှာရှိတဲ့ ကိုယ့်ကို ပြောနေခဲ့တာကိုး။

"………လမ်းဘေးက အခြေအမြစ်မရှိတဲ့သူရဲ့ သားသမီး ဖြစ်သွားတာမှ မဟုတ်တာ၊ ကိုယ့်ထက် အဆတစ်ရာ ချမ်းသာတဲ့ သူဌေးကြီးရဲ့သားသမီး ဖြစ်သွားမှာ၊ ဘာမှ ဂုဏ်ဒြပ်သိမ်ငယ်မသွားဘူး၊ သူတို့မှာလည်း ကံကြမ္မာက ဒီလိုခတ်ကြောင်း ဖန်လာလို့သာ အဖေတစ်နေရာ၊ ကလေးတစ်နေရာ၊ အမေကဆုံး ဖြစ်ရတာ၊ ဂုဏ်ငယ်စရာ အားငယ်စရာ မျက်နှာငယ်စရာ ဘာမှမရှိဘူး၊ အဖေဖြစ်တဲ့သူက ကိုယ့်ကို အမွန်တမြတ် တန်ဖိုးထားပြီး နှစ်ပေါင်းနှစ်ဆယ်ကျော် လိုက်ရှာဖွေ စုံစမ်းခဲ့ရတာ၊ ဝမ်းနည်းစရာ ဘာမှကို မရှိဘူးလို့ သဘောပေါက်ထား … …"

ဒီစကားတွေဟာ အန်တီနေခြည် အမရကို ရည်ရွယ်ပြောတာပေါ့။ မေမေ့ခမျာ ခုတလော မျက်နှာကို ပျက်နေတာ





မရှင်မပျံနှင့် နေထိုင်လို့ပင် မကောင်းချင်။ အမရဟာ မွေးစားသမီးရယ်လို့ ပေါ်လွင်သွားတာမျိုး မေမေ မဖြစ်စေချင်ရှာဘူးပေါ့။ ပေါ်သွားမှာ ဝန်ခံရမှာ စိုးရိမ်ကြောက်လန့် နေရှာတာ။ စိမ်းသွားမလား ဝေးကွာသွားမလားတွေ မေမေ တွေးပူနေမှာပေါ့။

ခုချိန်မှာ ရင်ထဲမှာ ဖေဖေနဲ့ မေမေ့အပေါ် စိမ်းကားအေးစက်သွားတဲ့ ခံစားချက် လုံးဝမဖြစ်ဘဲ တုန်လှုပ်နွေးဗိုစွာ ပိုပြီးတောင် ချစ်လာမိသလိုပင်။ ပိုင်ရှင်မဲ့ ကလေးလေးကို မိဘမဲ့ကျောင်း ပို့လိုက်ကြရင်တောင် ခုချိန်မှာ ကိုယ် ဘာဖြစ်နေမည် မှန်းဆမရပါ။

အန်တီနှင့် ဦးဦးရော ဖေဖေနှင့် မေမေရောဟာ ကျေးဇူးကြီးမားလွန်းကြသူတွေပါ။

မွေးကတည်းက ချစ်ကြလွန်းအားကြီးလို့ မေမေရော အန်တီနေခြည်ပါ သူ့ကို "ချစ်တုံးလေး" "အချစ်တုံးလေး"လို့ နှုတ်ဖျားမချ တဖွဖွ ခေါ်ခဲ့တဲ့အထိပဲ မဟုတ်လား။ ဟိုနေ့က အန်တီနေခြည် အောင်ပွဲကို မရိုတင်ကဲ ပြောနေသလိုပဲ …

"နင့်ဘဝတစ်သက်မှာ ငါဟာ မွေးစားသားများလားလို့ သံသယဝင်ရ အားငယ်ရလောက်အောင် ငါ့ရဲ့ပြုစုယုယမှု မင်းအဖေရဲ့ ထိန်းသိမ်းစောင့်ရှောက်မှုမှာ သံသယဝင်လောက်တဲ့ ချို့ယွင်းချက်မျိုးများ ရှိခဲ့ဖူးလို့လားဟင်"

ဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပြန်တွေးလို့မှ ကိုယ့်ကိုယ်ကိုယ် မွေးစားသမီးလို့ ထင်မိစေလောက်သော အပြုအမူမျိုး ဖေဖေနှင့် မေမေ့မှာ မရှိခဲ့တာပါ။ အခုနောက်ဆုံး အချိန်စက္ကန့်ပိုင်းအထိ ဒီအဖြစ်မှန်မျိုးကို နည်းနည်းတောင် မတွေးမိခဲ့ဖူးတာ ကြည့်ပါလား။ ဒါကြောင့်လည်း ဒီလောက်ထိ တုန်လှုပ်အံ့အားသင့်ရတာပါ။ ခုလောက်ဆို မေမေတို့ အန်တီနေခြည်တို့ ပွပန်ကြလှရော့မည်။ အမရက ကားစက်ကို ပြန်နှိုးလိုက်ပါသည်။

"တီ တီ တီ"

"အမရ"

ကားဟွန်းသံများ။ အော်ဟစ်သံများ။ အမရက နောက်ကြည့်မှန်မှ လှမ်းကြည့်လိုက်ရာဝယ် ရှေ့ဆင့် နောက်ဆင့် ဘေးကပ်ထိုးရပ်သော ကားသုံးစီးနှင့် အောင်ပွဲ၊ ဖြူနုငယ်၊ ဝေလ တို့ကို တွေ့ရပါသည်။ အောင်ပွဲက ကားရပ်ဆင်းကာ ရှေ့ဆုံးမှ စိုးရိမ်တကြီး ပြေးလာသည်။

"အမရ ... စိတ်ပူလိုက်တာဟာ၊ နင် မောင်းတတ်တာ ဒီတစ်လမ်းပဲ ရှိသေးလို့ ဒီကို အရင်လိုက်လာရှာကြည့်တာ ငါလည်း ဆီထည့်ကပြန်ရောက်၊ ဖြူနုငယ်ကလည်း နင့်အိမ်ရောက်လာ၊ ဒါနဲ့ ဝေလပါ ကားသုံးစီး လမ်းသုံးလမ်း ခွဲရှာဖို့ ထွက်လာကြတာ၊ ဒီကိုတော့ အရင်ဆုံး တူတူဝင်ကြည့်ကြတာ"





အောင်ပွဲက ကားတံခါးဆွဲဖွင့်ကာ ပလက်ဖောင်းမှာ ဒူးထောက်ထိုင်ပြီး ကားထဲက အမရရဲ့ပါးနှစ်ဖက်ကို လက်နှစ်ဖက်နှင့် ညှပ်ကိုင်ကာ သူ့ဘက်လှည့်သည်။

"အမရ ... နင့်ကို ငါ သိပ်ချစ်တာနော်၊ နင့်ကို အားလုံး ချစ်ကြတာပဲဟာ၊ ခုဆို ဖြူနုငယ်လည်း နင့်ကိုချစ်တယ်၊ နင့်အမေနဲ့ ငါ့အမေကတော့ ပြောမနေနဲ့တော့၊ သူတို့ဒီလောက်တောင် အကြင်နာပိုပြီး ချစ်ခဲ့ကြလို့ အချစ်တုံးလေး၊ အချစ်တုံးလေး ဖြစ်နေတာ ခုမှသိရတော့တယ်၊ အခု အိမ်မှာ ငါ့အမေရော အန်တီသဉ္ဇာရော အရမ်းငိုပြီး ကျန်ခဲ့ကြပြီဟာ၊ သိပ်စိတ်ပူနေကြပြီ"

"အစ်မ ... အစ်မ"

ဖြူနုငယ်က အပြေးရောက်လာကာ မျက်ရည်လည်လည် မရဲတရဲနှင့် အောင်ပွဲ နောက်နား ရပ်နေပါသည်။ ဝေလပါ နောက်ကလာရပ်ရင်း ...

"အမရ ... ခုမှ ကောင်းသွားတာဟာ၊ ငါတို့က ညီအစ်ကို နှစ်ယောက်၊ နင်တို့က ညီအစ်မနှစ်ယောက်လေ"

"အို ... ကိုဝေကလည်းနော်"

အမရက ပြုံးလိုက်ပါသည်။

"ညီမလေး ဖြူ၊ ကိုယ့်ကို မရမက လိုက်စုံစမ်း ရှာ[illegible]နေတဲ့ အဖေနဲ့ ညီမလေးမျိုး ပိုင်ဆိုင်ခွင့် ရထား[illegible] အရမ်း



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာမိတယ်၊ ဖေဖေနဲ့ မေမေ့ကိုလည်း ပိုချစ်ပြီး ပို ကျေးဇူးတင်လာတယ်၊ သမီးရင်းလို ပိုင်းချစ်ပေးခဲ့တဲ့ ဦးဦးနဲ့ အန်တီနေခြည့်ကိုလည်း ကျေးဇူးတင်တယ် ...

ငါ တုန်လှုပ်သွားလို့ ခဏလေး တစ်ယောက်တည်း သေချာစဉ်းစားချင်လို့ ထွက်လာတာပါ၊ ငါ ဘာမှမဖြစ်ပါဘူး၊ ငါ ငိုတောင်မငိုဘူး တွေ့လား၊ ဖြူနဲ့ အောင်ပွဲသာ ငိုမလို ဖြစ်နေတာ"

"နှင် စိတ်ထိခိုက်သွားတယ် မှတ်လို့ပေါ့ဟ"

"ဟင့်အင်း ... ငါ စိတ်မထိခိုက်ပါဘူးဟာ၊ ငါ့ဘဝကို ငါ အရမ်းကျေနပ်ပါတယ်၊ မြန်ကြစို့၊ ငါတို့အိမ်ကိုပဲ အားလုံး လိုက်ခဲ့နော်၊ တူတူမုန့်စားမယ်"

မကြာခင်မှာတော့ ရှေ့ဆင့် နောက်ဆင့် လေးစင်း တန်းစီနေတဲ့ ကားတန်းက ရှစ်မိုင်လမ်းဆုံဘက် ဦးတည်မောင်း ထွက်လာခဲ့ပါသည်။

○❤○

လမင်းမိုမို

www.burmeseclassic.com